
www.burmeseclassic.com
အောင်မြင်
အုပ်
၁၅၀
မြောက်
အထူးထုတ်
BURMESE CLASSIC .com
မြပုလဲခင်
ချစ်ခြင်းဖြင့်ဖြစ်တည်စေသောသစ္စာ
ပန်းချီ သိန်းမြကြည်
2008
www.burmeseclassic.com

www.burmeseclassic.com

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို
နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော
ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး၊
ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး၊
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ
ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး၊

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း
ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆော က်ရေး၊
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေ ါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍
စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည်
နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး၊

တစ်မျိုးသားလုံး၏ စိတ်ဓါတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး၊
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊
အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊
မျိုးချစ်စိတ်ဓါတ် ရှင်သန်ထက်မြက်ရေး၊
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# မြပုလဲခင်

## အုပ်(၁၅၀)ပြည့်အထူး



ဝဏ်ပကာသနဟူသော မြူလွှာထည်၏အောက်မှာလည်း
သူသိသူမသိ ကွယ်ဝှက်တိမ်မြှုပ်ထားသော အချစ်ဇာတ်လမ်းတွေ
အများအပြားရှိပေသည်။

(မြပုလဲခင်)

www.burmeseclassic.com

www.burmeseclassic.com

၈၉၅.၈၇
မြပုလဲခင်
ချစ်ခြင်းဖြင့်ဖြစ်တည်စေသောသစ္စာ/မြပုလဲခင်။ - ရန်ကုန်၊
အောင်မြင့်စာပေ၊ ၂၀၀၉။
၂၈၆ - စာ၊ ၁၂.၅ × ၁၈.၂ စင်တီ။
(၁) မြပုလဲခင်

ထုတ်ဝေသူ
ဦးအောင်မြင့် အမှတ်(၇)၊
သိဒ္ဓိလမ်း၊ ကျောက်မြောင်း၊
ရန်ကုန်မြို့။

စာမူခွင့်ပြုချက်အမှတ်
၅၄၀၂၅၅၇၂၀၉

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက်
အမှတ်(၁၆)၊ ဆိပ်ရုံဝင်လမ်း၊
ဒဂုံ၊ ရန်ကုန်မြို့။

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၁၀၀၁၃၁၀၀၁၀၉

ပုံနှိပ်မှတ်တမ်း

ဖြန့်ချိရေး
အောင်မြင့်စာပေ၊
အမှတ်(၇)၊
အောင်သာရလေး၊
ကျောက်မြောင်း။

ပထမအကြိမ် ၂၀၀၉ ခုနှစ် ဒီဇင်ဘာလ၊
အုပ်ရေ(၅၀၀)၊ တန်ဖိုး(၁၆၀၀)ကျပ်။



Art is nothing more than
the shadow of humanity.

(Henry James)

"အနုပညာသည် လူသား၏အရိပ်မှလွဲ၍ အခြားဘာမှမဟုတ်" ဟု အင်္ဂလိပ်ဝတ္ထုရေးဆရာ "ဟင်နရီဂျိမ်း" က ဆိုထားသည်။

ကျွန်ုပ်အတွက်တော့ ထိုထက်မက ပို၍ နက်ရှိုင်းလွန်းသည်။ ကျယ်ပြန့်လွန်းသည်။ အဓိပ္ပါယ် များပြားလွန်းသည်ဟု ထင်မြင်မိပါသည်။

ကေန်စင်စစ် ကိုယ်တွေ့ခံစားချက်နှင့် လက်တွေ့နယ်ပယ်တွင် မြင်တွေ့နေရသည်မှာ...

အနုပညာဟူသည်...
"နှလုံးသားပုံရိပ်"
"နှလုံးသားအမြုတေ"
"နှလုံးသားဝိညာဉ်"
"နှလုံးသားတံခါး"
"နှလုံးသားမျက်ဝန်း"
"နှလုံးသားသိုက်"

စသည်ဖြင့် တင်စား၍မကုန်နိုင်လောက်အောင် များပြားလွန်းလှသော ထိုထိုဤဤသော

www.burmeseclassic.com

www.burmeseclassic.com

"ခံစားမှုဝေဒနာ ဓာတ်ပေါင်းစု" တို့၏ဖွဲ့စည်း ဖြစ်ပေါ်လာရာသည် "လုံးချင်းဝတ္ထုများ" သာလျှင် ဖြစ်သည်ဟု ခံယူရင်း...

ကျွန်မ၏လုံးချင်းဝတ္ထုအုပ်ရေ (၁၅၀)မြောက် အထူးထုတ် ကျွန်မ၏ကလောင် သက်တမ်း နှစ်(၂၀)မြောက်အတွက် ကျေနပ် ခံစားနိုင်ကြပါစေ။


ပရိသတ်အတွက်လည်း အမြဲရင်မှာ စေတနာရင်း ဝတ္ထုများကို ဆက်လက် ရေးသားသွားနေမယ့်...

(မြပုလဲခင်)



BURMESE CLASSIC .com

# ပစ္စုပ္ပန် ဝေဒနာ



## အပိုင်း (၁)

www.burmeseclassic.com

www.burmeseclassic.com


လောကကြီးမှာ လျှို့ဝှက်ချက်ဆိုတာ
မရှိပါဘူး၊ ဝှက်ထြပ် ဆိုတဲ့ အပေါ်ယံ အရေခွံဟာလည်း
လူတစ်ယောက်ရဲ့အားနည်း ချက်ကို ဘယ်အတိုင်းအတာ
အထိ ဖုံးကွယ်ထားနိုင်မှာလဲ။

ဒေါ်ပိုတောက်ကိုကို

ချစ်မြတ်နိုးလာသည်နှင့် တစ်ပြိုင်နက်ဆိုသလို
ပေးဆပ်လိုမှုတွေက ရင်မှာ ပြည့်နှက်လာခဲ့လေပြီ။

စောပြည့်ဝန်း





အခန်း(၁)

"ဆရာမကြီး. . . တယ်လီဖုန်း လာပါတယ်"

ကျောင်းဝန်းအတွင်း သီးသန့်အိမ်ခန်းတစ်ခန်း ဖွဲ့စည်းထားပြီး နေထိုင်ခွင့်ရသော. . ကျောင်းအုပ်ဆရာမကြီး ဒေါ်ပိုတောက်ကိုကိုသည် လုပ်လက်စ စာရင်းဇယားတစ်ကြောင်းကို ပြီးဆုံးအောင် လက်စသတ်လိုက်သည်။

"ဆရာမကြီး"

"ဒေါက်. . . ဒေါက်. . . ဒေါက်"

တံခါးခေါက်သံနှင့်အတူ ရုံးလုလင်(ရုံးခန်းအကူစာရေး) မောင်ခရာ၏အသံပေးမှုကို. . .

"အေး. . . ကြားတယ်. . . လာမယ်"

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



ဘောလ်ပင်ကို ချပြီး အသံပေးရင်း စားပွဲမှ ထ,ကာ အခန်းအပြင်သို့ ထွက်ခဲ့သည်။

မောင်ခရာက လက်ပိုက်ကာ ခပ်ရှိုရှိုလေး ရပ်နေပြီး . . .

"ဆရာမကြီး မိခင်ဆီကပါ"

"ဪ . . . အေးအေး . . . မင်းသွားနိုင်ပြီ"

"ဟုတ်ကဲ့"

ကျောင်းဝင်းအနောက်ဘက် အလုပ်သမား အခန်းငယ် တစ်ခုကို ကားဂိုဒေါင်ထပ်ခိုး၌ ဖွဲ့စည်းပေးထားသည်။ ထိုထပ်ခိုး၌ မောင်ခရာတို့ မိသားစု နေသည်။ မောင်ခရာ၏ဖခင်ဦးထွေးက ကျောင်းဥယျာဉ်မှူးနှင့် ကျောင်းစောင့် . . . မိခင်ဒေါ်မိသန်းက ကျောင်း၏သန့်ရှင်းရေးဝန်ထမ်းဖြစ်ပြီး မောင်ခရာက သူတို့ကျောင်းမှ ကျောင်းသား ဆယ်တန်းအောင်သည်နှင့် ရုံးစာရေးအဖြစ် ခန့်ပေးထားသည်။ သူတို့မိသားစု သုံးဦးကြောင့် ကျောင်းဝန်းထဲ၌ လုံခြုံစိတ်ချစွာဖြင့် ဒေါ်ပိတောက်ကိုကို နေရဲခြင်းဖြစ်သည်။

ဘာလိုလိုနှင့် ဒီနွယ်ချောင်းမြို့လေး၏ အ. ထ. က နွယ်ချောင်းသို့ သူ ကျောင်းအုပ်အဖြစ် တာဝန်ကျသည်မှာ တစ်နှစ်ကျော်လာလေပြီ။

ကျောင်းအုပ်ကြီးရုံးခန်းတံခါးကို အသာတွန်းဖွင့်ဝင်လိုက်သည်။

စားပွဲ၌ မှောက်ချထားသော ဖုန်းခွက်ကို အသာကောက် နားထောင်လိုက်ရင်း အသံပြုလိုက်သည်။

"ဟယ်လို"

"သမီး . . . မေမေပါ"





"ဟုတ်ကဲ့ မေမေ၊ အားလုံး နေကောင်းကြရဲ့လား၊ သမီးလည်း နေကောင်းပါတယ်"

"သမီးရေ . . . ကိစ္စထူးလာပြီ၊ သမီးတော့ တာဝန်ပိုတော့မှာပဲ"

ဒေါ်ပိတောက်ကိုကို မျက်လုံးပြူးသွားသည်။ စိုးထိတ်မှုက ရင်သို့ ရိုက်ခတ်လာသည်။

"ဟင် . . . ဘယ်သူဘာဖြစ်လို့လဲ မေမေ"

"ဘာမှမဖြစ်ပါဘူး . . . အားလုံးနေကောင်းကြပါတယ်၊ ဒီလို သမီးရေ ဇလပ် ပိုစတင် ကျလာပြီ . . . မြိုင်ချောင်းကိုပဲတဲ့လေ"

ဒေါ်ပိတောက်ကိုကို ရင်တွင်း လှိုင်းဂယက် ထသွားသည်။ တုန်လှုပ်သွားသည်။

မြိုင်ချောင်း ပြည်သူ့ဆေးရုံကို ဒေါက်တာဇလပ်ကိုကို ရောက်လာတော့မည်ပေါ့။ စိုးထိတ်မှုများနှင့်အတူ ဒေါ်ပိတောက်ကိုကို ရင်ထဲ မွန်းကျပ်သွားသည်။ ပင့်သက်ရှိုက်လိုက်မိသည်။

"ဒီနေရာကို သူ့ဖာသာသူ ရွေးချယ်လိုက်တာပေါ့နော် မေမေ"

"အင်းလေ . . . သူ့ရဲ့တဇွတ်ထိုး စရိုက်လည်း သမီးကြီး သိမှာပေါ့၊ အခု အရမ်းတက်ကြွပြီး အဲဒီကို လာဖို့ ပြင်ဆင်နေပြီလေ"

"ဖေဖေက ခွင့်ပြုသလား မေမေ"

"ပြောမနေနဲ့တော့ . . . ညည်းတို့အဖေက နိုင်ငံ့ဝန်ထမ်းကောင်းတစ်ယောက်မှတ်လား၊ ဘယ်နေရာ ဘယ်ဒေသကျကျ



www.burmeseclassic.com

www.burmeseclassic.com



တာဝန်ထမ်းဆောင်ရမှာပဲပေါ့ဆိုပြီး သူ့သမီးအတွက် လိုအပ်မယ် ထင်တာတွေ လိုက်ဝယ်ပေးနေလေရဲ့၊ မေမေပြောချင်တာက သမီး အတွက် တာဝန်ကြီးပြီး အနေခက်မှာ စိုးရိမ်တယ်"

"ကိစ္စမရှိပါဘူး မေမေ၊ လောကကြီးမှာ လွယ်ကူတဲ့ဝတ္တုရားဆိုတာမှ မရှိတာ၊ ဂုဏ်ဒြပ်ဆိုတဲ့အရေခွံဟာ လူတွေရဲ့အားနည်း ချက်ကို ဘယ်လောက်အထိ ဖုံးထားနိုင်မှာလဲ မေမေ"

ဒေါ်ပိတောက်ကိုကို ရင်တွင်း ရှိုက်ငင်သံကို ဖုံးကွယ်ပြီး တည်ငြိမ်စွာ ပြောလိုက်ရသည်။ ရင်ထဲမှာတော့ အနာတရ ပြည့် လျှမ်းနေလေပြီ။ အနာဟောင်းကို အဆွခံလိုက်သည့်နှယ် ခံစားနေရ သည်။

အထက်တန်းပြဆရာမ၊ ထိုမှ အလယ်တန်းပြ ကျောင်း အုပ်၊ ယခု အထက်တန်းကျောင်းအုပ် ပရိုမိုရှင်း ယူတော့ တိုက်တိုက် ဆိုင်ဆိုင် နွယ်ချောင်း အ. ထ. က ကိုမှ တာဝန်ကျသည်။

ပို၍တိုက်ဆိုင်သည်က ဇလပ်ကိုကိုကပါ မြိုင်ချောင်း ဆေးရုံသို့ တာဝန်ကျသည်တဲ့။ ဒါကတော့ ဇလပ်ကိုကိုရဲ့ကြိုးပမ်းမှု ဖြစ်ပေမည်။

"နွယ်ချောင်း" နှင့် ကပ်လျက်မြို့က "မြိုင်ချောင်း" ။ မြိုင်ချောင်းသို့ လုံးဝခြေဦးမလှည့်ချင်သော သူ့အတွက် ဇလပ်ကိုကို ကြောင့် မြိုင်ချောင်းနှင့် ကင်း၍ရတော့မည်မထင်။

မြိုင်ချောင်းကတော့ တိုက်နယ်ဆေးရုံဖြစ်သည်။ ဆေးရုံ ဝင်းအတွင်း၌ ဝန်ထမ်းအိမ်ရာများ ရှိသည်။

"သမီးကော စိတ်ချမ်းသာရဲ့လား"

အတန်ငယ် တိတ်ဆိတ်သွားမှုကို မိခင်က စိုးရိမ်ဟန်





တူသည်။ မေးနေကျမေးခွန်းကို မေးလိုက်လေသည်။

"စိတ်ချမ်းသာပါတယ် မေမေ၊ တာဝန်တွေနဲ့ရယ် စာရေး တာနဲ့ရယ် မအားတော့ အရာရာကို သတိရချိန်တောင် မရှိတော့ပါ ဘူး"

ဟု မိခင်စိတ်ချမ်းသာစေရန်သာ ပြောလိုက်ရသည်။ ရင် မှာ ဆူးအောင့်လာသည်။ နှလုံးသားရင်ပြင်ထက်သို့ နက်ရှိုင်းစွာ နစ်ဝင်ပြီးသား ဆူးကို မဖယ်ရှားနိုင်သရွေ့တော့ ရင်မှာ နာကျင်မှု က ရှိနေစမြဲဖြစ်မည်ပင်။

"ကျန်းမာရေးကို ဂရုစိုက်ပါ သမီးကြီး၊ ဇလပ်ကလည်း သမီးအတွက် သမီးနဲ့ အနီးဆုံးနေရာကို သူတမင်ရွေးချယ်လိုက်တာ ဖြစ်မယ်ထင်တယ်"

"ဟုတ်ကဲ့ပါ မေမေ၊ ဘာကြောင့်ပဲဖြစ်ဖြစ် ဇလပ် ရွေးချယ် မှုကို သမီးတို့ လေးစားလိုက်နာပေးရမှာပါလေ၊ သမီးအတွက် မပူပါ နဲ့ ဇလပ်ကို သမီး ကောင်းကောင်းစောင့်ရှောက်ပေးပါ့မယ်၊ ခေတ် တွေ စနစ်တွေကလည်း ပြောင်းခဲ့ပြီမို့ ပူစရာမှ မလိုတော့တာ၊ မေမေတို့သာ ကျန်းမာအောင် နေပါ"

"အေးပါ သမီးရယ်၊ မေမေက သမီး စိတ်အနှောင့်အယှက် ဖြစ်မှာ စိတ်ပူမိလို့ပါ"

"မဖြစ်ပါဘူး မေမေ"

"ဒါဆို ဒါပဲလေ သမီး၊ သန်ဘက်ခါ ဖလိုက်နဲ့ ဇလပ် [illegible]လိမ့်မယ်၊ သမီးသွားကြိုပေးလိုက်ပါ"

"ဟုတ်ကဲ့ပါ မေမေ၊ အစစအရာရာအတွက် စိတ်ချပါ မေမေ"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"အေးအေး . . . ဒါဆို ဒါပဲနော်"

"ဟုတ်ကဲ့ မမေ"

အချိန်ဟူသော တရားသူကြီးနှင့် လုပ်ငန်းခွင်ဟူသော လေ့ကျင့်ရေးမှုကောင်းတို့ကြောင့် ဒေါ်ပိတောက်ကိုကို ရင့်ကျက်တည်ငြိမ်ခဲ့လေပြီ။

ဝေဒနာလှိုင်းတံပိုးတို့၏ ရိုက်ခတ်မှုက ရင်တွင်း၌သာ ဖြစ်ပေါ်ခဲ့လေသည်။

ရုပ်အဆင်းသဏ္ဍာန်ဖြစ်သော မျက်နှာပြင်တို့ မထင်ဟပ်နိုင်အောင်ပင် အေးချမ်းတည်ငြိမ်ခဲ့လေပြီ။

ဒေါ်ပိတောက်ကိုကို ဖုန်းခွက်ကို ညင်သာစွာချပြီး ခေတ္တခဏတော့ ငိုင်တွေနေမိသည်။

မည်မျှကြာသွားသည်မသိ ကြက်တွန်သံ ကြားမှ သန်းခေါင် သက်ကြီးခေါင်းချချိန်တောင် ရောက်ပါပြီကောလား ဟူသော အသိက ဝင်ရောက်လာသည်နှင့် ရုံးခန်းတွင်းမှ ထွက်ကာ တံခါးကို သေသေချာချာ သော့ခတ်လိုက်သည်။

နောက် အိမ်ခန်းရှိရာ အဆောက်အဦးသို့ စင်္ကြံလမ်းအတိုင်း လျှောက်လာခဲ့လေသည်။

သန်းခေါင်ယံ မိုးကောင်းကင်ဝယ် ကြယ်ပွင့်များစွာက မဟူရာရောင် ခြုံလွှာထည်ကို စိန်ပွင့်လေးများနှင့် ဖော်ကျုံးထားသည့်အလား လင်းလက်တောက်ပလျက် ရှိလေသည်။

ဂုဏ်သိက္ခာဟူသော တံတိုင်းတစ်ခုသာ ကာရံထားခြင်း မရှိဘူးဆိုပါက ဒေါ်ပိတောက်ကိုကို ကျောင်းဝင်းအတွင်း မြက်ခင်းပြင်ထက်၌ လဲလျောင်းပြီး ကြယ်ပွင့်များကို ရေတွက်ရင်း စကား





ပြောနေမိမည်မှာ အမှန်ပင်။

ယခုတော့ လှပသော ညဥ့်လယ်ကို ကျောခိုင်းကာ ဥပေက္ခာပြုလိုက်ရလေတော့သည်။


ထိုအခါ သူ့မျက်ဝန်းအိမ်သို့ ကြယ်ပွင့်လေးများ လာရောက် ခိုကပ်သည်ထင့်၊ လင်းလက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂)

မြန်မာနိုင်ငံ တောင်ပိုင်းစွန်း တနင်္သာရီတိုင်းအတွင်းသို့ လေယာဉ်က ဝဲပျံလာသည်။ ကျွန်းစုများနှင့်ပင်လယ်ရေပြင်ပြာ မြန်မာပြည်၏သဘာဝအလှတရားများကို ဖော်ဆောင်ပေးနေလေ သည်။ ဇလပ်ကိုကို အကြောက်အလန့် မရှိသည့်အပြင် ပျော်ရွှ ကြည်နူးနေလေသည်။

မမကြီးကိုလည်း တွေ့ရတော့မည်။

သူ နှင့်ဆိုး,ဆိုးသမျှဒဏ်ကိုလည်း ခံကြည့်ပေတော့ မမကြီ ရေ. . ။ အနေတည်ပြီး သူ့အား ခပ်တန်းတန်း ဆက်ဆံတတ်သေ မမကြီးကို သူ ငယ်ကြောက်ဖြစ်ခဲ့သည်။

ကျန်ကိုကြီးနှင့်ကိုငယ်ကိုက မကြောက်ရ။ မမကြီး





ဆရာမလည်းဖြစ်၊ အပျိုကြီးကလည်းဖြစ်၊ တာဝန်ကျရာဒေသများ သို့ လှည့်ပတ်ပြီး တာဝန်ထမ်းဆောင်နေသူလည်းဖြစ်၍ သူနှင့် အနေဝေး၍လားမသိ ခပ်စိမ်းစိမ်းပင် ဆက်ဆံတတ်သည်။

ခဏတဖြုတ် အိမ်ကို ပြန်လာလည်သည့်အခါ သူ့အား အပြစ်မရှိ အပြစ်ရှာသော မျက်လုံးများနှင့် ကြည့်တတ်လေသည်။ သူ့အနားကပ်၍ ပွတ်သီးပွတ်သပ် လုပ်လျှင်လည်း မကြိုက်တတ် ချေ။

“ဟွန်း. . . ဒါကြောင့် အပျိုကြီးဖြစ်တာ၊ တွေ့မယ်. . . ခုတော့ သူ့ဆီမှာကို သွားနေပစ်လိုက်မယ်၊ ဘာတတ်နိုင်မှာလဲ”

ဇလပ်ကိုကို သဘောကျစွာ ပြုံးလိုက်သည်။ အပြုံးက အရယ်ကလေး ပါလာတော့ ‘ခစ်’ကနဲ အသံထွက်သွားသည်။

ထိုအခါ တစ်လမ်းလုံး ဘယ်သူကိုမှ အရေးမစိုက်၊ သူ့ နံဘေးမှာ မိန်းမချော မိန်းမလှလေးတစ်ယောက် ပါလာပါလားဟု သည်း သိပုံမရ။ ဦးထုပ်လျှာကို မျက်နှာပေါ် ဆွဲချ။ လေယာဉ်လုံခြုံ ရေးခါးပတ် ပတ်ထားပြီး အိပ်၍ လိုက်ပါလာသည်မှာ ဘယ်နှနှစ် ဘယ်နှစ်လကများ အိပ်ပျက်ခဲ့သည်မသိ။

သို့တည်းမဟုတ် ကာလနဂါး၏မြေးတော် မြစ်တော်များ တော်စပ်လေသလား။

သူ့ထံမှ “ခစ်ကနဲ” အသံထွက်သွားသည်နှင့် မျက်နှာပေါ် ဦးထုပ်ကို ပြင်ဆောင်းရင်း သူ့အား စွေကြည့်လိုက်သည်။

“အံမယ်. . . လူချောလေးတော့” ဟု ဇလပ်ကိုကို စိတ်ထဲ တွက်၍ ကောက်ချက်ချလိုက်သည်။

မျက်နှာလေးက နုဖတ်နေသည်။ ချာတိတ်လေးပါပဲ။ မိမိ



www.burmeseclassic.com

www.burmeseclassic.com



ထက် ငယ်နိုင်သည်။

ကောင်ချောလေးက သူ့အကြည့်ကို ချက်ချင်း ပြန်ရုပ်သိမ်းလိုက်ပြီး ခါးကို မတ်မတ်ကလေး ပြင်ထိုင်လိုက်သည်။

"မင်းဘယ်သွားမှာလဲ"

ဇလပ်ကိုကို မိတ်ဆက်ဖို့ ကြိုးစားလိုက်သည်။ မြင်းက မလှုပ်တော့ ခုံက လှုပ်ပေးရမည်ပေါ့။

ကောင်လေးက သူ့ကို မေးတာ မဟုတ်သလို ခပ်တည်တည်ပင်။ မရ၊ ဇလပ်ကိုကိုတို့ကို ဒါမျိုးလုပ်လို့မရ။

"ဟိတ်. . . ချာတိတ်၊ မင်းကို မေးနေတာ၊ မင်း မြန်မာစကား တတ်ပါတယ်နော်"

လက်ထဲက ဂျာနယ်ခေါက်နှင့် ကောင်လေးလက်မောင်းကို လှမ်းရိုက်ပြီး မေးလိုက်သည်။

ထိုအခါမှ. . .

"ဗျာ. . . ကျွန်တော့်ကို မေးတာလား"

"မင်းနဲ့ငါ နှစ်ယောက်တည်း ထိုင်နေတာ၊ မင်းကို မမေးလို့ ဘယ်သူ့မေးရမှာလဲ"

"ဪ. . . ဘာမေးလိုက်တာလဲ"

"မင်း ဘယ်ကိုသွားမှာလဲလို့"

"အိမ်ကို"

ငပွေး. . . ရစ်ပြီ ညစ်ပြီဟု သိလိုက်သည်။

"အိမ်ကိုမှန်းတော့ သိတာပေါ့၊ ဘိတ်ကိုလား ကော့သောင်းကိုလားလို့ မေးတာ"

ကောင်းလေးက နှုတ်ခမ်းကို စေ့ကာ ပြုံးလိုက်ရင်း. . .





"မြိတ်ကိုပါ. . . မြိတ်ကနေတဆင့် ထပ်သွားရမှာ၊ ခင်ဗျားကော. . ."

"တို့က မြိုင်ချောင်းကို သွားရမှာ၊ တစ်ခါမှ မရောက်ဖူးဘူးလေ၊ ဒါကြောင့် မင်းကို မိတ်ဖွဲ့တာပေါ့၊ မင်းက ဒေသခံမှတ်လား"

"ခင်ဗျား ဘယ်လိုလုပ် သိသလဲ"

"မင်းလေသံက ဝဲတယ်လေ"

ကောင်လေးက ပြုံးပြန်သည်။ မေးချိုင့်ကလေးနှင့် ချစ်စရာလေးပါလား။

"တို့က ဧည့်သည်"

ထိုစဉ် လေယာဉ်က မြိတ်မြို့လေယာဉ်ကွင်းကို ဆင်းသက်တော့မည်ဖြစ်သဖြင့် ခါးပတ်ပတ်ထားရန် ကြေညာချက် ထွက်ပေါ်လာသည်ဖြစ်ရာ ဇလပ်ကိုကိုက လုံခြုံရေးခါးပတ် ပတ်လိုက်သည်။

"ခင်ဗျားကို လာကြိုမယ့်သူ မရှိရင် ကျွန်တော်ကူညီပေးပါ့မယ်၊ ဒီလောက်အထိ နိုဒါန်းတွေ မပျိုးလဲ ရပါတယ်"

"အဟဲ. . . မင်း မဆိုးဘူး၊ သဘောပေါက် လွယ်သားပဲ၊ ကြိုဖို့တော့ ပြောထားပါတယ်၊ အကယ်၍ မလာခဲ့ရင်ပေါ့၊ ဒေသခံတစ်ယောက်ရဲ့အကူအညီ ယူရမှာဆိုတော့ အရဲစွန့်ပြီး မိတ်ဆက်ရတာလေ"

"ကူညီရမှာပေါ့ဗျာ"

ထိုစဉ် လေယာဉ်ဘီးက ပြေးလမ်းနှင့်အထိ ငြိမ့်ကနဲ ဖြစ်သွားသည်။

မြိတ်မြို့လေယာဉ်ကွင်းသို့တော့ ရောက်ရှိလာလေပြီ။

"မမကြီး လာကြိုပါ့မလား" ဟူသော ကြောင့်ကြမှုလေးက



www.burmeseclassic.com

www.burmeseclassic.com



တော့ ဇလပ်ကိုကိုမှာ ရှိနေဆဲဖြစ်သည်။

လေယာဉ်ပေါ်မှ ခရီးသည်များ ဆင်းသက်ခွင့် ရသည်နှင့် နေရာက အထတွင်. . .

"တို့ကို မျက်ခြည်ဖြတ် ထွက်မပြေးနဲ့ဦးနော်"

"ကျွန်တော့်အကြံ ကြိုသိနေပါလား"

သူကလေးကလည်း အတည်ပေါက် နောက်တတ်ပါလား။ အသားဖြူဖြူ မေးရိုးနှင့် နှုတ်ခမ်းမွှေးနေရာ၌ စိမ်းဖန့်ဖန့်တို့က ကြည့်၍ကောင်းအောင် ချောမောနေသည်။ ကိုးရီးယားမင်းသား လေးနှင့်ပင် တူနေသည်။

"ဒါကြောင့် မင်းနောက်က ထပ်ချပ်မကွာကို လိုက်တော့မှာနော်"

"ကျွန်တော်က နယ်မြေကျွမ်းကျင်တယ်နော်၊ အလွယ် တကူ ခြေရာဖျောက်လိုက်နိုင်တယ်"

"တို့က အပြေးသန်တယ်၊ မျက်စိလျှင်တယ်နော်"

စကားလုံးတွေ မထိခလုတ် ထိခလုတ် စကားစစ်ထိုးရင်း လေယာဉ်ပေါ်မှ ဆင်းသက်ခဲ့ကြသည်။

ကမ်းရိုးတန်း ကျွန်းဆွယ်ဒေသ၏ စိုစွတ်သော လေအေး အေးကို ရှူရှိုက်ရင်း လွင့်ပါးလာသည့် ဆံချည်နုထွေးတို့က မျက်နှာ ပြင်သို့ ရိုက်ခတ် ကျီစယ်လေသည်။

ဇလပ်ကိုကို လာကြိုသူများ ရှိရာသို့ လှမ်းမျှော်ကြည့်လိုက် သည်။

မမကြီးကို မတွေ့ရပါလား။

သို့သော် သူ့ Name Board ကို ကိုင်ဆောင်ပြီး ကြိုဆိုနေ





သော လုံချည်အနီဝတ် သူနာပြုဆရာမလေးတစ်ဦးကို တွေ့လိုက်ရ သည်။

Dr ဇလပ်ကိုကို၊

မြိုင်ချောင်း တိုက်နယ်ဆေးရုံ ဟူ၍ ဖြစ်သည်။

"ဟော. . ."

ဇလပ်ကိုကို အံ့သြဝမ်းသာစွာဖြင့် ဘေးနားက ပုဂ္ဂိုလ်လေး တို့ ကလိလိုက်သည်။

"တို့ မင်းအကူအညီကို မလိုတော့ဘူးမို့ သင်သွားလိုရာ သွားနိုင်ပြီ. . . တာ့တာ"

ဇလပ်ကိုကို သူနာပြုဆရာမလေးထံသို့ ခပ်သွက်သွက် လှမ်းလိုက်လေသည်။

ဂျင်းဘောင်းဘီရှည်နှင့် ကိုးရီးယားမင်းသားစတိုင်လ် အင်္ကျီလေး ဝတ်ထားပြီး ဆံပင်အဖြောင့်ကုတ်ဝဲလေးနှင့် မိန်း ကလေးကို ဆရာဝန်မလေးဟု သူ မထင်ခဲ့။

ဒေါက်တာဇလပ်ကိုကိုတဲ့လား။ အလန်းလေးပဲ။

ပုဂ္ဂိုလ်လေးက ကြည့်ရင်း ကျန်ရစ်ခဲ့သည်။

မြိုင်ချောင်း တိုက်နယ်ဆေးရုံဆိုတော့ ရေစက်မကုန်သေး ရင်တော့ တွေ့ရဦးမည်ပေါ့။


ရင်ထဲ ကြိတ်ပြုံးရင်း သူ့အား လာကြိုသူ ဒရိုင်ဘာ ဦးစော ထံသို့ ဦးတည်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

"အပါးကော. . . မြိုင်ချောင်းမှာ ရှိသလား ဦးဒီး"

"ကျွန်းမှာပဲ"

"ကျွန်တော်ပြန်လာမှာ သိတယ် မှတ်လား"

"သိပါတယ်. . . ဖုန်းဆက်ထားတာပဲ"

ကမ်းရိုးတန်းဖုန်းတွေ ပေါ်လာတာ သိပ်အကျိုးရှိသည်။

စောမိုးလှုံ မကျေနပ်။ ဖခင်၏အေးစက်မှုနှင့် ဥပေက္ခာပြု မှုကို သူခံစားနေရတာ ကြာပြီ။ တစ်ခါတစ်ရံ ဖခင်ရင်းမှ ဟုတ်ရဲ့ လားဟု သူတွေးမိတတ်သည်။

"ကျွန်တော်က ဒီမှာပဲ နေရမှာတဲ့လား၊ သူ့ဆီကိုကော လိုက်လို့မရဘူးတဲ့လား၊ ဘာအမိန့်ပေးထားသလဲ ဦးဒီး"





သူ၏အိမ်တော်ထိန်းကြီးလို ဖြစ်နေသော ဦးဒီးကိုသာလျှင် သူ့အလိုမကျမှုကို မကျေနပ်စွာ မေးလိုက်သည်။

"ဦးဒီးကိုတော့ ဘာမှမပြောပါဘူး၊ ဖုန်းထဲမှာတော့ မင်းကို စောင့်ရှောက်ထားဖို့ပဲ ပါတယ်၊ မင်းဖုန်းခေါ် ချင်ခေါ် လေ၊ ကမ်းရိုး တန်းဖုန်းတွေ ရှိနေပြီပဲ၊ မင်းအပါးကျွန်းကိုပါ ခေါ် လို့ရတယ်၊ သူ့မှာ လည်း ဖုန်းရှိတာပဲ"

စောမိုးလှုံ မကျေနပ်။ ဖခင်တစ်ယောက်အနေနဲ့ သူ့ဘက် ကတောင် နေနိုင်သေးတာပဲ။

"နေပါစေဗျာ. . . ကျွန်တော် ဘာမှ ပြောစရာစကား မရှိ တော့ပါဘူး၊ အပြင်သွားဦးမယ်"

"နားပါဦးလား လူလေး"

"လေယာဉ်မှာ အိပ်ပြီး လိုက်လာတာပဲ၊ ဘာနားစရာ သိုလို့လဲ ဦးဒီး၊ ဆိုင်ကယ်လ်နဲ့ သွားမယ်"

"ဂရုစိုက် စီးနော်. . . ထမင်းပြန်စားမှာလား၊ အပြင်မှာ စားပါနဲ့ လူလေး၊ မင်းအကြိုက်တွေ ဦးဒီး ချက်ထားတယ်"

"ဟုတ်. . ."

ဦးဒီး၏ဂရုစိုက်မှုကို သူ ငယ်ငယ်ကလေးဘဝ သိတတ်စ အရွယ်ကတည်းက ခံစားခဲ့ရသည် မှန်သော်လည်း အဖေရင်း၏ ဂရုစိုက်မှုကို သူတောင့်တခဲ့သည်။ အကြောင်းအမျိုးမျိုးဖြင့် အဖေ ရင်းနှင့် တွေ့ခွင့်မရသော်လည်း မင်းသားတစ်ပါးလို စည်းစိမ် ချမ်းသာ အပြည့်အစုံနှင့် နေခွင့်ရခဲ့သည်။

သို့သော်. . . ဒါတွေ ဘာလုပ်ရမှာလဲ။ မိခင်၏ရင်ငွေ့ကို လည်း မခိုလှုံခဲ့ရ။ ဖခင်၏ရင်ငွေ့ကို ကြုံတွေ့ခွင့်မရသော သူ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



သည် အထီးကျန်ဆန်လှသည်။

ထို့ကြောင့် အလိုမကျသော ကလေးတစ်ဦးလို သူ အချိုး မပြေခဲ့။ အပေါင်းအသင်းကလည်း သိပ်မဆန်ခဲ့။

သို့သော် ယနေ့ ထူးထူးခြားခြား လေယာဉ်ပေါ်မှ ခရီး ဖော်မလေး၏ဖော်ရွေမှုက သူ၏ဂျွတ်ဆတ်ဆတ် စိတ်ထားကို ပြောင်းလွဲပြီး ကြည်နူးစွာဖြင့် တုန့်ပြန်လိုက်မိသည်။

ရင်ထဲလည်း ထူးကဲသော နွေးထွေးမှုတစ်ရပ်ကို ခံစား လိုက်ရလေသည်။

သို့အတွက်. . .

သူ့ရင်ကို နွေးထွေးစေသော ရပ်ဝန်းလေး ရှိရာသို့ စီး တော်ယာဉ် ဆိုင်ကယ်လ်ကို အသော့နှင်လိုက်သည်။

မြိုင်ချောင်းမြို့အတွင်း ဘယ်နေရာ အပ်ကျသည်ကအစ သိသော စောမိုးလှုံအတွက် မြိုင်ချောင်းဆေးရုံကြီးသို့ ခဏအတွင်း ရောက်ရှိသွားလေတော့သည်။

သူနာပြုဆရာမကြီး စစ္စတာနော်အဲလာ ရှိရာ ပြင်ပလူနာ ဆောင်သို့ တန်းဝင်သွားသည်။

စစ္စတာနော်အဲလာ ဦးစောဒီး၏ ညီမဝမ်းကွဲတော်စပ်သူ ဖြစ်သည်။ သူတို့၏ကျန်းမာရေးကိုလည်း တာဝန်ယူထားသူလည်း ဖြစ်သည်။

အပေါင်းအသင်းမများပေမယ့် ဦးစောဒီးသည် အင်မတန် သတင်းအနံ့ခံကောင်းသူဖြစ်သည်။ သူသိလိုသောအရာမှန်သမျှ ဦးဒီးကို မေးလိုက်လျှင် အားလုံးအိုကေသွားသည်။ ထို့အတူ ဦးဒီး ညီမ နော်အဲလာသည်လည်း. . .





"ဟဲ့. . . လူကလေး ဘာလာလုပ်တာလဲ၊ ဘယ်တုန်းက ရောက်တာလဲ"

"အခုပဲ"

"ကျုပ်အတွက် ဘာလက်ဆောင် ပါသလဲ"

သူနာပြုချုပ်ရုံးခန်းထဲ သူဝင်သွားလိုက်သည်နှင့် ဒေါ်နော် အဲလာက ဝမ်းသာအားရပင် ကြိုဆိုသည်။

"လက်ဆောင်ပါတယ်. . . ပစ္စည်းထုတ်ကွေ မဖြေအား သေးဘူး၊ ပျင်းတာနဲ့ ချက်ချင်းထွက်လာတာ"

"မင်းကလည်း မြိုင်ချောင်းတောင် ခြေမချရသေးဘူး၊ ပျင်းတာက အရင်ပါပဲလား၊ ကိုင်း. . . ကျုပ်ဆီကို ဘာကိစ္စ ချက်ချင်းရောက်လာတာလဲ၊ အကြောင်းကိစ္စ မရှိဘဲနဲ့တော့ မင်း ရောက်မလာနိုင်ဘူး"

"အဟဲ. . . အန်တီအဲလာ ဗိုက်ထဲမှာ ပုဏ္ဏားလေး ရှိတယ် ဆိုတာ ကျွန်တော်ယုံကြည်လိုက်ပြီ"

ဒေါ်နော်အဲလာက မျက်စချီကာ. . .

"ဆိုစမ်းပါဦး. . . ဘာကိစ္စလဲ"

စောမိုးလှုံ ပြုံးလိုက်သည်။ ဖျူဖွေးသော အသားက နီစပ် စပ် ဖြစ်သွားလေသည်။ သူရယ်တတ်လာပြီ။ လူကြီးရှက်တော့ ရယ် သည်ဆိုသည့်စကား သွားသတိရလိုက်သည်။ သူ လူကြီးဖြစ်လာပြီ ထင်သည်။

"ဟဲ. . . ဟဲ. . . ဟဲ"

"ဘယ့်နှယ့် သွားလာဖြီးပြနေတာလဲ၊ ဒါ နွားရောင်းတဲ့ နေရာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နော်အဲလာက ပိသာလေးနှင့် ဘေးပစ်သလို တွယ်ထည့်လိုက်သည်။ သူ မနာနိုင်။

"အန်တီတို့ဆေးရုံကို ဆရာဝန်သစ်တွေ ရောက်လာသလားလို့"

"ရောက်လာတာပေါ့. . . ဒေသခံ မဟုတ်တဲ့ ဆရာဝန်တွေက တို့ဒေသမှာ ဘယ်မြဲမှာလဲ၊ ရောက်လာ တစ်နှစ်နှစ်နှစ်ဆိုရင် ပြောင်းသွားကြတော့တာပဲ၊ ဒီနေ့လည်း တစ်ယောက်ရောက်လာတယ်"

"တွေ့ပြီးပြီလား"

"မတွေ့ရသေးဘူး၊ ဘာလဲ. . . မင်းက ဘာလုပ်မလို့လဲ"

"သိချင်လို့ပါ. . . သွားတော့မယ်ဗျာ"

"ဟဲ့. . . နေဦးလေ၊ သိချင်ရင် အကုန်မေးမှပေါ့၊ အမလားအထီးလား၊ ချောလား လှလားလို့"

ဒေါ်နော်အဲလာက ကောင်လေး စောမိုးလျှံ၏ ရှက်သွေးဖြင့် ရဲတွတ်နေသောမျက်နှာကို စိမ်ပြေနပြေ ကြည့်ရင်း နောက်ပြောင်ကျီစယ်လိုက်သည်။

ဘာလိုလိုနဲ့ ဒီနီတာရဲ ကောင်ကလေးတောင် အရွယ်တော်တော်ရောက်လာပကော။ လူကောင်ထွားလာသလို အဖေအမေအလှ ပေါင်းစပ်ထားတော့ ယောကျ်ားလေးတန်မဲ့ ချောလွန်းနေသည်။

"ဟာဗျာ. . ."

"မဟာဗျာနဲ့. . . သိချင်ရင် နောက်တစ်ရက်နှစ်ရက်နေမှ လာခဲ့၊ ငါမိတ်ဆက်ပေးမယ်၊ ဆရာဝန်မလေးက ခုမှ ပိုစတင်ကျတာ





ငယ်ငယ်ချောချောလှလှဆိုပဲ၊ ငါတော့ မတွေ့ရသေးဘူး၊ တာဝန်ခံဆေးရုံအုပ်ကလည်း လူပျိုကြီးဆိုတော့ ကြည့်ကောင်းဦးတော့မယ်၊ ကောင်လေး နင်ကြိုက်ရင် လက်မနှေးနဲ့နော်"

"ဟောဗျာ. . . ကျွန်တော်ဖြင့် ဘာမှမပြောရသေးဘဲ၊ အန်တီကြီးပဲ စွတ်တင်နေတော့တာပဲ၊ သွားပြီဗျာ. . . နောက်မှ လာခဲ့မယ်"

"ကြွ. . . ကြွ. . . သူကပဲ မူရတယ်ရှိသေး၊ ဟင်း. . . ဟင်း. . . ခိုးချင်တာကလည်း ပြာလို့ လက်နှေးတာကလည်း ချာလို့ ဆိုသလိုဖြစ်နေမယ်နော်"

ဒေါ်နော်အဲလာ၏ကျီစယ်နောက်ပြောင်မှုဒဏ် မခံနိုင်သည့်အဆုံး စောမိုးလျှံ ဆေးရုံဝင်းထဲမှ အပြေးတစ်ပိုင်း ထွက်လာခဲ့လေသည်။

ဆိုင်ကယ်လ်ရပ်နားရာနေရာသို့ အရောက်တွင် ဝန်ထမ်းအိမ်ယာဖြစ်သော ဆရာဝန်များအတွက် ပေးထားသော တိုက်ပုများဘက်ဆီမှ လေယာဉ်ပေါ်မှာ ဆုံခဲ့သော အမျိုးသမီးနှင့် အသက်(၁၀)ကျော်ခန့် ရှိမည်ထင်ရသော လူတစ်ဦး ယှဉ်တွဲလျှောက်လာသည်။

ရယ်မောလျက်၊ စကားလက်ဆုံတွေ ကျလျက် တလောကလုံးကို သတိပြုမိဟန်မတူ။

စောမိုးလျှံ ရင်ထဲ တင်းကျပ်သွားသည်။ ဟဲလ်မက်ခ်ကို ဆောင်းလိုက်ပြီး ဆိုင်ကယ်လ်မောင်းထွက်ခဲ့သည်။

သူ့ကို စိတ်လှုပ်ရှားအောင် လုပ်ရုံနှင့် မြတ်နိုးတွယ်တာသွားရလောက်အောင်တော့ သူ ခံစားချက် မဖြစ်ပေါ်သေးပါ။



www.burmeseclassic.com

www.burmeseclassic.com




အထီးကျန်ဆန်သော သူ့ဘဝ၌ အဖော်ခံ့မင်ခြင်းသည် သာ သဘာဝတစ်ခုပါဟု စောမိုးလျှံ မှတ်ယူထားလိုက်သည်။

နောက်. . . ဆေးရုံဝင်းဘက်သို့ ခြေဦးမလှည့်တော့ဘူးဟုလည်း ဆုံးဖြတ်ချက် ချလိုက်သည်။







## အခန်း(၄)

ဖလပ်ကိုကို စိတ်ထဲ မကျေနပ်မှုက ပြင်းထန်လာသည်။ ဘယ်လိုအစ်မကြီးမှန်း မသိ။ အစ်မကြီး အမိအရာဆိုသည့်စကားမှာ ဒေါ်ပိတောက်ကိုကိုအတွက်တော့ ဟုတ်ဟန်မတူ။

လေဆိပ်သို့ လာရောက် မကြိုတာကတော့ ထားတော့။ အလုပ်ကိစ္စတွေ များလို့ဟုပြီး အကြောင်းပြနိုင်သည်။

ယနေ့ ညနေစောင်းလာပြီ။ မမကြီးဆီမှ ဘာအဆက်အသွယ်မှ မရသေး၊ ကမ်းရိုးတန်းသုံး ဖုန်းတွေလည်း ရှိပါလျက်။

“ဟွန်း. . . လွန်ကိုလွန်လွန်းတယ်”

ဖလပ်ကိုကို စာအုပ်ထည့်ထားသော ကဒ်ထူပုံးကို ကြည့်ရင်း နှုတ်မှ မကျေမနပ် မြည်တမ်းလိုက်မိသည်။ ထိုစဉ်. . .

www.burmeseclassic.com



"အငယ်လေး"

"အမလေး . . . လန့်လိုက်တာ မမကြီးရာ"

သူ့အကြောင်း စဉ်းစားပြီး ရေရွတ်နေတုန်း အခန်းဝမှ ဘွားကနဲ ပေါ်လာသည်ဆိုတော့ ဇလပ်ကိုကို အာမေဋိတ်လေးပင် ထွက်သွားလေတော့သည်။

ရင်ဘတ်ကို ဘယ်လက်ဝါးလေးနှင့် အုပ်ကာ "အမလေး" တမိသည်အထိ ဖြစ်သွားရသည်။

မမကြီးက သူ့အပါးသို့ လျှောက်လာရင်း . . .

"ဒီမှာနေရတာ အဆင်ပြေမလား၊ ငါနဲ့ နေချင်ရင်လည်း ရတယ်၊ ဒါပေမယ့် ဆိုင်ကယ်လ်နဲ့ နိစ္စဓူဝ သွားပြန်ရမယ့်ကိစ္စ အတွက်တော့ ငါ့ကို စိတ်ပူပန်မှု ဖြစ်စေမှာ အမှန်ပဲ"

လုပ်ပြီ၊ သူလိုရာ သူဖြစ်ချင်ရာကိုပဲ ဖွတ်ပြောတတ်သော မမကြီးကို ဇလပ်ကိုကို ငယ်ကြောက်မို့ ဘာပြန်ပြောရမှန်းမသိ။ သို့သော် မာနလေးနှင့် . . .

"ငယ်လေးကလည်း ဆေးရုံဝင်းထဲမှာ နေတာ ငယ်လေး အတွက် ပိုပြီးအဆင်ပြေလို့ ဒီမှာပဲ နေဖို့ ဆုံးဖြတ်ပြီးသား"

"စားရေးသောက်ရေးကော . . ."

"မပူနဲ့ . . . ချိုင့်ပေးစားလို့ ရတယ်တဲ့၊ ဆေးရုံအုပ်ကြီး လည်း ချိုင့်ပေးစားတာပဲ"

"ကောင်းပြီလေ . . . အလုပ်ခွင် ဝင်ပြီဆိုမှတော့ လူကြီး ဖြစ်လာပြီပဲ၊ ကိုယ့်တာဝန် ကိုယ်ယူတတ်တာ အကောင်းဆုံးပဲ"

"မမကြီးအတွက် မေမေ ပေးလိုက်တာ"

မမကြီးလက်ထဲသို့ ဇလပ်ကိုကိုက မိခင်ပေးလိုက်သော





လက်ဆွဲထုပ်တစ်ထုပ် ထည့်ပေးလိုက်သည်။ စားသောက်စရာများ ကြော်လှော်ပြီး ပလတ်စတစ်ဗူးများနှင့် ထည့်ပေးလိုက်ခြင်းဖြစ် ကြောင်း ဒေါ်ပိတောက်ကိုကို ကောင်းစွာသိလိုက်သည်။

မိခင်ကတော့ မိခင်ပေပဲ။ သားသမီးတွေ ဘယ်အရွယ် ရောက်ရောက်၊ ဘာဂုဏ်ဒြပ်တွေနဲ့ ဘာကြီးဖြစ်နေနေ သားသမီး တွေ၏စားဝတ်နေရေးကို ပူပန် ဂရုတစိုက် ရှိနေဆဲပင်။

"မေမေကတော့ ဘယ်လောက်ပဲ တောင်းပန်တောင်းပန် မရဘူး . . . ဒုက္ခမရှာပါနဲ့ဆိုတာကို . . ."

"မမကြီးက အစားအစာကို ဗိုက်ပြည့်ရင်ပြီးရောဆိုပြီး စားတတ်လို့၊ မေမေက အမြဲစိုးရိမ်နေတာ"

ဇလပ်ကိုကိုက မိခင်၏အသည်းကြော်မို့ မခံချင်ဘဲ ဝင် ပြောလိုက်သည်။

"ဂျူတီအော့ဖ် ဘယ်နေ့လဲ"

"စနေ တနင်္ဂနွေပဲ ယူထားတယ် . . . လောလောဆယ်ပေါ့၊ ဒါမှ မမကြီး ကျောင်းပိတ်ရက်ကို လွတ်လွတ်လပ်လပ် လာနိုင်မှာ"

"ကောင်းပါတယ် . . . ဆိုင်ကယ်ဝယ်ပြီးသွားပြီ၊ ရော့ . . . သော့"

"ဟင် . . . မြန်လှချည်လား"

"ဒီဒေသမှာ ဆိုင်ကယ်လ်မရှိရင် ခြေကျိုးသလို ဖြစ်နေမှာ ပေါ့၊ ဆိုင်ကယ်လ်ရှိတယ်ဆိုပြီး မြင်းကို ဂျိုတပ်ပေးထားသလိုလည်း မလုပ်နဲ့ဦးနော်၊ ဂရုတစိုက်စီး၊ လူပြတ်တဲ့နေရာတွေလည်း တစ် ယောက်တည်း မသွားနဲ့"

"ဟုတ် . . ."



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယ်ကို ကလေးမမှတ်နဲ့တော့နော်၊ ဆရာဝန်မကြီး ဖြစ်နေပြီ၊ လူနာတွေရဲ့အသက်ကို ယုံကြည်စွာ အပ်နှင်းခံရတဲ့ ဆရာတစ်ယောက်ရဲ့ဂုဏ်သိက္ခာနဲ့ စေတနာကျင့်ဝတ်တွေကို လိုက်နာပြီး လုပ်ဆောင်ပါ၊ ဘယ်အရာမှ ပေါ့ပေါ့ဆဆ မတွေးနဲ့၊ ကိုယ့်ထက် လက်တွေ့ဘဝမှာ သင်ခန်းစာတွေ များစွာရထားတဲ့ ဆရာဆရာမတွေဆီက နည်းနာကိုလည်း မပစ်ပယ်နဲ့ . . . ကြားလား"

"ဟုတ် . . ."

ဆရာမကြီးပီပီ လူကို တွေ့သည်နှင့် သင်ခန်းစာတွေ ပေးလေတော့သည်။ ဇလပ်ကိုကို ငြီးငွေ့စွာ နားထောင်နေရသည်။

"ကိုင်း . . . ငါပြန်မယ်၊ မိုးချုပ်တော့မယ်၊ စနေနေ့ ငါ့ဆီလာခဲ့မယ်မှတ်လား"

"ဟုတ် . . . လာခဲ့မယ်၊ စနေ ညအိပ်ပြီး တနင်္ဂနွေညနေမှ ပြန်မယ်"

"ဒါဆို တာဝန်ကျတဲ့သူဆီ ဘယ်သွားမယ် ဘယ်လာမယ် ဆိုတာ ပြောခဲ့၊ ငါ့ဖုန်းနံပါတ်လည်း ပေးခဲ့၊ အရေးပေါ် လူနာ ရှိရင် အချိန်မရွေး ဆက်သွယ်နိုင်အောင်ပေါ့"

"ဟုတ်ကဲ့ပါ"

ဇလပ်ကိုကို မမကြီးအပေါ် ချစ်ကြောက်ရိုသေ ဖြစ် သည်။ သူ၏ဆရာမဆိုလည်း မမှားပေ။ ဆယ်တန်းကို ဘာသာ ဂုဏ်ထူးရအောင် မမကြီး၏ဂိုက်ဒ်လုပ်ပေးမှု၊ သင်ကြားပေးမှု များစွာပါသည်။

မမကြီးသည် သူ့ဘဝအတွက် အစ်မတစ်ယောက်ဖြစ် သလို ဆရာမတစ်ယောက်လည်းဖြစ်သည်မို့ သူ ကြောက်ရွံ့





လေးစားချစ်ခင်ရသည်။

"အငယ်လေး"

"ရှင် . . ."

"အိပ်ရင် တံခါးတွေဘာတွေ သေသေချာချာ ဂျက်ထိုးပြီးမှ အိပ်နော်၊ တံခါးခေါက်တိုင်းလည်း အရမ်းမဖွင့်ပေးနဲ့"

"ဟုတ်ကဲ့ပါ"

"ကဲကဲ . . . ဆိုင်ကယ်လ်သွင်းထားလိုက်တော့၊ ငါပြန်ပြီ"

"ဟုတ်"

ဇလပ်ကိုကိုသည် ဆန်နီပစ်ကပ် ကားရှေ့ခန်းသို့ တက်ထိုင်လိုက်ပြီး လိုက်ပါသွားသော မမကြီး ဒေါ်ပိတောက်ကိုကိုကို မျက်စိတဆုံး ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

အမှန်တော့ မမကြီးသာ သူနှင့် လိုက်နေရန် တစ်ခွန်းခေါ်ကြည့်၊ သူ ချက်ချင်းပင် အထုပ်ပြင်ပြီး လိုက်နေလိုက်ပြီ။ နေ့စဉ် ဆိုင်ကယ်လ်နှင့် အလုပ်တက်မည်ပေါ့။

ခုတော့ မမကြီးက တစ်ခွန်းမခေါ်တော့ သူကလည်း သူ့ ဆန္ဒလေးနှင့် တင်းခံပြီး နေကြည့်လိုက်သည်။

ရင်ထဲတော့ ဝမ်းနည်းကြေကွဲမှုကြောင့် မျက်ရည်များပင် ဝဲလာသည်။


မိဝေးဖဝေး ရေခြားမြေခြား ဒေသစိမ်းမှာ မိမိတစ်ယောက်တည်းလို ခံစားရပါလား။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၅)

ဒေါ်ပိတောက်ကိုကို မိမိ၏အခန်းတွင်းသို့ ပြန်ရောက်လာသည့်တိုင်အောင် ရင်ဝယ် မွန်းကြပ်နေသော ခံစားမှုတို့က မပျောက်ပြယ်နိုင်သေး။

ဇလပ်ကိုကို့ကို မြင်လေတိုင်း မြဲနေသောအနာဟောင်း အဆွခံလိုက်ရသည့်နှယ် ခံစားလိုက်ရသည်။

တစ်ခါတစ်ရံ တပည့်များနှင့်တန်းတူ သဘောထား ဆက်ဆံပေးရင်း ဝေဒနာဟောင်းကို ကုစားခဲ့သည်။

တစ်ခါတစ်လေတော့ ညီမရင်းလေးသဖွယ် သဘောထားလိုက်သည်။





ဘယ်လိုပဲ သဘောထားထား ဇလပ်ကိုကို၏အပြုံးနှင့် အကြည့်က သူ့ရင်ကို စူးနင့်နာကျင်စေသည်။

အတိတ်ဟောင်း၏ပုံရိပ်က ဇလပ်ကိုကိုအပေါ်၌ ထင်ဟပ်နေသည်။

“ဆရာမကြီး. . . ကားသော့”

“အေးအေး. . . ထားခဲ့”

မောင်ခရာက ကားသော့ကို စားပွဲပေါ် တင်ထားပေးခဲ့ပြီး ထွက်သွားခဲ့လေသည်။

ည၏ပုဇဉ်းရင်ကွဲ ပိုးမွှားများ၏အော်မြည်သံက ည၏တိတ်ဆိတ်မှုကို ဖြိုခွင်းပေးသည်။ သို့သော် သူကလေးတို့၏အော်ဟစ်သံက အသည်းကွဲသူတို့၏ဟစ်ဟောတေးသံသဖွယ် ဖြစ်နေလေသည်။

ဒေါ်ပိတောက်ကိုကို ညစာထမင်းကို မစားချင်ဘဲ စားလိုက်ရသည်။ ခန္ဓာဝန်တစ်ရပ်အနေနှင့် မဖြစ်မနေ ထမ်းဆောင်ရခြင်းဖြစ်သည်။

စားပြီး ပန်းကန်ကို ဆေးကြောပြီး သိမ်းဆည်းလိုက်သည်။

နောက် တယ်လီဗေးရှင်း ဖွင့်လိုက်သည်။ အလုပ်နှင့် မနားတမ်း ဖိနှိပ်ကွပ်ထားသောစိတ်တို့သည် တစ်ခါတစ်ရံ လွတ်ထွက်သွားကာ လွင့်မျောသွားတတ်လေသည်။

လွန်ခဲ့သော နှစ်ပေါင်း(၂၅)နှစ်ကျော်ကာလဆီသို့ မကြာခဏ နောက်ပြန်စီးမျောသွားတတ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြိတ်မြို့သို့ စိုက်ပျိုးရေးဌာန၏အရာရှိတစ်ဦးဖြစ်သော ဖခင်ဦးကိုကို တာဝန်ကျသည်။ ထိုစဉ်က သူသည် ဆယ်တန်းအောင် ပြီးကာစဖြစ်သည်။ မိသားစုအားလုံး ဖခင်တာဝန်ကျရာနောက်သို့ လိုက်ပါလာကြသည်။

"သမီးကြီး စာပေးစာယူပဲ တက်ပြီး ဒီမှာ ဆွဲခန့်ဆရာမ ဝင်လုပ်လိုက်ပါလား။ လုပ်သက်ရတာပေါ့၊ ဒါမှမဟုတ် တက္ကသိုလ် မဖွင့်ခင် လုပ်အားပေးပေါ့"

ဖခင်၏အကြံပေးချက်ကို ပိတောက်ကိုကို မဆိုင်းမတွ လက်ခံခဲ့သည်။

"ဟုတ်ကဲ့ ဖေဖေ"

သို့နှင့် ပိတောက်ကိုကို မူလတန်းပြဆရာမလေး ဖြစ် သည်။ တာဝန်ကျသည်က မြိုင်ချောင်းမြို့နယ်တွင်းရှိ "ပထော်နီ ရွာကြီးသို့ ဖြစ်သည်။ ကျောင်းအုပ်ဆရာကြီးနှင့် လက်ထောက် ဆရာမ နှစ်ယောက်သာ ရှိသည်။ သူနှင့် နော်စေးဖောဖြစ်သည်





နော်စေးဖော ရွာခံဖြစ်သည်။ ဆရာကြီး စောပီးကလည်း ဒေသခံဖြစ်သည်။ သူတစ်ယောက်တည်း မျက်နှာစိမ်းဖြစ်သည်။

"အယ်တော့. . . ဆရာမအသစ်လေးက ချောမှချောပဲ"

"လှလိုက်တာဟယ်"

"နတ်သမီးလေး ကျနေတာပဲ"

နော်စေးဖောအိမ်၌ပင် ပိတောက်ကိုကို နေထိုင်ခွင့် ရခဲ့ သည်။ နော်စေးဖောမှာ မိခင်မုဆိုးမ ဒေါ်နော်ရှီးလာနှင့် နှစ် ယောက်တည်း နေလေသည်။ ဒေါ်နော်ရှီးလာက တောင်ယာလုပ် ကိုင်ဆဲဖြစ်သည်။

နော်စေးဖောတို့အိမ်သို့ ပိတောက်ကိုကို ရောက်လာသည် နှင့် လူကြီး၊ လူငယ်၊ လူလတ်၊ ကလေးမကျန် လာရောက်ချောင်း မြှောင်းကြည့်ကြပြီး သဘောကျနေကြလေသည်။ သူတို့တိုင်းရင်း သား ဘာသာစကားနှင့်လည်း ပြောဆိုကြလေသည်။

နော်စေးဖောနှင့် မိခင်ဒေါ်နော်ရှီးလာတို့မှာ ပြုံးပြုံး‚ပြုံးပြုံး နှင့် သဘောကျကာ သူ့အား ဘာသာပြန်ပေးရလေသည်။

ဆရာမ ပိတောက်ကိုကိုသည် ထိုအချိန်အခါက အစွမ်း ကုန် ပွင့်တော့မည့် ပန်းငုံလေးတစ်ပွင့်နှယ် အချောအလှတို့က ဘယ့်မကုန်နိုင်အောင် လှထွင်ခေါင်လေးသဖွယ် ဖြစ်နေသည်။

ရွာရှိ ကာလသားတို့ သဘောကျကြသည်။

လူကြီးများက ချွေးမတော်ချင်ကြသည်။ ကလေးများက ဆရာမလေးကို အလွန်ချစ်မြတ်နိုးကာ ဆရာမစကားကို မြေဝယ် မကျ နားထောင်တတ်သည်။

ပုဂ္ဂိုလ်ခင်တော့ တရားမင်ကြသည့်သဘောပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်ကိုကိုသည် ပထော်နီရွာကလေး၏မိုးကျနတ်မိမယ်ဖြစ်ခဲ့သည်။

ဘယ်သွားသွား မလွတ်လပ်တော့၊ ကျောင်းပိတ်ရက် မိဘရပ်ထံ ပြန်လျှင်လည်း လိုက်ပို့ပေးမည့်သူတွေက သူ့ထက်ငါ အပြိုင်အဆိုင်ပင်။

ချောင်းရေ မြစ်ရေထဲ ဆင်းမချိုးချင်။ လူမြင်ကွင်း၌ ရှက်သည်ဆိုသဖြင့် နော်စေးဖောတို့အိမ်၌ ဝါးထရံကာ ရေချိုးခန်းလေးဖြစ်သွားပြီး ချိုးရေအတွက်က မိုးလင်းလာသည်နှင့် စဉ့်အိုးကြီးများ၌ အပြည့်ဖြစ်နေတတ်သည်။ ဘယ်သူတွေ လာခပ်ထည့်ပေးသည်ပင် မသိလိုက်ရ။ ဆရာမလေး ပိတောက်ကိုကို၏ဘုန်းကံက. . ထိုမျှ ကြီးမားခဲ့သည်။

တစ်နှစ်တစ်ခါ ရွာ၌ ကျင်းပသော ကရင်နှစ်သစ်ကူးပွဲတော်နေ့သို့ အရောက်တွင်. . .

ပိတောက်ကိုကိုလည်း ကရင်တိုင်းရင်းသူတို့၏ရိုးရာဝတ်စုံကို ဝတ်ဆင်၍ ဆရာမလေး နော်စေးဖော၊ သားဖွားဆရာမလေး နော်ထူးမေတို့နှင့်အတူ ကရင်ဒုံးယိမ်းအကကို ဝင်ရောက်ကပြလေသည်။

မီးပုံပွဲ ပတ်ပတ်လည်၌ ကခုန်ရသည်မှာ တကယ့်အားမာန်အပြည့်နှင့် ပျော်ရွှင်ဖွယ်ရာ အတိဖြစ်ခဲ့လေသည်။

“ဒိုင်း. . . ဒိုင်း. . . ရှိုး. . . ဖြောင်း”

ရုတ်တရက် သေမင်းတမန် သေနတ်သံများနှင့်အတူ K.N.U သောင်းကျန်းသူတို့ ဝင်ရောက်လာသည်။

“ဝပ်. . . ဝပ်. . .”





နော်စေးဖောနှင့် နော်ထူးမေကြား ပိတောက်ကိုကိုလည်း ပြားပြားဝပ်ကာ တဆတ်ဆတ် တုန်ယင်နေသည်။

အတွေ့အကြုံဆန်းက သွေးပျက်ဖွယ်ရာပါတကား။

ကရင်ဘာသာစကားနှင့် ပြောဆိုပြီး သူတို့သုံးဦးကို ဆွဲထူသောအခါ ပိတောက်ကိုကို သွေးပျက်လုမတတ် ကြောက်ရွံ့သွားလေသည်။

ဆံပင်ရှည်ကို နဖူးအပြောင်သိမ်းကာ စည်းနှောင်ထားပြီး မုတ်ဆိတ်မွေး ပါးသိုင်းမွေးများနှင့် သိမ်းငှက်တစ်ကောင်အလား စူးရှနေသော မျက်ဝန်းပြာတစ်စုံက သူ့ထံသို့ ဆိုက်ရောက်လာသည်။

လက်ညှိုးထိုးကာ သူနှင့် နော်ထူးမေကို ဆွဲခေါ်ခြင်း ခံလိုက်ရသည်။

“လွှတ်. . . လွှတ်”

ပိတောက်ကိုကို ဖွတ်ရုန်းကန်သည်။ သို့သော် မရ။ သန်မာသော လက်မောင်းကြီးများ၏ ပွေ့တင်မှုကြောင့် နောက်ဆုံး မြင်းတစ်ကောင်ပေါ် ရောက်ပြီး လူတစ်ယောက်၏ရင်ခွင်တွင်း လိုက်ပါကာ ခေါ်ဆောင်သွားခြင်း ခံလိုက်ရလေသည်။


ဒါ. . . အိပ်မက်ဆိုးလေလား။ ဝိုးတဝါးပုံရိပ်နှင့် ကြောက်ရွံ့ခြင်းနှင့်အတူ ရင်ခုန်လှုပ်ရှားခြင်းတို့က တစ်သက်နှင့်တစ်ကိုယ် ကြုံဖူးသော ဖြစ်ရပ်ဆန်းအဖြစ် သေသည့်တိုင် မေ့ပျောက်နိုင်စွမ်း ရှိမည် မဟုတ်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၆)

"ရှင်တို့က အရမ်းခေါ်လာတာကိုး၊ သူက သူနာပြုဆရာမ မှ မဟုတ်တာ၊ ကျွန်မကို လူနာတစ်ယောက် တိုးအောင် ရှင်တို့ လုပ်တာပဲ"

နော်ထူးမေက နှုတ်သီးကောင်းလျှာပါးနှင့် ရန်တွေ့လိုက် လေသည်။

"စောပြည့်ဝန်း. . . နင် ဘာလို့ သူ့ကို ခေါ်လာတာလဲ"

လူနာများ၏သွေးတို့ကို မြင်တွေ့ပြီး မူးဝေကာ မေ့မျော သွားခဲ့သော ပိတောက်ကိုကို သတိပြန်လည်လာချိန်၌ နော်ထူးမေ နှင့် မိမိအား ပွေ့ချီခေါ်ဆောင်လာသောသူ စကားပြောနေလေ သည်။





"ငါမသိဘူး. . . နင်နဲ့ဆိုတော့ နင့်လိုပဲ နာ့စ်ထင်လို့ပေါ့"

"စေးလာကိုကျတော့ကော"

"စေးလာက ကျောင်းဆရာမမှန်း ငါသိနေတာပဲဟာ"

"အေးပါ. . . ငါမပြောလိုက်ချင်ဘူး၊ ဒါပဲနော်. . . ငါနဲ့ ငါ့သူငယ်ချင်းကို လက်ဖျားနဲ့တောင် မတို့ဖို့ နင်တာဝန်ယူထား၊ ပြီးတော့ နင့်လူနာတွေ စိတ်ချရတာနဲ့ ငါတို့ကို ချက်ချင်းပြန်ပို့ပေး"

"အေးပါ. . . ဒါထက် သူက ဘယ်သူလဲ"

"ပြည်မက ရန်ကုန်သူလေ၊ နင်စိတ်ကူးယဉ်မနေနဲ့၊ နင်နဲ့ ပြဒါးတစ်လမ်း သံတစ်လမ်းပဲ၊ နင် သူ့ကို သဘောကျရင် နင့် ယုံကြည်ချက်ကို နင်စွန့်လွှတ်ရမယ်"

"တိတ်စမ်း. . . ထူးမေ၊ နင်ဟာ ငါ့သူငယ်ချင်းမို့လို့ ဒီ စကားကို ငါ အလျှော့ပေး ခွင့်လွှတ်လိုက်တယ်မှတ်၊ ငါတို့အမျိုးသား လွတ်လပ်ရေးအတွက် ငါတို့လို လူငယ်တွေကမှ တိုက်ပွဲမဝင်ရင် ငါတို့လူမျိုး ဘယ်တော့မှ လွတ်လပ်မှာ မဟုတ်ဘူးမှတ်"

မေးကြောကြီးများ ထောင်ထလာသည်အထိ အံတကြိတ် ကြိတ် ဖြစ်သွားခဲ့သော သောင်းကျန်းသူဗိုလ်ကို ခိုးကြည့်ပြီး ကတုန် ကယင်ကြီး ဖြစ်၍နေပေသည်။ အသက်ပင် ရဲရဲမရှူဝံ့ချေ။

"သူ သတိမေ့နေတုန်းပဲလား"

"ဟုတ်မှာပေါ့"

နော်ထူးမေကတော့ သူပုန်ဗိုလ်ကို ကြောက်လန့်ဟန် မတူ ချေ။ သူငယ်ချင်းတွေဆိုပဲ။

"ငါ လူနာတွေ သွားကြည့်ဦးမယ်၊ ဒဏ်ရာတွေ ပျောက် သွားတာနဲ့ ငါတို့ကို ပြန်ပို့ပေးဖို့ ကတိပေးတယ်မှတ်လား ပြည့်ဝန်း"



www.burmeseclassic.com

www.burmeseclassic.com



"အင်းပါ"

နော်ထူးမေ ထွက်သွားသည်။

ပီတောက်ကိုကို ပို၍တုန်လှုပ်ကြောက်ရွံ့သွားသည်။ မျက်လုံးအိမ်ကို မလှုပ်မိရန် သတိထားလိုက်ရသည်။ အကယ်၍ မျက်လုံးလှုပ်မိပါက မျက်ခွံတံခါးလေး တုန်ခါသွားနိုင်သည်။ ထိုအခါ မိမိမေ့ချင်ဟန်ဆောင်နေခြင်းကို သတိပြုမိသွားနိုင်သည်။

သို့သော် သူစိမ်းယောကျ်ားတစ်ဦး၊ ပြီးတော့ သောင်းကျန်းသူရှေ့၌ လှဲလျောင်းလျက် ရှိနေသော အသိက လူကို ဆတ်ကနဲဖြစ်သွားစေပြီး ငုတ်တုတ်ထထိုင်လိုက်သည်။

"ဟော. . . သတိရပြီလား"

စောပြည့်ဝန်း ဝမ်းသာသွားသည်။ ဘာကြောင့်ရယ်မသိ။ နော်ထူးမေကို ဒဏ်ရာရ လူနာတွေအတွက် သွားဖမ်းအခေါ် တွင် ထူးမေနားမှ ကပ်လျက်ရှိနေသော အလှ၏နတ်မိမယ်လေးက သူ့အာရုံကို ဖမ်းစားလေသည်မို့ သူ့ကိုယ်သူ သတိမပြုလိုက်မိချိန်၌ ထိုနတ်မိမယ်လေး သူ့ရင်ခွင်တွင်း ထားလျက် မြင်းပေါ် ခေါ်တင်လာခဲ့မိလေသည်အထိ သူ အပြုစားခံလိုက်ရသည်။

"ကျွန်. . . ကျွန်မကို ဘာဖြစ်လို့ ခေါ်လာတာလဲ"

ဝိုင်းစက်သော မျက်ဝန်းနက်ကလေးနှင့် ကြည့်ကာ မေးလာသည်။

"အဲဒါ ကျုပ်လည်း မသိဘူး"

"ရှင်. . ."

ပြည့်ဝန်းက အမှန်အတိုင်း ဖြေလိုက်ခြင်းဖြစ်သည်။ လှပလွန်းသော ကြွေရုပ်လေးတစ်ရုပ်လို မြင်တွေ့မိကာ ပိုင်ဆိုင်လိုစိတ်





ရုတ်တရက် နိုးထလာပြီး ကောက်ယူသွားမိသည့် မိမိဖြစ်အင်ကို ရှင်းပြလို့ကော ကြွေရုပ်ကလေးက နားလည်မှာတဲ့လား။

"ရော့. . . ရေသောက်လိုက်ဦး၊ ခင်ဗျားကြည့်ရတာ အရမ်းထိတ်လန့်နေပုံပဲ"

"လန့်တာပေါ့. . . ရှင်တို့က သူပုန်တွေပဲဟာ"

ပီတောက်ကိုကို ရုတ်တရက် စကားလောသွားသည်။

"ဘာ"

စောပြည့်ဝန်း မျက်နှာနီရဲသွားပြီး သန်မာသော လက်နှစ်ဖက်က ပီတောက်ကိုကို၏လက်မောင်းရင်းနှစ်ဖက်ပေါ်သို့ ကျရောက်သွားသည်။ လှုပ်ယမ်းပြီး. . .

"ခင်ဗျား စကားကို ဆင်ခြင်ပြောပါ၊ ကျုပ်တို့က ကရင်အမျိုးသား လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေကြတာ၊ သူပုန်မဟုတ်ဘူး၊ ခင်ဗျားခေါင်းထဲ စွဲစွဲမြဲမြဲ မှတ်ထားပါ၊ ကရင်အမျိုးသား လွတ်မြောက်ရေး ရဲဘော်ရဲဘက်တွေကွ"

စောပြည့်ဝန်း၏လက်တွင်း ဖြူဖျော့ဖျော့ခွေပြီး ကြွေတော့မည့်ပန်းလေးတစ်ပွင့်နှယ် ဖြစ်နေရှာသော ကြွေရုပ်ကလေးကြောင့် စောပြည့်ဝန်း၏ဒေါသသည် ရုတ်ချည်းပင် လွင့်ပြယ်သွားပြီး. . .

"ဆရာမူ. . . (ဆရာမ). . . ဆရာမူ"

"ရှင်. . . ရတယ်"

"ရေသောက်လိုက်ဦးနော်"

စောပြည့်ဝန်း ရေဗူးကို ပေးလိုက်သည်။ နောက် အသာအယာ လွှတ်ပေးလိုက်သည်။

ခက်တော့ နေပြီ။ သံမဏိစိတ်ဓာတ်လို ရိုက်သွင်းခံထားရ



www.burmeseclassic.com

www.burmeseclassic.com



သော စောပြည့်ဝန်း၏သံမဏိနှလုံးသားသည် ဤကြွေရုပ်ကလေးနှင့် ထိတွေ့လိုက်တိုင်း အရည်ပျော်ကျသွားတတ်လေပြီ။

"ကျုပ်နဲ့ပဲ ဒီလိုစကားမျိုး ပြောပါ၊ ခင်ဗျား ဘယ်သူနဲ့မှ စကားမပြောနဲ့၊ အမှားပါသွားရင် မကောင်းဘူး၊ ကဲ. . . နေရဲတယ်မှတ်လား၊ ကျုပ်အပြင်သွားဦးမယ်"

• ပိတောက်ကိုကို မျက်လုံးလေး ဝိုင်းဝိုင်းလည်သွားသည်။ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်သည်လည်း မှီတွယ်အားကိုးရာ ဖြစ်လေသည်မို့. . .

"ဟင်. . . ရှင်က ဘယ်သွားမလို့လဲ၊ ထူးမေကော"

"ထူးမေက ဒဏ်ရာရ လူနာတွေဆီမှာ၊ ခင်ဗျားက သွားမြင်ရင် မူးလဲတတ်တော့ အဲ့ဒီကို ခေါ်သွားလို့မှ မရတာ"

"ဟင်. . . ဒါဆို ရှင်လည်း မသွားပါနဲ့၊ ကျွန်မတစ်ယောက်တည်း မနေရဲဘူး"

"ရော်. . . ခက်နေပါပြီ"

စောပြည့်ဝန်း စိတ်ထဲ ကြိတ်၍ ညည်းတွားလိုက်မိလေသည်။ သမင်ပျို၏ လေးညို့သံကြား၍ ကြောက်လန့်နေသော မျက်ဝန်းကလေးနှင့် သူ့အား အားကိုးအားထား ကြည့်လာသူကို သူကြည့်ပြီး အလိုအလျောက် သူ့ရှေ့ ဝပ်စင်းခယချင်လာသည်။ သို့သော် တာဝန်က ရှိသေးသည်မို့. . .

"ဘာမှမဖြစ်စေရပါဘူး ဆရာမူ၊ ကျုပ်အပြင်က သော့ခတ်ခဲ့မယ်၊ မင်းလည်း အခန်းကို ဂျက်ချထားပါ၊ ကျုပ်ကလွဲပြီး ဒီအခန်းသော့ ဘယ်သူကိုမှ မပေးဘူး၊ ခဏပါ. . . ကျုပ် အစည်းအဝေးပြီးတာနဲ့ ပြန်လာခဲ့မယ်"





"ထူးမေကော ခေါ်ပေးလို့ မရဘူးလား"

"ထူးမေ လူနာတွေကို မြန်မြန်ပျောက်အောင် ကုပေးမှ ခင်ဗျားတို့ကို ပြန်ပို့မှာလေ"

"ဒါဖြင့် ရှင်မြန်မြန်ပြန်လာနော်"

"အေး. . ."

စောပြည့်ဝန်းသည် သူ့အား အားကိုးတကြီး ကြည့်နေသော မျက်ဝန်းများကို ဥပေက္ခာပြုလိုက်ပြီး အခန်းထဲမှ ခြေလှမ်းကျဲကြီးနှင့် ထွက်ခွာခဲ့ပြီး တံခါးကို သော့ခတ်လိုက်လေသည်။

သို့သော် သူ့စိတ်အစဉ်ကတော့ ထိုအခန်းထဲက ကြွေရုပ်ကလေးထံတွင်သာ ကျန်ရစ်ခဲ့လေတော့သည်။


သူ့ရင်အစုံသည်လည်း ဖုတ်လိုက်ဖုတ်လိုက်နှင့် လှိုက်ဖိုလျက်. . .။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၇)

ပိတောက်ကိုကို အားငယ်ကြောက်ရွံ့စိတ်တို့က မှောင်ရီပျိုးလာသည်နှင့်အမျှ သိပ်သည်းဆ ပိုမိုများပြားလာသည်။

မိန်းမသားငယ်တို့၏လက်နက်က မျက်ရည်တို့သာ ဖြစ်သည့်အားလျော်စွာ မျက်ရည်များကို သွန်ချရင်း အဖော်ပြုနေလိုက်သည်။

"ဂျလောက်"

သော့ခလောက် ဖွင့်သံကြောင့် ချောင်ကပ်ထိုင်နေသော ပိတောက်ကိုကို ခေါင်းထောင်လိုက်သည်။

မိမိအား ခေါ်ဆောင်ခဲ့သူကို တွေ့လိုက်ရသဖြင့် ပင့်သက်





ချလိုက်မိသည်။ သို့သော် သူသည် မိမိ၏အားကိုးရာ မဟုတ်သေး။ အားကိုးမိသူအား အမောတကော မေးလိုက်သည်။

"ထူးမေကော. . ."

"အိပ်ချိန်တော့ ရောက်လာပါလိမ့်မယ်၊ ထမင်းစားရအောင်၊ အပေါ့အပါးသွား ရေမိုးချိုးလိုက်ရအောင် ရဲမေနဲ့ လိုက်သွား"

လူဆိုးဗိုလ်၏နောက်မှ ပါလာသော မိန်းကလေးကို ယခုမှ မြင်မိသည်။ မိမိထက်ပင် ငယ်ရွယ်မည် ထင်သည်။ နုနုနယ်နယ် ချောချောလေးဖြစ်သည်။

"အယ်စတာ. . ."

"ဟုတ်"

"သူ့ကို မှဲ့တစ်ပေါက် မစွန်းအောင် စောင့်ရှောက်ပေး၊ ဒါ နင့်ရဲ့တာဝန်ပဲ"

"ဟုတ်"

"ခင်ဗျား သူနဲ့ လိုက်သွား"

"ဟုတ်ကဲ့ရှင့်"

ပိတောက်ကိုကို မိန်းမသားအချင်းချင်းဆိုတော့ အားကိုးမိသည်။ သို့သော် မိန်းမချောလေးက မှုန်တေတေနှင့် စကားတစ်ခွန်းမှ မပြော။ ပြောက်ကြားဝတ်စုံကို ယောကျ်ားလေးတစ်ယောက်လို ဝတ်ထားသည်။ ဘာမှ အခြယ်အသ မရှိ။

အိမ်သာသို့ လက်ညှိုးထိုးပြသည်။

ဝက်ဖြစ်မှတော့ မစင်ကြောက်နေ၍မရတော့၊ ပိတောက်ကိုကို ဝမ်းထဲမှာ လွယ်ထားသော အန္တရာယ်တို့ကို အကုန်ရှင်းထုတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ နောက် သဘာဝ စမ်းချောင်းလေးမှာ ရေချိုးရသည်။ ကောင်မလေး ပေးသော ကရင်သင်တိုင်းလေးကို ဝတ်ဆင်ပြီး မိမိ အဝတ်အစားများကို လျှော်ဖွတ်ယူခဲ့လိုက်သည်။

မိမိပျောက်ဆုံးကြောင်း သိလျှင် ရပ်ရွာကလည်း ဤကဲ့သို့ နေမည်မထင်၊ မိဘများ ကြားသိပါက အဘယ်မျှ သောကရောက် ရှာလိမ့်မည်နည်း။

"ညီမလေး"

ရဲမေမလေးကို စည်းရုံးရေး ဆင်းရန် တာစူလိုက်သည်။ ကောင်မလေးက မျက်မှောင်ကြုတ်ကာ ကြည့်သည်။ သူက ပြုံးပြသည်ကို တုန့်ပြန်မပြုံးဘဲ. . .

"ဘာလိုချင်လို့လဲ"

"ညီမလေးတို့ ဒီမှာ ဘာလာလုပ်တာလဲ"

"အပိုတွေ မေးမနေနဲ့၊ ကျုပ်တာဝန်က ခင်ဗျားနဲ့ စကားပြောဖို့ မပါဘူး၊ လာ. . . မြန်မြန်လျှောက်၊ သိပ်ကြာတာပဲ"

ဘုဆတ်ဆတ်နှင့် ပြောလိုက်သော မိန်းကလေးကို ပိတောက်ကိုကို စိတ်မသက်သာစွာ ကြည့်ပြီး ဘာမှ ထပ်မမေးရဲတော့ချေ။

"အား"

လောလော,လောလောနှင့် အလျှောက်တွင် ခလုတ်တိုက်ပြီးအလဲတွင် ခြေမကွဲသွားသည်။ ဒူးပြဲသွားသည်။ ပိတောက်ကိုကို ငိုမဲ့မဲ့နှင့်. . .

"ဟင်. . . သွေးတွေ"

"ခင်ဗျားကတော့ မြွေဖမ်းပြီဗျာ၊ ကျုပ်ကို ဗိုလ်ကြီး ဆူတော့မှာပဲ"

ကောင်မလေးက ညည်းညူလိုက်ပြီး သူ့ဘောင်းဘီအိတ်ထဲမှ လက်ကိုင်ပဝါတစ်ထည်ကို စုတ်ထုတ်လိုက်ပြီး ဒူးခေါင်းနှင့် ခြေမကို စည်းပေးလိုက်သည်။

"ဖုန်တွေနဲ့. . . ရေဆေးပြီးမှ. . . ပိုးမွှား. . ."

"တောထဲမှာ ရုပ်ရှင်လာရိုက်နေတာ မဟုတ်ဘူး၊ ခင်ဗျားလို နုနေရင် အသက်ရှည်ဖို့ လမ်းမမြင်ဘူး"

ပိတောက်ကိုကို ငြိမ်နေလိုက်သည်။ ကောင်မလေး ပြောတာလည်း မှန်နေတာပဲ။

"ခင်ဗျားတော်တော်ဒုက္ခပေးတာပဲ၊ ကျုပ်ကိုတွဲ. . ."

မျက်နှာလေးကသာ နုသည်။ လူကောင်ကတော့ ထွားကြိုင်းသဖြင့် သူ့ကို တွဲခေါ်သည်။

"အား. . . နာတယ် ညီမလေးရဲ့၊ ဖြည်းဖြည်း"

"ကျွတ်. . . သေတော့မှာပဲ"

ထိုစဉ် သူတို့အား စိတ်မချသဖြင့် ထွက်မျှော်ကြည့်နေသော စောပြည့်ဝန်း ရုတ်တရက် ရောက်လာပြီး. . .

"ရဲမေ. . . နင် တာဝန်တယ်ပေ့ါပါလား"

ကောင်မလေး အဆူခံလိုက်ရတော့ ပိတောက်ကိုကို စိတ်မကောင်း။ ပျာပျာသလဲနှင့်. . .

"သူ့ကြောင့် မဟုတ်ပါဘူး၊ ကျွန်မက နမော်နမဲ့နိုင်လို့ပါ၊ သူ့ကို အပြစ်မတင်ပါနဲ့"

စောပြည့်ဝန်းက ကောင်မလေးကိုသာ. . .

"နင် သွားတော့"







www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေး ပိတောက်ကိုကို့ကို တစ်ချက်စွေကြည့်ပြီး ဘာမှမပြောဘဲ ဘောက်ဆတ်ဘောက်ဆတ်နှင့် ထွက်သွားလေတော့သည်။

"ခင်ဗျားကြောင့် သိပ်ခက်တယ်"

ပြောပြောဆိုဆို စွေ့ကနဲ ပွေ့ချီမှုဝယ် ပိတောက်ကိုကို ရုန်းထွက်ရန်လည်း သတိမရ၊ အသက်ရှူရန်လည်း မေ့လျော့လျက်၊ ရေစိုအဝတ်ကို ရင်မှာ ပိုက်လျက် လိုက်ပါလာခဲ့သည်။

စောပြည့်ဝန်း၏ခြေတစ်ချက် လှမ်းတိုင်းလှမ်းတိုင်း ရင်ထဲ အသံလှိုင်းကလည်း "ဒုတ်ကနဲ့. . . ဒုတ်ကနဲ" မြည်ဟီးလေတော့သည်။

ကျောက်ဂူတစ်ခုထဲ ဖောက်ကာ ဆောက်လုပ်ထားသော စခန်းတစ်ခုသို့ ခေါ်ဆောင်လာသည်။

ကျောက်ဖျာသဖွယ်ဖြစ်နေသော ကုတင်ပေါ်၌ သူ့ကို ချပေးလိုက်သည်။

"ဒါ. . . ဒါ. . . ဘယ်ကိုခေါ်လာတာလဲ၊ ရှင်. . . ရှင်"

"ဒါ ကျုပ်စခန်းလေ၊ ပြစမ်း. . . ခင်ဗျားခြေထောက်"

ပိတောက်ကိုကို ရှက်ရွံ့ကြောက်လန့်စိတ်တို့ဖြင့် တုန်ယင်နေသည်။

"ထူးမေ"

"ထူးမေ ဒီအချိန်မှာ မအားဘူး၊ ကျုပ် ဒီလောက်တော့ လုပ်တတ်ပါတယ်၊ ပေးစမ်း. . . ဒီရေစိုဝတ်တွေကလည်း"

ပြောပြောဆိုဆို သူ့ရင်ခွင်ထဲမှ ထမီနှင့်အင်္ကျီများကို ဆွဲယူသဖြင့် ပိတောက်ကိုကို မလွှတ်ပေးဘဲ. . .





"အို. . . ငရဲကြီးကုန်တော့မှာပဲ"

"ကြီးကြီးဗျာ. . . ကျုပ်တို့လိုလူမျိုးမှာ ငရဲဆိုတာ ရှိဦးမလား"

ပြောပြောဆိုဆို ဆွဲယူသွားပြီး မီးပုံဘေးက ကျောက်စွန်းများပေါ်တွင် သွားတင်ပေးလိုက်သည်။

ပိတောက်ကိုကို ရှက်လွန်း အားနာလွန်းသဖြင့် မျက်ရည်များပင် ရစ်ဝဲလာသည်။ ကြောက်စိတ်တွေပင် မှေးမှိန်သွားရသည်။

အပြင်ပုံပန်းက လူကြမ်း စိတ်ကြမ်းပေမယ့် ရင်တွင်း အဇ္ဈတ္တက ထင်သလောက် မခက်ထန်ပါချေ။

"မှန်းစမ်း"

ခြေမက လက်ကိုင်ပုဝါစကို ဖြည်လိုက်သည်။ ခြေသည်းလန်ကာ ခြေမထိပ် ကွဲသွားသည်မို့ အသည်းခိုက်အောင် နာကျင်လှလေသည်။

ကြက်ခြေနီတံဆိပ် အမှတ်အသားပါ ဆေးသေတ္တာကို ယူဆောင်ပြီး အရက်ပြန်နှင့် ဒဏ်ရာကို ဆေးကြောသောအခါ. . .

"အား. . ."

ပိတောက်ကိုကို လူဆိုး၏ပခုံးကို ကိုင်မိလျက်သားဖြစ်သွားသည်။

"ခဏလေး. . . ခဏလေး"

နောက်. . . အေးသွားစေသော ဆေးရည်တစ်မျိုး ထည့်ဆေးပြီး ပတ်တီးနှင့် စည်းနှောင်ပေးလိုက်သည်။

"ဒူးကော. . ."

"အို. . . ရပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပိတောက်ကိုကို ဒဏ်ရာရထားသော ဒူးကို လက်နှင့် အုပ်ထားလိုက်သည်။

"ဖယ်စမ်းဗျာ"

လူကြမ်းကြီး၏လက်အင်အားကို ပိတောက်ကိုကို၏ ဖော့ဖယောင်းလက်ကလေးက တွန်းလှန်နိုင်ပါ့မလား၊ လက်လျှော့လိုက်ရသည်။

မျက်နှာတစ်ပြင်လုံး အနီရောင် ပြေးသွားသော မိန်းမချောလေးကို စောပြည့်ဝန်း ရင်ခုန်လွန်းသဖြင့် တဒင်္ဂသာ ကြည့်ပြီး မျက်နှာလွှဲလိုက်သည်။

ဒူးခေါင်းကို အသာလှပ်တော့ ခြေသလုံးများက နို့နှစ်ရောင်ပင် ပြေးကာ အကြောစိမ်းလေးများပင် ယှက်သန်းနေသည်။

စောပြည့်ဝန်း သက်ပြင်းမောကြီးကို ချလိုက်ပြီး ဒူးခေါင်းဒဏ်ရာကိုသာ ခြေမနည်းတူ လုပ်ပေးလိုက်သည်။

ပိတောက်ကိုကို ဆံပင်ကို သုတ်ရန် မျက်နှာသုတ်ပုဝါတစ်ထည်ကို ပေးလိုက်သည်။

"ဆံပင်တွေ သုတ်လိုက်ဦး"

ထို့နောက် မီးဖိုထဲမှ မီးသွေးဖြစ်နေသော မီးခဲများကို သံမီးဖိုလေးနှင့် ထည့်ပြီး ပိတောက်ကိုကို ကျောက်ကုတင်ဘေး၌ လာချပေးလိုက်သည်။

ပိတောက်ကိုကို ကျစ်ဆံမြီး ကျစ်ထားသော ဆံပင်ရှည်ကြီးကို ဖြည်ချပြီး မျက်နှာသုတ်ပုဝါနှင့် ပွတ်သပ်ကာ သုတ်လိုက်သည်။

စောပြည့်ဝန်း ပိတောက်ကိုကိုထံသို့ ရောက်ရှိနေသော အကြည့်များကို ရှောင်တိမ်းလိုက်ပြီး. . .





ထမင်းချိုင့်နှင့် ဟင်းချိုကို နွှေးလိုက်သည်။

နတ်မိမယ်လေးတမျှ လှပနေသော မိန်းမချောလေးအတွက် သူ မလုပ်စဖူး အပိုအလုပ်တွေ ရှုပ်နေသည်။

ဘယ်ချောင်၌ ထားမိမှန်း မသိသော ထမင်းပန်းကန်၊ ဟင်းပန်းကန်၊ ဇွန်းတို့ကို ရှာဖွေပြီး ကျောက်စက်ရေနှင့် ဆေးကြောကာ ကျောက်စားပွဲပေါ် တင်ပြီး ဟင်းကော ချိုင့်ထဲမှ ထမင်းနှင့် ဟင်းကို ခူးထည့်ကာ ဇွန်းတပ်ပေးလိုက်သည်။

"လာ. . . ဆရာမူ ထမင်းလာစား"

"မစားချင်ဘူး. . . ကျွန်မကို ပြန်လွှတ်ပေးပါလား"

"လွှတ်ပေးမှာပါ. . . ထူးမေ ကိစ္စပြတ်သွားတာနဲ့ နှစ်ယောက်စလုံး ပြန်ပို့ပေးမှာ၊ ဒီတော့ အားမွေးထား၊ တောလမ်းခရီးက ကြမ်းတယ်၊ အစာအဟာရ မရှိရင် မလှမ်းနိုင်ဘူး"

စောပြည့်ဝန်း စိတ်ရှည်လက်ရှည် ရှင်းပြနေမိသည်။

"ရှင် ကတိပေးမှာလား"

"ကျုပ် စကားကို နှစ်ခွန်းမပြောတတ်ဘူး၊ လာစားလှည့်"

ပြောပြောဆိုဆို သူကိုယ်တိုင်လည်း ချိုင့်ထဲရှိ ကျန်ထမင်းဟင်းများကို ရောစပ်ကာ ပလုပ်ပလောင်း စားလေတော့သည်။

ပိတောက်ကိုကို ဗိုက်ထဲရှိ ပိုးမျိုး(၈၀)ကလည်း ဆန္ဒပြလေသည်မို့ မှုမနေနိုင်တော့ဘဲ လူဆိုးဗိုလ် တည်ခင်းပေးထားသော ပွဲတော်ကို ငုံ့ကာလွေးသည်။ တောဝက်နှင့် ကျောက်ဖရုံသီးဟင်းကအကယ်ကို ချိုမြိန်ကာ အိစိမ့်သွားလေတော့သည်။

စောပြည့်ဝန်း မိန်းမချောလေးကို ခိုးကြည့်ရင်း ကျေနပ်သွားသည်။ အစကနဦးကတော့ မြင်မြင်ချင်း သဘောကျကာ သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပိုက်လိုစိတ်ဖြင့် မြင်းပေါ်သို့ ခေါ်တင်ခဲ့မိသည်။

နောက်တော့ နုနယ်လွန်းသော မိန်းမချောလေးကို မြတ်နိုး လွန်းကာ သူ့ဘဝ ခရီးကြမ်းထဲသို့ ဆွဲမခေါ်ရက်တော့။

သူတို့၏လွတ်လပ်ရေးဟူသော ရည်မှန်းချက်ပန်းတိုင်က ဘယ်တော့မှ ရမည်ကို မခန့်မှန်းနိုင်။

ချစ်မြတ်နိုးလာသည်နှင့် တပြိုင်နက်ဆိုသလိုပင် ပေးဆပ် လိုမှုတွေက ရင်မှာ ပြည့်နှက်လာခဲ့လေပြီ။

ချစ်လွန်းသောစိတ်က သူ့ရင်ထဲ ဖြုန်းစားကြီး ဝင်ရောက် လာတော့ သူကလေးအပေါ် ယင်ဖိုပင် မသန်းစေချင်သဖြင့် သူ့ ရဲဘော်ရဲဘက်တို့ မစော်ကားရဲစေရန် သူ သိမ်းပိုက်ထားချင်ဟန် ဆောင်လိုက်လေတော့သည်။

ဘာကြောင့်များ သူ့စိတ်အာရုံဟူသမျှတို့သည် ဤမိန်းမ ချောလေးအပေါ်၌ တိမ်းညွှတ်ပြီး အစစအရာရာ ဤမိန်းမချော လေးအတွက်သာ ဦးစားပေး ဆောင်ရွက်ပေးချင်စိတ်တို့က ရှင်သန် လာရသနည်း။

အချစ်ဆိုသောအရာသည် ဆန်းကြယ်လှပါတကား။


သူ၏ရည်မှန်းချက်ပန်းတိုင်နှင့်လည်း မတူ။

အယူဝါဒနှင့်လည်း မတူ။

အချစ်ဟူသည် နှလုံးသား၌ သီးသန့် ဖြစ်တွန်းလာသော အမြုတေတစ်ရပ်သာဖြစ်သည်ဟု စောပြည့်ဝန်း ခံယူလိုက်လေ သည်။







## အခန်း(၈)

နော်ထူးမေနှင့်အတူ သူတို့ဆီမှ သူနာပြုများ အလုပ်ရှုပ် နေသည်။ တိုက်ပွဲဖြစ်ပွားပြီး ဒဏ်ရာရ လူနာများနှင့် မိုးမိပြီး ဖျားနာ လူနာများ၊ ငှက်ဖျားလူနာများနှင့် ပြည့်နှက်နေသည်။

စောပြည့်ဝန်း စဉ်းစားမိသည်။ သူတို့ သည်စခန်းသည် လုံခြုံပါ့မလား၊ တစ်ဖက်နိုင်ငံမှာ ခိုလှုံနေသော သူတို့၏ခေါင်း ဆောင်ကတော့ အဝေးက လှမ်းကာ အမိန့်ပေးနေရုံမှအပ လက်တွေ့ဒုက္ခ ခံစားရသည် မဟုတ်။ စစ်ကြောင်းမှူးရာထူး ရထား သော သူ့အနေနှင့် လက်အောက်ငယ်သားတွေ၏ အသက်နှင့်ခန္ဓာ အိုးစားမကွဲရေးကို ဂရုစိုက်နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထူးမေ. . . ဘယ်လိုလဲ"

"ဒီထက် နွေးထွေးနိုင်မယ့်နေရာမျိုး ရရင် ကောင်းမယ်"

နော်ထူးမေက သူနှင့် ငယ်စဉ်က ကျောင်းနေဖက် သူငယ်ချင်းဖြစ်ခဲ့သည်မို့ ရင်းနှီးစွာပင်. . .

"အေး. . . ငါဖန်တီးပေးမယ်"

"ဒါထက် ငါ့ဆရာမှူကို နင်ဘာလုပ်ထားသလဲ"

နော်ထူးမေက မချိုမချဉ်အပြုံးနှင့် မေးလာသည်။ ထိုအခါ စောပြည့်ဝန်း မျက်နှာနီစပ်စပ်မှာ ပိုမိုရဲတွတ်သွားပြီး. . .

"ဘာလုပ်ရမှာလဲ. . . ဒီအတိုင်း ထားတာပေါ့"

"ဟုတ်ရဲ့လား ပြည့်ဝန်းရာ၊ ဘယ်ကျားမှ ဥပုသ်မစောင့်ဘူးနော်၊ အလှကြည့်ရုံသက်သက်တော့ အပင်ပန်းခံပြီး ခေါ်လာမှာမဟုတ်ဘူး"

"ဟာကွာ. . . နင်မယုံချင်လည်းနေ၊ ငါသွားမယ်၊ ငါ့ရဲဘော်တွေကို လူနာဆောင် ပို့ပြီး လုံခြုံနွေးထွေးဖို့ ငါဖန်တီးပေးဦးမယ်"

အပြောနှင့် ညီညွတ်စေရန် စောပြည့်ဝန်း ချက်ချင်းပင် အကောင်အထည်ဖော်ပေးသည်။ သိုလှောင်ထားသော ရွက်ဖျင်တဲများကို ထပ်ထိုးပေးလိုက်သည်။ အမိုးအကာများ မိုးယိုမှု မရှိစေရန်လည်း တာလပတ်များနှင့် မိုးခြင်း၊ ကာရံခြင်းများကို လုပ်စေသည်။

ဤသည်ကို ပိတောက်ကိုကိုသည် ဂူဝရှိ သစ်ပင်ရိပ်အောက်က သစ်မြစ်ပေါ်တွင် ထိုင်ရင်း ငေးကြည့်နေမိသည်။

အရုပ်အမောင်း ကောင်းသလို ကိုယ်ထည်လည်း ကြံ့ခိုင်သော ရုပ်ရည်အားဖြင့်လည်း ယောကျ်ားပီသချောမောသော စော





ပြည့်ဝန်း၏လှုပ်ရှားမှုကို ငေးကြည့်နေမိသည်။ သောင်းကျန်းသူမဟုတ်လျှင် အဘယ်မျှ ကောင်းလိမ့်နည်းနည်း။ တိုင်းပြည်အတွက် အုတ်တစ်ချပ်သဖွယ် ထမ်းဆောင်နိုင်မည့်လူမျိုးဖြစ်သည်။

နှမြောစရာကောင်းလိုက်တာ. . .။

ထိုအချိန်တွင် နော်ထူးမေက သူ့ထံသို့ လျှောက်လာသည်။

"ပိတောက် ပျင်းနေပြီလား"

"ပျင်းဖို့နေနေသာသာ မထူးမေရယ်၊ ရင်တထိတ်ထိတ်နဲ့မို့ နှလုံးရောဂါတောင် ရမှာစိုးရတယ်"

"စိတ်ချပါ. . . ပြည့်ဝန်းက ပိတောက်အတွက်ဆိုရင် အသက်ပါ ပေးဖို့ ဝန်မလေးတဲ့ အနေအထား ရောက်နေပါတယ်၊ အဟင်း. . . အဲဒါကို အခွင့်ကောင်းယူပြီး အလင်းထဲ ရောက်အောင် ဆွဲဆောင်ပေးပါလား ပိတောက်ရယ်"

ပိတောက်ကိုကိုအနီး ကပ်ထိုင်ပြီး နော်ထူးမေက နှစ်ကိုယ်ကြား တီးတိုးပြောလိုက်လေသည်။

ပိတောက်ကိုကို ရှက်သွေးစိုကာ မျက်လွှာချလိုက်ရင်း. .

"မထူးမေကလည်း. . . ကျွန်မမှာ အဲဒီလောက် အရည်အချင်း မရှိပါဘူး"

ကလေးသာသာဘဝမှာ ဆရာမအသွင် ကူးပြောင်းလာခါမှ ပိတောက်ကိုကို၌ ဘာအတွေ့အကြုံ၊ ဘာအယူအဆမှ မရှိ။ နိုင်ငံရေး အတွေးအခေါ် အယူအဆဆို ဝေးလာဝေးသေး။

အလင်းနှင့်အမှောင်၌ အမှောင်သည် မကောင်း။ အမှောင်ထဲက လူသည်လည်း ဘယ်ကောင်းမှာလဲ၊ ဒါဲ သူ



www.burmeseclassic.com

www.burmeseclassic.com



နားလည်သည်။ ထို့ကြောင့် အမှောင်ကို ကြောက်ရွံ့သည်။ အမှောင်ထဲက ဥပဒေသည် သူတို့ပါးစပ်ဖျား၌ ရှိသည်ဟုသာ သိထားသည်။

"ဘာမှ နားမလည်ရင်လည်း အချစ်ဆိုတဲ့ပျားရည်နဲ့ ဝမ်းချလိုက်ပေါ့ ပိတောက်ရယ်"

"ဟာ. . . မထူးမေကလည်း"

ပိတောက်ကိုကို မျက်နှာတစ်ပြင်လုံး မီးဟပ်ခံရသည့်နှယ် ပူလောင်သွားသည်။ ရှက်မျက်နှာရဲကို မထားတတ်တော့။

"ရှက်မနေပါနဲ့ ပိတောက်ရယ်၊ နင်စွန့်စားရဲရင် သူတစ်ယောက်တည်း အမှောင်ထဲက ဆွဲထုတ်ပေးနိုင်ရုံ မကဘူး၊ သူ့လူတော်တော်များများပါ ပါလာနိုင်တယ်"

"တိုးတိုး. . . မထူးမေ၊ နံရံမှာ နားတွေ ရှိတယ်နော်"

"ဒီက လူတော်တော်များများ ဗမာစကား သိပ်မတတ်ကြပါဘူး"

"မထူးမေနဲ့ ကျွန်မကို ပြန်ပို့ပေးမှာကော သေချာရဲ့လား"

"သေချာပါတယ်. . . ပြည့်ဝန်းက ကတိတည်တဲ့ လူတစ်ယောက်ပဲ၊ ကဲ. . . ငါသွားမယ်၊ ငါပြောတာကို မမေ့နဲ့နော်"

"ကျွန်မလိုက်မယ်"

"မလိုက်နဲ့. . . နင်နဲ့ လူနာတွေနဲ့ မဖြစ်ပါဘူး၊ အေးအေးဆေးဆေးသာ ပြည့်ဝန်းနားမှာ နေပေး"

"အစ်မကလည်း. . ."

ပိတောက်ကိုကို သစ်ရိပ်လေး၌ ကျန်ရစ်ခဲ့လေသည်။

စောပြည့်ဝန်း ပိတောက်ကိုကို ရှိရာသို့ လျှောက်လာသည်။ စွပ်ကျယ်လက်ပြတ် ဝတ်ထားသော စောပြည့်ဝန်း တစ်ကိုယ်လုံး





ချွေးများ သီးထနေသည်၊ ကျစ်လစ်ပြီး ဖုထစ်နေသော လက်မောင်းဝင်းဝင်းများ၊ ချွေးများနှင့် လင်းလက်တောက်ပြောင်နေသည်ကို ပိတောက်ကိုကို မဝံ့မရဲ ကြည့်ပြီး မျက်လွှာချလိုက်သည်။

"ကျုပ် ရေသွားချိုးမယ်၊ ဆရာမူကော လိုက်မလား"

"လိုက်မယ်"

စောပြည့်ဝန်း ကွယ်လျှင်ကွယ်သလို သူ့ငယ်သားများ၏ ခိုးကြည့်သောမျက်လုံးများကို ပိတောက်ကိုကို ဒီလောက်တော့ အကင်းပါးစွာ ရိပ်မိနေသဖြင့် စောပြည့်ဝန်းနား တောက်တဲ့လို တပ်နေလိုက်သည်။

စမ်းချောင်းလေးက သာယာလှသည်။ စိမ့်စမ်းရေ ဖြစ်သဖြင့် အေးမြလှသည်။ တောပန်းလေးများက ပွင့်လန်းပြီး ရနံ့သင်းသင်းလေး သင်းပျံ့နေသည်။

သဘာဝ၏အလှတရားကို အယူဝါဒ လွဲမှားမှုတို့က အရောင်ဆိုးထားသဖြင့် အနက်ရောင်နယ်မြေအဖြစ် လွှမ်းမိုးနေပြီး သဘာဝအလှတရားတို့ပင် ကွယ်ပျောက်နေသည်။

ပိတောက်ကိုကို စိုးထိတ်မှုဖြင့် ရေစပ်နားက ကျောက်တုံးပေါ်တွင် ထိုင်ရင်း ရေထဲရှိ ငါးကောင်ငယ်လေးများကို ကြည့်နေမိသည်။

"ဆရာမူကော မချိုးဘူးလား"

"ဟင့်အင်း"

ရေထဲမှ သန်မာထွားကျိုင်းသော ရင်အုပ်ကားကားနှင့် စောပြည့်ဝန်းကို မဝံ့မရဲ လှမ်းကြည့်ပြီး ခေါင်းခါပြလိုက်သည်။

"ရေချိုးရင် လန်းဆန်းသွားမှာ၊ ဒီအတိုင်း လာချိုးပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူရောက်မှ အဝတ်လဲပေါ့”

မနေ့ကထက်စာလျှင် ဒီနေ့တွင် ရင်းနှီးမှု ပိုလာသည်မို့ စောပြည့်ဝန်းက ရင်းနှီးစွာပင် ပြောလိုက်သည်။

ပိတောက်ကိုကို ရေမချိုးရဲချေ။ တောတွင်း ငြိမ်သက်စွာ နေနေရသူ သူ့အတွက်လည်း စိမ့်တိမ့်တိမ့်ဖြစ်နေသည်မို့. . .


“ချမ်းတယ်. . . မချိုးရဲဘူး” ဟု ပခုံးလေး တွန့်ကာ ဖြေလိုက်မိသည်။

စောပြည့်ဝန်း ထိုအမူအယာလေးကို တဒင်္ဂ စွဲမက်စွာ ငေးကြည့်ပြီးနောက် ရေထဲသို့ ငုတ်လျှိုးလိုက်လေသည်။ သူ၏ရင်ခုန်သံရိုင်းကို ရေထဲ နစ်မြှုပ်ပစ်လိုက်လေသည်။

ကြမ်းတမ်းသော သူ့ဘဝထဲသို့ အနူးညံ့ဆုံးသော မေတ္တာပန်းကို ထွေးပိုက်ယူ၍ မရနိုင်မှန်း သိလျက် ငံ့လင့်နေမိသည့် သူ့စိတ်ရိုင်းကို ချိုးနှိမ်ပစ်လိုက်သည်။







အခန်း(၉)

တရွေ့ရွေ့ တက်လာသော မိုးသားတိမ်ညိုတို့၏အုံ့မှိုင်းဖွဲ့မှုကို ကြည့်ပြီး စောပြည့်ဝန်း စိတ်မသက်မသာ ခံစားလိုက်ရသည်။

တစ်ဖက်နိုင်ငံမှာ ခိုလှုံနေသော သူတို့၏ခေါင်းဆောင်ကြီးတွေက အငြိမ့်သား အမိန့်ပေးနေပြီး အစည်းအဝေး ခေါ်ပြန်သည်။ ဒီဘက် တိုက်ပွဲဝင်နေရသော ရဲဘော်ရဲဘက်တွေ၏စားဝတ်နေရေး သရေးရှင်ရေးတို့ကို မသိ။ ခုလည်း တလောက ဖြစ်ခဲ့သော တိုက်ပွဲအတွက် ဘာတွေ ဆူပူဦးမည်မသိ။

ခက်နေသည်က နော်ထူးမေတို့ကို ပြန်လွှတ်၍မဖြစ်သေး။ သူ မရှိလျှင် သူ့လက်အောက်ငယ်သားတွေက ထူးမေကို တော့



www.burmeseclassic.com

www.burmeseclassic.com



သားချင်းတွေ ရှိ၍ လက်ဖျားနှင့်တောင် မတို့ရဲကြ။ ဆရာမူ (ဆရာမ)လေးအတွက် ခက်နေပြီ။

သူတောင် နှလုံးသားက အလှတရားကို ဦးညွှတ်ကိုးကွယ် တတ်၍ တွေ့တွေ့ချင်း စဉ်းစားခြင်း ကင်းကာ မြင်းပေါ် ဆွဲတင် ခေါ်ခဲ့မိသည်အထိ ဖြစ်သွားသည်။ သူနာပြုဆရာမပဲ မှတ်ခဲ့သည်။ နောက်မှ ကျောင်းဆရာမလေး၊ ဗမာပြည်သူလေး ဖြစ်ရုံမက သွေး မြင်တာနဲ့ မူးဝေတတ်သူ အသည်းနုနုငယ်ငယ် ဆရာမူလေးအတွက် သူ့မှာ ထားစရာနေရာ မရှိအောင် ပူပန်မိသည်။

ခြေမကိုင်မိ လက်မကိုင်မိနှင့် အလှပန်းလေး ညှိုးနွမ်းမှာ စိုးကြောက်သလို တယုတယဖြစ်နေသည်။ စောင့်ရှောက်မှုတွေ ပေး နေမိပြန်သည်။

မည်သို့ဆိုစေကာမူ. . .

သူ့ဘဝခရီးကြမ်းနှင့် မထိုက်တန်သော ဆရာမူလေးကို သူ ဒီည ပြန်ပို့ပေးမည်။ သူ့မျက်ကွယ် သူ့နယ်မြေမှာ သူ ဘယ်လို နည်းနဲ့မှ မထားရက်နိုင်။

ထို့ကြောင့် လမိုက်ည ဖြစ်ရသည့်အထဲ တိမ်ညိုတိမ်တိုက် တို့၏မှိုင်းဖွဲ့မှုကြောင့် သူ စိတ်မသက်မသာ ခံစားနေရသည်။

"ဆရာမူ"

"ရှင်. . ."

"ထ. . . ထ"

"ဘာ. . . ဘာဖြစ်လို့လဲ"

သူ့ကို ယုံကြည်စိတ်ချစွာဖြင့် အိပ်မောကျနေသော ဆရာမူကို သူ မနှိုးရက်နှိုးရက် နှိုးလိုက်ရသည်။





"ခင်ဗျားကို ပြန်ပို့ပေးမလို့"

"ဟင်"

ထိုအချိန် သူ့ကိုယ်ရံတော် သက်တော်စောင့်ကလည်း အချက်ပေးသည်မို့ သူ ဆရာမူလက်ကို ဆွဲကာ သူ့ဂူစခန်းမှ ထွက်ခဲ့ပြီး လျှို့ဝှက်လိုဏ်ခေါင်းတစ်ခုထဲသို့ ဝင်ခဲ့သည်။

"ဖလပ်. . . ဖလပ်. . . ဖလပ်"

လင်းနို့ချေးနံ့များ ဟောင်ကနဲမို့ ဆရာမူမလေး ပျို့အန် လေပြီ။ ဖြစ်ရမယ်။

သူ မီးတုတ်ကို မြှောက်ကိုင်ပြီး လင်းနို့များ မျက်နှာသို့ တိုးမိရန် ယမ်းရင်း ပြေးထွက်ခဲ့သည်။

လိုဏ်ခေါင်းအထွက်တွင် ချုံများ ဖယ်ရှားပြီး အသင့် စောင့်နေသော မြင်းနှင့် သူ့ကိုယ်ရံတော်တစ်ဦးက ရှိနေသည်။

"စိတ်ချမယ်နော်"

"စိတ်ချပါ ဗိုလ်ကြီး"

သို့နှင့် ဆရာမူလေးကို မြင်းပေါ်တင် ရင်ခွင်တွင်း ပိုက် လျက် စခန်းပြင်ပမှ ထွက်ခွာခဲ့လေသည်။

သူ စိုးရိမ်ပူပန်နေသော မိုးတို့က သည်းထန်စွာ ရွာသွန်း လာသဖြင့် ခရီးမတွင်ကျယ် မိုးကာဝတ်ထားပေမယ့် သည်းထန် သော မိုးစက်တို့ကို အံတု၍မရ။ သူ့ရင်ထဲ ဝပ်စင်းနေသော ဆရာမူ လေး ခိုက်ခိုက်တုန်လာသည်။ သူ့မြင်းထီးနတ်ကြောလည်း တောင် တက်တောင်ဆင်း မနည်းထိန်းနေရသည်။

"ဒလိန်း. . . ဂျိမ်း"

လျှပ်ရောင် ဝင်းဝင်းနောက်ဆက်တွဲ မိုးထစ်ချုန်းသံတို့ကို



www.burmeseclassic.com

www.burmeseclassic.com



သူက မမူပေမယ့် သူရင်ထဲ မရွှေနုကလေးမှာ ဆတ်ကနဲ ဆတ်ကနဲ တုန်ခါပြီး သူ့ရင်ထဲ တိုး၍တိုး၍ နစ်ဝင်လာလေလေ၊ သူ့ရင်ရှိ နှလုံးသားကလည်း "ဒလိန်း . . . ဂျိမ်း" နှင့် ထစ်ချုန်းသံ ပေးလေသည်။

နောက်ဆုံး နက်ကြော ကျောက်ဂူတစ်ခုရှေ့ ရပ်ကာ ဟီလေတော့သည်။ မိုးခိုချင်ပြီ ထင်ပါ့။

မတတ်သာတော့ . . .။

စီးတော်ယာဉ်က အင်ဂျင်ဒေါင်းပြီဆိုတော့ သူတို့လည်း ရှေ့တိုး၍မရ။

ဆရာမလေးကို မြင်းပေါ်မှ ပွေ့ချလိုက်ရသည်။

"ရောက်ခါနီးပြီလား"

"မှန်းရတာ လမ်းပျောက်နေသလိုပဲ"

"ရှင်"

အသံသာ ကြားနေရသည်။ ဒါကလည်း ဟစ်အော်ပြောဆိုနေမှ ကြားရခြင်းဖြစ်သည်။ မိုးသည်းည၏မှောင်မိုက်မှုကို လျှပ်နွယ် လျှပ်ပန်းတို့၏လင်းလက်သည့်အခါမှ တစ်ဦးကိုတစ်ဦး မြင်တွေ့ခွင့်ရသည်။ မိုးကာအောက် အတွင်းအင်္ကျီအိတ်ကပ်ထဲမှ မီးခြစ်နှင့် ဓာတ်မီးကို ထုတ်ယူလိုက်သည်။

ကိုယ့်ထက် ဦးနေသူတို့ ရှိလေပြီ။ မြွေကြီးတစ်ကောင် သူ့လက်က လျင်သည်၊ ဖြောင့်သည်။ ခေါင်းမြှောင်က ပိုးကနဲ အမြီး အလွှားပင် မြွေကြီး၏လည်မြို၌ စိုက်ဝင်သွားသည်။

"အား"

သူ့ရင်ခွင်ထဲ ပြုံဆင်းကာ တင်းကျပ်စွာ ဖက်ထားပြီး





တဆတ်ဆတ် တုန်နေသော ပန်းပွင့်လေးကို သူ တုန့်ပြန်ဖက်ကာ အားပေးလိုက်သည်။

စက္ကန့်ပေါင်းများစွာမှ . . .

မိနစ်အနည်းငယ်ကြာမှ တဆတ်ဆတ် တုန်ယင်နေသော ခန္ဓာကိုယ်လေး ငြိမ်သက်သွားသည်။

"တောထဲမှာ ကိုယ့်အသက်အတွက် သူများအသက်ကို ငဲ့နေလို့ မရဘူး၊ ဆရာမ ခဏနော်. . . မျက်စိမဖွင့်နဲ့၊ ဒီကောင်ကို အဝေးပစ်လိုက်ဦးမယ်"

မြွေကို အဝေးသို့ လွှင့်ပစ်လိုက်ပြီးနောက် ဂူထဲရှိ သစ်ကိုင်းခြောက်များနှင့် မီးဖိုကာ အလင်းရောင် ယူလိုက်ရသည်။

မြင်း၊ ဆရာမနှင့် သူ မီးပုံ၌ ခိုလှုံရင်း မိုးတိတ်မှုကို စောင့်နေသည်။

မိုးကလည်း ဇွဲကောင်းသည်။

အမှောင်ထုကလည်း ကြီးစိုးသည်။

မိုးချုန်းသံ၊ မိုးကြိုးပစ်သံ၊ သစ်ပင်သစ်ကိုင်းတို့ လဲပြိုသံကလည်း ညံစီနေသည်။

လျှပ်ရောင်လက်လိုက်လေတိုင်း သူ့အနားသို့ တိုးကပ်တတ်သော ဆရာမလေး မိုးကြိုးပစ်သံကြောင့် သူ့ရင်ခွင်ထဲက မထွက်တော့။ သူသည် ဘာသားနှင့် ထုထားသောလူလဲ၊ စက်ရုပ်မဟုတ်၊ ကျောက်ဆစ်ရုပ် မဟုတ်၊ သွေးနဲ့ကိုယ် သားနဲ့ကိုယ်၊ သာမန်လူသားသာ ဖြစ်သည်မို့ ဆရာမကို တင်းကျပ်စွာ ပွေ့ပိုက် အားပေးနှစ်သိမ့်ရင်းမှ . . .

ဂူထဲ ထင်းခြောက်က မရှိတော့။ တစ်စတစ်စ မီးကငြိမ်း



www.burmeseclassic.com

www.burmeseclassic.com




သွားရာမှ ပျောက်ကွယ်သွားလေတော့သည်။

အမှောင်တကာ့အမှောင်ထဲသို့ ကျရောက်သွားလေတော့သည်။









## အခန်း(၁၀)

ပိတောက်ကိုကို အိပ်မက်ရှည်ကြီးတစ်ခု မက်နေရာမှ ရုတ်တရက် နိုးထလာခဲ့သည်။ နေပြောက်ကလေးများက စိမ်းလန်းစိုပြေနေသော သစ်ပင်၊ ချုံနွယ်ပိတ်ပေါင်းတို့ကို ထိုးဖောက်ကာ ပြောက်ကျားပြောက်ကျားနှင့် လင်းလက်လာသည်။

သစ်ပင်၊ သစ်ရွက်၊ သစ်ခက်တို့ထက် ထင်ကျန်ခဲ့သော မိုးရေစက်တို့က နေပြောက်အထိုး၌ လင်းလက်တောက်ပနေလေသည်။

သဘာဝအလှတရားတို့ကို ငေးကြည့်ရင်း ကျေးငှက်သတ္တဝါတို့၏ဟစ်ကျူးသံကို နားခံရင်း ပိတောက်ကိုကို လက်ဝိုးအခြေ



www.burmeseclassic.com

www.burmeseclassic.com



အနေကို သတိပြုမိလိုက်သည်နှင့် . . .

"ဟင် . . ."

သူ၏တစ်ဦးတည်းသော အားထားရာပုဂ္ဂိုလ် ဘယ်ရောက်သွားပါလိမ့်၊ သူတစ်ယောက်တည်းလား။

တုန်လှုပ်မှုနှင့် ဂူပြင်သို့ ထွက်လိုက်သည်။

"ဟင်း"

တော်ပါသေးရဲ့၊ စီးတော်မြင်းက မြက်နုလေးများကို ရှာဖွေစားသောက်နေလေသည်။

ဟင်း . . . ဒါဆို သူ့ကို တစ်ယောက်တည်း ပစ်ထားခဲ့တာ မဟုတ်ဘူးပေါ့။

ကျောက်စက်ရေများကို ခံကာ မျက်နှာသစ်လိုက်သည်။ ကြည်လင်အေးမြသွားသည်။ ရေငတ်မှုကိုလည်း ထိုရေနှင့်ပင် အဟာရ ဖြည့်တင်းလိုက်သည်။

ယခုလိုအချိန်၌ ငှက်ဖျားတွေဘာတွေကိုလည်း ဂရုစိုက်မနေနိုင်တော့။

"နိုးပြီလား"

နောက်ပါးမှ ထွက်ပေါ်လာသော အသံကြောင့် ပိတောက်ကိုကို ဝမ်းသာသွားသည်။ နောက်သို့ လှည့်ကာ . . .

"ဟုတ်ကဲ့ . . ."

"လမ်းစရှာတွေ့ပြီ . . . သိပ်မလိုတော့ဘူး၊ ရော့ . . . အဆာပြေ စားလိုက်ဦး"

ငှက်ပျောသီးတစ်ဖီး သူ့အား ကမ်းပေးလိုက်သည်။ ဝင်းမှည့်နေလေသည်။





တစ်လုံးနှစ်လုံး ဖြတ်ထားလိုက်ပြီး သူ့ကို ငေးကြည့်နေသော စောပြည့်ဝန်းနှင့် မျက်လုံးချင်းအဆုံတွင် ရှက်စိတ်သည်းမှုဖြင့် မျက်လွှာ ဖျတ်ကနဲ ချလိုက်သည်။

"ဆရာမှူး"

သူ့အသံက ကြေကွဲမှုလေးတွေ စွက်ဖက်နေသည်ထင့်။ ကြားလိုက်ရသူ၏ရင်ကိုလည်း ထိရှသွားစေသည်။

"ရှင် . . . ပြောပါ"

သူ့အား မကြည့်ဘဲ ပိတောက်ကိုကို အသံပြုလိုက်သည်။

"ဆရာမှူးနာမည်က ပိတောက်ကိုကိုနော် . . . ဟုတ်လား"

"ဟုတ်ပါတယ်"

"ကျုပ်ကို ခွင့်လွှတ်ပါလို့ ကျုပ်မတောင်းဆိုပါဘူး"

"ရှင် . . ."

"ကျုပ်ကို အမှတ်ရစေဖို့လည်း မတောင်းဆိုချင်ဘူး၊ ဒါပေမယ့် ဆရာမှူး . . ."

မိမိအနီးသို့ တိုးကပ်လာသော စောပြည့်ဝန်းကြောင့် ပိတောက်ကိုကို ရင်ခုန်သံနှုန်းက မြင့်တက်လာလေသည်။

"ဒါပေမယ့် ကျုပ်တစ်သက်လုံးတော့ ဆရာမှူးကို အမြဲတမ်း သတိရသွားတော့မှာပါ"

ပြောပြောဆိုဆို သူ့အား ပွေ့ပိုက်လိုက်သည်။ ပိတောက်ကိုကို ရုန်းနိုင်သောခွန်အား မရှိတာလား၊ မရုန်းရဲတာလား၊ သို့တည်းမဟုတ် မရုန်းချင်တာလား မသိအောင် ဖြစ်သွားမိသည်ထင့်။ သူ့ရင်ခွင်ကျယ်ကြီး၏ဝပ်ကျင်းထဲ၌ ငြိမ်သက်စွာ မှေးစက်နေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ခင်ဗျားကို သိပ်ချစ်ပါတယ် ဆရာမူ၊ ဒါပေမယ့် ကျုပ်ဘဝထဲ ခင်ဗျားကို ခေါ်မထားရက်ဘူး"

သူ၏ရင်ထဲက သစ္စာစကားဟု ပိတောက်ကိုကိုရင်၌ စွဲမြဲစွာ ယုံကြည်လိုက်လေသည်။ ကြေကွဲပွင့်တို့က မျက်ရည်အဖြစ် စိမ့်ထွက်လာသည်။

"ဒါဖြင့် ကျွန်မဘဝထဲ လာခဲ့ပါလားရှင်"

ဟု မဝံ့မရဲလေး တောင်းဆိုကြည့်လိုက်သည်။

သူ့ဆီက တုန့်ပြန်သံ မကြားရဘဲ ရှုးသွပ်သော အနမ်းမုန်တိုင်းအနုစားလေးကို မျက်နှာအနှံ့ ခြွေချအပြီးတွင် သူ့ရင်ခွင်တွင်းမှ ဆွဲထုတ်လိုက်သည်။

"ဆရာမူ. . .ကျုပ်ကို နာကျည်းစွာနဲ့ မုန်းနေပါ၊ သတိမရပါနဲ့၊ ဒါ ဆရာမူအတွက် ကောင်းပါတယ်"

ရင်ထဲနှင့် ဆန့်ကျင်ဘက် စကားတွေကို သူဆိုနေပါလား။

စောပြည့်ဝန်း ပိတောက်ကိုကို၏မျက်ရည်ပွန်းနေသော မျက်ဝန်းကို ရင်မဆိုင်တော့ပဲ လည်တိုင်ကြော့ကြော့ကလေးကို ဆွဲကြိုးဆွဲပေးပြီး အနမ်းတစ်ပွင့် ခြွေအပြီး ကျောခိုင်းကာ. . .

"ရှိ"

ဟု လေချွန်သံ ပေးလိုက်သည်နှင့် မြင်းနက်ကြောက အနားသို့ ချက်ချင်းဆိုက်ရောက်လာသည်။

ပိတောက်ကိုကို မျက်ရည်တို့ဖြင့် မှုန်ရီဝေဝါးနေသည်။

မစွဲလမ်းသင့်သော သံယောဇဉ်နှောင်ကြိုးတစ်ခုကို ရက်ပိုင်းလေးအတွင်း ဖြစ်ပေါ်ရတယ်ရယ်လို့။ မိမိနှလုံးသားက ဒီလောက်တောင် နုနယ်ရသလား။





ခွေ့ကနဲ မြင်းပေါ် အတင်ခံလိုက်ရအပြီးတွင် နွေးထွေးသော ရင်ခွင်ကျယ်ကြီးထဲ အားပါးတရ တိုးဝင်ကာ ခိုလှုံရင်း ငိုချပစ်လိုက်သည်။

"ဗိုလ်ကြီး. . . ရှင်. . ရှင်. . ကျွန်မနဲ့အတူ အလင်းရောင်ထဲ လိုက်ခဲ့ပါ၊ လိုက်ခဲ့ပါလား ရှင်ရယ်"

ဟု တတွတ်တွတ် တောင်းပန်တိုးလျှိုး စည်းရုံးကြည့်သည်။

သို့သော်. . .

စောပြည့်ဝန်းဆီမှ တုန့်ပြန်သံ မကြားရ။


မြင်းနက်ကြောကိုသာ လေဟုန်ခွင်းပြီး ခရီးနှင်စေခဲ့လေတော့သည်မို့. . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

အရုဏ်တက်၏ရောင်နီ ပျို့တက်လာတော့မည်။ နေ့သစ်တစ်ခုကို ကြိုဆိုသောအလင်းရောင်မို့ အစွမ်းကုန် တောက်ပတော့မည့် ရောင်နီသစ်ကို တားဆီး၍ရလျှင် တားလိုက်ချင်ပါသည်။

ပိတောက်ကိုကို၏ဆန္ဒတို့ကို သဘာဝ၏ သစ္စာတရားက ခွင့်မပြုချေ။

မြင်းနက်ကြောတုန့်ကနဲ ရပ်သွားခြင်းကို သိလိုက်ရသည်နှင့် ရင်ဝယ် ခံရခက်သော ဝေဒနာတစ်ရပ်ကို နင့်ကနဲ နေအောင် ခံစားလိုက်ရသည်။

လှုပ်ရှားခြင်းတို့ ကင်းမဲ့ကာ ပကတိ ကျောက်ဆစ်ရုပ်





အလားပမာ မြင်းပေါ်မှ လူသားနှစ်ဦးစလုံး ငြိမ်သက်နေကြသည်။

တစ်စက္ကန့်. . . နှစ်စက္ကန့်မှ. . .

တစ်မိနစ်. . . နှစ်မိနစ်. . . သုံးမိနစ်။

စောပြည့်ဝန်း လှုပ်ရှားမှု စတင်လိုက်သည်။ မြင်းပေါ်မှ ခုန်ဆင်းလိုက်သည်။

သူ့ဘဝနွံထဲသို့ ဆွဲမသွင်းရက်၊ အလင်းမှ ရွှေဘုံစံ မင်းသမီးလေး မယ်ဖယောင်း၏ ပျော့ပျောင်းသောလက်ကို လက်နက်ကိုင်လက်နှင့် အမှောင်လမ်းကို ဆွဲခေါ်ရင်လျှင်. . .

မမချောလေး ဆရာမူ ပိတောက်ခက် နွမ်းကြွေသွားရုံသာ ရှိတော့မည်။

ချစ်ရာမကျ နှစ်ရာကျမည့်အဖြစ်ကို သူလုပ်လိုက်လျှင် သူ့လောက် အတ္တကြီးသော အချစ်မှုဆိုး ရှိနိုင်ပါ့မလား။

"ဆရာမူ. . ."

ရင်တွင်း၌ ကြိမ်ဖန်များစွာ ခေါ်နေမိသည်။ မျက်လုံးနှင့်လည်း မရေတွက်နိုင်အောင် ခေါ်နေမိသည်။

သို့သော်. . .

"ဆင်း. . ."

စွေ့ကနဲ လက်ကြမ်းကြီးနှင့် ပွေ့ချီကာ အချတွင် သူ့ရင်တွင်း မခံရပ်နိုင်အောင် နာကျင်လာသည်။

ဝေးကြပြီ. . . ဝေးကြတော့မည်ဟူသော အသိက နှလုံးသား မီးလောင်တိုက်အသွင်းခံရသလို နာကျင်လာသည်။

သူ့စိတ်ကို သူ မသိလိုက်၊ မထိန်းချုပ်လိုက်နိုင်တော့။

ဆရာမူလေးကို သူ့လက်ကြမ်း ရင်ခွင်ကြမ်းကြီးထဲ ထွေး



www.burmeseclassic.com

www.burmeseclassic.com



ပွေ့ပိုက်လိုက်သည်မှ တင်းတင်းကြပ်ကြပ် သူ့ရင်တွင်း နစ်ဝင် မတတ်ပင်။

"ဖျတ်. . . ဖျတ်"

နက်ကြော အမြီးက ခြင်၊ ယင်၊ ဖြုတ်တို့ကို တဖျတ်ဖျတ် ခါယမ်းလျက်. . .

ပိုးစုန်းကြူးတို့၏အလင်းရောင်တို့က အရက်ဦး၏ အလင်း ရောင်ကို အံတု၍ မရနိုင်တော့။ အလင်းဖျော့လာလေပြီ။

"မင်းကို ကျုပ်ချစ်တယ် ဆရာမှုရယ်. . . သိပ်ချစ်တယ်၊ မခွဲချင်ဘူး. . . မခွဲချင်ဘူး၊ ချစ်တယ်. . . အရမ်းချစ်ပါတယ်"

လူကြမ်းကြီးမှာလည်း အသည်းနှလုံးနုနုလေး ရှိနေ ကြောင်းကို ဆရာမှုလေး သိအောင် ဖွင့်ပြောပြချင်ပါသည်။ သို့သော် သူ စာမသိတတ်။ တောတွင်း၌ သန္ဓေတည်၊ တောတွင်း၌ပင် မွေးဖွားလာခဲ့သော သူ့ဘဝ၏သမိုင်းကြောင်းက သူ၏နှုတ်၌ ဖွင့်ဟ စာသီလောက်ရအောင် မကျွမ်း။

"ငါတကယ်ချစ်တာပါ၊ ဒါပေမယ့် နင့်ကို ငါခေါ်ထားလို့ မရဘူး၊ မခေါ်ထားနိုင်ဘူး၊ နင်ဒုက္ခရောက်မယ် ဆရာမှုရာ"

တင်းတင်းကျပ်ကျပ် ဖျစ်ညှစ်လိုက်ရင်းမှ. . . အို. . . နုနယ်လွန်းတဲ့မိန်းမလေး၊ သူ၏သန်မာကြမ်းတမ်းသော လက် မောင်းကြား အရိုးတွေများ ကြေသွားလေရောမလား။ အတွေးက ဝင်တော့ ရင်ခွင်တွင်း ဆွဲခွာလိုက်သည်။

"ဟာ. . ."

မျက်ရည်ပွွန်းသော မျက်ဝန်းညိုနှင့် ကြေကွဲစွာ ကြည့်နေ သည့် သူ့ဘဝ၏ဆရာမလေး။





ထပ်မံ ပွေ့ဖက်လိုက်မိပြန်သည်။

"နင်. . . နင်. . . ငါ့ကို အဲဒီလို မကြည့်ပါနဲ့၊ နင့်နားက ငါ့ကို မခွာနိုင်အောင် မလုပ်ပါနဲ့ ဆရာမှု၊ ငါ. . ငါ. . ငါ့လူမျိုးကို မစွန့်နိုင်ဘူး၊ စွန့်စရာရှိ နင့်ကိုပဲ စွန့်ရမှာ၊ ဟုတ်တယ်. . . ဟုတ် တယ်၊ နင်သွားတော့ ဆရာမှု၊ ဒီမြေနီလမ်းလေးအတိုင်းသာ တည့် တည့်လျှောက်သွား၊ ရွာရောက်သွားလိမ့်မယ်၊

အဲဒီရွာက ရွာလူကြီးကို ဆရာမှု နေတဲ့ရွာ ပြန်ပို့ခိုင်း လိုက်"

သူရူးတစ်ယောက်လို စကားတွေကို ဒရစပ် ပြောချလိုက် ပြီး ဆရာမှုကို ရင်ခွင်ထဲမှ တွန်းထုတ်လိုက်သည်။ ချက်ချင်းကျော ခိုင်းကာ. . .

"သွားတော့"

ဟု နှုတ်မှလည်း ခပ်ကြမ်းကြမ်း နှင်ထုတ်လိုက်ပြီးမှ ရင်ထဲ မခံမရပ်နိုင်အောင် နာကျင်လာမှုကြောင့် နောက်သို့ လှည့်ကြည့် လိုက်သည်။ သစ်ပင်ကြီး၏ပင်စည်ကို မှီချကာ အားပြုရင်း ရင်တွင်း ခံချိမဆံ့အောင် နာကျင်မှုဝေဒနာတို့မှ ရုန်းထွက်လာသော အသွင် ပြောင်း ကြေကွဲမျက်ရည်မိုးတို့က သည်းသည်းမဲမဲပင် မျက်ဝန်းနက် ၌ ရွာသွန်းနေရှာသည်။

"ဟာကွာ. . မငိုနဲ့. . မငိုပါနဲ့၊ ငါ့အတွက် နင် မျက်ရည် တွေကျပါနဲ့ ဆရာမှုရယ်"

ဆရာမှုလေး၏မျက်ရည်တို့ကို ရင်ဆိုင်နိုင်သောအင်အား သူ့၌ မရှိပြီမို့. . .

သူ နက်ကြော၏ကျောပြင်ကို တက်ပြီး ထွက်ခွာရန်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားလိုက်ပြီးမှ မြင်းဝေါ်မှ ဆတ်ကနဲ ပြန်ဆင်းပြီး ဆရာမူလေး ရှိရာသို့ ရုတ်ချည်း သွားပြီး ဒူးထောက် တောင်းပန်လိုက်သည်။

"ငါ့ . ငါကြိုးစားပါ့မယ်. . မငိုနဲ့နော်၊ ရော့. . . နင့်ကို ဘုရားသခင် ကောင်းချီးပေး စောင့်ရှောက်မှာပါ ဆရာမူရယ်"

မျက်ရည်တို့ကို သုတ်ပေးရန် ရည်ရွယ်ပြီးမှ သူ၏လက် ကြမ်းကြီးကြောင့် မျက်နှာနုနုလေးကို ထိရှသွားမှာ စိုးပြန်သည်မို့ လက်ကို ရုပ်သိမ်းပြီးမှ သူ ရင်ထဲ အမှတ်ရလိုက်သည်။

သူ့မိခင်က သူ၏အမြတ်နိုးဆုံးပစ္စည်းကို အချစ်ဆုံး အမြတ်နိုးဆုံးဆိုသော သားဖြစ်သူ သူ့အား ပေးခဲ့လေသည်။

ထိုပစ္စည်းကို သူကလည်း သူအမြတ်နိုးဆုံး အချစ်ဆုံး သူ့ ဘဝ ဆရာမလေး ဆရာမူအား ခွဲခွာခြင်းလက်ဆောင်အဖြစ် ပေး လိုက်တော့မည်ဟူသော အတွေးနုနုလေးက ချစ်တတ်လာပြီ ဖြစ် သော သူ၏နှလုံးအိမ်သို့ ဝင်ရောက်ပုတ်နှိုးလေသည်။

သူ့လည်ပင်းမှ ဆွဲကြိုးကို ဖြုတ်ယူလိုက်ပြီး ဆရာမလေး လည်တံကြော့ကြော့လေးထက်သို့ စွပ်ပေးလိုက်သည်။

"ဒီဆွဲကြိုးနှင့်အတူ ကံကောင်းခြင်းတွေသာ သင့်ထံသို့ ဆိုက်ရောက်ပါစေ ဆရာမူ"

ပြောပြောဆိုဆို နောက်ဆုံး ပွေ့ဖက်နမ်းရှုပ်ခြင်းတို့ကို ရင်ထဲ မီးဟုန်းဟုန်းတောက်လောင်နေသည့်ကြားက အမှတ်တရ နှုတ်ဆက်အနမ်းရှည်ကို ပေးအပ်အပြီး နောက်သို့ လုံးဝလှည့် မကြည့်တော့ဘဲ နက်ကြောကို အသော့နှင်တာ စခန်းသို့ ပြန်လှည့်ခဲ့ သည်။

မကြာမီ အရှေ့ဒေါနတောင်တန်းဆီသို့ တက်သစ်စ နေ





မင်းကြီး ခေါင်းပြူကာ ပေါ်ထွက်လာတော့မည်။ ဆရာမူလေး အတွက် အလင်းရောင်က လမ်းပြခေါ်ဆောင်သွားမှာပါ။

အလင်း၌သာ ပွင့်သင့်သောပန်းကလေး ဆရာမူမလေး ပီတောက်ကိုကိုရေ. . . နေရစ်တော့။

ပီတောက်ကိုကို နောက်မှ အပြေးလိုက်ခဲ့သည်။ လေးငါး ဆယ်လှမ်းထက် ပိုမလှမ်းနိုင်တော့။ အားအင်တို့က မရှိတော့ပြီ။

စောပြည့်ဝန်းဆိုသောလူရေ. . . သူ့ဘဝအား အမြဲတစေ ခြောက်လှန့်နေမည့် အိပ်မက်ဆိုးကိုပါ တစ်ပါတည်း ပြန်လည် ယူဆောင်သွားပါတော့လား ရှင်ရယ်။


ပီတောက်ကိုကို သဲကြီးမဲကြီး ငိုရှိုက်ရင်း ကျန်ရစ်ခဲ့လေ သည်။ သူ့ကိုယ်စား ကျန်ရစ်ခဲ့သော လက်ဝါးကပ်တိုင် လော့ကတ် နှင့် ရွှေဆွဲကြိုးကုံးကို ပွတ်သပ်ကိုင်တွယ်လိုက်စဉ် မျက်ရည်တို့က လက်ချောင်းကြားကတဆင့် လက်ဝါးကပ်တိုင်ရှိ ယေရှုကိုယ်တော် ထံသို့ ကူးလူးသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၂)

ပိတောက်ကိုကို၏နှလုံးသားတို့ ပွင့်ထွက်သွားသောအခါ နှစ်ပေါင်းများစွာ ခမ်းခြောက်နေခဲ့သော မျက်ရည်စက်တို့က ပြန်လည်ရှင်သန်လာခဲ့လေသည်။

သူ၏လက်ကိုင်အိတ်ထဲ အမြဲတစေ ရှိနေခဲ့သော အတွင်းဖစ်ထဲမှ ဆွဲကြိုးကို ထုတ်ယူလိုက်သည်။ နောက် လည်မှာ ဆွဲလိုက်သည်။

မိဘတွေ မသိအောင် ကြိတ်ငိုခဲ့ရသောသူ။ မိဘတွေ မတွေ့မမြင်စေရန် ကွယ်ဝှက်ထားခဲ့သော ချစ်သူ၏နောက်ဆုံးလက်ဆောင်လေး။





သူ့နှလုံးသားတို့သည် ယစ်ပူဇော်ခံလိုက်ရသည့်နှယ် နှလုံးသားတို့ သွေးစိမ်းရှင်ရှင်ထွက်ခဲ့ရလေပြီ။

တစ်သက်မှာ တစ်ယောက်တည်း။

တစ်ဘဝမှာ တစ်ဦးတည်း ချစ်ခဲ့ရသည်က ရက်ပိုင်းမျှသာ။

လွမ်းခဲ့ မျှော်လင့်ခဲ့ရသည်က နှစ်ပေါင်းအစိတ်ကျော်ဖြစ်ခဲ့ပြီကော။

"ဖြစ်လေရာဘဝမှာ ချစ်ကံခေသော၊ ချစ်ကံမွဲလွန်းသော နှလုံးသား ဒဏ်ရာအနာတရနှင့် အသက်ရှည်ခဲ့ရသောလူသား မဖြစ်ပါရစေနဲ့တော့၊

ဖြစ်ခဲ့ရလျှင်လည်း ဒီဘဝ ဒီမျှနှင့်သာ ရှိပါရစေတော့။

ဝဋ်ကြွေးများ ရှိလျှင်လည်း ပျက်ပြယ်ရပါလို၏ အရှင်ဘုရား"

ဒေါ်ပိတောက်ကိုကို ဘုရားစင်ရှေ့၌ ပုဆစ်ဒူးတုပ်ထိုင်ဝပ်သွားရင်း လက်ခုံထဲ၌လည်း ဆွဲကြိုးကို ထည့်လျက် တောင်းဆုတွေ အလီလီ ခြွေရင်း မျက်ရည်တို့နှင့်အတူ နှလုံးသားထဲက ဝေဒနာတို့ကိုပါ မျှောထုတ်လိုက်လေတော့သည်က အခါခါ။

တိတ်ဆိတ်သောညချမ်း၌ နှလုံးသားထဲ နက်ရှိုင်းစွာ စိုက်ဝင်နေသော ဝေဒနာ၊ အချစ်ဆူးတို့ကို ဆွဲနှုတ်ဖို့ ကြိုးစားရင်းမှ အလွမ်းဝေဒနာတို့သာ ဖုံးလွှမ်းရသည်ကလည်း ညပေါင်း အသင်္ချေပါလား။

ဒေါ်ပိတောက်ကိုကို မျက်ရည်စတို့ကို ခပ်ကြမ်းကြမ်း သုတ်ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com




မကြာခင် သန်းခေါင်ယံကို ကျော်လွန်ပြီး နေ့သစ်ရောက်တော့မည်။

ဆရာမကြီး ဒေါ်ပိတောက်ကိုကိုဟူသော ဂုဏ်ဒြပ်နှင့် အညီ အလုပ်တွေ တစ်ပုံတစ်ပင်ကို ထမ်းဆောင်ရင်း ရင့်ကျက်တည်ကြည်သော မျက်နှာထားနှင့် အားလုံးကို ရင်ဆိုင်ကြည့်ရှုရပေဦးတော့မည်။

ဒေါ်ပိတောက်ကိုကို ပင့်သက်ရှိုက်ရင်း ဝေဒနာဟူသမျှတို့ကို မောင်းထုတ်ပစ်လိုက်လေတော့သည်။

"ဟင်း. . ."





www.burmeseclassic.com


လောကကြီးမှာ ထူးဆန်းတဲ့တိုက်ဆိုင်မှုတွေ
အများကြီးပါ။ ဒါကို ရေစက်လို့ဆိုလို့ရသလို
ဘုရားသခင်က ဖန်ဆင်းပေးတာ လို့လည်း
ပြောလို့ရပါတယ်။

စောမိုးလျှံ

ချစ်ခြင်းဟူသော အတတ်ပညာကိုတော့
သတ္တဘာဂ နတ် မင်းကြီးက သင်ကြားပေးလိမ့်မည်မဟုတ်၊
ကိုယ်ကိုယ်တိုင် ကြိုးစား အားထုတ်မှ ရတော့မည်။

ဒေါက်တာသက်နှင်း





## အခန်း(၁၃)

"တို့ဒေါက်တာမလေးကတော့ကွာ. . . လူနဲ့အတူ အလှ အပေ ကျော်ကြားခြင်းတွေကပါ တစ်ပါတည်း ကပ်ပါလာတာကိုး၊ ပျားပိတုန်းတွေက တို့ရဲ့ဆေးရုံဝန်းအတွင်း ရစ်ဝဲပျံသန်းလာကြပြီ၊ အဟင်း. . . ဟင်း"

စစ္စတာ ဒေါ်နော်အဲလာ၏မျက်ခုံးမျက်စ ချီကာပင့်ကာ စကားလမ်းကြောင်း ဆုံးတော့မှ ဒေါက်တာဇလပ်ကိုကို မိမိကို ဘာ ရည်ရွယ်၍ ပြောမှန်း သိလိုက်ရသည်။ ထိုအခါမှ ဒေါ်နော်အဲလာ၏ မျက်လုံးဦးတည်ရာလမ်းကြောင်း ဆိုက်ရောက်ရာသို့ လိုက်ကြည့် လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲတော့. . ."

ဒေါက်တာဇလပ်ကိုကို ဇက်ကလေး ပုကာ ပခုံးလေး တွန့်လိုက်မိလေသည်။ ပြဿနာပဲ၊ လေယာဉ်ပျံပေါ်၌ တွေ့ဆုံခဲ့သော ကောင်လေးပါလား။ ဆိုင်ကယ်လ်တစ်စီးကို သတ်မှတ်ပေးထားသောနေရာ၌ ရပ်လိုက်ပြီး မိမိတို့ ရှိရာဘက်သို့ တစ်လောကလုံး သူ့လုပ်စာ စားနေရသည့် မျက်နှာထားမျိုးနှင့် ခပ်တင်းတင်းလေး မျက်နှာထား ချီကာ လျှောက်လာလေသည်။

"အန်တီ သူ့ကို သိလို့လား"

"သိတာပေါ့. . . မနေ့ကတောင် ဒေါက်တာကို လာရှာသေးတယ်"

"အို. ."

ဇလပ်ကိုကို ရယ်ချင်သွားသည်။

လျှင်လိုက်တဲ့ကောင်လေး။

မနေ့က အစာမကြေ ဖြစ်ခဲ့ဟန်တူသည်၊ ထိုမကျေပွဲကို နွှဲရန် ဒီနေ့ သူရှိရာသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်အောင် လာပြသည်။

ကောင်လေးက သူ့စကားကို သွေးထွက်အောင် မှန်ကြောင်း သက်သေပြခြင်းဖြစ်သည်။

"ကျွန်တော်က နယ်မြေကျွမ်းတယ်နော်"

ဟု အပြောနဲ့အဟော ညီပါပေ့ ကောင်လေးရယ်။

"မနေ့ထဲက ရောက်လာခဲ့တာ"

"ဘုရားရေ. ."

ဇလပ်ကိုကို ပြုံးလိုက်မိလေသည်၊ ပြုံးလိုက်သည့်အခါတိုင်း





မေးလေး၌ ချိုင့်ဝင်သွားလေသည်ကို ဒေါ်နော်အဲလာက သတိပြုမိလိုက်ပြီး ဘွင်းဘွင်းနှင့်ရှင်းရှင်း ပြောတတ်သည့် သူ့ထုံးစံအတိုင်း. .

"အားပါး. . . ရုပ်ချင်း ဆင်တဲ့သူချင်း ရတတ်တယ်နော်၊ ဒေါက်တာနဲ့ လူလေး ရယ်လိုက်ရင် မေးချိုင့်လေး ပေါ်လာပုံကအစ တူတယ်၊ ဖူးစာရေးနတ်မင်းက တံဆိပ်ခတ်ပေးလိုက်တာ ထင်တယ်၊ ဟင်း. . . ဟင်း"

"ဟာ. . . အန်တီကလည်း၊ ဟုတ်ဘဲနဲ့"

ဆရာဝန်သာဖြစ်လာသည်၊ ပကတိ ကလေးသာသာပဲ ရှိနေသော ဒေါက်တာဇလပ်ကိုကိုက ရှက်ပြုံးကလေးနှင့် သူတာဝန်ကျရာ အဆောင်အတွင်းသို့ လှည့်ဝင်မည်အပြု. . .

"ဟိုး. . . ဧည့်သည် ဒေါက်တာဇလပ်ကိုကို ခဏ. . ခဏ"

ကောင်လေး၏နှုတ်မှ လှမ်းဟန့်တားလိုက်ခြင်းကြောင့် ဒေါက်တာဇလပ်ကိုကို၏ခြေလှမ်း ရုတ်တရက် တန့်သွားသည်။

ဒေသစိမ်းသို့အလာ၌ ပထမဦးဆုံး မျက်နှာသစ် ဖြစ်ဖူးသော မိတ်ဆွေသစ်ကလေးကို ကျောခိုင်းလိုက်ရမှာ ကျောအေးသလို ဖြစ်မိသည်မို့ ချက်ချင်းပင် နောက်သို့ ချာကနဲ လှည့်ကြည့်လိုက်သည်။

ဂျူတီကုတ်ဖားဖားလေးက ဝဲပျံ၍သွားသည်။ မျက်နှာချိုချိုလေးက တမင်လုပ်၍ပြုံးစရာမလို၊ အလိုလို ချိုမြလျက်ရှိသည်မို့ စာမိုးလျှံ၏ရင်ထဲ ကြည်နူးသွားသည်။

"ချစ်စရာကောင်းတဲ့ မမဒေါက်တာ"

ဟု ရင်ထဲမှ မှတ်ချက်တွေ ချလိုက်မိသည်။

"ဘာလဲကွ"



www.burmeseclassic.com

www.burmeseclassic.com



"မမဒေါက်တာဆီ ကျွန်တော်လာတွေ့တာ"

စောမိုးလျှံ ရိုးသားသောစကားကိုသာ ဆိုလိုက်သည်။

နှစ်ဦးသား တစ်ကိုက်အကွာခန့်၌ မျက်နှာချင်းဆိုင်မိကြသည်။

"အကြောင်းအရင်းက. . ."

"ဒေသခံ ကျွန်တော်က ကိုယ့်ဒေသမှာ လာရောက်အမှုထမ်းတဲ့ မမဧည့်သည်ဒေါက်တာကို ဘာတွေလိုအပ်သလဲ နေထိုင်စားသောက်ရေး အဆင်ပြေမပြေ သိချင်လို့ပါ"

စောမိုးလျှံ၏နုနယ်အပြစ်ကင်းစင်သော မျက်နှာပေးလေးနှင့် အပြောလေးက ဒေါက်တာဇလပ်ကိုကို ရင်ကို ခင်မင်မှု တွယ်တာစေမှု လက်ဆောင်လေး ထည့်ပေးလိုက်သကဲ့သို့ ဖြစ်သွားရသည်။

"ဘာလဲ. . . လူကြီးမင်းက ဒီဒေသရဲ့ဝန်ရှင်ထောက်မင်းကြီးလား"

"ဟာဗျာ. . ."

ပရိယာယ် မကြွယ်သော စောမိုးလျှံ မျက်နှာပြင်ဖြူဖြူလေးက နီရောင်သန်းသွားသည်။

"ကဲပါ. . . ရှင်တို့ချင်း သိနေကြပြီဆိုတော့ တို့များ မိတ်ဆက်ပေးစရာ မလိုတော့ဘူးပေါ့၊ ပါလာမှာ စကားပြောကြဦး၊ တို့များ ကော်ဖီဆပ် လုပ်ပေးမယ်"

ဒေါ်နော်အဲလာ လူငယ်နှစ်ယောက်၏အခြေအနေကို သုံးသပ်ပြီး နားလည်စွာ ရှောင်ထွက်ပေးလိုက်သည်။

ယခုခေတ် လူငယ်တွေက ရင်းနှီးလွယ်၊ ကျွမ်းဝင်လွယ်ကြ





လေသည်။ ကြားခံအင်ထရို(မိတ်ဆက်)ပေးမည့်လူပင် မလို။

"ဟုတ်. . ."

ဒေါက်တာဇလပ်ကိုကိုက ဒေါ်နော်အဲလာ၏စကားကို 'ဟုတ်' ဟူသောအသံပြတ်ကလေးနှင့် တုံ့ပြန်မှု ပေးလိုက်သည်။

ထို့နောက်. . .

"ကိုင်း. . . လူကြီးမင်း ကြွပါ၊ မင်းစွမ်းဆောင်ပေးနိုင်တဲ့ အချက်တွေကို တို့ နားထောင်ကြည့်ဦးမယ်လေ"

ဇလပ်ကိုကို မိမိထက် ခေါင်းတစ်လုံး ပိုမြင့်သော စောမိုးလျှံကြောင့် အစ်ကိုသဖွယ် အားကိုးလိုစိတ် ပေါက်ပေမယ့် သူ၏ မျက်နှာနုနုက မိမိထက် ငယ်ပုံပေါက်နေသည်။ အနည်းဆုံး မိမိထက် သုံးနှစ်မျှ ငယ်လိမ့်မည်ဟုလည်း ခန့်မှန်းထားသည်မို့ ကိုယ်ကပင် အစ်မသဖွယ် ဦးဆောင်ချင်မိသည်။

ဧည့်ခန်းမှာ ဆေးရုံအုပ်ကြီး၏ရုံးခန်းအနီး ကပ်လျက်ရှိသည်။

"ထိုင်ပါ လူကြီးမင်း"

"ကျွန်တော်နာမည် စောမိုးလျှံပါ"

"အိုး. . . ဒါဖြင့် မိုးပေါ့"

စောမိုးလျှံ ရင်ထဲ ကျေနပ်မှုလေး စီးနစ်ဝင်သွားလေတော့သည်။

မိုးတဲ့လား။ ဘယ်သူမှ မခေါ်ဖူးသော အခေါ်အဝေါ်ပေပဲမို့ ရင်ထဲ ဆန်းသစ်သွားခြင်းလား၊ ဘာပဲပြောပြော ဘယ်လိုပဲခေါ်ခေါ် စောမိုးလျှံ ကျေနပ်နေသည်။

"တို့နာမည်တော့ သိပြီးရောပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့. . . ဒေါက်တာဇလပ်ကိုကိုပါ၊ ကျွန်တော်က တော့ မမဧည့်သည့်ဒေါက်တာကို. . ."

"ဟိုး. . . ခေါ်ရတဲ့သူ မမောပေမယ့် နားထောင်ရတဲ့ တို့က မောဟိုက်လာပြီ၊ ကျေးဇူးပြုပြီး အဲဒီအမိပ္ပါယ်ရှိပြီးသား ဝေါဟာရ သုံးခုထဲက တစ်ခုခုပဲ ခေါ်ပါ"

ဒေါက်တာဇလပ်ကိုကိုက လက်ခါခါ ခေါင်းခါခါနှင့် ပြောလိုက်သည်။

စောမိုးလျှံက ကလေးဆန်သော ဆရာဝန်ပေါက်စမလေးကို တိတ်တခိုး ခိုးကြည့်ရင်း. . .

"ဧည့်သည်"

"နိုး. . . မမိုက်ပါဘူး"

"ဒေါက်တာ"

"ဒေါက်တာတွေ အများကြီးပဲ၊ ဆေးကုတဲ့ဒေါက်တာတင်မကဘူး၊ ပီအိတ်ချ်ဒီ ဒေါက်တာတွေပါ ပေါင်းတော့ မြန်မာပြည်မှာ အများကြီး"

"ဒါဖြင့် လပ်. . . ပေါ့"

"ဟင်. . . မမ မဟုတ်ဘူးလား"

"ဇလပ်ကို လပ်လို့ပဲ ခေါ်မယ်"

ကိုယ့်ထက် အသက်ကြီးသည်ကို လက်ခံချင်ဟန် မရှိသော စောမိုးလျှံ၏ယောကျ်ားမာနတစ်မျိုးကို ဇလပ်ကိုကို ရိပ်မိလိုက်သည်။

"မင်းအသက် ဘယ်လောက်လဲ"

"ကျွန်တော်က အသက်ကို မေ့ထားတယ်"





"ဘာလဲ. . . မဟုတ်တာတွေ လုပ်ထားတာ များတော့ ရန်များလို့ မွေးသက္ကရာဇ်ကို ဖျောက်ထားတာလား၊ ဒါ မှုမမှန်လို့ပေါ့"

"ကိုယ့်စိတ်နဲ့ နှိုင်းပြီး မထင်လိုက်ပါနဲ့၊ တစ်ချို့လူတွေက ကိုယ့်ထက် ငယ်တယ်ဆိုပြီး မဖြစ်စလောက် အသက်ငယ်တာလေးနဲ့ ဆရာလုပ်တတ်ကြလွန်းလို့ပါ"

"အံမယ်. . ."

ဇလပ်ကိုကို အနာပေါ် တုတ်ကျသွားသည်။ တကယ်ပင် သူ့စိတ်ကို ဖောက်ထွင်းမြင်လိုက်သည်ထင့်။

"ကိုင်း. . . ထားပါ၊ ခင်ဗျားနေစရာ အဆင်ပြေရဲ့လား"

"ဆေးရုံက ပေးတဲ့ လက်ထောက်ဆရာဝန် အိမ်တစ်လုံးမှာ နေတယ်"

"တစ်ယောက်တည်းလား. . . ဖြစ်ရဲ့လား"

"ဖြစ်ပါတယ်. . . ဆရာဝန်ဆိုတော့ လူသေတော့ မကြောက်ဘူး၊ အဲ. . . သရဲတော့ ကြောက်တယ်၊ ဒါပေမယ့် ပရိတ်ကြိုး ပရိတ်ရေ ဆောင်ထားတယ်၊ ဘုရားစာတွေလည်း ရတယ်"

တော်တော်ကို ခင်စရာကောင်းတဲ့ ဒေါက်တာပါလား ဟူသောမှတ်ချက်ကို ရင်တွင်း၌သာ တိတ်တခိုး မှတ်ချက်ချလိုက်သည်။

"စားရေးသောက်ရေးကကော"

"စားရေးက ချိုင့်ဆွဲလေ၊ စစ္စတာဒေါ်အဲလာက စီစဉ်ပေးပါတယ်၊ သောက်ရေးကတော့ ရေသန့်လေ၊ ရေနွေးအိုးတော့ လျှပ်စစ်ဓာတ်ဗူးတွေနဲ့ ကြိုတတ်ပါတယ်၊ အဟဲ. . . ရေနွေးကြမ်းဖြစ်ဖို့ လက်ဖက်ခြောက် ခတ်တတ်ပြီး ကော်ဖီဖြစ်ဖို့ ပနီးယာ



www.burmeseclassic.com

www.burmeseclassic.com



တူးအင်ဝမ်း ရယ်ဒီမိတ်ထုပ်ကလေး ဖောက်ပြီး နှပ်ထားတတ်ပါတယ်"

ဇလပ်ကို အငေါ်တူးလေးနှင့် ဖြေလိုက်သည်။

ထိုအခါ မျက်နှာထား တည်တည်လေးနှင့် နေတတ်သော စောမိုးလှုံ ပြုံးလိုက်မိလေသည်နှင့်. . .

"အဲတော့. . . ရှင့်မေးစေ့မှာလည်း ကျွန်မလိုပဲ အချိုင့်လေးနဲ့ပါလား၊ အဲဒါ ဘာလဲဟင်"

"ပါးမှာ ချိုင့်တော့ ပါးချိုင့်၊ မေးမှာ ချိုင့်တော့ မေးချိုင့်ပေါ့၊ အဲဒါ ဆန်းသလား"

"ဆန်းတာပေါ့. . . ပါးချိုင့်တွေက ရှိတတ်တာ များတယ်၊ အဲဒီမေးချိုင့်က တော်တော်ကို ရှားတာ၊ အင်း. . . ရန်ကုန်သူကျွန်မနဲ့ တနင်္သာရီကမ်းရိုးတန်းဒေသက မြိုင်ချောင်းသား မိုးမှာ တူညီသော တိုက်ဆိုင်မှု ရှိနေတာဆိုတော့ ထူးခြားတဲ့ ပဋ္ဌာန်းဆက်ပဲ"

ဇလပ်ကိုကို လူတတ်ကြီး လုပ်ကြည့်သည်။

"လောကကြီးမှာ ထူးဆန်းတဲ့တိုက်ဆိုင်မှုတွေ အများကြီးပါလပ်၊ ဒါကို ရှေးရေစက်လို့ ဆိုလို့ရသလို ဘုရားသခင် ဖန်တီးပေးတာလို့လည်း ပြောလို့ရပါတယ်"

"အင်းနော်. . ."

ထိုစဉ် ဒေါ်နော်အဲလာက ဝင်ရောက်လာသည်ကို ချောင်းဟန့်ရင်း အသံပြုလိုက်သေးသည်။

"အဟမ်း. . . ဟမ်း. . . ကော်ဖီပူပူလေး ရပါပြီ၊ ခါးဆိမ့်လေးပါ၊ လူလေးအကြိုက်ပေါ့၊ ဒေါက်တာအကြိုက်ကိုတော့ မသိသေးဘူး"





"သိုင့်ခ်ကျူး အန်တီ"

စောမိုးလှုံက ကမ်းပေးလာသော ကော်ဖီပန်းကန်ကို လှမ်းယူရင်း ပြောလိုက်လေသည်။

"ကျွန်မလည်း ခါးဆိမ့်လေးပဲ ကြိုက်တာ အန်တီ၊ အား. . ကျွန်မအကြိုက်ပဲ"

ဒေါက်တာဇလပ်ကိုကိုက ကော်ဖီကို တစ်ငုံမျှ သောက်လိုက်ပြီး မှတ်ချက်ပေးလိုက်သည်။

"တယ်ဟုတ်ပါလား. . . ရုပ်ချင်း ဆင်ရုံမကဘူး၊ အကြိုက်ချင်းပါ တူကြပြီပေါ့၊ ကဲကဲ. . . စကားပြောကြပြောကြ"

"ဟာ. . . ကော်ဖီသောက်ပြီးတာနဲ့ မိုးလည်း ပြန်တော့၊ တို့ ဂျူတီချိန် ရောက်ပြီ၊ ဝပ်ထဲ ဝင်ရဦးမယ်"

စောမိုးလှုံက ကော်ဖီကို မှုတ်သောက်ရင်း. . .

"ကျွန်တော်အလိုက်သိပါတယ်ဗျာ၊ ခု ကော်ဖီသောက်ပြီးတာနဲ့ ပြန်မှာပါ၊ မနက်ဖြန် အန်တီနဲ့လပ်ကို ဆန်းဒေး ညနေစာ အိမ်မှာ ထမင်းစားဖို့ လာဖိတ်တာ၊ လပ်လိုအပ်တာတွေလည်း ဖြည့်ဆည်းပေးဖို့ ဒေသခံအနေနဲ့ ဧည့်ဝတ်ကျေပွန်ချင်လို့ပါ၊ လူမှုရေးတာဝန်ဝတ္တရားအရလေ"

"ဟုတ်ကဲ့ ဦးတာဝန်ကျေ၊ ကျွန်မ အန်တီနဲ့အတူ လာခဲ့ပါ့မယ်၊ စားအိမ်သောက်အိမ် တစ်အိမ်တိုးတာပေါ့လေ. . . ကျေးဇူးတင်ပါတယ်"

"တို့များလည်း ဆင်ဖြူတော် မှီပြီး ကြံစုတ်ရတော့မှာပေါ့နော်၊ ဘယ်တုန်းကမှ တို့များကို ထမင်းဖိတ်ကျွေးတာ မရှိပါဘူး တော်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်နော်အဲလာ၏ခနိုးခနဲ့ကို စောမိုးလျှံ ချက်ချင်းပင် နှုတ်မှ တုံ့ပြန်လိုက်လေသည်။

"အန်တီကလည်းဗျာ. . . ခရစ္စမတ် ညစာစားပွဲတွေကို ဘယ်သွားထားမလဲ"

"ဒါကတော့ ပွဲတော်ကိုး၊ တို့များကို ခုလို သီးခြားဖိတ်ကျွေး ဖူးလို့လား"

"ကျွန်မတော့ သွားပြီ မိုး၊ မနက်ဖြန် ဆက်ဆက်လာမယ် စိတ်ချ၊ ဂျူတီဝင်တော့မယ်"

"ဟုတ်ကဲ့. . . ကျွန်တော်လာခေါ်မှာပါ"


အပြုံးလေးနှင့် ဒေါက်တာဇလပ်ကိုကို ခွဲခွာခဲ့လိုက်လေ သည်။

ဒေါ်နော်အဲလာနှင့် စောမိုးလျှံတို့ ဘာတွေ အချင်းပွားပြီး စကားနိုင်လုကြမည်ကိုလည်း ဇလပ်ကိုကို မသိချင်တော့ပါချေ။

ဘယ်လိုပဲတွက်တွက် သူ့ထံသို့ ရွှေစွန်ညိုကြီးတစ်ကောင် တော့ ဆိုက်ရောက်လာချေပြီဟု. . .။







## အခန်း(၁၄)

"ထိုင်. . . ဒေါက်တာ"

ဆေးရုံအုပ်ကြီးဟူသော အမည်ဂုဏ်ဒြပ်ကြီးသော်လည်း အသက်အားဖြင့် (၃၀)စွန်းရုံမျှသာ ရှိသေးသော ဒေါက်တာသက် နိုင်က သူ့စားပွဲရှေ့တွင် ရပ်လာသော ဒေါက်တာဇလပ်ကိုကို,ကို မော့ကြည့်ပြီး ပြောလိုက်သည်။

သူတို့ ဟောက်စ်ဆင်းချိန်မှ ပထမနှစ်သို့ ရောက်လာသော ဒေါက်တာဇလပ်ကိုကိုသည် သူ့ညီမဝမ်းကွဲလေး တူးမာ၏သူငယ် ချင်း ဖြစ်သည့်အပြင် ဆေးတက္ကသိုလ်၏ ပထမ မောင်မယ်သစ်လွင် တွင်လည်း ဖြစ်သည်မို့ သူ ကောင်းစွာသတိပြုမိခဲ့သူဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လှပညက်သော ဖြူစင်ဝင်းမွတ်သော သူကလေးကို သူ့စိတ်ထဲ မှတ်မှတ်ထင်ထင် ရှိခဲ့သည်။

သို့သော်. . .

ရည်မှန်းချက်ကြီးသော သူ့အတွက် ဘွဲ့တွေ တစ်ခုပြီး တစ်ခု ယူ၊ နောက်ဆုံး အထူးကုသမားတော်ကြီးဖြစ်ဖို့အထိ ရည်မှန်းချက်များကို တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ဆဲမို့ အချစ်ရေး၊ အိမ်ထောင်ရေးတို့ကို မိဘညီအစ်ကိုမောင်နှမများ တိုက်တွန်းနေသည့်ကြားက သူ ခါးခါးသီးသီး ငြင်းဆန်ကာ ဥပေက္ခာပြုခဲ့သည်။

ယခုတော့ သတ္တဘာဂနတ်မင်းကြီး၏စေ့ဆော်မှုကြောင့် သူ့ထံသို့ သူ တစ်ချိန်က စိတ်ဝင်စားခဲ့ဖူးသော မိန်းမချောလေးက သူရှိရာ မြို့ချောင်းဆေးရုံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာလေပြီ။

ကိုယ့်လက်အောက် လက်ထောက်ဆရာဝန်ဆိုတော့လည်း အဟင်း. . . သမာမိပိုးလေးနှင့် ပိုးရပေဦးမည်။

ချစ်ခြင်းဟူသော အတတ်ပညာကိုတော့ သတ္တဘာဂ နတ်မင်းကြီးက သင်ကြားပေးလိမ့်မည်မဟုတ်၊ ကိုယ်ကိုယ်တိုင် ကြိုးစားအားထုတ်မှ ရတော့မည်။

ဆေးပညာ သင်ယူရတာထက် ခက်ခဲမည်ဖြစ်သော အချစ်ပညာကို သူ ဘယ်လိုသင်ယူရမည်မသိ. . .။

"ဆရာ. . . ကျွန်မကို ခေါ်ရတဲ့ကိစ္စ အမိန့်ရှိပါ" ,

တိတ်ဆိတ်ငြိမ်သက်မှုကို သည်းမခံနိုင်သည့်အဆုံး ဒေါက်တာဇလပ်ကိုကိုက မျက်ခွံပင့်ကြည့်ပြီး အတွေးနယ်တစ်ခုသို့ ဝင်





ရောက်နေပုံရသော ဒေါက်တာသက်နှင်းကို ပြောလိုက်လေသည်။

"ဪ. . . အခြားတော့ မဟုတ်ပါဘူး၊ နေထိုင်စားသောက်ရတာ အဆင်ပြေရဲ့လားဆိုတာ သိချင်လို့ပါ"

ဒေါက်တာဇလပ်ကိုကိုက ဘာများလဲ၊ မိမိဘာများ အမှားအယွင်း လုပ်ထားမိလို့ ခေါ်ဆူတာများလား ဟူသော အတွေးနှင့် ရင်တထိတ်ထိတ် ဖြစ်နေမှုတို့ ပြေပျောက်သွားကာ ချက်ချင်းပင် ပျော်ရွှင်သွားသည်။ ဒီလိုဆိုတော့လည်း ကျောင်းတုန်းက "စီနီယာ" ကြီးက ဂရုစိုက်ဖော်တော့ ရသားပဲ။

"ဟုတ်ကဲ့. . . အဆင်ပြေပါတယ်၊ ကျေးရာဒေသမှာ သင့်တော်သလိုပဲ နေထိုင်ရမှာ၊ ရွေးချယ်ပိုင်ခွင့် မရှိဘူးလို့ ဖေဖေက ဆုံးမထားပါတယ်"

"ရွေးချယ်ပိုင်ခွင့် ရှိပါတယ်၊ ကိုယ့်အထက်လူကြီးက ကိုယ့်ဌာနက ဝန်ထမ်းတွေအတွက် လုပ်ပေးသင့် ပေးခွင့် ရှိသရွေ့တော့ လုပ်ပေးမှာပါ။ ပွင့်ပွင့်လင်းလင်းသာ ပြောပါ ဒေါက်တာ"

ပီဘိကလေးငယ်တစ်ဦးလို ချစ်စရာကောင်းလွန်းလှပါတား။ လူပျိုကြီး ဒေါက်တာသက်နှင်း ရင်ထဲရှိ နှလုံးသားတွေ အဆုန်ပေါက်တတ်လာပါပြီကော။

"တကယ်အဆင်ပြေတာပါ"

အပြုံးချိုချိုလေးနှင့် ပြောလိုက်သော ဇလပ်ကိုကိုကြောင့် ဒေါက်တာသက်နှင်း ပင့်သက် တိတ်တခိုး ချလိုက်မိသည်။ အကြောင်းမရှိ အကြောင်းရှာကာ ခေါ်ထားမိသော သူ့အတွက် အလုပ်ကိစ္စတွေ တောင်မေးမြောက်မေး လုပ်ပြီးသည့်တိုင်အောင် မိန်းမချောလေးကို သွားခွင့်မပြုချင်သေး။ အနားမှာ ထားချင်



www.burmeseclassic.com

www.burmeseclassic.com



သည်။ မျက်စိအောက်က အပျောက်မခံချင်အောင် ရုတ်ချည်း တွယ်တာမြတ်နိုးလာသော သူ့စိတ်ကို သူနားမလည်နိုင်အောင် ဖြစ်မိသည်။

"ဒီဒေသမှာ ဒေါက်တာ့အစ်မ ရှိတယ်ဆို"

"ဟုတ်ကဲ့. . . နွယ်ချောင်း(အ. ထ. က)က ကျောင်းအုပ် ဆရာမကြီးပါ"

"ဟင်. . . ဟုတ်လား၊ ဒေါ်ပိတောက်ကိုကိုပေါ့. . . နာမည်ကြီးပဲ"

ဒေါက်တာဇလပ်ကိုကို မျက်ခွံတံခါးလေး ပင့်ကြည့်လိုက် သည်။

"ဘယ်လို နာမည်ကြီးတာလဲ"

"အချောအလှနဲ့ စည်းကမ်းထိန်းသိမ်းမှု ကောင်းတာ ကော၊ အောင်ချက်ကောင်းတာကော၊ တစ်နှစ်အတွင်း တော်တော် ကို ပြုပြင်ပြောင်းလဲနိုင်လို့ နွယ်ချောင်းက အရမ်းအားထားကြတာ"

ဒေါက်တာသက်နှင်း စကားကို ကြားရတော့မှ ဒေါက်တာ ဇလပ်ကိုကို ရင်ထဲ၌ တော်ပါသေးရဲ့. . . ဒီလူပျိုသိုးကြီးက မမကို ကြိတ်ပိုးနေတာ မဟုတ်လို့. . . ဟု တွေးကာ ကျေနပ်သွားမိသည်။

ဗီဇာကြောင်သည်ဟု သူထင်နေခဲ့သော မမကြီးသည် သူ့ ဒေသ သူ့အလုပ်၌တော့ ဗီဇာကြောင်တာ မဟုတ်ဘဲ စည်းကမ်း ရှိတာဟု ပြောင်းလဲသွားခြင်းဖြစ်မည်။

"ကျွန်တော်နဲ့လည်း ပွဲလမ်းတွေမှာ ဆုံဖူးတော့ မျက်မှန်း တန်းမိပါတယ်၊ ဒီလိုလုပ်ပါလား၊ ဒေါက်တာက ကျွန်တော်ညီမ တူးမာရဲ့သူငယ်ချင်းဖြစ်နေတော့ ကျွန်တော့်အနေနဲ့ ညီမတစ်ဦးလို





စောင့်ရှောက်ပေးသင့်တယ်လေ၊ ဒါကြောင့် ဒီအပတ် ဆန်းဒေး ညနေစာ ကျွန်တော့်အိမ်မှာ ဆရာမကြီးနဲ့ ဒေါက်တာကို ထမင်းစား ဖိတ်ပါတယ်"

"အဲဒါမှ ဒုက္ခပါပဲ"

ဟန်မဆောင်တတ်သော ဒေါက်တာ ဇလပ်ကိုကိုက ဘလေးတစ်ဦးသဖွယ်ပင် ညည်းတွားလိုက်သည်။

ဒေါက်တာသက်နှင်း မျက်လုံးပင့်ကြည့်လိုက်ပြီး. . .

"ထမင်းစားဖိတ်ခံရတာ ဒုက္ခလားဗျာ"

ဟု တုန့်ပြန် ညည်းညူပြလိုက်သည်။ ရင်ထဲက ရင်ခုန် သံစဉ်လေးများက မြူးတူးစွာ ကခုန်နေလေပြီ။ အချစ်ဆိုတဲ့ တန်ခိုး ရှင်က သူ့ဘဝကြီးတစ်ခုလုံးကို ဘယ်လိုဘယ်ပုံစံမျိုးနှင့် ခပ်မြန်မြန် ဆန်ဆန်ကြီး ကိုင်တွယ်တော့မည်ကို သူ မသိနိုင်အောင် ဖြစ်နေလေ ပြီ။

"ဟုတ်ပါဘူး ဒေါက်တာ. . . တိုက်ဆိုင်လို့ပါ၊ ကျွန်မ သူငယ်ချင်းသစ်ကလေးကလည်း အဲဒီနေ့ပဲ ကျွန်မကို ထမင်းစား ဖိတ်ထားလို့ပါ"

လူပျိုကြီးရင်ထဲ "ဒိုင်းကနဲ" ဒိုင်းနမိုက်ပေါက်ကွဲသွားသည်။

စစချင်း ဆောက်နဲ့ထွင်းဆိုသလို ချစ်မိရုံရှိသေး၊ ပြိုင်ဘက် က စလာပြီ။ ဟိုရှုတည်တည်မျက်နှာနဲ့ ကောင်ချောလေးကလွဲပြီး ဘယ်သူဖြစ်နိုင်ဦးမှာလဲ၊ အဖြေတော့ မပေးနိုင်။ အလျင်စလိုပင် ဆုံးဖြတ်လိုက်သည်။ ကိုယ်က လက်ဦးမှ ဖြစ်မှာ။

"ဒါဆို ဆန်းဒေး လန့်ချ်(နေ့လည်စာ) ဖြစ်မလား"

"အားနာစရာကြီး ဆရာ. . . ဖြစ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



စပ်ဖြိုးဖြိုး မျက်နှာပေးလေးနှင့် ဖြေလိုက်ပုံက လူပျိုကြီး၏ နှလုံးသားကို သွက်သွက်ခါအောင် လှုပ်ယမ်းသည့်နှယ်ပင်။

"ဒါဖြင့် အတည်ဖြစ်ပြီနော်၊ ဆရာမကြီးကိုလည်း သေသေချာချာ ပြောပြပြီး ဖိတ်ပေးပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ အခြားဘာမှ ပြောစရာ မရှိတော့ရင် ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"


ဒေါက်တာသက်နှင်း လက်ချောင်းချင်း ယှက်နွယ်ကာ မေးတင် ခေါင်းညိတ်လိုက်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

နှလုံးသား၌လည်း တစ်ခါတည်း ထိုးထွင်း ကမ္ပည်းတင်ရစ်လိုက်ပြီး သူ၏မယားသီသည် ဇလပ်သာ ဖြစ်ရမည်ဟု . . .။

သူ ဇလပ်ကိုကို့ကို အရှူးအမူးပင် စွဲလမ်းကာ ချစ်စိတ်ဝင်သွားပြီလား။







# အခန်း(၁၅)

ဒေါ်ပိတောက်ကိုကို့ ရင်ထဲ ဝေခွဲမရနိုင်သော ဝေဒနာ...်ရပ် ဖြစ်ထွန်းလျက်ရှိသည်။

တစ်ရက်မှ နှစ်ရက် . . .

နှစ်ရက်မှ သုံးရက် . . .

သုံးရက်မှ လေးရက်နှင့် အချိန်တို့က တဖြည်းဖြည်းနှင့် ...သတ္တပတ် သက်တမ်းသို့ပင် ချဉ်းနင်းဝင်ရောက်လာလေပြီမို့ ...ာင်းပိတ်ရက် စနေ တနင်္ဂနွေသို့ပင် ရောက်ရှိတော့မှာပါလား။

"ဒီကောင်မလေး နေနိုင်လိုက်တာ၊ တယ်လီဖုန်းလေး ...င် ဆက်ဖော်မရဘူး၊ မာနလေးက တခွဲသားနှင့်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပိတောက်ကိုကို တယ်လီဖုန်း စကားပြောခွက်ကို ကိုင်ရန် လက်လှမ်းလိုက်ပြီးမှ လက်ကို ပြန်ရုပ်သိမ်းလိုက်သည်။

ဆက်သွယ်ရေးစနစ် လျင်မြန်စွာ တိုးတက်နေသော ခေတ်စနစ်ကြီးမှာမှ တစ်ပတ်လုံးလုံး အဆက်အသွယ် မလုပ်သော "ဇလပ်" ကိုပဲ စိတ်ဆိုးရမလား၊ မိမိကိုယ်ကိုပဲ စိတ်ဆိုးရမလား အပြစ်တင်ရမလား ဝေခွဲ၍မရချေ။

ထိုစဉ် ဆိုင်ကယ်လ်သံနှင့်အတူ ကျောင်းဝန်းဂိတ်တံခါးကို ဖြတ်ကျော်ပြီး ဧည့်သည်တစ်ဦး ရောက်ရှိလာသည်။ ဟဲလ်မက်ဆောင်းထားပေမယ့် ခန္ဓာကိုယ်ကို တွေ့မြင်လိုက်ရသည်နှင့် ဇလပ်ကိုကို ဖြစ်နေကြောင်း တန်းခနဲ သိလိုက်သည်။

ရင်ထဲ လှိုက်ကနဲ ကြည်နူးချမ်းမြေ့သွားသည်။

ရောက်လာဖော် ရသားပဲ၊ သို့သော် ညနေစောင်းချိန်မှ ဘဝင်မကျချင်။ အခန်းထဲမှ ထွက်ကာ ဆီးကြိုလိုက်သည်။

"ဒီအချိန်ကြီး ဘာလာလုပ်တာလဲ"

ကျောင်းအုပ်ကြီးလေသံကတော့ လုံးဝမလျော့ချင်။

"အိပ်မလို့ လာတာ၊ ဒီအချိန်ကြီး မလာလို့ ဘယ်အချိန်လာရမှာလဲ"

တစ်အိမ်သားလုံး၏ချစ်ခင်ယုယ အလိုလိုက်ခြင်း ခံလာသူမို့ နွဲ့ဆိုးက ဆိုးချင်သည်။ သို့သော် "အိပ်မလို့" ဟူသော စကားကတော့ ဒေါ်ပိတောက်ကိုကို၏စိုးရိမ်စိတ်တို့ကို လျော့ပါး ပျောက်ကွယ်သွားစေသည်။

ဂုတ်ဝဲဆံပင်ဖြောင့်ကလေးများကို ဖွာကနဲ နေအောင်ခါလိုက်ပြီး ကျောပိုးအိတ်ကို လွယ်ကာ သူ့ထံသို့ လျှောက်လာသည်





ဇလပ်ကိုကို့ကို သူ ရှုတ်တရက် ငေးစိုက်ကြည့်မိလေသည်။

နုနယ်ချောမောလှပပြီး အစွမ်းကုန် ပွင့်လာသည့် ပန်းကလေးတစ်ပွင့်၏အလှဆုံးအချိန်ပါလား။

"မီးလာတာ မကြိုက်လို့လား မမကြီး"

"မဟုတ်ပါဘူး. . . လာလာ"

"မီး ထမင်းမစားခဲ့ရသေးဘူးနော်"

"ကျုပ် ညည်းကို အငတ်မထားပါဘူး"

ဘယ်လိုအစ်မလဲ မသိပါဘူး၊ စကားပြောတာကိုက ဘယ်တော့မှ ပျော့ပျော့ပျောင်းပျောင်း၊ ကြင်ကြင်နာနာ မရှိ။

"ဟင်. . . ကုတင်ကလည်း နှစ်ယောက်အိပ်လို့ရပါ့မလား၊ မီးက အိပ်ရေးဆိုးတယ်နော်"

"ငယ်လေး အိပ်ပါ၊ မမကြီးက ဆိုဖာပေါ်မှာပဲ အိပ်မယ်"

ဒေါ်ပိတောက်ကိုကို စိုးရိမ်ပူပန်မှုတို့ ပျောက်ကွယ်သွားပြီး ဇလပ်ကိုကို ညနေစာ စားရန် ပြင်ဆင်လိုက်လေသည်။

ဘာပဲပြောပြော ဇလပ်ကို မျက်စိရှေ့တွင် တွေ့မြင်ခွင့်ရလိုက်ခြင်းက သူ့အတွက် ကံကြမ္မာက ပေးလာသော ရလဒ်ကောင်းတစ်ခုဟုသာ မှတ်ယူလိုက်လေတော့သည်။

"ငယ်လေးကြိုက်တဲ့ ပုစွန်ထုပ်က ဒီဒေသမှာ ပေါတော့ မကြီး နေ့တိုင်းကြော်ပြီး မျှော်နေမိတယ်၊ ငယ်လေးကော စားရမှာပေါ့"

"ဟုတ်တယ်. . . စားရလွန်းလို့ ငြီးငွေ့လာပြီ၊ ပုစွန်မီးဖုတ်လေး သုတ်ပေးပါလားဟင်"

ပုစွန်ကြော် ကြိုက်သော ဇလပ်ကိုကိုအတွက် ကမ်းရိုးတန်း



www.burmeseclassic.com

www.burmeseclassic.com



ဒေသ ပုစွန်ပေါများမှုကြောင့် "ပုစွန်တုံးကာမှ မယ်ဇလပ် ပြန်လာတော့မယ်" ဖြစ်နေတော့မည်။

ဒေါ်ပိတောက်ကိုကို ပြုံးလိုက်မိသည်။ ထင်တော့ ထင်သား။ ထို့ကြောင့် ပြတင်းပေါက်၌ တပ်ထားသော ကြေးခေါင်းလောင်းလေးကို တီးလိုက်သည်။

ခြံစောင့် မိသားစုနှင့် သူနှင့် ဆက်သွယ်ချက်ဖြစ်သည်။ သူ့လုံခြုံရေးအတွက် ရိုးစင်းသော ဆက်သွယ်အချက်ပေးမှုဖြစ်သည်။

မောင်ခရာ ချက်ချင်းရောက်လာသည်။

"ကျွန်တော့်ကို ဘာခိုင်းစရာရှိလို့ပါလဲ ဆရာမကြီး"

"ဪ... ဒီပုစွန်ထုပ်တွေကို မီးဖုတ်ပြီး ပြန်လာပို့ပေးဦးပဲ၊ ညနေစာ စားပြီးကြပြီလား"

"မပြီးသေးပါဘူး"

"ရော့... ဒီငါးသလောက်ပေါင်း ယူသွားလိုက်ဦး"

ဇလပ်ကိုကို ခေါင်းထောင်ကာ လှမ်းမျှော်ကြည့်ရင်း...

"ဟင်... ငါးသလောက်ပေါင်း၊ မီး စားချင်တယ်၊ အကုန်မပေးနဲ့"

မောင်ခရာ ရှုံးတိုးရှန်းတန်း အိုးတိုးအမ်းတန်းနှင့်...

"ဟာ... ဒါဖြင့်လည်း ကျွန်တော်မယူတော့ပါဘူး"

ဒေါ်ပိတောက်ကိုကိုက...

"ငယ်လေးအတွက် ဖယ်ထားပြီးသားပါ၊ ယူသွား မောင်ခရာ၊ ပုစွန်ထုပ်တွေကိုသာ မီးဖုတ်ပြီး အမြန်လာပို့ပေး"

"ဟုတ်... ဟုတ်ကဲ့ ဆရာမကြီး"





ဒေါ်ပိတောက်ကိုကို ရင်ထဲ ထူးခြားသောနွေးထွေးမှုတစ်ရပ်ကို ခံစားလိုက်ရလေသည်။ ငယ်လေးဟုလည်းကောင်း၊ အငယ်မ,ဟုလည်းကောင်း တစ်အိမ်သားလုံး ချစ်စနိုး ခေါ်ကြသော ဇလပ်ကိုကို၏အနွံ့အတာကို သူသိပ်မခံစားခဲ့ရ။

ယခုမှ သူ့ထံသို့ ငယ်လေး၏အနွံ့အတာသည် ထူးထူးခြားခြား လုံးလုံးလျားလျား ပုံအပ်ရောက်ရှိလာလေပြီ။

"ငယ်လေး... ကိုယ့်ထက် နိမ့်ပါး နွမ်းပါးတဲ့သူတွေကို ဆက်ဆံတဲ့အခါ အကြောကြီးနဲ့ နှိမ်ချတာမျိုး မဖြစ်စေနဲ့"

"ဟင်... မီးက ဘာပြောလို့လဲ၊ မီးက မမကြီးကို ပြောတာပဲ၊ မီးစားချင်လို့ စားချင်တယ် ပြောတာ"

ကျောင်းသူကျောင်းသားအများစုကို ဆက်ဆံကိုင်တွယ်လမ်းညွှန်သင်ပြပေးနေသော ဆရာမတစ်ဦးအနေနှင့် ဝါသနာ၊ အနစ်နာ၊ ကရုဏာ၊ စေတနာတို့ကြောင့် အခက်အခဲမရှိ အောင်မြင်ခဲ့သည့် ဥယျာဉ်မှူးဆရာမဘဝကို သူ ကျေနပ်ဂုဏ်ယူနိုင်ခဲ့သည်။

သို့သော် သူပျိုးသောပန်းတွင် ငယ်လေး မပါခဲ့။ ငယ်လေး ဆယ်တန်းရောက်တော့မှ မလွဲသာ မရှောင်သာ ကြပ်မတ်ပေးရသည်မှအပ ဂိုက်ဒ်ပင် မေမေတို့က သီးခြားငှားပေးခဲ့သည်မို့ ငယ်လေးသည် သူပျိုးထောင်သော ပန်းကလေး မဖြစ်ခဲ့ပါချေ။

ယခုလို အနီးဆုံးသို့ ရောက်ရှိလာသော အငယ်လေးကြောင့် ဒေါ်ပိတောက်ကိုကိုရင်ထဲ ပူတစ်လှည့် အေးတစ်လှည့်ဖြစ်လာသည်။

ကံကြမ္မာဟူသော ဘဝဇာတ်ဆရာကြီးက မိမိအလိုလမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းကို မည်ကဲ့သို့ ဖန်တီးဦးမည်မသိ။

"ငယ်လေး ပုစွန်သုတ်ပေးမယ်၊ ငါးသလောက်ပေါင်း ရှိတယ်၊ ဇင်ပွန်းဟင်းချို ရှိတယ်၊ တညင်ရွက် ကြော်မယ်၊ ဘာစား ချင်သေးသလဲ"

"တော်ပြီ. . . အဟာရအနေနဲ့ စားတာ၊ မမကြီးကော မီးနဲ့ အတူတူ စားမှာလား"

"အင်း. . ."

"ဒါမှ မီးရဲ့မမကြီးကွ"

ပြောပြောဆိုဆို ခပ်သွက်သွက်နှင့် ဇလပ်ကိုကိုက သူ့အား ရုတ်တရက် ထဖက်ပြီး ပါးပြင်နှစ်ဖက်ကို ဘယ်ပြန်ညာပြန် ရွတ် ကနဲ နမ်းလိုက်သောအခါ ပိုတောက်ကိုကို ရင်တွင်း စူးနင့်နာကျင် သွားသလို ခန္ဓာကိုယ်ရှိ သွေးများလည်း ပြောင်းပြန်စီးသလို ခံစား လိုက်ရလေသည်။ ရင်ခုန်သံနှုန်းကလည်း မတရား မြင့်တက်လာ လေသည်။

ပြုံးရွှင်ကြည်နူးနေသော ဤကလေးမကို ကြည့်မိလေတိုင်း နှလုံးခုန်နှုန်းတို့က အဆမတန် ကျယ်လောင်လာသည်။

ဘဝကို "အလုပ်" ဟူသော တာဝန်ဝတ္တရားတစ်ရပ်၌ မြှုပ်နှံထားခဲ့သမျှတို့သည် ယခုမှ ပေါက်ကွဲလွင့်ပျံ့ချင်လာသည်။ ထို့ကြောင့်. . .

"ဟဲ့ကောင်မလေး. . . ကြွေရရ နေစမ်း"

တွန်းတွန်းထိုးထိုးလေးနှင့် နှင်ထုတ်လိုက်သည့်တိုင်အောင် ဇလပ်ကိုကိုက သူ့လက်မောင်း ဆွဲချိတ်တွယ်ထားမှုကို မဖြုတ်ပစ် ချေ။





"ကိုယ့်အစ်မကြီးကိုယ် ချစ်လို့ ဖက်တာပဲ၊ ဘာဖြစ်သေးလဲ၊ ငယ်ငယ်ကလို မမကြီးကို ကြောက်မယ် မထင်နဲ့တော့၊ မီး ကလေး မဟုတ်တော့ဘူး၊ အလုပ်ခွင် ဝင်လို့ လူကြီးဖြစ်နေပြီ သိလား၊ ဟုတ်တာ မလုပ်လို့ မမကြီး အော်ချင်တိုင်းအော် ငေါက်ချင်တိုင်း ငေါက်လို့ မရတော့ဘူး သိလား"

"မြတ်စွာဘုရား" ဟု ဒေါ်ပိုတောက်ကိုကို ရင်တွင်း ဘုရား တလိုက်မိလေသည်။

"ဖယ်စမ်း ဇလပ်၊ ဒီမှာ ညည်းဖို့ ထမင်းပွဲပြင်နေတယ် လေ"

ပိုတောက်ကိုကို သူ့အား ဖက်တွယ်ထားသော လက်နုနု လေးများကို ဖယ်ချပစ်လိုက်လေသည်။

"မီးလည်း ဝိုင်းပြင်ပေးမှာပေါ့၊ မီး မေကြီး ဖေကြီးတို့ကို လွမ်းလို့ပါ မမကြီးရာ၊ မီးကို နှင်ထုတ်မပစ်ပါနဲ့"

ဇလပ်ကိုကိုက မျက်ရည်လေးစမ်းစမ်းနှင့် သူ့ကို အသနား ခံခွဲ့သောအကြည့်နှင့် ကြည့်လိုက်သောအခါ. . .

ပိုတောက်ကိုကို ရင်ထဲ ကျင်ကနဲဖြစ်သွားပြီး အလိုလို ရှိုက်လာသည်။ ဒင်းကလေးထံမှ အကြည့်ကို လွှဲဖယ်ပစ်ပြီး ဘုတ်သွန်နီကို ပါးပါးအလှီးတွင်. . .

"အား. . ."

စိတ်ယောက်ယက်ခတ်မှုက သတိလက်လွတ်ခြင်းတို့ကို ဖြစ်ပေါ်စေပြီး လက်ဓားရှသွားလေတော့သည်။

သွေးက ဖြာကနဲအဖြစ်တွင် သွေးကြောက်တတ်သော ဒေါ်ပိုတောက်ကိုကို မျက်စိစုံမှိတ်ထားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ခို. . . မမကြီးကလည်း. . . ပေး"

"အရမ်းမလုပ်နဲ့"

ပြောမရ၊ တားမရ၊ ဆီးမရဘဲ ဇလပ်ကိုကိုက ဘီတာဒိုင် ကို ဆွတ်ပေးပြီး ဆေးပလာစတာလေး ကပ်ပေးထားလိုက်လေ သည်။

"ပြီးပြီ. . . မီးပဲ လုပ်ပေးမယ်၊ မမကြီး သွားထိုင်နေ"

သူ့အား တွန်းကာ ကုလားထိုင်တစ်လုံး၌ ထိုင်စေပြီး ထမင်းစားပွဲပြင်ခြင်းကိစ္စကို ဇလပ်ကိုကိုကပင် ပြီးမြောက်အောင် တာဝန်ယူသွားလေတော့သည်။


ဒေါ်ပိတောက်ကိုကို စာအုပ်တစ်အုပ်ကို ဖတ်သယောင်ဆောင် နေလိုက်သည်။

ဇလပ်ကိုကို၏လှုပ်ရှားမှုကို အလစ်တွင် ခိုးကြည့်ရင်း ရ ထဲ၌ တမ်းတလွမ်းမောခြင်းနှင့်အတူ ချစ်မြတ်နိုးခြင်းဟူသော ဒီ လှိုင်းက တလိမ့်လိမ့် တက်လာချေလေသည်မို့ ရင်ထဲ မွန်းကျပ် လာချေပြီ။

ငိုချင်စိတ်တို့ကို ထိန်းသိမ်းလာရသည့်အတွက် ရင်အ သည် ပွင့်ထွက်လုမတတ် ခံစားရလေသည်။







အခန်း(၁၆)

"မမကြီး. . . ဒါ မီးရဲ့စီနီယာလည်းဖြစ်တဲ့ ဆရာ ဒေါက်တာသက်နှင်းပါ၊ ဆရာ. . . ဒါ ကျွန်မ အစ်မကြီးပါ"

"ဟုတ်ကဲ့. . . ကျွန်တော်တို့ တွေ့ဖူးပြီးသားဖြစ်ပေမယ့် ခုလို တွေ့ဆုံခွင့် ရတာကို ကျွန်တော် အထူးပဲ ဝမ်းသာပါတယ် ဆရာမကြီး"

ဒေါက်တာသက်နှင်း ကမ်းပေးသောလက်ကို ဒေါ်ပိတောက်ကိုကို တုန့်ပြန်ပေးလိုက်မိသည်။

လက်ချင်း ဆွဲလှုပ်ယမ်းရင်း. . .

"ကျွန်မလည်း ဝမ်းသာပါတယ်ဒေါက်တာ၊ ဇလပ်ကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



အပ်ပါတယ်၊ တစ်ဆက်တည်း နောက်လာမယ့် ဆန်းဒေး နံနက်စာကိုတော့ ကျွန်မအိမ်မှာ ထမင်းစားကြဖို့ ဖိတ်ခေါ်ပါတယ်"

"ဟာ. . . လာရမှာပေါ့၊ ရင်းနှီးမှုနိဒါန်း ထမင်းပွဲလေးတွေပဲဟာ"

ဒေါက်တာသက်နှင်းက အပြုံးနှင့် ဖော်ရွေစွာ တုန့်ပြန်လိုက်လေသည်။

"ဒါ ကျွန်တော့်ရဲ့အဒေါ် ဝမ်းကွဲ ဒေါ်နီပါ၊ ကျွန်တော့်ရဲ့ ထမင်းအိုး ဖန်တီးရှင်ပေါ့ဗျာ"

"ဟုတ်ကဲ့ပါ ဒေါ်နီ. . . ဝမ်းသာပါတယ်"

"ဟာ. . . ဒေါ်နီလည်း အရမ်းဝမ်းသာပါတယ်၊ ဆရာမကြီးရဲ့အလှနဲ့ အုပ်ချုပ်မှု ဂုဏ်သတင်းက မွှေးပျံ့ကျော်ကြားလွန်းတော့ ဒေါ်နီက တွေ့ချင်နေတာ၊ ခုတော့ ဒေါ်နီဆန္ဒ ပြည့်ဝသွားပြီ"

ဒေါ်နီက ပြုံးရင်း ရွှန်းရွှန်းဝေအောင် ပြောလိုက်လေသည်။ လှလိုက်တဲ့ ဆရာမကြီး၊ ဒါကြောင့်လည်း နွယ်ချောင်းအပြင်သူတို့ မြို့ချောင်းအထိပါ ဆရာမကြီးဂုဏ်သတင်းက ဖြတ်ကျော်လာခြင်းအထိပါ။ ဒေါ်နီက ကောက်ချက်ချလိုက်သည်။ ဒေါက်တာပေါက်စလေးထက်တောင် ချောသေးတာပဲ၊ အသက်က (၄၀)ပင်ရှိသေးရဲ့လားဟု ထင်မှတ်လောက်အောင် နုပျိုလှပနေလေသည်။

ဒေါ်နီက ဒေါက်တာပေါက်စလေး ဇလပ်ကိုကိုထက် သူ့အစ်မ ဆရာမကြီး ဒေါ်ပိတောက်ကိုကိုကို ပိုမိုသဘောကျနေသည်။

သူက ဒေါက်တာသက်နှင်း မိသားစုက စေလွှတ်လိုက်သော မိသားစု စပိုင်ဖြစ်သည်။ အသက်(၃၀)ကျော် (၄၀)သို့ တဖြည်းဖြည်း ချဉ်းနင်းဝင်ရောက်လာပြီဖြစ်သော ဒေါက်တာသက်





နှင်းကို မိဘ၊ ညီအစ်ကိုမောင်နှမများက စိတ်မချကြ။ မတော်သူမိန်းမနှင့် အိမ်ထောင်ကျသွားမှာ စိုးရိမ်သည်။ ထို့ကြောင့် ကိုသက်နှင်း တာဝန်ကျရာဒေသသို့ အိမ်တော်ထိန်းအဖြစ် လိုက်ပါစေပြီး မိသားစုကို သတင်းပြန်ပို့ရသည့် စပိုင်ဖြစ်နေခဲ့သည်။

ဒီနေ့တော့ ရန်ကုန်မိသားစုကို ပို့စရာသတင်းစကားတွေရှိနေသည်။

"ထမင်းပွဲ ပြင်လိုက်တော့ ဒေါ်နီ"

"အေးအေး. . . ဟင်းချိုနွေးရုံပါပဲ"

ဧည့်ခန်း၌ ထိုင်ကြစဉ် ဒေါက်တာသက်နှင်း အလှနှစ်ရပ်ကို နှိုင်းယှဉ်ကြည့်နေမိသည်။

မသိမသာ ခိုးကြည့်ရင်း. . .

ဟုတ်သည်။ ဒေါ်နီပြောတာ မှန်သည်။ ဇလပ်ကိုကို လှလွန်းသည် သူထင်ခဲ့သမျှသည် ဒေါ်ပိတောက်နှင့် ယှဉ်လိုက်တော့ ငယ်ဂုဏ်မှအပ ဇလပ်သည် ဒေါ်ပိတောက်ဘေး မှေးမှိန်သလို ရှိလေသည်။

"ဆရာမကြီးနဲ့ကျွန်တော်တို့ မကြာခဏ တွေ့ဖူးကြတယ်နော်"

"ဟုတ်မယ်ထင်ပါတယ်"

ဤန္ဒြေသိက္ခာကလည်း ဂုဏ်နှင့် လိုက်ဖက်အောင် ကြီးလွန်းတာလား။

အမှတ်မထင် ဆုံခဲ့မှုမှ ယခုလို မှတ်မှတ်ရရ ထိပ်တိုက်တွေ့မြင်လိုက်ရသောအခါ ဒေါက်တာသက်နှင်း၏နှလုံးခုန်နှုန်းသည် "ဒုတ်. . . ဒုတ်. . . ဒုတ်. . . ဒုတ်" မြည်ဟီးလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒေါက်တာ ဒီဆေးရုံကို ရောက်တာကြာပြီလား"

"တစ်နှစ်ကျော်လောက်တော့ ရှိပါပြီ၊ ဆရာမကြီးက ကျွန်တော့်ထက် သုံးလနောက်ကျပြီးမှ ရောက်တာပါ"

"ဩော်. . ."

ပြောစရာစကားတို့ ပျောက်ကွယ်သလိုဖြစ်သွားပြီးမှ ဒေါ်ပိတောက်ကိုကို စကားတစ်ခုကို သတိရလာသည်နှင့်. . .

"ဒါထက် ဒေါက်တာမိသားစုကကော. . ."

ဒေါက်တာသက်နှင်း ရုတ်တရက် ဘာဖြေရမှန်းမသိ ဖြစ်သွားရာမှ ကိုယ့်ဂုဏ်ကိုယ်ဖော်လိုက်သည်။

"မိသားစု. . . ကျွန်တော့်မိသားစုက ဖေဖေနဲ့မေမေရယ်၊ လောလောဆယ် အိမ်ထောင်မရှိသေးတဲ့ လူလွတ်ကျွန်တော်ရယ်ပဲ ရှိတယ်၊ ဖေဖေနဲ့မေမေက ကျွန်တော်နဲ့ လိုက်မနေနိုင်လို့ ရန်ကုန်မှာပဲ ကျန်ခဲ့ပါတယ်"

ဒေါ်ပိတောက်ကိုကို ဒေါက်တာသက်နှင်း၏ရွှန်းလက်နေသော မျက်ဝန်းကို လွှဲဖယ်ကာ ဇလပ်ကိုကို့ကို ကြည့်လိုက်သည်။ ဇလပ်ကတော့ ဒေါက်တာ့စားပွဲပေါ်မှ ဂျာနယ်များကို စိတ်ဝင်စားစွာ ဖတ်နေသည်မို့ သူတို့စကားကိုလည်း ကြားဟန်မတူ။

ဒီကလေးမလေးအတွက် ခက်သေးသည်။ ခုထိ ကလေးစိတ် မကုန်သေး၊ အသက်အစိတ်ပဲ ရောက်လာပြီ။

"ကိုသက်. . . ထမင်းပွဲပြင်ပြီးပြီ၊ ဆရာမကြီးတို့ကို ခေါ်ခဲ့တော့"

ဒေါ်နီက ထမင်းစားခန်းမှ လှမ်းအသံပြုလိုက်သည်မို့ ဒေါက်တာသက်နှင်းက. . .





"ဆရာမကြီး ကြွပါ၊ ဂျူနီယာကော ထမင်းစားရအောင်"

"ဟုတ်ကဲ့ပါ ဆရာကြီး"

ဇလပ်ကိုကို၏ပြောင်ပျက်ပျက် မျက်နှာပေးကြောင့် ဒေါ်ပိတောက်ကိုကို မျက်နှာဝင်းဝါဝါလေး စတော်ဗယ်ရီရောင် ပြေးသွားသည်။

ဒါကို ဒေါက်တာသက်နှင်း အမိအရ ငေးစိုက်ကြည့်မိလိုက်သားဖြစ်သွားရသည်။ ထူးခြားလွန်းလှသော ရင်ခုန်သံစဉ်ရိုင်းများဖွားလာသည်။ ဒါ အချစ်လား၊ ဇလပ်ကိုကိုအပေါ် မှတ်မှတ်ရရရှိခဲ့ပြီး ဥပေက္ခာပြုနိုင်ခဲ့သော သူ့နှလုံးသား။ ယခုတော့ ဒေါ်ပိတောက်ကိုကိုနှင့် ပတ်သက်ပြီး စိတ်လှုပ်ရှားမှုက သူ့ကိုယ်သူ သတိပြုမိလောက်အောင် သိသာထင်ရှားနေလေပြီမို့ သူ့စိတ်ကို ဆိုတ်အုပ်လိုက်ပြီး. . .

"ထိုင်ပါ ဆရာမကြီး"

အနောက်တိုင်း လူကုံထံတို့၏ဓလေ့ထုံးစံအတိုင်း အမျိုးသမီးကို ဦးစားပေးသည့်အနေနှင့် ဆရာမကြီး ထိုင်ရန် ကုလားထိုင်လေးကို ရွှေ့ကာ နေရာပေးလိုက်သည်။

ဒေါ်ပိတောက်ကိုကို အားနာပြီး ကျေးဇူးတင်အပြုံးနှင့်. .

"ကျေးဇူး ဒေါက်တာ"

ဟု ဆိုကာ သိမ်မွေ့စွာပင် ဝင်ထိုင်လိုက်လေသည်။ ကိုယ်လုံးကိုယ်ပေါက်ကလည်း လှယဉ်ကျေးမယ်ကိုယ်လုံးမျိုး၊ အချိုးအစား ပြေပြစ်လှသည်။ အစ်မကြီးနှင့် ညီမငယ် ဘယ်အရာကို ယှဉ်ယှဉ် အစ်မကြီးက အစစအရာရာ သာလွန်နေသည်။

ကြည့်စမ်း. . .။



www.burmeseclassic.com

www.burmeseclassic.com



ဂျူနီယာဇလပ်ကိုကို့ကို စိတ်ဝင်စားခဲ့သမျှတို့သည် ဒေါ်ပိတောက်ကိုကိုအား အနီးကပ်စွာ တွေ့မြင်ရင်းနှီးခွင့် ရလိုက်သည်နှင့် သူ့အာရုံ တိမ်းညွတ်မှုက ဒေါ်ပိတောက်ကိုကို၏အလှတရား ရှေ့၌ ဝပ်စင်းကာ ကျဆုံးသွားလေပြီ။

"ဆရာမကြီး သုံးဆောင်ပါခင်ဗျာ"

ဘာဟင်းအမျိုးအစားတွေရယ်လို့ သူစိတ်မဝင်စား၊ သို့သော် ရှိသမျှဟင်းများကို ဆရာမကြီး ဒေါ်ပိတောက်ကိုကို ပန်းကန်ထဲ ခပ်ထည့်ပေးနေရာ. . .

"ခိ. . . ခိ. . . ဆရာ၊ မမကြီးပန်းကန် လျှံကုန်ပြီ"

ဒေါ်ပိတောက်ကိုကို မျက်နှာတစ်ပြင်လုံး ထူပိန်းပိန်း ဖြစ်သွားလေသည်။ သို့သော် ဇလပ်ကိုကိုရင်ထဲ ပျော်ရွှင်ကျေနပ်နေသည်။ မမကြီး၏အပြုံးအရယ်နည်းသော မျက်နှာထားတို့ဝယ် ရှက်စနိုးရိပ်များ ယှက်သန်းလာသည်ကို သူတွေ့မြင်လိုက်ရပြီ။ ဒါဆို မမကြီး ခံစားတတ်လာပြီပေါ့။

ဆရာဒေါက်တာသက်နှင်းက မမကြီးထက် အသက်ငယ်သည်ကအပ ဘာမှအပြစ်ပြောစရာမရှိ။

"အဟိ. . . သူတို့နှစ်ယောက် ရသွားရင် သိပ်ကောင်းမှာပဲ၊ ငါ ဖူးစာရေးနတ်မင်း လုပ်ဦးမှ" ဟု စိတ်ထဲ ကြိတ်တေးထားလိုက်သည်။

"ရပါတယ် ဒေါက်တာ၊ ကျွန်မဘာသာ ထည့်စားပါ့မယ်၊ ဒေါက်တာလည်း သုံးဆောင်ပါ"

"ကျွန်တော်က အိမ်ရှင်ပဲလေဗျာ. . . ဧည့်ဝတ်ကျေဖို့ မှာပေါ့"





ဒေါက်တာသက်နှင်း၏ရင်ထဲ တသိမ့်သိမ့် တုန်လာလေပြီ။ ဟုတ်ပါတယ်၊ ဇလပ်ကိုကို့ကို ယယ်စဉ်က စိတ်ဝင်စားမှု၊ နှစ်အတန်ကြာ ဥပက္ခာပြုထားနိုင်ခဲ့ပြီး ပြန်တွေ့တော့မှ ရင်ခုန်သည်။ ဒါကလည်း ပုရိသတို့၏ လှတာမြင် လိုချင်တပ်မက်တတ်သော သဘာဝတစ်ရပ်ဖြစ်ပေလိမ့်မည်။

ဆရာမကြီးကို ပွဲလမ်းသဘင်များ၌ အမှတ်မထင် အဝေးမှ တွေ့မြင်ခွင့်သာ ရခဲ့သည်။ ယခုလို အနီးကပ် တွေ့ဆုံခွင့်ကို ယခုမှ ရရှိခဲ့ခြင်းမို့ သူ့နှလုံးသား လှိုင်းထန်မှုက အချစ်စိတ် နိုးကြားလာမှု၏ရှေ့ပြေးနိမိတ်ဖြစ်သည်ဟု သူ့ကိုယ်သူ နားလည်လာလေပြီ။

ဘေးနားမှ ယပ်ခတ်ပေးရင်း ဒေါ်နီက. . .

"ဆရာမကြီး. . . ရိုင်းတယ်လို့တော့ မထင်ပါနဲ့၊ ဒေါ်နီ တစ်ခုမေးချင်လို့ပါ"

"မေးပါ ဒေါ်နီ၊ ပွင့်လင်းတာ ကောင်းပါတယ်"

ဒေါ်ပိတောက်ကိုကို ဒေါ်နီ မေးရဲစေရန် အပြုံးလေးနှင့် ထုန့်ပြန်လိုက်သည်။

"တခြားမဟုတ်ပါဘူး. . . ဆရာမကြီးအသက် ဘယ်လောက်ရှိပြီလဲ သိချင်လို့ပါ"

ဇလပ်ကိုကိုက ရယ်ကျဲကျဲလေးနှင့်. . .

"ဒေါ်နီက ဘယ်လောက်ထင်လို့လဲ"

"သုံးဆယ့်ငါးဝန်းကျင်"

"ဟင်း. . . ဟင်း. . . မမကြီးတော့ ဒေါ်နီကို တစ်ခုခု ကျွေးဖို့ကောင်းနေပြီ၊ ဆရာကကော. . ."



www.burmeseclassic.com

www.burmeseclassic.com



ဇလပ် ဒေါက်တာသက်နှင်းကိုပါ ဆွဲထည့်လိုက်သည်။

ဒေါ်ပိတောက်ကိုကို မလာအပ်သော အရပ်ဒေသသို့ လာမိခြင်းအတွက် နောင်တရချင်လာပြီ။

သို့သော် ဇလပ် အထက်လူကြီးနှင့် တွေ့ဆုံကာ အပ်နှံသင့်သည်ဟူသော သူ့ဆုံးဖြတ်ချက်နှင့် ရောက်လာခြင်းက မမှားတန်ပါဘူး။

"ကျွန်မအသက် လေးဆယ့်သုံးနှစ် ရှိပါပြီ"

"ဟင်. . ."

"ဟုတ်ရဲ့လား ဆရာမကြီးရယ်"

ဒေါက်တာသက်နှင်းနှင့် ဒေါ်နီ အံ့သြသွားသည်။ တဆက်တည်း ဒေါက်တာသက်နှင်းရင်ထဲလည်း မောဟိုက်သွားသည်။ သူ့ထက် (၁၀)နှစ်ကျော်တောင် ကြီးနေပါလား။

"ဟုတ်ပါတယ်. . . ဒေါ်နီ ဒီအတိုင်းပဲလေ၊ မမကြီးနဲ့ ဇလပ်နဲ့ဆို အသက်(၂၀)တောင် ကွာပေမယ့် ဘယ်သူမှ မထင်ကြဘူး"

ဒေါ်ပိတောက်ကိုကို အနားမှ ရေဖန်ခွက်ကို ယူကာ လည်ချောင်းထဲ တစ်ဆို့သလိုဖြစ်နေသော အစာတို့ကို မျှောချလိုက်သည်။

ဒါကြောင့် ဒင်းကလေးနှင့် နီးနီးမနေချင်တာ၊ ဒင်းကလေးနှင့် ပတ်သက်လာတိုင်း ရလာသည့် ဝေဒနာတွေက တနင့်တပိုးကြီးပင်။

"ဆရာမကြီး ထမင်းထပ်ထည့်မယ်နော်"

"တော်. . . တော်ပါပြီ ဒေါ်နီ ကျေးဇူးတင်ပါတယ်၊ ကျွန်မ ဒီနေ့ အများကြီး စားခဲ့တာပါ"





"မမကြီးက အစားနည်းတယ်၊ မီးတော့ အစားကြီးတယ်၊ အအိပ်လည်း မက်တယ်"

"ဒါပေမယ့် စာတော့ ကျက်ပါတယ်၊ ကျောင်းစာနဲ့ ပတ်သက်လာရင် ဝီရိယကောင်းလို့ပဲ ဆရာဝန် ဖြစ်လာတာမှတ်လား"

ဒေါက်တာသက်နှင်းက ဇလပ်ကိုကို ကိုယ်စားကြားဝင်ဖြေပေးလိုက်သည်။

ဇလပ်ကိုကိုက ကလေးဆန်စွာပင်. . .

"ဒါမှ မီး စီနီယာဆရာကွ၊ မီးကို ပညာတွေ အများကြီး သင်ပေးနော်"

"ပညာယူချင်ရင် လက်တွေ့ကျကျ များများအပင်ပန်းခံ လုပ်ဆောင်ပေးရမယ် ဇလပ်"

"ဟုတ်. . ."

ဇလပ်ကိုကိုက "ဟုတ်" ကနဲ လုပ်တာ ခေါင်းကလေးကိုလည်း ဆတ်ကနဲ ညိတ်လိုက်ပြီးမှ ငယ်ကြောက်ဖြစ်ခဲ့သော မမကြီးကို ကြည့်လိုက်မိသည်။

စကားပြောလျှင် "ဟုတ်" ဟု သုံးခြင်း၊ "ပေါ့" ဟု သံဖြတ်ခြင်းကို ပေါ့ပျက်ပျက်နဲ့ မကြိုက်ဘူး၊ လေးလေးနက်နက် ပြောစမ်းဟု အမြဲမာန်မဲတတ်သည်ကို သတိရလိုက်ပြီး လျှာကလေးတစ်လစ်နှင့် ခေါင်းကလေး ပုကာ. . .

"ဟုတ်ကဲ့ပါ ဆရာ" ဟု ပြန်ပြင်လိုက်လေသည်။

ဤသည်ကို ဒေါက်တာသက်နှင်းက ဇလပ်ကိုကို၏ ချစ်စွယ် ကလေးဆန်သော အမူအယာလေးကို နှစ်သက်မိသကဲ့သို့ ဒေါ်ပိတောက်ကိုကို၏ ဆရာမဆန်သော တည်ကြည်မှုကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



လေးစားမြတ်နိုးမိလေသည်မို့ . .

ကိုယ့်ကိုယ်ကို ရှုံ့ချမိသည်။

ဘယ်လိုယောကျ်ားလဲ။

အချောအလှ ညီအစ်မနှစ်ဦးကြား မင်း လှေနံနှစ်ဖက် နင်းချင်နေတာလား။

ခေတ်စကားအရ နှစ်ပင်လိမ်ချင်တာလား။

အင်းလေ. . . သူ့နေရာမှာ ဘယ်ယောကျ်ားပဲဖြစ်ဖြစ် သူ့လိုပဲ ဒွိဟစိတ်နှင့် ဝေခွဲမရဖြစ်မှာပါ။

ကိုယ့်နှလုံးသားကို ကိုယ်သေသေချာချာ ပြန်မေးပြီး ဆန်းစစ်ဖို့တော့ အလွန်လိုအပ်လေပြီဟု. . .။

"ဒေါက်တာ"

"ဟုတ်ကဲ့. . . ပြောပါ"

"ကျွန်မညီမလေးကို အပ်ပါတယ်၊ ကျွန်မတို့ အကြီးမောင်နှမတွေနဲ့ ကွာခြားပြီး အရွယ်လွန်မှ ရတဲ့ နောက်ကျသားမို့ အလိုလိုက်ခံရပြီး ဓာလေးလို ဖြစ်နေတယ်၊ သေသေချာချာ သွန်သင်ဆုံးမပေးပါ ဒေါက်တာ"

ဒေါ်ပိတောက်ကိုကို ဝတ္တရား ရှိသည့်အတိုင်း ဌာန၏ အကြီးဆုံး ဆေးရုံအုပ်ထံ အပ်နှံသည်။ နောက်. . .

"ကျွန်မ မီတင်(အစည်းအဝေး)တစ်ခု သွားစရာရှိလို့ ခွင့်ပြုပါဦး ဒေါက်တာ"

"ဟုတ်ကဲ့. . . ခုလိုဖိတ်ကြားတာကို လာပေးတဲ့အတွက် ကျွန်တော်က အတိုင်းမသိ ကျေးဇူးတင်ပါတယ်ဗျာ၊ ဆေးရုံကိစ္စတင် မကပါဘူး၊ ဘယ်လိုအခက်အခဲကိစ္စမျိုးရှိရှိ ပြောပါခင်ဗျာ၊ ကျွန်





တော် ကူညီပါ့မယ်၊ တနယ်တကျေးမှာ တာဝန်ထမ်းဆောင်ရတဲ့ ဝန်ထမ်းအချင်းချင်းပဲဗျာ"

ဒေါက်တာသက်နှင်း စကားတွေ အလွန်ကြွယ်လာလေပြီ။ ဒေါ်ပိတောက်ကိုကို ကားနားအထိ လိုက်ပို့ပေးရင်း အမျှင်မပြတ် ပြောလာခဲ့သည်။

ဒေါ်ပိတောက်ကိုကိုက အေးမြသောအပြုံးကို ဆောင်ရင်း

"ဟုတ်ကဲ့ပါ ဒေါက်တာ၊ ကျွန်မမှတ်ထားပါ့မယ်. . . ခွင့်ပြုပါဦးနော်"

"ကောင်းပါပြီ"

ဒေါ်ပိတောက်ကိုကိုက ညီမငယ်ကို တစ်ချက်ကြည့်ပြီးနောက် သူ၏ကားကလေးကို ကိုယ်တိုင်မောင်း၍ ပြန်သွားလေတော့သည်။

ဒေါက်တာသက်နှင်း ပင့်သက် တိတ်တခိုး ရှိုက်လိုက်ရင်း ဆေးကြည့်ကာ ကျန်ရစ်လေသည်။

ဇလပ်ကိုကိုက စပ်ဖြဲဖြဲ အပြုံးလေးနှင့်. . .

"ဆရာ. . ."

"ဘာလဲ. . ."

"ကျွန်မ မမကြီးက ချောတယ်နော်. . . ဟုတ်တယ်ဟုတ်"

ဒေသခံ လေသံလေးနှင့် သုံးကာ ပြောလိုက်သည်။ ဒေါက်တာသက်နှင်း ရှက်ရယ်ရယ်လိုက်ရင်း. . .

"ဆရာမကြီးလည်း ချောတယ်၊ သူ့ညီမလေးလည်း လှပါတယ်"

ဟု သူ့နှလုံးအိမ်မှ စကားတို့ကို မကွယ်ဝှက်တမ်း ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



မိလေတော့သည်။

ထိုအချိန်တွင် အိမ်ထဲမှ ဒေါ်နီတစ်ယောက်လည်း နား မနေ။ ပေါ်တီကိုအောက် လှမ်းမြင်ရ၍လည်းရ၊ အသံကြားနိုင်သော ပြတင်းပေါက်နား ခွေးချယ်ကာ ချောင်းမြောင်းနားစွင့်လျက်ရှိချေ သည်။

သူတို့၏လူပျိုသိုးကြီးကို အမြန်ဆုံး အစွံထုတ်ပေးချင်ဇော က ကပ်၍နေသည်။ ရန်ကုန်ရှိ ဒေါက်တာသက်နှင်း မိသားစုထံသို့ အမြန်သတင်းပို့ချင်သည်က အူယား အသည်းယား ဖြစ်နေလေ တော့သည်။

သဘောကျသည်က ဆရာမကြီးပိတောက်ကိုကို့ကို ဖြစ် ပေမယ့်. . . အင်း. . . ဆရာမကြီးအသက်က(၄၃)နှစ်တောင် ရှိပြီ ဆိုတော့ မျိုးဆက်သစ်အတွက် မသေချာတော့ဘူးပေါ့။ ဒါဖြင့်. . .


အိုး. . . စိတ်ရှုပ်ပါတယ်၊ ဒီကိစ္စကို ကာယကံရှင်ပဲ ဆုံး ဖြတ်ပါစေတော့၊ ဒီလောက်ခေတ်မီတိုးတက်တဲ့ ဆေးဝါးကျွမ်းကျင်မှု နည်းပညာတွေ ရှိနေတာပဲ။

ဒေါ်နီတစ်ယောက်တည်း သူ့အတွေးအိမ်ထဲ အမေး အဖြေ ပြုရင်း ရှုးသွပ်စွာ စဉ်းစားလျက်ရှိချေပြီ။

ကာယကံရှင်(၃)ဦးကတော့ ဘာကိုမှ မရိပ်မိချေ။







အခန်း(၁၇)

"လူလေး"

"ဗျာ. . . ဦးဒီး"

"အပါးဆီ မသွားသေးဘူးလား"

စောမိုးလျှံ စိတ်ထဲ ကျဉ်းကြပ်သွားသည်။ အပါးနှင့်သူ သည် ဘယ်လိုရေစက်မှန်း မသိချေ။ တစ်လောကလုံး တွယ်တာ ရော သားအဖနှစ်ယောက်တည်း ရှိသည်ဟူ၍လည်း နွေးနွေးထွေး ထွေး ချစ်ချစ်ခင်ခင် လက်ပွန်းတတီး နေ၍မရချေ။

အမိုးက သူ့ကို မွေးပြီးပြီးချင်း ဆုံးပါးသွားခဲ့သည်ဆိုတော့ သူ့မှာ အပါးတစ်ဦးတည်းသာလျှင် အားထားရာဖြစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အပါးက အယူဝါဒလွဲနှင့် ခံယူချက်ကိုသာ အဓိကနှင့် ပထမ ထားခဲ့လေတော့ သူသည် ဦးဒီးလက်ပေါ်၌ ကြီးပြင်းခဲ့ရလေသည်။ ဦးဒီးပဲ အပါး၊ ဦးဒီးပဲ အမိုး၊ ဦးဒီးပဲ ဦးလေး သာလျှင် ဖြစ်ခဲ့ရသည်။

"အပါးက ခေါ်လို့လား"

အပါးနေထိုင်ရာ "ကျွန်းသူငယ်" ကျွန်းက ခေါင်လွန်းလှသည်။ သို့သော် အပါးက ပုလဲမွေးမြူခြင်း၊ ငှက်သိုက်ရှာဖွေစုဆောင်းခြင်းတို့ကို ဦးစီးလုပ်ကိုင်နေပြီး ဦးဒီးနှင့် သူ့ကိုတော့ စက်လှေထောင်ခြင်းနှင့် ဆီအုန်းခြံလုပ်ငန်းကို ဦးစီးစေခဲ့သည်။

သားအဖနှစ်ယောက် (၃-၄)လလောက်မှ တစ်ခါတစ်လေ တွေ့ဖြစ်ကြသည်။

စောမိုးလျှံ အာရုံက အပါးထံသို့ တိမ်းညွတ်ရောက်ရှိနေခြင်းကို ဦးဒီးက ဖြူခွင်းလိုက်ပြန်သည်။

"အပါး ခေါ်ခေါ်မခေါ်ခေါ် မင်းသွားချင်ရင် သွားလို့ရတာပဲလေ ဖိုးခွားရယ်၊ မိဘကို မာနထားပြီး ယှဉ်ပြိုင်ရင် သားမိုက်ဖြစ်သွားမှာပေါ့ ဖိုးခွားရာ"

စောမိုးလျှံ ဘာမှထပ်မပြောတော့။ နှုတ်ဆိတ်နေလိုက်သည်။ အပါး၏ကျေးဇူးတရားကို သူနားလည်ပါသည်။ ဆပ်နိုင်ရန်ကြိုးစားသည်။ လောလောဆယ် အပါးချမှတ်ပေးသော ပုံစံခွက်ထဲကအတိုင်း သူနေထိုင်ကြီးပြင်းခဲ့သည်။

"ကဲပါ ဦးဒီးရာ၊ ကျွန်တော့်ညီ့သည်တွေအတွက် ပြင်ဆင်ပြီးပြီလား"

"နှစ်ယောက်စာလေး တိုးတာနဲ့ ဘာပိုပြင်စရာ လိုလို့လဲ





ကွာ၊ အဲလာက ဒီအိမ်နဲ့ စားအိမ်သောက်အိမ်ပဲဟာ"

ဦးဒီး သူ့ကို တမင်စ,နေမှန်း သိသည်။ ဦးဒီးကိုယ်တိုင် မီးဖိုချောင် ဝင်ကာ အထူးတလည် စီမံခန့်ခွဲနေခြင်းကို သူတွေ့မြင်နေရသည်ပဲ။

"ဦးဒီးနှမကတော့ ဟုတ်တာပေါ့၊ ကျွန်တော့်ရဲ့ အထူးဧည့်သည်တစ်ယောက်က ဧည့်သည်ပေါင်း ထောင်သောင်းသိန်းသန်း ကုဋေမက အရေးကြီးတဲ့ အထူးဧည့်သည်တော်ဗျ"

ဦးဒီးက မေးချိုင့်ကလေး ခွက်ဝင်သွားသည်အထိ ရယ်မောပြောဆိုနေသော ကောင်ကလေး စောမိုးလျှံကို ကြည့်ပြီး အံ့သြသလို ဖြစ်မိသည်။

သူ့မျက်စေ့ရှေ့မှာတင် ဒီကောင်ကလေး လူလားမြောက်လာလေပြီ။ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ဖို့ အချိန်တန်နေလေပြီ။

"ဒေါက်တာမလေးလား"

"ဒါပေါ့. . . ကျွန်တော့်ဘဝအတွက် ပထမဦးဆုံး စိတ်ဝင်စားမှုကို ဖြစ်ပေါ်စေတဲ့ အလန်းလေး"

"လာပြန်ပြီ ဒီအလန်း၊ မင်းတို့ခေတ်စကားတွေကလည်း"

"ကျွန်တော်တို့ခေတ်က ဘန်းစကားကမှ တော်သေးတယ်၊ ဦးဒီးတို့ခေတ်က ဘာတဲ့၊ "ဆော်" တဲ့. . အဟာ့. . မမိုက်ပါဘူး၊ အဘိုးတို့ခေတ်ကလည်း "ဇယ်" တဲ့၊ ပိုတောင် မမိုက်သေး"

"ဟား. . . ဟား. . . ဖိုးခွား မင်းကတော့ကွာ၊ ကိုင်း. . . မင်းအလန်းလေးအတွက် ပွဲတော်တည်ဖို့ စလေငွေ့မင်းထက် သာဆရပါတယ်ကွာ၊ ဒါမှ မကျေနပ်ရင် မင်းကိုယ်တိုင် စားဖိုမှူး လုပ်သေတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာဗျာ. . . ဦးဒီကတော့ ညစ်ပြီ၊ ဒါ ကျွန်တော့်ကို သက်သက်ပိုင်းတာပဲ၊ တော်ပြီဗျာ. . . သွားကြိုတော့မယ်"

"အစောကြီး ရှိသေးတယ်ကွာ၊ နေ့လည်စာကို ဆရာဝန်ကြီးအိမ်မှာ စားတော်တည်ပြီး ခုလောက်ဆို ထမင်းလုံး စီနေလောက်ဦးမှာပါကွာ"

"ဗျာ. . ."

ဦးဒီစကားကြောင့် စောမိုးလျှံ၏အပျော်နတ်သားတို့ ကခုန်မှု ရပ်တန့်သွားလေသည်။

အံ့အားသင့်စွာဖြင့်. . .

"ဦးဒီ ဘာပြောလိုက်တာလဲ၊ ဆရာဝန်ကြီးအိမ်မှာ နေ့လည်စာ စားတယ်လား"

"ဟုတ်တယ်လေ. . . အဲလာ ဖုန်းဆက်တယ်၊ မင်းအလန်းလေးနဲ့ သူ့အစ်မ ဆရာမကြီးကို ဆရာဝန်ကြီးက နေ့လည်စာကို ကောင်းကောင်းတည်ခင်း ကျွေးမွေးလိုက်တယ်တဲ့၊ ဒါကြောင့် မင်းအလန်းလေးက ညနေစာကို စောစောစီးစီး စားနိုင်မယ် မထင်ဘူး"

"ဟာဗျာ. . ."

စောမိုးလျှံရင်ထဲ ခံရခက်သော ဝေဒနာတစ်ခု ဖြစ်သွားသည်။

ဒီဆရာဝန်ကြီးက 'လပ်' ကို ချိန်နေပြီထင့်။

သူ့ထက် "ဦး" သွားမှာကို သူစိုးရိမ်လာသည်။

"ဒေါက်တာဇလပ် အစ်မက ဒီမှာရှိနေလို့လား"

"ဒီမှာ မဟုတ်ဘူး၊ နွယ်ချောင်း အထက်တန်းကျောင်းက ကျောင်းအုပ်ဆရာမကြီးလို့ ပြောတာပဲ"





"သြော်. . . ဟုတ်ပြီ. . . ဟုတ်ပြီ၊ ဒါကြောင့် ဒေါက်တာဇလပ်ကိုကိုဆိုတော့ ဒီနာမည်ကို ကြားဖူးသလိုလိုဖြစ်နေတာ၊ သက်စသတ်တော့ ဆရာမကြီးနဲ့ နာမည်ဆင်တူရိုးမှားဖြစ်ပြီး ကြားဖူးသလိုလို ရှိနေတာကိုး"

စောမိုးလျှံ သူ့နဖူးသူ ပြန်ရိုက်ပြီး ကောက်ချက်စကား ရှည်ရှည်ဝေးဝေး ဆက်စပ်ပြီး ဆိုလိုက်လေသည်။

ဦးစောဒီးက မမြင်ဖူးသော်လည်း ရမ်းသမ်း၍. . .

"မင်း ဆရာမကြီးကို မြင်ဖူးသလား"

"အမှုမဲ့ အမှတ်မဲ့ပါပဲ"

"အေး. . . မင်းအလန်းလေးထက် ပိုပြီးချောလိမ့်လို့သိမ့်မယ် ထင်တယ်"

"သွားပါ. . . သူ့ဘာသာသူ ချောတာလှတာ ကျွန်တော်နဲ့ မဆိုင်ပါဘူး၊ ကျွန်တော့်ဇလပ်လေး ကျွန်တော့်မျက်စိထဲမှာ လှနေရင်ပြီးရော၊ သွားမယ် ဦးဒီးရာ၊ အိပ်နေရင်လည်း ထိုင်စောင့်နေရုံပဲပေါ့"

စောမိုးလျှံ ပြောပြောဆိုဆို ပါဂျဲရိုးကားကို ထုတ်လိုက်လေသည်။

"အန်တီအဲလာကိုကော ဝင်ခေါ်ရဦးမှာလား"

"သူ့ဘာသာသူ လာမယ်လို့ ငါ့ကို ပြောတာပဲ"

"အိုကေ. . . အဲဒါ ပိုကောင်းတယ်"

စောမိုးလျှံရင်ထဲ မြင်းရိုင်းတို့ ကဆုန်ပေါက် ကခုန်နေလေပြီ၊ ရင်ခုန်သံစည်းရိုင်းတို့တွေ မွေးဖွားစေခဲ့သော "သူကလေး" ရှိရာ. . . မဟုတ်သေးပါဘူး။ "လပ်" က သူ့ထက် အသက်ပိုကြီး



www.burmeseclassic.com

www.burmeseclassic.com



သည်ဆိုတော့"သူကြီး" ရှိရာ။ အို. . . ဘာပဲပြောပြော မိန်းမသား ဆိုတာ ပန်းလေးနဲ့ ပမာတူတာပဲ၊ ဟုတ်တယ်. . . ။

ဟောဗျာ. . . နာမည်တွေကိုကလည်း ပန်းနာမည်တွေပဲ။ ပိတောက်တဲ့၊ ဇလပ်တဲ့. . . ဦးကိုကိုရဲ့သမီးတွေပေါ့။

စောမိုးလျှံ ကားမောင်းရင်း တသိကြီး တွေးကာ ကြည်နူး ပျော်ရွှင်နေမိသည်။

သူ့ဘဝတွင် ဘယ်မိန်းကလေး သူငယ်ချင်းမှ မရှိခဲ့။ မိန်းမ သားတွေနဲ့လည်း ရင်းရင်းနှီးနှီး မပေါင်းခဲ့။

မပေါင်းဆို သူ့ဖခင် အပါး၏အိမ်လုပ်ငန်းမှန်သမျှတို့မှာ မိန်းမတွေမှ မခန့်မထားလေပဲ။

မိန်းမဆိုလို့ အန်တီနော်အဲလာ တစ်ယောက်တည်း ရင်းရင်းနှီးနှီး ပေါင်းဖူးသည်။

သူ့ကို ရန်ကုန်မှာ ကျောင်းအိပ်ကျောင်းစား ထားတော့ လည်း စိန်ပေါ်လ်ဟု ခေါ်သော ဗိုလ်တစ်ထောင် အ. ထ. က(၆) ဆိုတော့ ပြီးရော။ ဘော်ဒါကလည်း ယောကျ်ားလေး သီးသန့် ဘော်ဒါ။

ဆယ်တန်းအောင်တော့ အဝေးသင်ပဲ ယူစေပြီး ဆီအုန်းခြံ နဲ့ စက်လှေတို့ကို ဦးစီးစေသည်။

ခုမှ သူစိမ်းမိန်းမသားတစ်ဦးနှင့် စတင်ရင်းနှီးခွင့် ရသည်။

ထိုရင်းနှီးခွင့် ရမယ့်ရတော့လည်း မိန်းမချော မိန်းမလှ လေးမို့ သူ့ရင်ထဲ ထားဝယ်ယိမ်းပျိုဖြူများ ကနေသကဲ့သို့ ယိမ်းယိမ်း ယိုင်ယိုင် နွဲ့နွဲ့ ရမ်းရမ်းနှင့် ဗရုန်းဗရင်း ဖြစ်နေလေတော့သည်။

ဒါ ဘာကြောင့်လဲ။





သူ့ကိုယ်သူ မဆန်းစစ်နိုင်သေး။


အတွေ့အကြုံ မရှိသေးသော သူ့အတွက် ဆန့်ကျင်ဘက် လိင်နှင့် ရင်းနှီးခွင့် ရရှိလာခြင်းအပေါ် ဂယနဏ မသိသေးသော ခံစားချက်ကို ထင်မိထင်ယောင်ထင်မှားဖြစ်နေခြင်းကိုတော့ စောမိုး လျှံ ကိုယ့်ကိုယ်ကို မသိနိုင်ရှာသေးပါချေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၈)

ဇလပ်ကိုကို ကားသံကြားသည်နှင့် ဆတ်ကနဲ ခေါင်းထောင်လိုက်ပြီး နားစွင့်လိုက်သည်။

ဆေးတက္ကသိုလ် ရောက်ရန် ကြိုးစားလာသည့် (၉)တန်း (၁၀)တန်းနှစ်ကာလကတည်းက သူသည် အချိန်ရလျှင်ရသလို ရသည့်နေရာလေး၌ ဖြစ်သလိုလေး အိပ်တတ်ပြီး ကြက်အိပ် ကြက်နိုး ဆိုသလို အသံတစ်ခု ကြားသည်နှင့်လည်း နိုးထတတ်လေ သည်မှာ အကျင့်ဖြစ်ခဲ့လေသည်။

ယခုလို အလုပ်ခွင် ရောက်လာတော့ တာဝန်ဝတ္တရား အပြင် စေတနာဆိုသော ခံယူချက်ကလေးက ဇလပ်ကိုကို အအိပ်





ဆတ်စေသော ခလေ့လေး ဖန်တီးပေးလိုက်ပြန်သည်။

နိုးနိုးချင်း နာရီကို ဖျတ်ကနဲကြည့်တော့ မွန်းလွဲ(၃)နာရီခွဲ ခန့်သာ ရှိသေးသည်။

ကောင်ကလေး လာကြိုတာ မဖြစ်နိုင်၊ သိပ်စောသေးသည်။ ဒေါက်တာသက်နှင်းအိမ်မှာ ဘုန်းကြီးပွဲ မှန်သမျှသော စားကောင်းသောက်ဖွယ်တို့ကို စားသောက်ပြီး ပြန်လာချိန်တွင် ထမင်းဆိပ်တက်ကာ အိပ်ပျော်သွားခဲ့သည်။

"တီ. . . တီ. . . တီ"

ပြန်အိပ်မည်ဟု ကြံရွယ်ကာ ခေါင်းအုံးထက်သို့ ခေါင်းပြန်အချ၊ ခေါင်းအုံးနှင့်ပင် ထိတွေ့ခွင့် မရလိုက်တော့။ ဇလပ်ကိုကို အိပ်ယာထက်က ထပြီး ပြတင်းပေါက်လိုက်ကာကို မ,ကာ ကြည့်လိုက်သည်။

ကြည့်စမ်း၊ တကယ်ပဲ ကောင်ကလေး လာကြိုတာ ဖြစ်နေသည်ကိုး။

အိပ်ခန်းထဲမှ ထွက်ကာ ဧည့်ခန်းသို့ ဖြတ်ကျော်ကာ တံခါးမကြီးကို ဖွင့်ပေးလိုက်သည်။

ထိုအခါမှ ကောင်ကလေးက ကားပေါ်က ဆင်းလာပြီး. .

"လပ်ကို လာကြိုတာလေ"

"အစောကြီး ရှိသေးတာကို"

ကလေးဆန်ဆန် မျက်နှာထားလေး စူပွပွနှင့် ပြောခြင်းကို အားမိုးလျှံ သဘောကျစွာ ကြည့်ပြီး. . .

"ဟုတ်ပါတယ်း . . အရေးပေါ် လာလို့"

ဇလပ်ကိုကိုနားသို့ လျှောက်လာရင်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇလပ်ကိုကိုက စူးစမ်းသောအကြည့်ဖြင့်. . .

"ဟင်. . . ဘာအရေးလဲ"

"လပ်မှာ အစ်မရှိတယ်ဆို"

"ရှိတာပေါ့. . . အစ်မတင် မကဘူး၊ အစ်ကိုနှစ်ယောက် ရှိသေးတာ၊ ဘာဖြစ်လို့လဲ"

"မဟုတ်ပါဘူး. . . ကျွန်တော်ပြောတာ လောသွားလို့ လပ် အစ်မက နွယ်ချောင်းမှာဆို"

"ဟုတ်တယ်လေ. . . အဲဒါ ဘာဖြစ်လို့လဲ"

"လပ် အစ်မရှိမှန်း သိရင် လပ် အစ်မကိုပါ တစ်ပါတည်း ထမင်းစား ဖိတ်မှာပေါ့၊ နွယ်ချောင်းဆို အချိန်ရတယ်၊ ခု တစ်ခါတည်း သွားခေါ်ရအောင်"

ဇလပ်ကိုကို ခေါင်းခါယမ်းလိုက်သည်။

"နိုးနိုး. . . မမကြီး မအားဘူး၊ အစည်းအဝေး ရှိတယ်၊ အချိန်ပိုလည်း ရှိတယ်တဲ့"

"သြော်. . ."

စောမိုးလျှံ လက်လျှော့လိုက်ရသည်။ အချိန်တွေအများကြီး ရှိပါသေးတယ်လေ ဟူသောအတွေးနှင့်လည်း ဖြေသိမ့်လိုက်သော်လည်း ကိုယ့်ထက် ဦးနှင့်သူ ရှိသွားမှာ စိုးထင့်မှုလေးကတော့ ရင်တွင်းသို့ ဝင်ရောက်လာသည်။

"ဒါဖြင့် လပ် ဘယ်နေရာသွားချင်သလဲ၊ ကျွန်တော် လိုက်ပို့ပေးမယ်"

"မြို့ပေါ်က ဘုရားတွေကို ဆရာလိုက်ပို့ပေးလို့ အနှံ့ရောက်ပြီးပြီ၊ မရောက်သေးတာ ကျွန်းစုတွေပဲ"





ဇလပ်အဖြေကြောင့် စောမိုးလျှံရင်ထဲ ဒိန်းကနဲဖြစ်သွားပြီး ဖြစ်သွားသည်။ အပါးရှိရာ "ကျွန်းသူငယ်" လေးသို့ အလည်အပတ်သွားရင်း အပါးကို ဇလပ်နှင့် မိတ်ဆက်ပေးထားရမည်။

ကျွန်တော့်ဘဝခရီးဖော်အဖြစ် ရည်ရွယ်ထားတဲ့ မိန်းကလေးပဲဟု ပြောလျှင် အပါး ဘာပြောမည်နည်း။ သူသိချင်လိုက်တာ။

ထို့ကြောင့် အတွေးနှင့်အတူ မြူးထူးသွားပြီး. . .

"အိုး. . . ဒီအတွက် စိတ်ချ၊ ကျွန်တော်ပိုင် စက်လှေနဲ့ ကျွန်းအနှံ့ လိုက်ပို့ပေးမယ်၊ ပြီးတော့ ကျွန်တော့်အပါးနဲ့လည်း မိတ်ဆက်ပေးမယ်"

ဇလပ်ကိုကိုက နေရာအသစ်အဆန်းအတွက် ကြိုတင်ကာ ဝမ်းပန်းတသာဖြစ်သွားပြီး. . .

"တကယ်နော် မိုး"

"တကယ်ပါ လပ်ရယ်၊ ကျွန်တော် ကတိပေးပါတယ်"

"ဒါဆိုရင် နောက်အပတ် ဟောလီးဒေး(Holiday)မှာ လိုက်ပို့ပေးပေါ့နော် မိုး"

"အိုကေ"

"Promise ကတိနော်"

"ရက်စ် Promise (ပရွန်မစ်စ်)"

လက်ဝါးချင်း ရိုက်ကာ ကတိပြုလိုက်ကြသည်။

ယခုခေတ် လူငယ်များ၏ရင်းနှီးလွယ်မှုကို နော်အဲလာက သူတို့အိမ်ဘေး လမ်းကြားပေါ် စက်ဘီးနှင့် ဖြတ်သွားရင်း တွေ့ကာ မြင်လိုက်မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကလေးနှစ်ယောက် လိုက်ဖက်သည်။ ရုပ်ချင်း ဆင်တူချင်း ညားတတ်သည့်သာဓက ချစ်သူစုံတွဲတွေ ရှေးရှေးမှာ အများကြီး ရှိခဲ့ဖူးသည်ပဲ။

ဒေါ်နော်အဲလာ ပြုံးမိရင်းမှ သူတို့လေးတွေ မမြင်အောင် စက်ဘီးကို အတင်းနင်းသွားလေတော့သည်။

သူနာပြုဆရာမတွေလည်း အားလပ်ရက်များ၌ အောက်ဆိုဒ်(အပြင်ဝင်ငွေ) ရအောင် ဟုမ်းအေ့စ်(အပြင်လူနာအိမ်)များသို့ လိုက်လံဆေးကုသပေးခြင်းတို့ ပြုလုပ်တတ်ကြသည်။

ပြီးမှ ညနေစာကို စောမိုးလျှံတို့အိမ် သွားစားရုံပဲ ရှိတော့သည်။ လူငယ်နှစ်ဦးကြား ဆေးရိုးသည် အဖြစ်မခံဘဲ နေရတာ အကောင်းဆုံးသော ပွဲပိုးကူညီမှုတစ်ခုဖြစ်သည်ဟု လူကြီးပီပီ အယိုက်တသိ နေပေးလိုက်လေသည်။

သိပ်မကြာလိုက်။ ဒေါ်နော်အဲလာ စက်ဘီးဘေး၌ ကားတစ်စီး ကပ်ရပ်လိုက်သည်။

"အန်တီ. . . ဘယ်လဲ၊ ကျွန်တော်တို့အိမ်ကိုလား"

"လူနာအိမ်. . . သွားနှင့်၊ ငါစားခါနီးမှ လာခဲ့တော့မယ် ဒီနေ့တော့ တကယ်ပဲ ညှော်သည်လုပ်မှာလို့ ကိုဒီးကို ပြောထားလိုက်"

"အိုကေ"

"အန်တီ စောစောလာခဲ့နော်. . . တာ့တာ"

စောမိုးလျှံက ကားမောင်းအထွက်တွင် ဒေါက်တာဇလပ်ကိုကိုက ခေါင်းကလေး ပြုကာ နှုတ်ဆက်ရင်း လက်ပြသွားလေတော့သည်။

"အေး. . . ဘိုင့်ဘိုင်"





ဒေါ်နော်အဲလာလည်း ယမ်းယောင်ကာ လက်ပြလိုက်တော့ စက်ဘီးခေါင်း လည်သွားသဖြင့် မနည်းပြန်ထိန်းလိုက်ရလေတော့သည်။


"ငါ့နှယ်နော်. . ."



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၉)

ညရောက်သည်နှင့် ဇလပ်ကိုကိုသည် စိုးရိမ်ပူပန်ခြင်း ဟူသော ခုံရုံး၌ ကြားနာစစ်ဆေးခြင်း ခံယူလိုက်ရလေတော့သည်။

"အငယ်မ. . . ဘယ်အချိန်မှ ပြန်ရောက်တာလဲ၊ ငါဖုန်းခေါ်နေတာ ခြောက်နာရီခွဲလောက်ကတည်းက၊ ခု. . . ရှစ်နာရီကျော်မှ ရတယ်"

ဇလပ်ကိုကို ပခုံးလေး တွန့်ကာ မဲ့လိုက်သည်။

'လူကို ချစ်တာလည်း မဟုတ်ဘဲနဲ့ စိုးရိမ်ပူပန်ပြနေတယ် ဟွန်း. . .' ဟုလည်း ရင်တွင်း မြည်တမ်းရင်း. . .

"ခုမှ ရောက်တာ"





"ဘုရားရေ. . . ခုမှ"

"ဟုတ်တယ်. . . မိုးနဲ့ တီဗွီဂိမ်း ကစားနေတာ"

"မိုး. . . မိုးဆိုတာ. . ."

"စောမိုးလျှံလေ. . . ဒီကိုအလာ လေယာဉ်ပျံပေါ်မှာ ရင်းနှီးခဲ့တဲ့ သူငယ်ချင်းအသစ်ပါဆို"

"ရင်းနှီးလွယ်လှချည်လား အငယ်မရယ်"

"ဟာ. . . မမကြီးကလည်း၊ ဒီလောက်ပျင်းစရာကောင်းတဲ့ မြို့မှာ မိတ်ဆွေအပေါင်းအသင်း မရှိဘဲသာ နေရရင် ပျင်းလို့ သေရချည်ရဲ့"

"တော်စမ်း. . . ညည်း ဒီကိုဘာလာလုပ်တာလဲ၊ ဆေးကုဖို့ လာတာလား၊ မိတ်ဖွဲ့အပျော်အပါးရှာဖို့ လာတာလား"

ဇလပ်ကိုကို ကျန်လက်တစ်ဖက်နှင့် ခေါင်းကို ကုတ်လိုက်မိသည်အထိ စိတ်ရှုပ်သွားသည်။ တကယ့်ကို ကွိုင်ပူသည့် မမကြီးပဲ။

အရင်တုန်းက သူ့ဖာသူ ဖာသိဖာသာ နေတတ်ခဲ့သော မမကြီး။ ယခုတော့လည်း ကွိုင်ပူလှချည်လား။

"မီးသိပါတယ်. . . တာဝန်ချိန်မှာ တာဝန်မလစ်ဟင်းရင် ပြီးရောပေါ့၊ အားလပ်တဲ့အချိန်မှာတော့ မီးသူငယ်ချင်းသစ်တွေနဲ့ ပျော်ပျော်ပါးပါး နေပါရစေ၊ ဒါမှ စိတ်မချရင် မမကြီး မီးဆီ လာနေလေ"

"တော်စမ်းပါ. . . အသွားမတော်တစ်လှမ်း၊ အစားမတော် တစ်လုပ်တဲ့၊ ဘာပဲဖြစ်ဖြစ် မိန်းမသားဘဝက ပန်းကလေးတစ်ပွင့်လိုပဲမှတ်လား၊ ငယ်လေးရယ်၊ ဆူးတစ်ချက် ငြိမိတာနဲ့ ညှိုးနွမ်းသွားတတ်တာမျိုးမို့ မမကြီး စိတ်ပူလို့ပါ၊ ငယ်လေးကို မမကြီး



www.burmeseclassic.com

www.burmeseclassic.com



ယုံကြည်ပေမယ့် ကံကြမ္မာကို မမကြီး မယုံကြည်ဘူး”

မမကြီး၏လေသံသည် တိုးညှင်းစွာဖြင့် တိမ်ဝင်သွားတာလား၊ ဖုန်းလိုင်းကပဲ မကောင်းတာလား မသိ၍. . .

“ဟယ်လို. . . ဟယ်လို”

“ကြားတယ်. . . မမကြီး ပြောတာ သေသေချာချာ နားထောင်၊ ကိုယ်က ဘယ်လောက်ပဲ ကောင်းအောင်နေနေ ကံကြမ္မာမုန်တိုင်းက အချိန်တန်ရင် တိုက်ခတ်မှာပဲ၊ အဲ့ဒီအခါ ကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ဖို့အတွက် သတိဆိုတာ ရှိရမယ်၊ ကြိုတင်ပြင်ဆင်မှုဆိုတဲ့ တွေးဆမှုလည်း ရှိထားရမယ် ငယ်လေး”

“မမကြီးရဲ့ဖလော်(ဒဿန)တွေကို မီးနားမလည်ဘူး၊ စိတ်ချပါ. . . မိုးဟာ ရိုးသားဖြူစင်တဲ့ လူလေးတစ်ယောက်ပါ။ နောက်တစ်ပတ် ရောက်ရင် မမကြီးနဲ့ မိတ်ဆက်ပေးမယ်”

ဇလပ်ကိုကို ပြောမယ့်သာ ပြောလိုက်ရသည်။ နောက်တစ်ပတ် စနေနေ့အစောကြီး သူတို့ ကျွန်းသူငယ်သို့ သွားလည်ရင်း မိုးဖခင်ထံ၌ တစ်ညအိပ် လည်ပတ်ဖို့အတွက် အန်တီအဲလာနှင့် အခြားနှာစ် မသိတာပါ လိုက်ပါဖို့ ဆုံးဖြတ်ထားကြပြီးဖြစ်သည်။

မမကြီး သိလျှင် ခွင့်ပြုပေးမည်မဟုတ်။

ဒါကြောင့် အသိမပေးတော့ပါဘူး၊ ပြန်လာမှ အသိပေးပြီး အဆူခံလိုက်တော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။

“မိတ်ဆက်ပေးတာ နောက်ထား၊ သိပ်ပြီး ရင်းရင်းနှီးနှီး မနေနဲ့၊ ကျားဆိုရင် ဘယ်ကျားမှ သက်သတ်လွတ် မစားသလို သွေးသားကို နှစ်ခြိုက်ဝါးမြိုတတ်တာချည်းပဲ”

“ဟုတ်ကဲ့ပါ. . . မီးအသက် အစိတ်ထဲ ရောက်ပါပြီ မမကြီး၊ ခုချိန်ထိ အမ်စီကွင်းက ရည်းစားမရှိသေးဘဲ၊ အလုပ်ခွင်ကို အပျိုကြီးဘဝနဲ့ ဝင်ရောက်နိုင်ပါပြီ၊ မီးကို စိတ်ချပါ၊ မီးဘဝမှာ ဘာအမည်းစက်မှ မထင်စေရအောင် အမြဲတမ်း သတိနဲ့ နေထိုင်သွားမှာပါ၊ ဒါပဲနော်. . . ဂွတ်နိုက်၊ မီး အဝတ်လဲပြီး စာဖတ်တော့မယ်”

“အင်း”

မမကြီးထံမှ သံပြတ်သံအဆုံး၌ ဇလပ်ကိုကို “ဟူးကနဲ” လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး တယ်လီဖုန်းကို ချလိုက်လေတော့သည်။

စိုးရိမ်စရာမရှိ ကြံဖန်စိုးရိမ်တတ်တာ အပျိုကြီးတို့၏ သဘာဝပဲ တင်ပါသည်။

စိုးရိမ်တယ်ဆိုတာ ချစ်ခြင်း၏အကိုင်းအခက်များ ပွားများသာခြင်းပဲဖြစ်သည်ဆိုတော့. . .

မမကြီး၏စိုးရိမ်ခြင်းကို သူလက်ခံနိုင်ရမှာပေါ့။

သူက မမကြီး၏အချစ်နှင့် ယုယကြင်နာမှုကို အမြဲလိုလားတောင့်တခဲ့သည်မှာ အမှန်ပင်။

သူ ဘယ်လိုပဲ လိုလားခဲ့ပါစေ။ မမကြီးက သူ့အား ဘယ်သောအခါမှ လက်ပွန်းတတီး မနေသလို မျက်နှာသာလည်း မပေးခဲ့ပါချေ။

ယခုတော့ မမကြီး၏စိုးရိမ်ပူပန်မှုစကားတို့က သူ့အတွက် မှော်လင့်ချက်ရောင်ခြည်တို့ လင်းလက်စေသည်။

ဇလပ်ကိုကို စိတ်ထဲက ကြိတ်၍ကြံစည်လိုက်သော အကြံအစည်များကြောင့် တစ်ယောက်တည်း ကြိတ်၍ပြုံးမိရာမှ. . .







BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဘာတတ်နိုင်သေးလဲ မမကြီး၊ ဒီနေ့ကစပြီး မမကြီးရဲ့ ခေါင်းထဲရင်ထဲ ဇလပ်ပဲ ရှိနေစေရတော့မယ်၊ ဟင်း. . . ဟင်း. . . ဟင်း"

ငယ်ကြောက်ဖြစ်ခဲ့သော မမကြီးကို သူပြန်နိုင်ဖို့ အခွင့်အရေးကို ကံကြမ္မာက ဖန်တီးပေးလိုက်သည်ဟု ဇလပ်ကိုကို တွေးကာ အပျော်ကြီး ပျော်နေသည်။

ဘာကြောင့်မှန်းမသိ။

သူ ငယ်စဉ်ကလေးဘဝက သူငယ်ချင်းအမေ ခပ်ငယ်ငယ်များနှင့် သူ့အမေက အဘွားအရွယ်ကို နှိုင်းယှဉ်ကြည့်ရင်း ရင်ထဲဝေဒနာလေးဖြစ်ခဲ့ရသည်။

သူငယ်ချင်းတွေက သူ့အမေကို ကြည့်ကာ. . .

"ဇလပ်အဘွားလား" ဟု မသိသူများ၏မေးခြင်းကို မကြာခဏ ခံခဲ့ရသည့်အတွက် သူက မကျေနပ်။

"မေမေ. . ."

"ဘာလဲ မီး. . ."

"မေမေက ဘာဖြစ်လို့ မီးသူငယ်ချင်းတွေရဲ့အဘွားအရွယ် ဖြစ်နေရတာလဲဟင်"

"အိုး. . . အသက်ကြီးမှ ကံပေါ်ပြီး နွားအိုနောက်ကျသားလေး ရခဲ့လို့ပေါ့ကွယ်၊ ဒါကို မီး ကြီးလာတော့ နားလည်မှာပါ"

ဟူသော စကားက သူ့မှတ်ဉာဏ်ဝယ် တစ်ခါတည်းနှင့် စွဲမြဲခဲ့သည်။

ဟုတ်သားပဲ. . .။

သူ အရွယ်တဖြည်းဖြည်းကြီးလာတော့ "နွားအိုနောက်ကျသား" ဆိုတာကို နားလည်လာသကဲ့သို့ ဆေးကျောင်းရောက်တော့





ပို့ပြီးသဘောပေါက်လာသည်။

ကိုကိုကြီး၊ မမကြီး၊ ကိုကိုလတ်တို့နှင့် များစွာ ကွာဟပြီး ငယ်လွန်းသော သူ့အတွက် အထီးကျန်မှုကတော့ မရှိခဲ့ပါချေ။

အစ်ကိုနှစ်ယောက်က သူ့အား အလွန်ချစ်ပြီး အဖော်ပြုပေးခဲ့သည့်အတွက်ကြောင့်ပင်။

"ကရင်. . . ကရင့်. . . ကရင်"

Undated(ရှေးကျသော) ဖုန်းခေါ်သံကို သူ သဘောကျစွာ မကိုင်သေးဘဲ ထားလိုက်ပြီးမှ. . .

"ကရင်. . . ကရင်. . . ကရင်"

အတန်ငယ် ကြာမှ ကောက်ကိုင်လိုက်သည်။

"ဟယ်လို"

"ငယ်လေး. . ."

ဇလပ်ကိုကို အောင်မြင်စွာ ပြုံးလိုက်သည်။ မမကြီး၏ ငိုးရိမ်မှုများ ရောယှက်နေသော အသံဖြစ်သည်။

"ရှန်. . ."

မပီကလာလေး ထူးလိုက်သည်။

"မနက်ဖြန် နင့်ဆေးရုံအုပ်ကြီးဆီ ခွင့်တောင်းလိုက်တော့၊ ဆေးရုံဝန်းပြင်ပမှာပဲ နေထိုင်မယ်လို့ နင့်အိမ်ခန်း ပြန်အပ်လိုက်တော့"

"ဟင်. . . ဘာဖြစ်လို့လဲ မမကြီးရဲ့၊ ဆရာဝန်တစ်ယောက်ဟာ သူ့လူနာတွေနဲ့ အနီးကပ်ဆုံး ရှိနေတာဟာ အကောင်းဆုံးသော နည်းလမ်းတစ်ခု မဟုတ်ဘူးလား"

ဆရာမကြီး ရုတ်တရက် မဖြေနိုင်အောင် အကြံအိုက်သွား



www.burmeseclassic.com

www.burmeseclassic.com



ပုံရသည်။ မတစ်ထောင်သားတို့ကို စာသင်ကြားပေးနေခဲ့ရသော စိမ်အုပ်ချုပ်ခန့်ခွဲမှုအပိုင်းကို နိုင်နင်းစွာ ဦးဆောင်နေရသော ဆရာမကြီး ဒေါ်ပိတောက်ကိုကိုအတွက် ဖြေရခက်သွားသည်။

"ဟင်. . . မမကြီး"

"ဟုတ်တယ်. . . အငယ်မ ပြောတာ မုန်ပေမယ့် ဆေးရုံအတွက် အရေးပေါ် လိုအပ်တဲ့အချိန်ကို အချိန်မရွေးသွား"

မမကြီးအသံသည် အဖျားခတ် တုန်ယင်သွားပြီး တိမ်ဝင်သွားလေသည်။

"ဟယ်လို. . . မမကြီး"

"ကဲပါ. . . အိပ်တော့၊ ငါစဉ်းစားဦးမယ်"

"ဂျလောက်" ဟူသောဖုန်းချသံနှင့်အတူ မမကြီးအသံပါ ပျောက်ကွယ်သွားလေပြီ။

အဟား. . .။

ဇလပ်ကိုကို ဝမ်းသာအားရပင် ကုတင်ပေါ်သို့ ပစ်လှဲချလိုက်သည်။

"အိုး. . . ကျောနာလိုက်တာ"

အုန်းဆံမွေ့ယာဖြစ်ခြင်းကြောင့် စပရိန် ရေမြှုပ်မွေ့ယာနှင့်သာ တစ်သက်လုံး အိပ်စက်ခဲ့သော ဇလပ်ကိုကို ကျောနာသွားလေတော့သည်။

"ဒါလည်း ကောင်းတာပဲ"

ဆေးပညာရှုထောင့်အရတော့ အုန်းဆံမွေ့ယာသည် ခါးနာခြင်းကို အကောင်းဆုံးကာကွယ်ပေးနိုင်သည် ဆိုခြင်းကို ဇလပ်ကိုကို သိနေသောကြောင့်ဖြစ်သည်။



BURMESE CLASSIC .com



မမကြီး သူ့အတွက် စိုးရိမ်ပြီး ဗျာများနေသည်ကို သိရ၍လည်း ဇလပ်ကိုကို ကျေနပ်သွားသည်။

သူ. . . မမကြီး၏ချစ်ခင်ယုယမှုကို ငယ်ငယ်ကတည်းက တောင့်တခဲ့သည်ကိုး။



www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

# အပိုင်း (၃)

# အချစ်၏ခဏတာနိုများ

www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲ နာကျင်စူးနင့်နေသော
အချစ်ဦးဆိုသည့် မြားဦးက နုတ်မရသေးသရွေ့တော့
သူ့ဘဝ၌ အချစ်သစ်ဆိုတာ ထပ်မံ မွေးဖွားလာဦးမည်
မဟုတ်ပါချေ။


ဒေါ်ပီတောက်ကိုကို

BURMESE CLASSIC .com

ချစ်ခြင်း၊ တမ်းတခြင်း၊ လွမ်းမောခြင်းတို့၏အောက်၌
သူ့နှလုံးသားက အမြဲတစေ ဝပ်စင်းခ,ယနေပါလား။

စောပြည့်ဝန်း





# အခန်း(၂၀)

ကျောင်းအုပ်ဟူသောတာဝန်ကလည်း များပြားလွန်းလှသည်မို့ လက်ထောက်ဆရာဝန်တစ်ဦးဖြစ်သော ဇလပ်ကိုကို (၁၂) မိုင်အကွာအဝေးမှာ ရှိနေသော မြို့နှစ်မြို့ကို နေ့စဉ်အသွားအပြန် လုပ်ဖို့ သူစိတ်မချနိုင်။

ဇလပ်ကိုကို ဆိုင်ကယ်နှင့် တစ်ယောက်တည်း သွားလာနေခြင်းကို သူ စိတ်မချချင်သကဲ့သို့ သူကိုယ်တိုင်လည်း ကားနှင့် အကြိုမပို့ မလုပ်ပေးနိုင်။

မောင်ခရာကို ဒရိုင်ဘာ လုပ်ခိုင်းပြန်လျှင်လည်း. .

"ဟင်း. . . ."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပိတောက်ကိုကို သက်ပြင်းရှည်ကြီးတစ်ချက် ချလိုက်သည်။

မောင်ခရာနှင့် ဇလပ်ကိုကိုက အသက်အရွယ်အားဖြင့် မတိမ်းမယိမ်းမို့ အိုးချင်းထား အိုးချင်းငြိ၊ ကြိုးချင်းထား ကြိုးချင်းငြိ ဟူသော သဘာဝကို စိုးကြောက်ရသေး။

ခေါင်းစားလိုက်တာ၊ မေမေတို့က ဒီအမှိုက်ကလေးကိုမှ ငါ့ဆီ ပို့လိုက်တယ်။

ဒေါ်ပိတောက်ကိုကို ရင်ထဲ ဝေဒနာဆူးများက ထိုးနှက်နေလေပြီ။

မြိုင်ချောင်း ဆေးရုံအုပ်ကြီးအိမ် သီးသန့်ဖုန်းနံပါတ်များသို့ သူ အလိုလို နှိပ်မိလျက်သားဖြစ်သွားလေသည်။

BURMESE CLASSIC .com

"ဟယ်လို"

"ဒေါက်တာပါလား"

"ဟာ. . . ဆရာမကြီးထင်တယ်"

တစ်ဖက်က အံ့ဩဝမ်းသာသောလေသံနှင့် ထူးလိုက်သည်။

"ဟုတ်ပါတယ် ဒေါက်တာ"

"ဘာကိစ္စများ ရှိပါသလဲ ဆရာမကြီး. . . အမိန့်ရှိပါ၊ ကျွန်တော် ဘာများ အကူအညီပေးရပါ့မလဲ"

အရွယ်ကောင်း နေရာကောင်းကို ရထားသော လူရွယ်တစ်ယောက်၏တက်ကြွလန်းဆန်းနေသောအသံနှင့် ဒေါက်တာသက်နှင်းက ရွှန်းရွှန်းဝေအောင် ပြောလိုက်လေသည်။

"အခြားတော့ မဟုတ်ပါဘူး၊ ဇလပ်အတွက် ပေးထားတဲ့





အိမ်မှာ သူတစ်ယောက်တည်းဖြစ်နေတော့ ကျွန်မ စိတ်မချနိုင်ဘူး ဖြစ်နေလို့ပါ"

"ဘာများလဲလို့ ဆရာမကြီးရယ်၊ ဆရာမကြီးတောင် ကျောင်းဝင်းထဲမှာ တစ်ယောက်တည်း နေနိုင်သေးတာပဲ၊ ကျွန်တော်တို့ ဆေးရုံဝင်းက လူဦးရေတွေအများကြီးနဲ့ ပိုပြီးသိုင်းသိုင်းဝိုင်းဝိုင်း ဆောင် နေရလို့ မစိုးရိမ်ပါနဲ့၊ နောက်ပြီး ဒေါက်တာဇလပ်တစ်ယောက်တည်း မဟုတ်ပါဘူး၊ နောက်ထပ်အမျိုးသမီး ဆရာဝန် တစ်ဦးရောက်လာဦးမှာပါ၊ သူ ဖယ်မလီ ပါမလာရင်တော့ ဒေါက်တာဇလပ်နဲ့ တွဲပေးထားဖို့ အစီအစဉ်ရှိပါတယ်၊ အိမ်ချင်းတွေလည်း ကပ်နေတာပဲမို့ မစိုးရိမ်ပါနဲ့ဗျာ"

"ဆောရီးနော် ဒေါက်တာ၊ ကျွန်မလည်း အလကား သက်သက် ဆင်ဝန်ကတော် အကြောင့်ကြကြီးသလို ဖြစ်နေပြီထင် တယ်၊ ဟုတ်ပါတယ်. . . ဆရာလို ဆေးရုံအုပ်ကြီးရဲ့လက်အောက် မှာ ဇလပ်ရှိနေတာပဲ၊ ကျွန်မ အလကားသက်သက် ပူပန်နေမိတယ်၊ ဆရာကြီးကို အနှောင့်အယှက် ပေးမိသလို ဖြစ်သွားရင် ခွင့်လွှတ် ပါ"

"ဟာ. . . မဖြစ်ပါဘူး၊ စိတ်ချပါ၊ ဒေါက်တာဇလပ် အတွက် စိတ်ချပါ၊ ကျွန်တော့်ညီမလေးအရင်းအချာလို စောင့် ရှောက်သွားမှာပါ"

ဒေါ်ပိတောက်ကိုကို နှုတ်ခမ်းတွန့်ကွေးကာ ပြုံးသယောင် ယောင် မဲ့သယောင်ယောင်ဖြစ်သွားရလေသည်။

ညီမလေး အရင်းအချာလိုတဲ့လား။

မနေ့က ဒေါက်တာသက်နှင်း၏မျက်ဖန်းက သူ၏နှလုံး



www.burmeseclassic.com

www.burmeseclassic.com



သား လှုပ်ရှားမှုကို ဖော်ကောင်လုပ်နေလေသည်။ မသိကျိုးနွံ လုံ ထားရသည်။

ဘယ်လိုမျက်လုံးအကြည့်က ဘယ်လိုသဘောဆော သည်၊ စိတ်ထဲ ဘာရှိနေသည်ကို အသက်ရော ဘဝအတွေ့အကြ တွေအရပါ သိရှိနားလည်ကာ အဓိပ္ပါယ် ကောက်တတ်နေပြီဖြ သော်လည်း ဥပေက္ခာပြုထားလိုက်တာ အကောင်းဆုံးပဲဖြစ်ေ သည်။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ဒါဆို ကျွန်မ ဇလ အတွက် စိတ်ချပါရစေ၊ ကိစ္စအကြောင်းကြီးငယ် ဆရာ့အမြ မတင့်တယ်တာမျိုးတွေ မြင်တာနဲ့ ကျွန်မကို အကြောင်းကြားေ ပါ"

"စိတ်ချပါ ဆရာမကြီး၊ ဇလပ်အတွက် နောက်ကြောင် အေးအေးထားပြီး ဆရာမကြီးရဲ့ဂုဏ်သတင်း ကျော်ကြားမှု အောင်မြင်စွာနဲ့ ဆက်လက်ထိန်းသိမ်းထားပါဗျာ"

"ကျော်ကြားမှုကို ကျွန်မ မလိုလားပါဘူး၊ စေတနာ မေတ္တ ကရုဏာနဲ့ လုပ်ဆောင်နေတာ ကျွန်မတို့ဆရာမတွေရဲ့ ဝါသ အရပါ၊ ဒါပဲနော် ဒေါက်တာ၊ ကျွန်မ ဖုန်းချလိုက်ပါပြီ၊ ကျေးဇူးတ ပါတယ်"

ပြောပြောဆိုဆိုပင် ဒေါက်တာသက်နှင်းထံမှ. . .

"ဟုတ်ကဲ့. . . ကောင်းပါပြီ"

ဆိုသည့် တုံ့ပြန်သံ ရလိုက်သည်နှင့် ဖုန်းခွက်ကို ချလို လေသည်။

တဆက်တည်း ပင့်သက်တစ်ခု ချလိုက်မိသည်။





ရင်ထဲ နာကျင်စူးနင့်နေသော အချစ်ဦးဆိုသည့်မြားက နုတ်မရသေးသရွေ့တော့ သူ့ဘဝ၌ အချစ်သစ်ဆိုတာ ထပ်မံ မွေးဖွားလာဦးမည် မဟုတ်ပါချေ။

ဒေါက်တာသက်နှင်း၏အကြည့်၌ ကပ်ငြိပါလာသော စိတ်ဝင်စားမှုကို သူ ဣန္ဒြေသိက္ခာဟူသောဒိုင်းနှင့် ကာကွယ်ပြီး မြားဦးသည် ဇလပ်ထံသို့ ရွေ့ပါးသွားဖို့ အရေးကြီးသည်။

ဒေါက်တာသက်နှင်း၏ကိုယ်ရေးရာဇဝင်ကို စုံစမ်းဖို့အတွက် လိုအပ်ပြီဟုလည်း ဆုံးဖြတ်ကာ သူ့လုပ်ငန်းစဉ် မဖြစ်မနေ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ထဲသို့ ထည့်လိုက်လေသည်။

သူ၏ဦးနှောက် memory ထဲ၌ အမှတ်စဉ်တစ်ခုအနေနှင့် ဝင်သွားလေတော့သည်။

ဒေါ်ပီတောက်ကိုကို ကော်ဖီလက်ကျန်ကို သောက်ချလိုက်ပြီးနောက် အင်နာဗွန်စီတစ်လုံး သောက်လိုက်ရသည်။ ညက သူ အိပ်မပျော်နိုင်ခဲ့ခြင်းကြောင့် လေးလံထိုင်းမှိုင်းခြင်းကို အကာအကွယ်ပြုရန်ဖြစ်သည်။

ဇလပ် သူ့ရင်ကို အမြဲတစေ ဝေဒနာတွေ ပေးနေတတ်ပါသား။

ရင်ထဲမှာ မောဟိုက်ပါဘိ။


ဒေါ်ပီတောက်ကိုကို သက်ပြင်းရှည်ကြီးကို မှုတ်ထုတ်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





အခန်း(၂၁)

"ဟယ်လို"

"အပါး"

"ပြော. . . မိုးလျှံ"

အပါးသည် သူ့ကို မလွှဲသာ မကင်းသာ၍သာ သားအမြ
တော်စပ်နေ၍သာ လက်ခံထားခြင်း၊ ဆက်ဆံနေရခြင်းဖြစ်သည်
စောမိုးလျှံရင်ထဲ အစွဲတစ်ခုပမာ ထင်ဟပ်နေလျက်ရှိသည်။

"လာမယ့် Sunday ကျွန်တော်တို့ လာခဲ့မယ်"

"ကျွန်တော်တို့ ဆိုတာက အဖော်တွေ ခေါ်လာဦးမ
သဘောလား"





စေ့စပ်သေချာသောအပါးထံမှ ထိုမေးခွန်းရလိမ့်မည်ဟု
သူ ကြိုတင်သိပြီးသားမို့. . .

"ဟုတ်ကဲ့. . . အန်တီအဲလာနဲ့ သူ့တူမပါ"

သူ့မှာကလည်း အသင့်ရှိနေပြီးသားပါ။

အပါးမလွန်ဆန်နိုင်သူထဲတွင် အန်တီအဲလာ ပါသည်။
အဘယ်ကြောင့်ဆိုသော် သူငယ်စဉ် နီတာရဲလေးကနေ လူလား
မြောက်လာဖို့ကို ရင်ခွင်ပိုက်ကာ အမေအလား၊ နာနီအလား ပြုစုခဲ့
သည်က အန်တီအဲလာ ဖြစ်နေခြင်းကြောင့်ပင်။ သို့အတွက်. . .

အပါး သူ့စကားနှင့်သူ ချည်နှောင်ခံလိုက်ရခြင်းဖြစ်သည်။

အပါး ပြောခဲ့ ဆုံးမခဲ့သည်က. .

"အန်တီအဲလာဟာ မင်းရဲ့ဝမ်းမနာမိခင်ပဲ၊ သူသာ မရှိခဲ့
ရင် မင်းအသက် ဆက်ရှင်နိုင်မရှင်နိုင်တောင် ငါမသိဘူး၊ အဲ. . .
သူ့လိုပဲ သူ့အစ်ကိုစောဒီးဟာလည်း မင်းကို မွေးစားဖခင်တစ်ဦး
မှာ စောင့်ရှောက်ပေးလို့ မင်းဒီအရွယ်အထိ ဒီလိုကျန်းမာသန့်စွမ်း
စွာနဲ့ နေနိုင်တယ်လို့ မှတ်ပါ၊ အဲဒါ မင်းရဲ့မိဘလို ကျေးဇူးရှိတဲ့သူ
နှစ်ယောက်ပဲ၊ ဘယ်သောအခါမှ သူတို့ကျေးဇူးကို မကန်းနဲ့"

ထိုစကားစုများကို စောမိုးလျှံ ကောင်းစွာမှတ်မိနေလေ
သည်မို့ အပါး၏နိုင်ကွက်ကို အပိုင်ကိုင်ပြောလိုက်ခြင်းဖြစ်သည်။

သားဖွားဆရာမမှ သူနာပြုဆရာမ၊ ထိုမှ အထက်တန်း
သူနာပြုဆရာမကြီး ဖြစ်လာသော ဒေါ်နော်အဲလာသည် အပျိုကြီး
ဖြစ်သည်။ သို့သော် သူ၌ မွေးစားသားသမီးတွေ အများကြီး ရှိကြ
သည်။ ပရဟိတလုပ်ငန်းများကိုလည်း အမြဲလုပ်ဆောင်နေသူဖြစ်
သည်။



www.burmeseclassic.com

www.burmeseclassic.com



အမြဲပြုံးပျော်နေတတ်သော စစ္စတာနော်အဲလာတွင်လည်း လူမသိ သူမသိနိုင်သော ခံစားချက် ဝေဒနာတတ်လမ်း ရှိနိုင်သည်ဟု စောမိုးလျှံက တွက်ဆပြီးသားဖြစ်သည်။

သို့သော် အပါးသားမို့လား မသိ၊ သူသည်လည်း ဘယ်သူနှင့်မှ ရောရောနှောနှော မနေတတ်ဘဲ ဖာသိဖာသာ အေးတိအေးစက်နှင့် လောကကြီးကို အမြင်ကတ်စွာ ရင်ဆိုင်ရင်း ကြီးပြင်းခဲ့သည်မှာ အသက်ပင် (၂၃)နှစ်ထဲသို့ ချဉ်းနင်းဝင်ရောက်လာလေပြီ။

"ဖိုးခွား"

"ဗျာ. . . အပါး"

"အဲလာက လိုက်လာချင်တာလား၊ မင်းက ခေါ်ခဲ့တာလား"

"အန်တီကလည်း လိုက်ချင်တယ်၊ ကျွန်တော်ကလည်း ခေါ်ချင်တာမို့ လိုက်လာဖြစ်ကြမှာပါ၊ ဒါထက် အပါး. . ."

"ဟေ. . . ပြော"

"အပါးမှာ သိမ်းထားတဲ့ပုလဲတွေ ရှိသေးလား"

"ဘာလုပ်မလို့ မေးတာလဲ"

"ကျွန်တော် အနည်းငယ် လိုချင်တယ်"

စောမိုးလျှံ ပြောမယ့်သာ အရဲစွန့်ပြီး ပြောလိုက်ရသည်။ မျက်နှာပြင်တော့ မီးဟပ်ခံလိုက်ရသည်။ လပ်ကို လက်ဆောင်ပေးချင်သည်ကိုး။

"မင်း မိန်းကလေးသူငယ်ချင်း ရနေပြီလား"

"ဟုတ်တယ် အပါး"

"ဟင်"





အပါး အံ့အားသင့်သွားပုံရလေသည်။

စောမိုးလျှံ ငေးကျနပ်သွားသည်။

အပါးနှုတ်က သူနဲ့ ပတ်သက်ပြီး ချစ်ခင်ယုယမှုကို မထုတ်ဖော်သော်လည်း အပါးရင်ထဲ၌ သူသည် အမြဲရှိနေပုံရသည်။

"အပါး. ."

"ဟေ. ."

"သူ့ကိုပါ ကျွန်တော်ခေါ်လာခဲ့မယ်"

"ခေါ်တာ မခေါ်တာထက် မင်းရဲ့ဘဝမှန်ကို သူသိထားဖို့ လိုအပ်တယ်၊ မင်းပြောပြပြီးပြီလား"

စောမိုးလျှံ ရင်ထဲ နင့်ကနဲဖြစ်သွားသည်။

လူဆိုတာ မွေးဖွားလာကတည်းက သေဆုံးသည်အထိ လျှောက်လှမ်းရမည်။ ဒါ လူတစ်ယောက်ရဲ့ဘဝဖြစ်သည်။

ဒီရိုးစင်းသော လူ့ဘဝကို ကောင်းကင်ဘုံက ဘာလို့များ အရောင်ခြယ်မှုန်းပေးရတာလဲ။

"မိုးလျှံ. . . ဖိုးခွား"

"ဗျာ. ."

"မင်း ဘာမှမပြောရသေးဘူး မဟုတ်လား"

စောမိုးလျှံစိတ်ထဲ အလိုအလျှောက် ဒေါသအိုး ပေါက်ကွဲလာသည်။

"ဘာဖြစ်လို့ ပြောရမှာလဲ အပါး၊ သူက ကျွန်တော့်ရည်းစားမှ မဟုတ်သေးတာ. . . သူငယ်ချင်းပဲ"

"ဘာရယ်. ."

ဒီတစ်ခါ အံ့အားသင့်သွားရသူက အပါးဖြစ်သွားပုံ



www.burmeseclassic.com

www.burmeseclassic.com



ရသည်။ ရိုးစင်းသောအပါးအတွက် သူစိမ်းယောကျ်ားနဲ့မိန်းမ ချစ်ခင်ရင်းနှီးစွာ တွဲသွားတွဲလာ လုပ်သည်ဆိုသည်နှင့် ချစ်သူစုံတွဲလို့ သတ်မှတ်လိုက်ပုံရသည်။

"အပါးရာ. . . ဒါတွေ အပါးဆီ ရောက်မှ အပါး မေးချင်ရာ မေးတော့၊ ကျွန်တော်ပြောချင်တာက ကျွန်တော်နဲ့အတူ ညည့်သည်သုံးယောက် ပါမယ်၊ တစ်ညအိပ်မယ်၊ အပါးကိုယ်တိုင် ရှိနေပြီး ဧည့်ခံပေးပါ၊ ဒါပါပဲ အပါး. . . ဘိုင့်ဘိုင်"

စောမိုးလျှံ တယ်လီဖုန်း ချလိုက်လေသည်။

အပါးနှင့် ပတ်သက်လေတိုင်း သူ့ရင်ထဲ ဘဝင်မကျ ဖြစ်ခဲ့ရသည်က များလေသည်။

အပါးသည် သူ့ဘဝကို သူတစ်သက်တစ်ကျွန်း ထားသလို နေထိုင်သည်။

ဒီကျွန်းသူငယ်လေးပေါ်မှာ အထီးကျန်စွာ နေထိုင်ရင်း သူ၏နောက်ဆုံးခရီးအထိ ဖြတ်သန်းသွားတော့မှာလား။

ကောင်းကင်ဘုံကို မရောက်မချင်း နှစ်ပေါင်းများစွာကို အပါးတစ်ကိုယ်တည်း ငြီးငွေ့စွာ ဖြတ်သန်းနေခြင်းကို သူခွင့်မပြုချင်။

သို့သော် ခက်နေသည်က. . .

အပါးသည် အဖေဖြစ်နေပြီး သူက သားဖြစ်နေခြင်းကြောင့်ဖြစ်သည်။

သားသမီးသည် မိဘ ဘာလုပ်လုပ် အကောင်းအဆိုးနဲ့ ပတ်သက်ပြီး ခံပြော အငြင်းပွားနေလို့မရ။

မှားတာကိုတော့ မှားပါသည်ဟု ယဉ်ယဉ်ကျေးကျေးလေး





စကားအဖြစ် ပြောပြ၊ တင်ပြပိုင်ခွင့်တော့ ရှိသည်။

လမ်းညွှန်ခွင့် အမိန့်ပေးခွင့်မရှိ၊ အဖေထက် သားတစ်လကြီးနေလို့မရ။ စောမိုးလျှံ ပင့်သက်မော ရှိုက်လိုက်သည်။

အပါး သူ့ကိုယ်သူ အကျဉ်းချထားသောဘဝ၏အကြောင်းအရင်းကတော့ ရှိကိုရှိလိမ့်မည်၊ အဲဒါ ဘာလဲဆိုတာ ဦးဒီးကိုလည်း ဘာမှမေး၍မရ။

အန်တီအဲလာက မိန်းမသားဖြစ်တော့ ပါးစပ်ဖွာမလားအောင်းမေ့သည်။ သူတစ်ပါး အတွင်းရေးဆိုလျှင် အန်တီအဲလာပါးစပ်က သံမဏိသော့ခတ်ထားသည့်အလားပင်။

ဘာပဲဖြစ်ဖြစ် ဒီတစ်ခါ အပါးဆီသို့ ရောက်လျှင်တော့ အမြတ်တင်အောင် တစ်ခုခုတော့ ကြိုးစားရမည်ဟု. . .။

"ဘုရားသခင် ကောင်းချီးပေးပါစေ. . . အာမင်"


စောမိုးလျှံ ကောင်းကင်ဘုံသို့ မော့ကြည့်ကာ ဆုတောင်းလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၂)

“အားပါး. . . သာယာလိုက်တာ မိုးရယ်၊ ဒီဒေသမှာ တာဝန်ကျတာ ဒီလိုသာယာလှပတဲ့ ရှုခင်းလေးတွေ မြင်ရခွင့် ခံစားခွင့်ရတာနဲ့တင် လာရကျိုးနပ်ပါပြီ၊ ကျေးဇူးတကယ်တင်ပါတယ် မိုး. . ရဲ. . ရဲ”

အသက်အရွယ်က အစိတ်သာသာ။ ကလေးစိတ်က မပျောက်တပျောက်မို့ လက်ချောင်းလေးများ ယှက်ပြီး မေးစေ့နား ကပ်ကာ အပြုံးချိုမြမြလေးနှင့် တရုတ်ကားထဲကလို ‘ရဲရဲ’ လုပ်လိုက်သေး။

အသည်းယားစရာကောင်းတဲ့ မိန်းမချောလေး။





ရင်းနှီးစွာ မြင်ဖူးခဲ့ဖူးသလိုလို အပြုံးကြောင့် စောမိုးလျှံရင်တွင် ဇလပ်ကိုကို,ကို ပိုမိုတွယ်တာချစ်ခင်မိခြင်းဖြစ်သည်။

“ငါတို့ကတော့ မိုးလျှံကို ကျေးဇူးမတင်ဘူး၊ ဒေါက်တာဇလပ်ကိုပဲ ကျေးဇူးတင်တယ်၊ ဟုတ်တယ်ဟုတ် သီတာ”

ရိုးသားသော သီတာက မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ဘာကို ဆိုလိုမှန်း မသိ၍ ဒေါ်နော်အဲလာကို ပြန်ငေးကြည့်နေသည်။

ဒေါ်နော်အဲလာက. . .

“တို့များချည်းပဲဆို ဒီကျွန်းကို ရောက်ဖို့ဆိုတာ ဝေလာဝေး၊ ခု ဒေါက်တာဇလပ်ကြောင့် ရောက်ရတာဆိုတော့ တို့များလည်း အဲ့ဒီ လုပ်စရာရှိရင် ဒေါက်တာဇလပ်ကိုပဲ လုပ်ရမှာ မဟုတ်ဘူးလား”

“ဟုတ်ပ့ါ မာမီရယ်၊ ကျွန်မလည်း ခုမှ သဘောပေါက်တယ်”

ထိုအခါမှ သူနာပြုဆရာမလေး မသီတာက သဘောပေါက်သွားပြီး ပြုံးလိုက်လေသည်။

ဒေါ်နော်အဲလာက မိဘမဲ့ကျောင်း၌ ကြီးပြင်းလာပြီး အထက်တန်း သူနာပြု ဖြစ်လာခဲ့ရသည်။ ထို့ကြောင့် သူ၏ဂျူတီချိန်မှအပ ကျန်အချိန်များကို အပိုဝင်ငွေ ရသော Home Case များ လိုက်ခြင်းမှအပ သူတို့ ခရစ်ယာန် နှစ်ခြင်းအသင်းတော်၏ မိဘမဲ့ကလေးများကို ပြုစုပျိုးထောင်ပေးခြင်းနှင့် အချိန်ကုန်ဆုံးခဲ့သည်။ ထိုထဲတွင် မသီတာလည်း တစ်ယောက်အပါအဝင်ဖြစ်ပြီး နှစ်ဖြစ်လာခဲ့သည်။ မသီတာကတော့ ထိုစိန့်မေရီဘုရားကျောင်းက သာသနာပြု မိဘမဲ့ ဂေဟာလေးမှာပင် နေထိုင်နေဆဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီနေ့တော့ အန်တီအဲလာက တမင်ခေါ်ခဲ့ခြင်းဖြစ်သည်။

မသီတာနှင့် စောမိုးလျှံက အလယ်တန်းကျောင်းအထိ ကျောင်းနေဘက် သူငယ်ချင်းဖြစ်သည်။ မိန်းကလေးတွေနှင့် ရင်းရင်းနှီးနှီး မဆက်ဆံတတ်သော စောမိုးလျှံအတွက်ကတော့ မသီတာကို အတန်းဖော် ကျောင်းနေဖက် သူငယ်ချင်းအဖြစ်ထက် ထူးထူးခြားခြား ပိုလွန်သော ရင်းနှီးမှု မရှိပါချေ။

"မိုးရေ. . . ရေအောက်ကမ္ဘာ ကြည့်လို့ရမလားဟင်"

"ရေငုပ်ရဲလို့လား. . . ရေငုပ်ဝတ်စုံတော့ ရှိတယ်၊ မှန်လုံနဲ့ ရေငုပ်သင်္ဘောတော့ မရှိဘူး"

"ဟင်. . . မငုပ်ရဲပါဘူး၊ မီးမှ ရေမကူးတတ်တာ"

ဇလပ်ကိုကိုက ကြောက်ရွံ့ဟန်ဖြင့် ပခုံးလေး တွန့်ကာ ပြောလိုက်လေသည်။

"တို့များတော့ ရေငုပ်တတ်တယ်ဟေ့၊ ကျွန်းရောက်ပြီးမှ မိုးလျှံအပါးရဲ့ ပုလဲမွေးမြူထားတဲ့နေရာမှာ သွားငုပ်ပြီး မုတ်ကောင်တွေ ခိုးယူမယ်"

"ခိုးမယူရပါဘူးဗျာ. . . အပါးက လက်ဆောင်ပေးမှာပါ"

"နင့်အပါးလား. . . ဟင်း. . . မိတ်ကောင်း ဆွေကောင်းတွေကို တန်ဖိုးထားဖို့ မေ့လျော့နေတာ၊ သူ့ဘဝတစ်သက်တာမှာ တစ်ယောက်တည်းကိုသာ တန်ဖိုးထားပြီး နှလုံးသားကိုပါ မြှုပ်နှံစတေးပစ်ထားတဲ့လူလေ"

စောမိုးလျှံ ရုတ်တရက် ရင်ထဲ နင့်ကနဲ ခံစားလိုက်ရသည်။

အပါးနှင့် ပတ်သက်ပြီး သူ့ရင်ထဲ ဘယ်သောအခါမှ မရှင်းလင်းခဲ့။ နှလုံးသားအိမ်ကို တိမ်ညိုမြူခိုးတိုက်တွေ ဖုံးအုပ်ထားသလို





အမြဲတမ်း ခံစားနေသည်။

ဒါတွေအားလုံး ပတ်ဝန်းကျင်၏တစ်ယောက်စ နှစ်ယောက်စ စကားအမျိုးမျိုးထက် အပါးနှုတ်မှ ဖွင့်အံလာမည့်စကားကို သူ ငံ့လင့်ခဲ့သည်မှာ သူ သိတတ်သူအရွယ်မှစ၍ ယနေ့အထိပင်။

သို့သော် အပါး၏နှလုံးသားသည် သံမဏိသံခဲနှင့် တည်ဆောက်ထားသလိုဖြစ်ပြီး မျက်နှာပြင်ပေါ်သို့ ထင်ဟပ်လာသော ပုံရိပ်သည်လည်း အရယ်အပြုံးမရှိ တည်တည်ကြီးဖြစ်ခဲ့လေသည်။

ပတ်ဝန်းကျင်ရှိ လူများနှင့် အဆက်အသွယ် မလုပ်ချင်သော ဖခင်အတွက် သူသည် ယခုလို ဧည့်သည်တွေ ခေါ်သွားခြင်းကို ဘာပြောဦးမည်မသိ။

ရှောင်များ ရှောင်ပုန်းနေဦးမည်လား။ ဦးဒီးကိုတော့ ဧည့်သည်တွေ ပါလာမည့်အကြောင်း ဖုန်းမဆက်ဖို့ ပြောထားသည်။

ဦးဒီးက ကတိပေးပါသည်။

သူ့ကျေးဇူးရှင်ဖြစ်သော အပါးကို လူတောသူတောထဲ တိုးဝင်ပြီး လူရာဝင်စေချင်သည့်ဆန္ဒ ဦးဒီးမှာ ရှိနေသည်။

"ဦးဒီးကတော့ လူလေး လာမယ့်အကြောင်း ဖုန်းစမဆက်ဘူး၊ စိတ်ချ. . . ဖုန်းပျက်နေသလို လုပ်နေလိုက်မယ်"

ဟု ကတိပေးထားသည်မို့ စောမိုးလျှံ စိတ်ချနေသည်။

"ဟိုမှာ မြင်ရတဲ့ စိမ်းညို့ညို့ကျွန်းဟာ ကျွန်းသူငယ်ပဲ"

"ဟင်. . . ကျောက်ဆောင်တွေနဲ့ပါလား"

"ဟုတ်တယ်. . . ကျောက်ဆောင်၊ ကျောက်ဂူ၊ ကျောက်ဆွယ်၊ ကျောက်မောင်းတွေကြားမှာ ငှက်သိုက်တွေ ရှိတယ်၊ အဲဒီငှက်သိုက်တွေဟာ ကျွန်တော်တို့အတွက် ရတနာသိုက်ပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဇီဝဖိုးငှက်ကလေးတွေရဲ့အံဖတ်နဲ့ တည်ဆောက်ထားတဲ့ အသိုက်အမြုံလေးကို ဖျက်ဆီးပြီး စီးပွားရေး လုပ်တာပေါ့နော်"

ဇလပ်ကိုကိုက သူကြားဖူးသော ဇီဝဖိုးငှက်ကလေး၏ သမိုင်းကြောင်းအရ ဖွင့်ဟလိုက်သည်။ သူ့မေးခွန်းက အငေါ်တူး သလိုများဖြစ်သွားပြီလား။ အားနာသွားသည်။ သို့သော် စကားက တော့ ကျွံသွားလေပြီမို့ ပြန်ရုပ်သိမ်း၍မရတော့။ အားနာသော မျက်ဝန်းနှင့် စောမိုးလျှံကို လှမ်းကြည့်ပြီး ပြုံးပြလိုက်သည်။

စောမိုးလျှံက စိတ်မဆိုးသည့်အပြင်. . .

"ပင်လယ်ပြင် လုပ်သား ဆင်းရဲသားတွေလည်း ဝမ်းရေး အတွက် ငှက်သိုက်ကို သေတွင်းနှုတ်ခမ်းဝ ချောက်ကမ်းပါးတွေမှာ စွန့်စွန့်စားစားနဲ့ ရှာဖွေစားသောက်ရတာပါဗျာ၊ လူနဲ့တိရစ္ဆာန် အသက်ချင်း အတူတူဆို ဘယ်သူ့ကို စတေးခံမလဲ"

ဆရာဝန်ပေါက်စဖြစ်သော ဒေါက်တာဇလပ်ကိုကို နား လည်သဘောပေါက်သွားလေပြီ။ သူတို့ ဆေးကျောင်းသူဘဝကနေ ဆရာဝန်ဖြစ်ဖို့အတွက် စမ်းသပ်မှုတွေကို တိရစ္ဆာန်အသက်တို့နှင့် စတေးခဲ့ရသည် မဟုတ်လား။

"ဆောရီး. . ဆောရီး. . မိုး. . ကျွန်မ စကားလောပြီး ပြောမိသွားတယ်၊ ရေလုပ်သား၊ ရေငုပ်သမား၊ ငှက်သိုက်ရှာသမား တွေရဲ့ဘဝမှာ သူတို့ ရှာဖွေလာတဲ့ပစ္စည်းကို လက်ခံပေးမယ့် ဝယ်ယူပေးနိုင်တဲ့ စီးပွားရေးလုပ်ငန်းရှင်တွေရဲ့ အခန်းကဏ္ဍက လည်း မရှိမဖြစ် လိုအပ်တာပဲ၊ လူသားတွေရဲ့ဝမ်းစာအတွက် သဘာဝကိုက ဖန်တီးပေးထားတာပဲ၊ ဆောရီးနော် မိုး"

"ဟာ. . . ရပါတယ်ဗျာ၊ ကျွန်တော်က ဘာပြောနေလို့လဲ





လပ်ရာ၊ တောင်းပန်စရာ မလိုပါဘူးဗျာ"

သိပ်သဘောကောင်းလွန်းသော စောမိုးလျှံကို စတွေ့ ကတည်းက ခင်မင်သွားခဲ့သည်မှာ ဘယ်ရေစက်မသိ။ ခုလို သဘောကောင်းသောအပြုံးလေးနှင့် ပြောလာပြန်တော့လည်း ပိုပြီး ပင် စိတ်ထဲ ချစ်ခင်စိတ်တို့က တိုး၍တိုး၍လာချေပြီ။

"မိုးက ခွင့်လွှတ်ပေမယ့် ညော့သည်က အိမ်ရှင်ကို စော် ကားသလိုမျိုး ဖြစ်သွားတာမို့ လပ် တောင်းပန်တယ်နော်"

"မဟုတ်တာဗျာ. . . လပ်ပြောတာလည်း မှန်နေတာပဲ"

"ကဲပါ. . . တစ်ယောက်နဲ့တစ်ယောက် တောင်းပန်လို့ ပြီးတော့မလား၊ ကမ်းတောင် ကပ်လာပြီ. . . တော်ကြတော့"

ဒေါ်နော်အဲလာက ကြားဝင် ဟန့်တားလိုက်သည်။ ထိုအခါမှ သူတို့စက်လှေသည် ကျွန်းသူငယ်သို့ တရွေ့ရွေ့နှင့် ချဉ်းကပ်လာသည်ကို တွေ့လိုက်ရလေသည်။

"တကယ်သာယာတာပဲ. . . လူသူအရောက်အပေါက် လည်း နည်းတယ်နော်"

"အင်း. . . အပါးနဲ့ သူ့ဝန်ထမ်းတွေ ဆလုံတွေတော့ ရှိကြ ပါတယ်၊ ကျွန်းမှာ အနည်းဆုံး လူနေအိမ်ခြေ အစိတ်လောက်တော့ ရှိတယ်၊ အဲဒီမိသားစုတွေရဲ့စားဝတ်နေရေးကို အစိုးက တာဝန်ယူ ထားတာကတော့ အပါးပဲ၊ သူတို့ ပေးလာတဲ့ ပုလဲ၊ ငှက်သိုက်၊ သားငါးဟူသမျှကို အပါးက ဒိုင်ခံဝယ်ယူပြီး မြို့ကို စက်လှေနဲ့ တင်ပို့ရောင်းချပေးတယ်၊ အအေးခန်းလည်း မီးစက်တနိုင်နဲ့ ဆောက်ပေးထားသလို ဆလုံရွာကလေးကိုလည်း မီးပေးတယ်လေ"

သူ့အပါးအကြောင်း ပြောပြနေသော စောမိုးလျှံ၏မျက်



www.burmeseclassic.com

www.burmeseclassic.com



ဝန်း၌ ဂုဏ်ယူရွှင်ပျနေသော အကြည့်ဓါတ်ကို ဒေါက်တာဇလပ်ကိုကို သတိပြုမိလိုက်သည်။

သို့သော်. . .

"ဒါပေမယ့် နိစ္စဓူဝ ဒီကျွန်းမှာချည်းပဲ သံသရာလည်နေမယ်ဆို ပျင်းစရာမကောင်းဘူးလား၊ မိုးရဲ့အမိုး ရှိလို့လား"

ဒေါက်တာဇလပ်ကိုကို၏စကားကြောင့် ရုတ်တရက်ဆိုသလို စောမိုးလျှံ၏အကြည့်ဓါတ်တို့ကို တိမ်ညိုတိမ်မည်း အုံ့မှိုင်းလိုက်သကဲ့သို့ဖြစ်သွားလေသည်။

မျက်ဝန်းရိပ်တို့ ကြေကွဲမှိုးရိပ်ဆင်သွားလေပြီ။ ရုတ်တရက်အဖြေကို မပေးနိုင်အောင် မွန်းကြပ်သွားပုံရသည်။

ဇလပ်ကိုကို သူ့ပါးစပ်သူ ပိတ်ရိုက်ပစ်ချင်စိတ်ပင် ပေါက်သွားရသည်။

ခဏခဏ ဆောရီးဟု တောင်းပန်ရတာလည်း မကောင်း။

အခြေအနေကို ထပ်မံထိန်းလိုက်သူက ဒေါ်နော်အဲလာပင်။

"ဒေါက်တာကလည်း. . . မိုးလျှံအမိုးက မိုးလျှံကို မွေးမွေးပြီး ဆုံးသွားတာလေ"

"ဩော်. . . ဟုတ်လား၊ စိတ်မကောင်းပါဘူး၊ ဒီနေ့တော့မိုးကို ဇလပ် ခဏခဏ တောင်းပန်ရမှာ ဖြစ်နေပြီ၊ ခွင့်လွှတ်ပေးပေတော့ မိုးရေ၊ ဟော. . . ကမ်းကပ်ပြီလား"

"အင်း. . . ရေထဲတော့ နည်းနည်းဖြတ်ရလိမ့်မယ်၊ သဲသောင်နဲ့ စက်လှေဝမ်းဗိုက် ထိနေပြီ"

"ဘုရားရေ"





စောမိုးလျှံ စကားအဆုံး ဇလပ်ကိုကို ဘုရားတလိုက်သည်။ သူသည် ရေကြောက်သူဖြစ်သည်။ မျက်နှာရှုံ့တွသွားပြီး. .

"ပေါင်လယ်လောက်များ ရှိမလားဟင်"

"အရပ်ပုသူအတွက်တော့ ရှိနိုင်တယ်"

"ဗုဒ္ဓေါ"

နောက်ထပ် ဘုရားတ,လိုက်ပြန်သည်။ မျက်လုံးပြူး မျက်ဆန်ပြူးလေးဖြစ်သွားသော ဇလပ်ကိုကို့ကို စောမိုးလျှံ သဘောကျစွာ ကြည့်လိုက်မိသည်။

တော်တော်လေးကို ကလေးဆန်ပြီး ချစ်စရာကောင်းနေသည်။ သူ့ထက် အသက်ကြီးသော်လည်း ညီမလေးတစ်ယောက်လိုသာ ထိပ်ပုတ်လိုက်ချင်ပါဘိဟု စောမိုးလျှံ တွေးရင်း ပြုံးကြည့်နေမိသည်။

"တို့များတော့ သွားနှင့်ပြီ၊ ဖိုးခွား. . . နင့်ဧည့်သည်ပြဿနာ နင်ပဲ ကြည့်ရှင်းတော့"

ပြောပြောဆိုဆို ဒေါ်နော်အဲလာနှင့် မသီတာတို့က ရေထဲ "ဒိ. . ဗွ. . ဗွ" နှင့် ခပ်သွက်သွက်ကလေး ထွက်ခွာသွားကြလေသည်။ တမင် သူတို့ကို ထားခဲ့ခြင်းဖြစ်သည်။

ဆီးရွက်သာသာ မျက်နှာလေးနှင့် ကျန်ရစ်ရာမှ စောမိုးလျှံကို မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ် လုပ်ကာ မျက်စိသူငယ်နားသူငယ်ဟန်လေးနှင့် ကြည့်ရင်း. . .

"ရေထဲမှာ မြွေရှိသလားဟင်"

"ရှိတာပေါ့. . . ပင်လယ်မြွေတို့ ဂျပ်မြွေတို့ ရေဘဝဲတို့. . အားပါး. . . အကောင်ပလောင်တွေ စုံမှစုံပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်. . . အင်"

ဟင်ဟူသော အာမေဋိတ်သံကို သံရှည်လေး ဆွဲကာ ညည်းညူရင်း ငိုမဲ့မဲ့ဖြစ်သွားသော ဇလပ်ကိုကို့ကို သူ ဆက်မစရက် တော့ဘဲ စက်လှေပေါ်မှ ခုန်ဆင်းပြီး ကျောကုန်းပေးကာ. . .

"ကျွန်တော့်ကျောပေါ်တက်. . . ကုန်းပိုးမယ်"

ဒီကောင်လေးက သူ့ထက် ငယ်ပေမယ့် ခန္ဓာကိုယ်ထ ကျွဲပေါက်တစ်ကောင်လို သန်မာထွားကျိုင်းသည်။ အရပ်ကလည်း မြင့်သည်မို့ ပေါင်ချိန်(၁၀၀)ထက် မပိုသော သူ့ကိုယ်အလေးချိန် လောက်တော့ ဘာမှမဖြစ်လောက်ပါဘူးဟု သဘောထားကာ. . .

"တကယ်နော်. . . တို့ အားမနာတော့ဘူး"

"တကယ်ပါ. . . အားမနာပါနဲ့"

အရပ်မြင့်သောကောင်လေး စောမိုးလျှံအတွက်က ပင် လယ်ရေက ဒူးဆစ်လောက်ပဲ ရောက်သည်။ သူ့အတွက်ကတော့ ပေါင်လယ်ပေါ့။

အို. . . ကိုယ့်မောင်လေးလို့ သဘောထားကာ စောမိုးလျှံ ကျောကုန်းကို တက်ခွလိုက်သည်။ ဂျူတီချိန်မှအပ ကျန်အချိန်တွင် ဂျင်းဘောင်းဘီသာ ဝတ်တတ်သော ဇလပ်ကိုကိုအတွက် ခုတော့ အနေတော်ဖြစ်သွားလေပြီ။

ရှက်သလိုလို ရှိပေမယ့် ရေကြောက်သော အကြောက်ထ လွှမ်းမိုးနေတော့ ရှက်ရယ်ကလေး ရယ်ကာ. .

"အဟင်း. . ဟင်း. . ကိုရိုးယား ကားတွေထဲကလိုပေါ့နော် အဟော့်"

ကောင်လေးက ရယ်ကာ စိတ်ထဲမှာ အလိုလို ကျေနပ်





လေသည်။

ဇလပ်ကိုကို၏အပျော်တွေက သူ့ကို ကူးစက်လေပြီထင့်။

တော်တော်လေးကို ကလေးဆန်ပြီး ချစ်စရာလည်း ကောင်း၊ အသည်းယားစရာလည်း ကောင်းတဲ့ ဆရာဝန်မလေး။

"အဟင်းဟင်း. . . ကျွန်တော် ရေထဲ ပစ်ချလိုက်မှာ မကြောက်ဘူးလား"

"အိုး. . . ပစ်ချရဲ ပစ်ချကြည့်၊ မင်းလည်ပင်း ပြတ်ထွက် သွားအောင် ညှစ်ထည့်လိုက်မယ်"

ဟု ပြောပြောဆိုဆို ဆင်နှာမောင်းသဖွယ် လက်ကလေး နှင့် သူ့လည်ကို ဖွဖွရစ်ပတ်လိုက်သောအခါ. . .

"ဟိုး. . ဟိုး. . ကုန်းပိုးခက ဒါလားဗျာ"

"မင်းက အိမ်ရှင်ပဲ၊ ဧည့်သည်အပေါ် ဧည့်ဝတ်ကျေရမှာ ပေါ့"

"အရှုံးပေးပါတယ် ခင်ဗျာ၊ ဘာမှမပြောတော့ပါဘူး"

"ဒီလို လိမ္မာမှပေါ့ မောင်လေးရယ်"


ရယ်ရယ်မောမောနှင့် ကမ်းစပ်ပင်လယ်လှိုင်းများကို ဖြတ် ကျော်လာစဉ်. . .



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၃)

ကျွန်းတစ်ကျွန်းလုံး၌ စက်လှေ ကပ်ရအလွယ်ကူဆုံးသော ပင်လယ်ရေထဲ ကျောက်ဆောင်ကင်းသည့် ကမ်းနားကို စက်လှေ များ ကပ်နိုင်သော ဆိပ်ကမ်းအဖြစ် သတ်မှတ်ထားလိုက်သည်။

ဂိတ်ရုံလေးနှင့် လှေထိုးသား ပွဲနင်းကြီးတို့ ကုန်သည်ရေ ရောင်း ဈေးဝယ်ခရီးသည်တို့ နားနေနိုင်ရန် နားနေဆောင်လေး လည်း သစ်ရိပ်အောက်၌ သူဆောက်ထားပေးသည်။

ဒီနေ့စောစော သူ မြိုင်ချောင်းသို့ရောက်နေပြီဖြစ်သော သားတော်မောင်ကို အထူးတလည် သတိရမိသည်။

ဒီကောင့် 'ဇ' ကလည်း မသေး။





အဖေတူသားမို့ မာနက တခွဲသားပင်။

အဖေဆီကို ကိစ္စရှိမှ ဖုန်းဆက်သည်။ 'မကိုခင်မှ ဥကိုခင်' စကားကဲ့သို့ သူကလည်း သားအပေါ် ရင်ထဲမှ ဖခင်တစ်ယောက်၏ မေတ္တာဓါတ်က အပြည့်အဝ ရှိပေမယ့် နှုတ်ထွက်စကားတို့ကတော့ ချစ်ခြင်း၊ ကြင်နာခြင်းတို့ မစွက်ဖက်သကဲ့သို့ ပရောပရီလည်း လုပ် မနေ။

သားနှင့်သူသည် သူစိမ်းပြင်ပြင်လိုဖြစ်ခဲ့သည်။

ဒီနေ့တော့ သားကို သတိရလွန်းသဖြင့် အစောကြီး မြိုင် ချောင်းသို့ ဖုန်းလှမ်းဆက်လိုက်သည်။ ကမ်းရိုးတန်းသုံးဖုန်း (CDMA- 450) ဖုန်းလေးနှင့် လှမ်းခေါ်လိုက်သည်။

ဦးဒီးက သားတော်မောင် မရှိ အဖေရှိရာသို့ ထွက်လာ သည်ဟု သိလိုက်ရတော့ သူပျော်သွားခဲ့သည်။

အဖေကို သတိရလို့ လာတာပဲဖြစ်မည်။

ယောကျ်ားလေးတွေဆိုတာ ရင်ထဲက ခံစားချက်ကို ဖော် ထုတ်တာပဲ ရှိမည်။ စိတ်သွားတိုင်း ကိုယ်ပါနိုင်သည့် အနေအထား ဆိုတော့ သားတော်မောင် သူ့ထံသို့ ထွက်လာသည်ပေါ့။

ဘယ်လိုကြောင့်ပဲ ရသည့်သား ဖြစ်ပါစေ။ သွေးဟာ သွေး ပေပဲပေါ့။

သားကို သူချစ်သည်။

ဒါပေမယ့် တစ်ခါမှ သားကို ဖေဖေချစ်ပါတယ်ဟု ထုတ် ဖော်မပြောပြခဲ့။

ယခုတော့ ကြည့်စမ်း။

"လား. . လား. . ငါ့သားမှ ဟုတ်ရဲ့လား" ဟု။



www.burmeseclassic.com

www.burmeseclassic.com



သူ သံသယမျက်ဝန်းနှင့် မမှိတ်မသုံ စိုက်ကြည့်နေမိသည်။

ကောင်မလေးတစ်ယောက်ကို ကုန်းပိုးပြီး လာတာ သူ့ရဲ့ ရင်နှစ်သည်းချာ သားလှရတနာပါ။

ရှေ့က ဦးဒီးနှမဝမ်းကွဲ နော်အဲလာနှင့် မိန်းမငယ်တစ်ယောက်။

နောက်မှာ သူတို့။

ရယ်ရယ်မောမောနှင့် တစ်လောကလုံးကို မေ့လျော့နေပုံရသည့် သားတော်မောင်တို့အတွဲကို ငေးကြည့်ရင်း သူ့ရင်တို့ တလှပ်လှပ် ခုန်လာသည်။

သားက ကောင်မလေးကို ကုန်းပိုးသည်။

သူလည်း အတိတ်က တစ်ချိန်တုန်းက အမြတ်နိုးဆုံး ကောင်မလေးကို ရင်ထဲ စွေ့ကနဲ ပွေ့ချီခဲ့ဖူးသည်။

"ဒုတ်. . ဒုတ်. . ဒုတ်"

"တောက်"

ချစ်ခြင်း၊ တမ်းတခြင်း၊ လွမ်းမောခြင်းတို့၏အောက်၌ သူ့နှလုံးသားက အမြဲတစေ ဝပ်စင်းခယနေပါလား၊

ကိုယ့်နှလုံး ရင်ခုန်သံရိုင်း မြန်ဆန်လာမှုနှင့်အတူ အသက်နှင့်ထပ်တူ မြတ်နိုးရသောမိန်းကလေးကို စက္ကန့်မလပ် သတိရနေသည့် သူ့ကိုယ်သူ အလွန်ဒေါသဖြစ်မိကာ တက်တစ်ချက် ခေါက်လိုက်မိသည်အထိဖြစ်သွားရသည်။

သားကို တွေ့နေရသည်ပဲ။ သားအကြောင်းပဲ တွေးနေပါလား၊ သူ့အတွေးအိမ်ထဲ. . .

ဘာကြောင့် ဆရာမူလေးကို ပြန်မြင်ရပြန်ပြီလဲ။





ဦးစောပြည့်ဝန်း ပင့်သက်ကြီးကို တလေးတပင် ချလိုက်မိလေသည်။

နောက် ဆိပ်ကမ်းဂိတ်ရုံလေးမှ ထွက်ကာ သားနှင့်အတူပါလာသော ဧည့်သည်တို့ကို ကြိုဆိုရန် သဲသောင်ပြင်ပေါ်သို့ ဆင်းဆက်ခဲ့လေတော့သည်။

"ဗိုလ်ကြီး. . အဲ. . ဆရာ၊ ကိုဒီး ဖုန်းဆက်လိုက်လို့လား"

နော်အဲလာက သူ့အား မြင်သည်နှင့် လှမ်းနှုတ်ဆက်လိုက်သည်။ သူက နှုတ်ခမ်းတွန့်ရုံ ပြုံးပြလိုက်ပြီး. . .

"ဆိုပါတော့"

ဟုသာ မယုတ်မလွန် ဖြေလိုက်သည်။

ဖုန်းကို ဘယ်သူစဆက်သည်ဆိုသည်တို့ကို ရှင်းပြနေစရာလည်း လိုမှလိုပဲ။ သူ ကျင်လည်ခဲ့ရသည့် စရိုက်အရ လိုရင်းတိုရှင်း ခပ်ပြတ်ပြတ်ပဲ ကောင်းပါတယ်။

သူ့မျက်ဝန်းအကြည့်က သားဆီသို့သာ ဆိုက်ရောက်နေသည်။

ရေလွှတ်ရာသို့ ရောက်တော့ မိန်းမငယ်လေးကို သားက အသာမှ ချပေးလိုက်သည်။

နောက် နှစ်ဦးသား သူတို့ရှိရာသို့ ပေါ့ပါးလွပ်လပ်စွာ ပြေးလာကြလေသည်။

သူ ရပ်တန့်ကာ ကြိုဆိုလိုက်သည်။ သူ့နည်းတူ သူ့အပေါ် အမြဲ ဂါရဝတရား ထားခဲ့သော နော်အဲလာကပါ နောက်ပါးမှာ ငြိမ်ငြိမ်ရှိ ရပ်လျက်ရှိသည်။

သူက မမေးတော့ နော်အဲလာကလည်း ဘာမှမပြောရပုံ



www.burmeseclassic.com

www.burmeseclassic.com



မရ။

သားနှင့်မိန်းကလေး သူ့အနားသို့ ရောက်လာသည်။

ရင်ဘတ်ကြီးက ဖားဖိုလို ဖောင်းလိုက်ပိန်လိုက် ဖြစ်နေသော လူပျို့ပေါက် သားကို စိုက်ကြည့်နေမိသည်။

သားမျက်နှာပြင်တွင် သူ တစ်ခါမှ မမြင်ခဲ့ဖူးသော အရိပ်အယောင်တွေ ယှက်ဖြာနေသည်။

ပျော်ရွှင်ကြည်နူးရိပ်များ။

"အ. . အပါး"

မောဟိုက်နေသည့်ကြားက သူ့ကို အာလုပ်သံကြီးနှင့် ခေါ်လိုက်သည်။

"အင်း. ."

"သူကလေ. . . ကျွန်တော့်သူငယ်ချင်းသစ်၊ မြိုင်ချောင်းဆေးရုံကို ရောက်လာတဲ့ ဆရာဝန်မလေး ဒေါက်တာဇလပ်ကိုကိုပါ"

"ဘာ. ."

စောပြည့်ဝန်း၏နားထဲ မိုးထစ်ချုန်းသံတစ်ခု အနီးကပ်ထိုးဖောက်ဝင်ရောက်သွားသလို ရှိလေသည်။

သူ့အသံကြောင့် မိန်းကလေးက လန့်ဖြန့်သွားပုံရသည်။

မျက်ဝန်းနက်နက်ကလေး အဝိုင်းသားနှင့် သူ့အား ကြည့်လိုက်သောအခါ. . .

"ဘုရားသခင်"

သူ့ရင်ထဲ ဘုရားတလိုက်မိပြန်သည်။

ဒီမျက်ဝန်းအကြည့်ကလည်း တူလွန်းလှသည်။

ပြီးတော့ နာမည်ကလည်း ဆင်တူဆိုတော့. .





သူ့ရင်ထဲ တလှပ်လှပ် ခုန်လာပြန်ပြီ။

"လပ်. . ဒါ ကျွန်တော့်အပါးလေး . ဦးစောပြည့်ဝန်းပါ"

"မိုးက မိုးအပါးနဲ့ တူတာပဲ၊ မီးကို မိုးလိုပဲ သားသမီးလို သဘောထားပေးပါနော်"

"က. . ကလေးမက မြိုင်ချောင်းကပဲလား"

"မဟုတ်ပါဘူး အပါး"

အပါးတဲ့လား။ ရဲတင်းတာလား၊ နွေးထွေးတာလား၊ သူ ဝေခွဲမရနေအား။

"ဒါဖြင့်. . . "

"ရန်ကုန်ဇာတိကပဲ၊ မီး မိဘတွေက အငြိမ်းစား စိုက်ပျိုးရေး ဦးစီးအရာရှိပဲ၊ ဒီမြိုင်ချောင်းမှာတောင် ဟိုးအရင်တုန်းက တာဝန်ကျဖူးတယ် ပြောတယ်"

မိကျောင်းမင်း၏သမီးတော်လေးက စကားပလ္လင် ခံနေသည်က ရှည်ရှည်ဝေးဝေး။

သူ့ရင်တွေက တဒုန်းဒုန်းနှင့် ငလျင်လှုပ်ခတ်နေလေပြီ။

"နာမည်တွေကကော. ."

"ဦးကိုကိုနဲ့ ဒေါ်လှနုပါ"

"ဟာ. . ."

စောပြည့်ဝန်းရင်ထဲလည်း သံမြည်ဟီးသွားသည်။

မိကျောင်းမင်းသမီးတော်က စကားမရပ်သေး။

"ပြီးတော့ မီး မမကြီးက နွယ်ချောင်းမှာ ရှိနေတယ်လေ၊ ဒါကြောင့် မီးက ဒီကို ပိုစတင် တမင်လိုက်လာတာ၊ မမကြီးကတော့ ဆရာဝန် မဟုတ်ဘူး၊ နွယ်ချောင်းအထက်တန်းကျောင်းရဲ့ ကျောင်း



www.burmeseclassic.com

www.burmeseclassic.com



အုပ်ဆရာမကြီး ဒေါ်ပိတောက်ကိုကိုပါ"

"ဟာ. . ."

ဒီတစ်ခါတော့ တက်သစ်စ နေရောင်ခြည်နုနုလေး၏ အောက်ဝယ် ဘာမှမဆိုင်ဘဲ မွန်းတည့်နေရောင် လောင်မြိုက်လိုက် သကဲ့သို့ ဖြစ်သွားပြီး စောပြည့်ဝန်း မိုက်ခနဲပင် မူးဝေသလို ဖြစ်သွားရသည်။

သူ့ရင်ထဲ ဒီလောက်ထိအောင် အချစ်စေတန်တို့က ကြီးစိုးရသလား။

"အပါး. . . ဘာဖြစ်လို့လဲ"

သားက သူ့၏လဲပြိုမတတ်ဖြစ်သွားမှုကြောင့် ရုတ်တရက် အနားရောက်ကာ လာတွဲလေသည်။

မိန်းကလေးကလည်း. . .

"အပါး. . . ဒါဆို ခဏနားလိုက်ပါဦးလား"

ယောက်ျားရင့်မာကြီး၊ နဂိုကတည်းက တောထဲမှာသာ ကျင်လည်ခဲ့သူ သူ့အတွက် အပရိကသော စိတ်ဝေဒနာလောက်ကို ဂရုမစိုက်အား။

"ရတယ်. . . ရတယ်၊ စောတင်ဝင်း. . . စောနောင်တို့ ဆိုင်ကယ်လ်နှစ်စီး ယူလာပေးစမ်း"

သားလက်ကို ဖယ်ချလိုက်ပြီး တပည့်များကို လှမ်းအမိန့် ပေးလိုက်သည်။

သူကိုယ်တိုင် တည်ငြိမ်မှုကို ရရှိစေရန် စိတ်နှလုံးကို ခေတ္တ ဆုံးမလိုက်သည်။

သို့သော်. . .





ဆရာမကြီးပိတောက်ကိုကို. . . နွယ်ချောင်း အ. ထ. က မှာတဲ့။

ရုတ်တရက် ချက်ချင်းပင် ပြေးကြည့်လိုက်ချင်သည်။

တမ်းတခဲ့ရသော မျှော်လင့်ခဲ့ရသောနေ့ရက်သို့ ရောက်ရှိလာခဲ့ပြီ။

နှောင်းမှ ရရှိလာသော ရက်တွေဖြစ်မည်။

ဘယ်လိုပဲဖြစ်ဖြစ် မျက်နှာလှလှကို တိတ်တခိုးလေး ခိုးတွေ့ရလျှင်ပဲ. . .။

"အပါး ရရဲ့လား၊ အပါးမျက်နှာတွေ နီရဲတွတ်နေတာပဲ၊ နေရောင်ရှာ တက်နေတာ ထင်တယ်၊ အပါးကိုယ်တိုင် ဆိုင်ကယ် မောင်းနိုင်ရဲ့ မိုး. . မောင်း၊ အပါးကို မိုးတင်စီး၊ လပ်က ကိုယ့်ဖာသာ ကိုယ် စီးမယ်"

ကလေးမလေးက ပိုင်စိုးပိုင်နင်း စီမံခန့်ခွဲနေပြန်သည်။ အာဂ ကလေးမ။

အစ်မကြီးက သိုးငယ်လေး ယုန်သူငယ်လေးလို အပြစ်အင်းစင်ခဲ့သလောက်. . .

ညီမလေးက ဆရာမကြီးလိုပါလား။

ရင်ထဲ အေးတစ်လှည့် နွေးတစ်လှည့်ဖြစ်သွားသည်။

မည်သို့ဆိုစေကာမူ မျှော်လင့်ချက်ရောင်ခြည်သန်းလာပြီမို့ သူ့တစ်ကိုယ်လုံး လျှပ်စစ်ဓါတ်စီးဝင်သလို အားအင်သစ်တစ်ရပ် ရနေပြီ။

"ရတယ် ဖိုးမှ ဖိုးခွား၊ မင်းတို့ လိုက်ခဲ့တော့၊ ငါသွားနှင့်ပြီ၊ ဧည့်သည်တွေအတွက် စားဖွယ်စီစဉ်ထားနှင့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု သူပြောရင်း ရှေ့မှ ဦးဆောင်ထွက်ခဲ့လေသည်။

ဖြစ်နိုင်လျှင် ခုချက်ချင်းပင် နွယ်ချောင်းသို့ ပြေးသွားချင်စမ်းပါဘိ။

သို့သော်. . .

သားနှင့်ဧည့်သည်တွေအတွက် အချိန်အနည်းငယ်တော့ သည်းခံစောင့်ဆိုင်းပေးလိုက်ဦးမည်။

ရင်ထဲမှာတော့ လှိုက်ဖိုရင်း မျှော်လင့်ဇောတွေ ကပ်နေလေပြီ။

သားသမီးတွေ ဘယ်နှစ်ယောက်လောက်များ ရနေပြီလဲ၊ အဘွားကြီးအိုပေါက်စလေးလိုများ ဖြစ်နေပြီလား၊ မျက်မှန်ကြီး တဝင်းဝင်း ဆံထုံးအက်အက်ကြီးနဲ့ ဣန္ဒြေတခွဲသားနဲ့ ဖြစ်နေလောက်ပြီ။


ဘယ်လိုပဲ ခန္ဓာကိုယ် ရုပ်အဆင်းသဏ္ဍာန်တွေ ဆုတ်ယုတ်ပျက်ယွင်းနေပါစေ။

ချစ်မြတ်နိုးခြင်း၏နောက်ကွယ်မှာ အလှတရားထက် မြတ်နိုးတွယ်တာ နှောင်ဖွဲ့မှုသံယောဇဉ်ကသာလျှင် အဓိကမို့ မျက်နှာလေးကို မြင်ခွင့်ရချင်စိတ်ကြောင့်သာ စိတ်လှုပ်ရှားခြင်းထ ကြီးစိုး၍နေလေပြီ။

စောပြည့်ဝန်း ဆိုင်ကယ်ကို အပြင်းနှင်ထွက်ခဲ့လိုက်လေသည်။







အခန်း(၂၄)

ဒေါ်ပိတောက်ကိုကို ညက အိပ်မက်ကြောင့် တရေးနိုး အိပ်မပျော်ခဲ့တော့ ညတာက ရှည်လျားလွန်းလှသည်။

ညဉ့်ဦးယံကို လွန်မြောက်ပြီး မိုးလင်းခါနီးမှ အိပ်ပျော်ခဲ့သည်မို့ အိပ်ယာထတော့ (၈)နာရီပင် ခွဲလုနေပြီ။

"ဟင်း. . ."

'စောစောအိပ်ထ ပြုကျင့်က တွင်းပကိုယ်ခန္ဓာ၊
ရောဂါခပ်သိမ်း ရှောင်ခွာတိမ်း၊
ကင်းငြိမ်း လွန်ချမ်းသာ'

ဟု ငယ်စဉ်ကတည်းက ဘိုးဘွားမိဘတို့ ကျင့်ပေးခဲ့သော



www.burmeseclassic.com

www.burmeseclassic.com



အကျင့်တို့က အခြေအနေကို လိုက်ပြီး ပြောင်းလွဲသွားခဲ့လေပြီ။

ညဥ့်နက်သန်းခေါင်ကျော် မိုးသောက်ယံအထိ အိပ်မပျော်သည့်အခါဆိုတော့လည်း . . .

မိုးသောက်ယံတေးကို သီဆိုတတ်သော ငှက်ငယ်တို့နှင့် လွှဲဖယ်ခဲ့ရလေပြီ။

မျက်နှာသစ် ကိုယ်လက်သန့်စင် ရေချိုးပြီး ကော်ဖီတစ်ခွက်အသောက် ပေါင်မုန့်တစ်ချပ်လောက်သာ စားပြီး ဘုရားရှိခိုးကာ အခန်းကို သော့ခတ်ထွက်ခဲ့သည်။

ဇလပ်ဆီ သွားဖို့ဖြစ်သည်။

ညက ဇလပ်ကို အိပ်မက်,မက်သည်။ နောက်နှောင်းအတိတ်က သူ့ကိုကော ဖြစ်သည်။

ဇလပ်ကို ပူပန်စိတ်က သူ့နှလုံးစိတ်ဝမ်းကို မအေးချမ်းနိုင်တော့ချေ။

ထို့ကြောင့် ဇလပ်ရှိရာ မြိုင်ချောင်းဆီသို့ ကားကို ကိုယ်တိုင်ပင် မောင်း၍ထွက်ခဲ့လေသည်။ နှစ်ပေါင်းအစိတ်ကျော် ကြာခဲ့ပြီဖြစ်၍ လမ်းပန်းဆက်သွယ်ရေးကော ခေတ်မှီအဆောက်အဦးသစ်များနှင့် အိမ်ခြေရာခြေများကအစ တိုးတက်ပြောင်းလဲလာခဲ့သည်။

မည်သို့ပဲပြောင်းလဲသည်ဆိုစေဦးတော့ သူ့အာရုံထဲဝယ် အတိတ်၏ပုံရိပ်များက လွှမ်းမိုးဆဲဖြစ်သည်။

ပင့်သက်မောကို ရှိုက်လိုက်မိသည်။

ရင်ထဲ စူးနစ်ဝင်နေသော ဆူးတစ်ချောင်းကို ဘယ်သောအခါမှ နှုတ်ပစ်၍ရလိမ့်မည်မထင်။





ဒေါ်ပိတောက်ကိုကို မြိုင်ချောင်းသို့ ရောက်လာခဲ့ပြီ၊ ဆေးရုံဝင်းအတွင်း ဝင်လိုက်သည်နှင့် ဇလပ်နေထိုင်ရာ ဝန်ထမ်းအိမ်ယာသို့ တန်းမောင်းလိုက်သည်။

"ဟင် . ."

တိုက်ပုလေး၏တံခါးမကြီးက သော့ခလောက်ကြီး ခတ်လျှက်သားနှင့် ဆီးကြိုနေလေသည်။

စိုးထိတ်မှုနှင့်အတူ ဆေးရုံအုပ်ကြီးကို ချက်ချင်းသတိရလိုက်သည်။

သူ့စီနီယာဆီများ သွားလည်နေသလား။

ထိုအတွေးကို ချက်ချင်းအကောင်အထည်ဖော်ကာ ကားကို ဆေးရုံအုပ်ကြီးအိမ်သို့ ဦးတည်လိုက်သည်။

ပေါ်တီကိုအောက်တွင် ကြိမ်ပက်လက်ကုလားထိုင်နှင့်ထိုင်ကာ စာဖတ်နေသော ဒေါက်တာသက်နှင်းက သူ့ကားကို မြင်သည်နှင့် ချက်ချင်းပင် ထ,ကြိုလေသည်။

ဒေါက်တာသက်နှင်း၏အပြုံးရိပ် ခိုဝင်နေသောမျက်လုံးနှင့် အပြုံးရိပ် ခိုတွဲနေသောနှုတ်ခမ်းကြောင့် သူ့ရင်ထဲ ကသိကအောင့် ဖြစ်ရသည်။

ဒီအကြည့်၊ ဒီအပြုံးတွေကို ကျွန်မအတွက် မဖြုန်းတီးပါနဲ့ ဒေါက်တာသက် အချိန်ကုန်ရုံပဲ ဖြစ်သွားမှာပါဟု စိတ်ထဲက ပြောရင်း ကြွေ့အပြုံးနှင့်ပင် ကားပေါ်မှ ဆင်းလိုက်ပြီး . . .

"ဆရာ့တပည့် ဒီကိုလာသလားလို့ပါ"

"ဇလပ်လား . . . မလာပါဘူး၊ အိမ်မှာ မရှိတော့ အစ်မဆီများ သွားနေသလားလို့ ထင်မိတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကို သွားတာလဲ မသိဘူး၊ အခြားမိတ်ဆွေတွေများ"

"ဟင်. . ."

ဒေါက်တာသက်နှင်း၏မျက်နှာပြင်ပေါ် စိုးရိမ်သော အရေးအကြောင်းတစ်ခု ပေါ်ပေါက်သွားပြီး အာမေဋိတ်သံကြောင့် ဒေါ်ပိတောက်ကိုကိုစကား ရပ်တန့်သွားပြီး ဒေါက်တာသက်နှင်းဆီမှ ထွက်ပေါ်လာမည့်စကားကို ငံ့လင့်မိသည်။

"ဟိုချာတိတ်ဆီ သွားတာဖြစ်မယ်"

"ဘယ်ချာတိတ်လဲ"

"မြိုင်ချောင်းရဲ့နှင်းဆီခိုင်လေးဆီ ဖြစ်မယ်၊ သူတို့ သူငယ်ချင်းဖြစ်နေကြတယ်"

ဒေါ်ပိတောက်ကိုကို စိုးထိတ်မှုက ပိုမိုကျယ်ဝန်းလာသည်။

"ဘယ်က နှင်းဆီခိုင်လဲ၊ ဘယ်မှာ နေသလဲ၊ ဆရာကြီး သူ့အိမ်ကို သိသလား၊ ကျွန်မကို လမ်းညွှန်ပေးနိုင်သလား"

ဒေါ်ပိတောက်ကိုကို၏စိုးရိမ်ပူပန်မှုကြောင့် ပွင့်ထွက်လာသောမေးခွန်းများက ဒရစပ်ပင်မို့. .

ဒေါက်တာသက်နှင်းမှာ အံ့အားသင့်ရသည်။ ဒီလိုဆိုတော့လည်း အစ်မကြီး အမိရာ ပီသရှာသားပဲဟု တွေးလိုက်ပြီး. . .

"ကျွန်တော်သိပါတယ် ဆရာမကြီး"

"ဒါဖြင့် ကျေးဇူးပြုပြီး ကျွန်မကို လမ်းညွှန်ပေးပါလား ဆရာကြီး"

ဆေးရုံအုပ်ကြီးမို့ ဒေါက်တာမှ ဆရာကြီးဟု ဂုဏ်ပုဒ်မြှင့်တင်ပေးလိုက်သည်။ အကူအညီလည်း လိုနေသည်ကိုး။

"ဟုတ်ကဲ့. . . ခဏနော်၊ အဝတ်လဲလိုက်ပါဦးမယ်"





တီရှပ်ပေါ့ပေါ့ပါးပါးကို ဝတ်ထားသော ဆရာဝန်ကြီးအတွက် အပြင်ထွက်ဖို့ရန်အတွက် လူကြီးလူကောင်းဆန်ဆန် စတိုင်လ်ကျကျ ဝတ်စားဖို့ လိုပေမည်မို့ နားလည်စွာဖြင့်. . .

"ဟုတ်ကဲ့ပါ. . . ကျွန်မစောင့်နေပေးပါ့မယ်"

"ဧည့်ခန်းမှာ ထိုင်စောင့်ပါလား"

"ရပါတယ်ရှင်. . . ကျွန်မ ပန်းပင်လေးတွေ ကြည့်ရင်း စောင့်နေပါ့မယ်"

ဒေါ်ပိတောက်ကိုကို ဆရာဝန်ကြီး၏အိမ်ရှေ့မျက်နှာစာတွင် အလှစိုက်ပျိုးထားသောပန်းခင်းလေးကို လျှောက်ကြည့်ပေမယ့် ရင်ထဲ ပန်းသဘာဝ အလှတရားတို့ကို မခံနိုင်ချေ။ ရင်ထဲမီးတောက်ငယ်တစ်ခု တောက်လောင်နေလေပြီ။

"ပြီးပါပြီ ဆရာမကြီး၊ ကျွန်တော့်ကားနဲ့ သွားမလား"

"တလက်စထဲ ကျွန်မကားနဲ့ပဲ သွားရအောင်ပါ ဆရာကြီး"

"ဒါဖြင့် ကျွန်တော်မောင်းမယ်၊ ကျွန်တော်က လေဒီမိုင်ဘာ ကားကို မစီးတတ်လို့ပါ"

အရေးထဲ ယောကျ်ားဂုဏ်သိက္ခာ ဖိုသတ္တိကို ပြနေသေး။ 'ဉစ္စာရင်လို ဉစ္စာရင်ခဲ' မို့ သည်းခံစိတ်ဖြင့် ပန်းတိုင်ရောက်အောင် ကြိုးပမ်းရပေမည်ဖြစ်ရာ. . .

"ဟုတ်ကဲ့. . . ရပါတယ်"

ကာသော့က ကားမှာပင် တန်းလန်းမို့ သူ ယာဉ်မောင်းနေရာကို ဝင်မထိုင်တော့ဘဲ ဘေးမှာပင် ထိုင်လိုက်ခဲ့လိုက်သည်။

ကားသော့ကိုဖွင့် စက်နှိုးရင်းက ဒေါက်တာသက်နှင်းက "ကျေးဇူးပြုပြီး ဆရာကြီးဆိုတဲ့အခေါ်ကိုတော့ ရပ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



ပေးပါ ဆရာမကြီး"

"အရေးထဲနော်" ဟု ဒေါ်ပိတောက်ကိုကို စိတ်ထဲ မကျေမနပ်ဖြစ်သွားသော်လည်း အတွင်းအဖွဲ့တွက်ကို မထုတ်ဖော်တော့ဘဲ

"ဟုတ်ကဲ့ပါ ဒေါက်တာ"

ကားကလေးက ငြိမ့်ကနဲ မောင်းထွက်လာလေသည်။

"ဇလပ်လည်း ကလေးမဟုတ်တော့ပါဘူး၊ အရွယ်ရောက်လာရုံ မကဘူး၊ အလုပ်ခွင်ပါ ဝင်ရောက်နေပြီဖြစ်တဲ့သူဆိုတော့ လွတ်လပ်စွာ သွားလာနေထိုင်ခွင့်အရတော့ လူမှုနယ်ပယ်ထဲ သူကျင်လည်သွားလာရမှာပဲပေါ့ ဆရာမကြီး၊ ဒီအတွက် သိပ်ပူပန်မှုတွေ မထားပါနဲ့လား"

ဒေါက်တာသက်နှင်း၏ကျိုးကြောင်းပြစကားကြောင့် ဒေါ်ပိတောက်ကိုကို ခေါင်းထဲ သတိတစ်ချက် ဝင်လာသည်။

ဟုတ်သားပဲ။ သူ့ရဲ့ရင်တွင်းမီးတောက်လောင်နေမှုကို ဘေးလူ ရိပ်စားမိလောက်အောင် သူပူပန်မိခဲ့လေသည်ထင့်။

မျက်နှာပြင်ပေါ်မှ စိုးရိမ်သောကရိပ်တို့ကို အပြုံးမြမြနှင့် ဖုံးကွယ်ဖို့ ကြိုးစားရင်း. . .

"အဖေ အမေရင်ခွင်က လွတ်ကင်းကာစ ကျွန်မအရိပ်နားရောက်လာခါမှ တစ်ခုခုဖြစ်သွားခဲ့ရင် ကျွန်မအပေါ် မိဘညီအစ်ကိုမောင်နှမတွေ အပြစ်ပုံမှာ စိုးရိမ်သွားလို့ပါ"

ဟု ဖော့တွေးနှင့် ဖြေလိုက်မိသည်။

"ညီမငယ်အပေါ် တာဝန်ဝတ္တရားသက်သက်နဲ့ ပူလောင်တယ်ဆိုတာတော့ မဟုတ်နိုင်ပါဘူး"

"ဒါထက် ဇလပ်သူငယ်ချင်းအကြောင်း ဒေါက်တာ





သိထားတာများ ရှိသလား"

"ကျွန်တော်လည်း ဆရာမကြီးလိုပဲ၊ ရောက်လာတာ ရှေ့ဆင့်နောက်ဆင့်ဆိုတော့ သိပ်မသိပေမယ့် ကောင်လေးမိဘတွေက (K.N.U) အလင်းဝင်တွေဆိုတာလောက်ပဲ သိတယ်"

"ရှင်. ."

ဒေါ်ပိတောက်ကိုကို ရင်ထဲ ရစ်တာစကေးမြင့်လွန်းသော အင်အားကြီး ငလျင်တစ်ခု လှုပ်သွားလေပြီ။

"သိပ်လည်း မစိုးရိမ်ပါနဲ့၊ အမှောင်လောကရဲ့ ရက်စက်ယုတ်မာခါးသီးမှုကို တွေ့ကြုံခဲ့ရပြီး အမြင်မှန် ရလာလို့ အလင်းရောင်ကို ဝင်ရောက်လာသူတွေပဲ၊ သတင်းဆိုး မရှိတဲ့ မိသားစုပါ"

"ကောင်. . ကောင်လေးနာမည်ကော သိသလား၊ မိ. . မိဘတွေကော"

"အဲဒီလောက်အထိလည်း ကျွန်တော်သတိမထားမိလိုက်ဘူး၊ ရောဂါနဲ့ လူနာတွေအကြောင်းလောက်ကိုသာ ကျွန်တော့် memory (မှတ်ဉာဏ်)က လက်ခံတတ်လို့ပါ"

ဒေါက်တာသက်နှင်းက ရွှန်းရွှန်းဝေနေသလောက် တုံ့ပြန်မရွှန်းဝေနိုင်သူက ဒေါ်ပိတောက်ကိုကို ဖြစ်နေလေသည်။ ရင်ထဲမီးတောက်မီးလျှံက ဟုန်းဟုန်းတောက်ကာ မီးညွန့်က ကြီးသည်ထက် ကြီးလာလေပြီ။

သို့နှင့် ခေတ်မီလှပသကဲ့သို့ ခန့်ထည်သောခြံဝင်းအတွင်း အိမ်ကြီး၏ပေါ်တီကိုအောက်သို့ ကားရပ်လိုက်လေသည်နှင့်. .

ပန်းခြံထဲ အလုပ်ရှုပ်နေသော မာလီနှစ်ဦးက ကားနားရောက်လာသည့်အပြင် အိမ်ထဲမှလည်း လူတစ်ယောက် ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com




သောအခါ. . .

ဒေါ်ပိတောက်ကိုကို မျက်လုံးများ ပြာဝေကာ လဲပြိုမတတ် ဖြစ်သွားရလေတော့သည်။







## အခန်း(၂၅)

စောပြည့်ဝန်း သူ၏ကျောက်ဆောင်ကမ်းပါးကို အမှီသဟဲပြုပြီး ဆောက်လုပ်ထားသော ကျောက်ဂူအိမ်ကလေးကို သဘောအကျကြီးကျကာ လှည့်ပတ်ကြည့်ပြီး ပျော်မြူးနေသော မိန်းကလေးကို ငေးကြည့်နေမိသည်။

"ဟာ. . . တကယ်ပဲ အေးစိမ့်ပြီး နေလို့ကောင်းလိုက်တာနော်၊ Air-con မလိုဘူး၊ ကျောက်နံရံတွေကို ဖောက်ထားတဲ့ ပြတင်းပေါက်ကနေ ပင်လယ်ပြာနဲ့ ကောင်းကင်ကြီး ထိစပ်နေတာကို ကြည့်ရတာ ငယ်ငယ်က သင်ခဲ့ရတဲ့ ကမ္ဘာကြီးလုံးကြောင်းကို သတိရမိတယ်နော် မိုး၊ နောက်ဆိုရင် အပါးလက်ခံရင် တို့အမြဲလာလည်



www.burmeseclassic.com

www.burmeseclassic.com



ချင်တယ်၊ မမကြီးကိုပါ ခေါ်လာရမယ်"

Non-stop (မရပ်မနား) ဒရစပ်ပင် သူ့ရင်ထဲကဆန္ဒကို ထုတ်ဖော်ပြောနေတတ်သော ဒီကလေးမလေး သူ့အစ်မကြီးနှင့် စရိုက်မတူတာကတော့ သေချာသည်။

မျက်လုံးအနက်ကလေးနှင့် အသားအဝါရောင်ပြေးသော ဖြူသည့်အရောင် ဆံပင်ဖျော့ဖျော့စင်းစင်း။ ဒါပဲ အစ်မနှင့် တူသည်။ ကျန်တာက. . .

"ဘုရားသခင်. ."

စောပြည့်ဝန်းရင်ထဲ ဘုရားသခင်ကို အကြိမ်ကြိမ်အခါခါ တ,လိုက်မိလေသည်။

"ဆရာမကြီးသာ လိုက်လာမယ်ဆိုရင် လပ်ကို ကျွန်တော် အပတ်စဉ် လိုက်ပို့ပေးမယ်"

"တကယ်လား. . . ကတိပေးမလား"

"ပေးတယ်"

"ဒါဖြင့် တံဆိပ်နှိပ်မယ်၊ တချုပ်ချုပ်မယ်"

ကလေးနှစ်ယောက် လက်ချောင်းလေးတွေ ရှုပ်ယှက်ခတ် အလုပ်ရှုပ်နေကြသည်။ ပြီးတော့ နှစ်ဦးသား ရယ်မောကြသောအခါ

စောပြည့်ဝန်း၏မျက်လုံးကြီး ပြူးထွက်မတတ်ဖြစ်သွားရသည်။

ရယ်လိုက်တော့ သူ့ရုပ်သွင်နှစ်ခုကို သူမြင်လိုက်ရသလို ခံစားလိုက်ရသည်။

ညီညာသော သွားစွယ်တန်းလေးနှင့် မေးအလယ်တည့်တည့်၌ ခွက်ဝင်သွားသော အချိုင့်လေး။





သူ့ကဲ့သို့ပင် နှစ်ယောက်စလုံးမှာ ပါရှိနေသည်။

ဘုရားသခင် ပေးသော လက်ဆောင်ကောင်းတစ်ခုဆိုက ဒီလောက်တောင် တိုက်တိုက်ဆိုင်ဆိုင် တူရသလား။

စောပြည့်ဝန်း၏ရင်ထဲ လှုပ်ခတ်မှု သံစဉ်တီးဝိုင်းက အရှိန်အဟုန် မြင့်လာသည်။

အကြည့်ကို လွှဲဖယ်ပြီး နော်အဲလာ ရှိနေမည့် ထမင်းစားဆောင်သို့ သူလျှောက်ခဲ့လိုက်လေသည်။

"အဲလာ"

"ဟုတ်. . ဗိုလ်. . ဆရာ"

နော်အဲလာ၏အကျင့်က ခုထက်ထိ မပျောက်နိုင်သေးချေ။

အင်းလေ. . . ဆယ်နှစ်ကျော်ကျော်ဆိုတာ ဝေဒနာသည်တွေအတွက် ရှည်လျားလွန်းလှပေမယ့် သာမန်လူတွေအတွက်ကတော့ တစ်နေ့တစ်နေ့ဆိုတာ ခဏလေးပင်။

"နင် ဇလပ်ဆိုတဲ့ ကောင်မလေးကို သိတာ ကြာပြီလား"

"ဆေးရုံမှာ လာပြီးအမှုထမ်းတဲ့နေ့ကမှ သိတာပါ ဆရာ"

"သူ့အစ်မကိုကော မြင်ဖူးသလား"

"မမြင်ဖူးဘူး. . . ကြားတော့ ကြားဖူးပါတယ်၊ ချောတယ်၊ စည်းကမ်းရှိတယ်၊ အပျိုကြီးမို့ ဇီဇာကြောင်တယ်လို့ ပြောသံကြားဖူးတယ်၊ ဆရာသိချင်ရင် ကျွန်မ ချက်ချင်းစုံစမ်းပေးပါ့မယ်"

"နေပါစေတော့"

စောပြည့်ဝန်းရင်ထဲ ကြည်နူးရိပ်တို့ ရုတ်တရက် ဝင်ရောက်လာလေပြီ။ 'အပျိုကြီး' တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"ဟား. ."

ရင်ထဲ ရယ်မောလိုက်မိသည်။

သေချာပါတယ်။ စိုက်ပျိုးရေးဦးစီးဌာနက ညွှန်ကြားရေးမှူး ဦးကိုကို။ ဟိုယခင်က မန်နေဂျာဦးကိုကို၊ ဇနီးက ဒေါ်လှနု။ ဒီလောက်အထိ တိုက်ဆိုင်စရာမရှိ။

"ဖိုးခွား"

"ဗျာ. . . အပါး"

"အပါး ကိစ္စရှိလို့ မြိုင်ချောင်းကို သွားရမယ်"

သူ ဧည့်ခန်းကို ရောက်ရောက်ချင်း သားဖြစ်သူကို လှမ်းပြောလိုက်သည်။

သားက အံ့အားသင့်သွားပုံရသလို မကျေမနပ်လည်း ဖြစ်သွားသည်။ သူ့ ဧည့်သည်တွေ ခေါ်လာတာကို မကျေနပ်လို့များလား။

"အပါးကလည်း. . . ဧည့်သည်တွေ ပါလာတာကို ဧည့်မခံဘဲနဲ့"

"အဲလာ ရှိတာပဲ၊ အဲလာ. . ."

"ရှင်. . ဆရာ"

"ကလေးတွေကို နင်ကောင်းကောင်းပြုစုလိုက်ပါ"

"ဟုတ်. ."

"ငါ မနက်ဖြန် ပြန်လာမယ်၊ အဲဒီအခါမှ မင်းတို့ကို ငါကိုယ်တိုင် ပြန်ပို့ပေးမယ်၊ ကျေနပ်တော့နော် ဖိုးမှူ"

အပါး၏ဆုံးဖြတ်ချက်ချပြီးရင် မပြင်တတ်သောစရိုက်ကို သိပြီးသားမို့ စောမိုးလျှံ ဘာမှမပြောတော့ဘဲ သူ့ထုံးစံအတိုင်း





အပါးကို ကျောခိုင်းပစ်လိုက်ပြီး ပြတင်းပေါက်သို့ သွားရပ်ပြီး ပင်လယ်ပြင်ကြီးကို ရန်လိုစွာဖြင့် သုန်သုန်မှုန်မှုန် ကြည့်နေလိုက်သည်။

ဇလပ်ကိုကို မိုးလျှံအပါးကိုတစ်လှည့် မိုးလျှံကိုတစ်လှည့် ကြည့်ပြီး ပြုံးကာ. . .

"အပါး သွားစရာရှိတာ သွားပါ၊ မိုးတို့ကို ဧည့်သည်လို သဘောမထားပါနဲ့၊ အန်တီအဲလာ ရှိတာပဲ"

စောပြည့်ဝန်း ဇလပ်ကိုကို့ကို အားနာသောအပြုံး ပြုံးလိုက်သည်။

"ဒါဖြင့် ငါသွားမယ်၊ လိုတာရှိရင် အဲလာနဲ့ဖိုးခွားကို ပြောပါ၊ ပျော်ပျော်နေပါ မိန်းကလေး"

"ဟုတ်ကဲ့ အပါး"

အပါးတဲ့လား။ အပါးမဟုတ်ဘူး မိန်းကလေးရဲ့။ ခဲအိုတော်ရမှာ. . . အဟား။

စောပြည့်ဝန်း မျက်နှာပြင်တစ်ခုလုံး အပြုံးရိပ်တို့ ယှက်သန်းသွားပြီး ကျောခိုင်းပြီး သွက်လက်ကြံ့ခိုင်သောခြေလှမ်းများဖြင့် ထွက်ခွာသွားလေတော့သည်။

"အိုး. . ."

စောပြည့်ဝန်း၏ကျောပြင်ကို ကြည့်ရင်း မှင်သက်ကျန်ရစ်ခဲ့သည့် ဇလပ်ကိုကိုမှာ သူ့မျက်ဝန်း၌ ထင်ဟပ်ကျန်ရစ်သော အပါး၏အပြုံးရိပ်ကို အံ့ဩပြီး ကျန်ရစ်ခဲ့သည်။

အပါးက ပြုံးလိုက်သည့်အခါ သူ့သား 'မိုး' ကဲ့သို့ ညီညာသော သွားစွယ်တန်းဖွေးဖွေး မေးစေ့ချိုင့်ခွက်လေးနှင့်ပါလား။

သူနှင့် ဒီသားအဖ ဘာကြောင့်များ အပြုံးချင်း ဆင်နေပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်၊ ရှေးရေစက်တွေကြောင့်ပဲ ထင်ပါသည်။ နောက်တစ်နည်း ပြောနိုင်သေးသည်။ ပဋ္ဌာန်းဆက်ကြောင့်ပဲဟု. . .။

အပါး. . မိုး၏အပါးကျောပြင်ကို ငေးကြည့်ရင်း ကျန်ရစ်ရသည်ကိုက သူ့နှလုံးအိမ်ကို နွေးထွေးစေသည်။

"မိုး. ."

"ဘာလဲ"

"မိုးအပါးက မိုးပြောသလို လူ့ခွစာကြီး မဟုတ်ပါဘူး ချစ်ခင်စရာကောင်းပါတယ်"

"အင်း. . . ဒီလိုစကားမျိုး ပြောတဲ့လူ ခင်ဗျားတစ်ယောက်ထဲ ရှိသေးတယ်"

စောမိုးလျှံက ပြောလိုက်သည်ကို ဒေါ်နော်အဲလာက ကြားဝင်ကာ. . .

"အဲဒီလို မဟုတ်ပါဘူး ကောင်လေးရယ်၊ ဆရာက သူ့ဖီလင်နဲ့သူ နေတတ်လို့ပါ၊ စိတ်ရင်းကောင်းပြီး လက်အောက်ငယ်သားတွေအပေါ် ညှာတာတတ်ပါတယ်"

ဆရာတပည့်လို ဖြစ်နေဟန်တူသော နော်အဲလာသည် သူ့ဆရာကို ချစ်ကြောက်ရိုသေတတ်ကြောင်းကိုလည်း ဇလပ်ကိုတို ရိပ်မိလိုက်လေသည်။

သူကိုယ်တိုင်လည်း မိုးလျှံ၏အပါးကို ဒေါ်နော်အဲလာကဲ့သို့ပင် သဘောထားမိလေသည်။

"ပြောတော့ဗျာ. . . ခင်ဗျားတို့အားလုံးကတော့ အပါးနဲ့ပတ်သက်လာရင် ကျွန်တော့်ဘက်က အမြဲမရှိဘူး၊ ကျွန်တော်က လူဆိုးဖြစ်ရတယ်"





ဟု စောမိုးလျှံ မကျေမနပ် မြည်တွန်လိုက်လေတော့သည်။ ဇလပ်ကိုကိုနှင့် နော်အဲလာက စောမိုးလျှံ၏ကျွဲမြီးတိုသွားမှုကို ကြည့်ရင်း ရယ်မောလိုက်လေတော့သည်။

"တကယ့် ကလေးဆိုးကြီးလိုပဲ"


ဟုလည်း ဇလပ်ကိုကို မှတ်ချက်ပြုလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၆)

"ဆရာမကြီး နေကောင်းရဲ့လားဗျာ၊ မျက်နှာက နီမြန်းနေ
တာပဲ၊ ပရက်ရှာများ တက်နေသလားလို့ပါ၊ သွေးတိုးရှိသလား"

"အင်း. . . နည်းနည်းပါးပါးပါ"

"နေပူတယ်. . . အထဲ,ထဲ ဝင်နေပါလား ဆရာမကြီးရယ်"

ဒေါက်တာသက်နှင်း၏ဂရုစိုက်နေမှုကို သတိပြုမိလိုက်
တော့မှ တဖက်သား၏ဂရုစိုက်ခံ အခြေအနေကို မလိုလားသော
ကြောင့် သူပြောသည့်အတိုင်း စက်လှေ၏ဝမ်းအတွင်း ဝင်ထိုင်လိုက်
သည်။

လှေဦးက ရေများကို ခွဲကာ ဖြာစေသောကြောင့် လွင့်ပျံ





လာသော ရေမှုန်လှိုင်းကြက်ခွပ်လေးများ၏ဖွဲ့တည်မှုကို နေရောင်
ခြည်က လင်းလက်ပွံ့ပိုးစေသည်။

လူ့ဘဝဇာတ်ခုံဆိုတာလည်း ဤကဲ့သို့ပါပဲလား၊ ကြမ္မာ
လှေဦးက ခွဲလိုက်လျှင် ဘဝရေလှိုင်းတို့ ခွဲဖြာပြီး သဏ္ဍာန်အမျိုးမျိုး
တည်ရှိကြပေမည်ပေါ့။

ဒေါက်တာပိတောက်ကိုကို ရင်ထဲ လှိုင်းဂယက် ထနေမှုက
ဘယ်လိုမှ မငြိမ်းသတ်နိုင်ချေ။

"ဆရာဝန်ဆိုတော့ မြင်မြင်သမျှလူကို ကိုယ့်လူနာပဲ ထင်
ထတ်သလို မျက်နှာပြင်ပေါ် အရောင်လေး ပြောင်းလဲသွားတာနဲ့
ရောဂါရဲ့အရိပ်အယောင်လို့ ထင်တတ်ကြတယ်၊ ဒါပေမယ့် ဆရာ
ဝန်ရဲ့တာဝန်စည်းကမ်းအရ လူနာက ခွင့်မပြုရင် ကုသခွင့် မရှိဘူး
ဖြစ်နေတယ်"

ဒေါက်တာသက်နှင်း၏သွယ်ဝိုက်သောစကားကြောင့် ဒေါ်
ပိတောက်ကိုကို ပြုံးပြလိုက်ရင်း. . .

"ကျွန်မအတွက် မစိုးရိမ်ပါနဲ့ ဒေါက်တာ၊ ကျွန်မ ကျန်းမာ
ရေး ကောင်းပါတယ်၊ ဘာရောဂါဝေဒနာမှ မရှိပါဘူး"

သူ့အပြုံး မပီပြင်ဘူးဟုလည်း ကိုယ့်ကိုယ်ကို ကောင်းစွာ
သိနေသည်။

ဒေါက်တာသက်နှင်း၏ တိတ်တခိုး သက်ပြင်းချသံကို သူ
ကြားလိုက်ရသည်။

ဒေါက်တာသက်နှင်း၏ရင်တွင်းကို သူဖောက်ထွင်းမြင်
လိုက်ရသည်။

အသက်အရွယ်အရရော အတွေ့အကြုံအရပါ ဆန့်ကျင်



www.burmeseclassic.com

www.burmeseclassic.com



ဘက်က မိမိအပေါ် စိတ်ဝင်စားခြင်း ရှိမရှိဆိုတာကို အလို အလျောက် သိမြင်တတ်သော ဖမ်းတွင်းပါပညာကို မိန်းမသား အချို့က သိရှိကြလေသည်။

ရွှေ့လျားနေသော တိမ်တိုက်တို့နည်းတူ ဒေါက်တာသက်နှင်း၏နှလုံးသားသည်လည်း လှုပ်ခတ်ရွေ့လျားနေလေပြီ။ တိမ်ပန်းချီ ပုံရိပ်ဆင်ချင်သလို နှလုံးသားပုံရိပ်၌ သူ့အား ထည့်သွင်းစီရင်ချင်နေပြီကို ရိပ်စားမိသောကြောင့်. . .

"ဒေါက်တာ"

"ပြောပါ"

"အငယ်လေး. . အင်း. . ငယ်လေး၊ အငယ်မဆိုတာ ကျွန်မတို့မိသားစုရဲ့ချစ်စနိုးအမည်လေးပါ၊ ဇလပ်"

"အငယ်လေးလို့ ခေါ်တာလေး နားထောင်လို့ကောင်းပါတယ်"

ဒေါက်တာသက်နှင်းက စကားဝင်ထောက်ပေးလိုက်သည်။

"ဟုတ်ကဲ့. . . အငယ်လေးရဲ့အခြေအနေ ဘယ်လိုရှိပါသလဲ ဒေါက်တာ၊ သူက သိပ်ကို ကလေးဆန်ပါတယ်"

"အလုပ်ခွင် ရောက်တော့လည်း လူကြီးဖြစ်လာပါတယ်၊ ဘယ်လိုပြောမလဲ၊ စေတနာနဲ့ ဝါသနာက သူ့ကို အကောင်းဆုံး အထောက်အကူ ပေးနေပါတယ်၊ တော်ရှာပါတယ်၊ တစ်ခါလောက်တော့ လေ့လာကြည့်ပါလား"

ဒေါ်ပိတောက်ကိုကိုရင်ထဲ ချမ်းမြေ့သွားရလေသည်။ မိဘနှစ်ပါးကို ကျေးဇူးတင်လိုက်တာ။ ဇလပ်ကို စိတ်ရှည်လက်ရှည်





ပြုစုပျိုးထောင်ပေးခဲ့တာပဲ။

"ကျွန်မမှာ အဲဒီလောက် အချိန်တွေ မရှိပါဘူး ဒေါက်တာ၊ ဒေါက်တာပဲ အနီးကပ် သွန်သင်ပေးပါလို့ ကျွန်မ ထပ်မံအပ်နှံပါတယ်"

ဒေါက်တာသက်နှင်း ရင်ထဲကလည်း အလိုလို သိနေသည်။ ဒီဆရာမကြီးကလည်း အပွေးမြင် အပင်သိပုံရသည်။ သူ့ထံ ဦးတည်လာမည့်မြားဦးကို လမ်းလွှဲပေးနေပြန်ပါပြီ။

"ဒီနေရာ ကျွန်းစုတွေ အရမ်းများတာပဲနော်"

ဒေါက်တာသက်နှင်း၏ခပ်တွေတွေ စူးစိုက်ကြည့်မှုကို ဥပေက္ခာပြုလိုက်ပြီး ပတ်ဝန်းကျင်ကို ပြတင်းပေါက်မှတစ်ဆင့် ငေးမောကြည့်လိုက်သည်။

"ဟုတ်တယ်. . . ဘိတ်ကျွန်းစု(မြိတ်ကျွန်းစု) ဆိုတော့ များမှာပေ့၊ စက်လှေတွေလည်း များတယ်"

"ခု ကျွန်မတို့ သွားနေတာက ကျွန်းသူငယ်နော်"

"ဟုတ်ကဲ့"

"မရောက်နိုင်သေးဘူးလား ဒေါက်တာ"

ဒေါ်ပိတောက်ကိုကို ရင်ထဲက မီးတောက်မီးလျှံက ငြိမ်းဖို့ နေနေသာသာ တစ်စတစ်စ ကြီးထွားလာလေပြီ၊ ရင်တွင်း ကလီစာများကို ကျွမ်းလောင်စေလောက်သည်။

ရင်ထဲ တမြေ့မြေ့ ပူလောင်မှုကြောင့် အပြုံးကို ဖန်တီးရတာလည်း မောပြီ။

နာမည်တော့ မသိပါ။ လူကိုတော့ သိနေခဲ့သည်။ ညှော်ခန်းထဲက ဓါတ်ပုံကြီးကို မြင်လိုက်ရသည်နှင့် မူးဝေ လဲပြိုမတတ်ဖြစ်ခဲ့ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ချက်ချင်းတော့ ထိုလူက မှတ်မိပုံ မရချေ။

နောက်တော့ နာမည်နှင့်လူ ဆက်စပ်တွေးမိသွားပြီး ချက်ချင်းပင် ကျွန်းသူငယ်ကို လိုက်ရန် ကူးတို့ဆိပ်အထိ ဆိုင်ကယ်နှင့် လိုက်ဆင်းကာ ကျွန်းသူငယ်ကို သွားဖို့ စီစဉ်ပေးခဲ့သည်။

စောဒီးတဲ့။ တစ်ချိန်က တောတွင်းတစ်နေရာက(K.N.U) တပ်ခွဲတစ်စု၏ဗိုလ်ကြီးအဆင့်ရှိသော စောပြည့်ဝန်း၏ကိုယ်ရံတော်၊ ပြီးတော့ သူ့ကိုလဲ အမြဲစောင့်ကြည့်ပေးခဲ့သူပေပဲ။

ဦးစောဒီးက ဒေါက်တာသက်နှင်းကြောင့် နှုတ်မှ ဘာစကားမှ မကျွံဘဲ လုပ်ဆောင်စရာရှိသည်တို့ကို ချက်ချင်းပင် လိုက်လံလုပ်ဆောင်ပေးခဲ့သည်။ သူကိုယ်တိုင်တော့ ဆိပ်ကမ်း၌ပင် ကျန်ခဲ့သည်။

"ဆရာမကြီး"

"ရှင်. ."

ရင်ထဲ မီးတောက်မီးလျှံ၏ငြိမ်းသတ်မှုကို မစွမ်းဆောင်နိုင်သည့်အဆုံး အတွေးရေယဉ်ကြော မျောပါနေစဉ် ဒေါက်တာသက်နှင်းက အသံပြုလိုက်သည်။

"ကျွန်တော် ဆရာမကြီးကို အားမရဘူး၊ ရင်ထဲမှာ ဘယ်လိုရောဂါဝေဒနာများ ရှိနေပါသလဲ၊ ကုစားရ ခက်နေရင် ကျွန်တော့်ကို မျှဝေတိုင်ပင်ပါလားဗျာ၊ ရိုးတယ်လို့ မထင်ပါနဲ့၊ ဆရာမကြီးကို ကြည့်ရတာ လဲပြိုတော့မယ့်သဏ္ဌာန်မျိုး ပေါက်နေလို့ပါ"

ဟီးကနဲ ချက်ကာ ဟစ်အော်ငိုကြွေးလိုက်ချင်စမ်းပါဘိ။ ရင်ဘတ်ထဲက ခံစားချက် မီးတောင်ကြီး ပေါက်ကွဲဖို့ရာ တာစူနေပြီ။





သို့သော် နှစ်ပေါင်းအစိတ်ကျော် ထိန်းချုပ်ခဲ့ရသော ဝေဒနာက အလေ့အကျင့်တစ်ခုလိုဖြစ်နေခဲ့ပြီမို့ ဘာမှမဟုတ်သလိုပင်။

"ဆရာဝန်ပီပီ မြင်သမျှကို လူနာလို့ပဲ ထင်နေတယ်ဆိုတဲ့ ဒေါက်တာစကား မှန်နေပြီထင်တယ်"


ဟု ပြုံးယောင်သန်းကာ ဖြေလိုက်သော်လည်း ရင်ထဲ စူးစူးရှရှ နာကျင်လိုက်ပါဘိ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၇)

"စောဒီး. . . ပြော"

"ဗိုလ်ကြီး. . . ဗိုလ်ကြီးရဲ့ဆရာမူ အိမ်ကို ရောက်လာတယ်"

"ဟင်. ."

"ခုပဲ ဆိပ်ကမ်းကနေ စက်လှေနဲ့ ဗိုလ်ကြီးတို့ဆီ ထွက်လာပြီ"

စောဒီး၏ နှုတ်ကျိုးနေသော ဗိုလ်ကြီးကိုတော့ ပြင်မရော့ချေ။ ထို့ကြောင့် ဒီအတိုင်းပဲ လွှတ်ထားလိုက်သည်။ အယူမှားနှ လက်နက်ကိုင် အမှောင်လမ်းကို လျှောက်လှမ်းရင်း ပြည်သူတွေ





ဒုက္ခပေးခဲ့သမျှတို့ကို အမြင်မှန်ရပြီး အခြေအနေပေးသည်နှင့် ငြိမ်းချမ်းရေး ယူကာ အလင်းနယ်ပယ်သို့ ရောက်ပြီး ကောင်းသောအသက်မွေးဝမ်းကျောင်းပြုကာ ဘဝကို မြှုပ်နှံခဲ့သည်။

ပြည်သူတွေအတွက် အတိတ်ကြွေးကို ပေးဆပ်နေပြီ။ သို့သော် သူ့ကို တပည့်တပန်းဟောင်းများက ဗိုလ်ကြီးဟု ခေါ်ပြီး အရိုအသေ ပေးသည်ကိုပင် သူမကြိုက်တော့။ သာမန်ပြည်သူထဲက ပြည်သူဘဝနှင့် တိုင်းပြည်ကို ကျရာနေရာက အလုပ်အကျွေးပြုခဲ့သည်။ ပေးဆပ်ခဲ့သည်။

သို့သော် နှလုံးသားထောင့် တစ်နေရာက အမြဲတေလေးကတော့ သူ့ဘဝကြီးကို အထီးကျန်အောင် ဆက်လက်ပို့ဆောင်ပေးနေဆဲပင်။

"ဘာ. ."

"နံပါတ်သုံးမိုးလျှံနဲ့ပါ"

"ဟင်. . ဟုတ်လား၊ ဘယ်သူပါသေးသလဲ"

"မြိုင်ချောင်းက ဆေးရုံအုပ်ကြီး"

"အိုး. . . ဒါပဲလား၊ မင်းကို မှတ်မိသွားသလား၊ ဘာတွေပြောသွားသေးသလဲ"

တောဘုရင်ကြီးဖြစ်ခဲ့ဖူးသော ကျားကြီး၏အသည်းကအသည်း တစ်ချိန်ချိန်မှာ ကြွေလုလုဖြစ်တတ်သေးသည်ပဲ။

ဒရစပ် သူ့မေးခွန်းများကို စောဒီးကလည်း တစ်ခုမကျန်ဖြေပေးရှာလေသည်။

"မှတ်မိပုံ ရပေမယ့် ဘေးလူပါတော့ ဘာမှမပြောသွားပါဘူး ကျွန်တော်ကလည်း သူတို့ ဘယ်လိုပတ်သက်နေမှန်း မသိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘာမှမမေးလိုက်ပါဘူး ဗိုလ်ကြီး"

"ကောင်းပြီ. . . မင်းတာဝန်ကျေတယ်၊ မောင်ညို. . . မိုးလျှံသုံးကို ကြည့်စမ်း၊ တွေ့တာနဲ့ အဲဒီစက်လှေနား ကပ်ပြီးလိုက်သွား"

"ဟုတ်. . "

ကျားကြီး၏ရင်အစုံ တဒုန်းဒုန်း ခုန်နေလေပြီ၊ မြိုင်ချောင်းဆေးရုံအုပ်ကြီးနဲ့တဲ့။ သူတို့ ဘယ်လိုဆက်စပ်နေသလဲ။ ဩော်. . . ကလေးမရဲ့ဆေးရုံအုပ်ကြီးပေပဲ။ ကလေးမဆီကို ဆရာမူ လိုက်အလာမှာ မတွေ့လို့ ဆေးရုံအုပ်ကြီး အကူအညီနဲ့ တဆင့်စီ စုံစမ်းရောက်လာတာပဲဖြစ်မည်။

ဟု ဆက်စပ်တွေးရင်း သူ့ဖာသာသူ ကောက်ချက်ချကာ ပျော်မြူးသွားလေသည်။ အပျိုကြီး ဇီဇာကြောင်တယ်တဲ့လား အဟား. . . အဲလာ ပြောတာ မှန်မှာပါ။

စောပြည့်ဝန်း ပြုံးယောင်သန်းသွားလေသည်။ သို့သော် တောတွင်း ကျင့်သားရခဲ့သော သူ့မျက်ဝန်းက သိမ်းငှက်အသွင် ဖြန့်ကျက်ကြည့်တော့ ပင်လယ်ပြာပြာ တစ်နေရာက မိုးလျှံသုံး စက်လှေကို သွားတွေ့လိုက်လေသည်။

ရင်ထဲ လက်နက်ကြီးတို့ ပေါက်ကွဲလေပြီ။

"ဟိုမှာ. . ဟိုမှာ. . သူတို့ ဝိုက်ပြီးပြန်ကွေ့၊ ဘေးက [illegible] လိုက်"

ကပ်လိုက်လျှင် လှေဦးခဲ့လှိုင်းဂယက်တို့၏ဒဏ်ကြော[illegible] မိုးလျှံသုံးလှေလူးသွားမှာ စိုးရိမ်သည်။

ရေကြောက်သော ဆရာမူလေး ရင်ထိတ်ကာ စိုးကြော[illegible]





သွားမှာကို မလိုလား။

စက်လှေပျောင်းမိုးအောက်က လိုက်လာလေသည်ထင့်။ ဆရာမူလေး၏အရိပ်အယောင်ကို မမြင်ရ။

ဆရာဝန်ကြီးနဲ့ ဘာမှ မပတ်သက်နိုင်ပါဘူး၊ ဘယ်လိုမှ မပတ်သက်နိုင်ဘူး။ ဖလပ်ကိုကိုဆိုတဲ့ ညီမလေးနဲ့ ဆက်နွယ်မှုကြောင့် မိတ်ဆွေတွေဖြစ်မှာပါ။

ရင်ထဲ ပူတစ်လှည့် နွေးတစ်လှည့်နှင့် ဝေဒနာအစုစုကို ခံစားရင်း စောပြည့်ဝန်းသည် မိုးလျှံသုံးစက်လှေကို မမှိတ်မသုန်စူးစမ်းကြည့်ရင်း လိုက်ပါလာသည်။

သူပိုင် စက်လှေများစွာရှိသည်။

ထိုစက်လှေများကို မိုးလျှံဟုသာ အမည်ပေးပြီး အမှတ်စဉ်များ တပ်ခဲ့လေသည်။

သူ့ရဲ့မျိုးဆက်က ဒီကောင်လေးပဲ ရှိသည်ကိုး။ တောတွင်းတစ်နေရာ သောက်စားမူးယစ်ရင်း ဆရာမူလေးကို လွမ်းသမျှ ယစ်မျှရည်နှင့် အသည်းကို စိမ်ကာ ကုစားခဲ့ပါသော်လည်း မူးတာက မူးတာတစ်ခြား၊ ရင်နင့်အောင် လွမ်းရသည်က တစ်ခြားဖြစ်ခဲ့ပါသည်။

ထိုကြားထဲ သူ့ကို တစ်ဖက်သက် ချစ်နေခဲ့သော ရဲ့မေ[illegible]အယ်စတာအား မူးမူးနှင့် ဆရာမူလေးအမှတ်နှင့် အမြင်အာရုံတွေ ထွေပြား ဆက်ရက်မင်း စည်းစိမ်အပြည်နှင့် ဆက်ရက်မလေး [illegible] မှားညားမိလေသည်။

ကိုယ်က ခေါင်းဆောင်ဆိုတော့လည်း ငယ်သားအပေါ် [illegible]လွန်သောအမှားကို တာဝန်ယူခဲ့ရသည်၊ အယ်စတာကိုယ်ဝန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



နော်အဲလာ အကူအညီနှင့် မွေးစဉ်မှာပဲ သားလည်း လူ့လောကရောက်၊ အယ်စတာလည်း တစ်ဖက်သတ် အချစ်ဝေဒနာ ဒုက္ခဆိုးက လွန်မြောက်ပြီး ကောင်းကင်ဘုံရှိ အဖဘုရားသခင် အခေါ်တော် ရှိသည့်အတိုင်း ရောက်ရှိသွားလေသည်။

သားမိုးလျှံကို နော်အဲလာနှင့် စောဒီးလက်ဝယ် အပ်ပြီး သူနှင့် ဝေးရာမှာ ထားခဲ့သည်။ သူတို့လူမျိုး ခေါင်းဆောင်ကြီးတွေ၏ အယူဝါဒမှိုင်းထဲ နောက်ထပ်ဆယ်နှစ်ခန့် နစ်မျောမှိုင်းမိခဲ့လေသည်။

စောဒီးက အရင်လက်နက်ချ အလင်းဝင်အသွား၌ စောမိုးလျှံလေးကိုပါ ခေါ်ဆောင်သွားခဲ့သည်။

မှုန်ရီဝေနေသော သူ့ခေါင်းထဲ အယူဝါဒစွဲတွေ ကွယ်ပျောက်ပြီး နိုင်ငံတော်၏စေတနာအမှန်ကို သိလာတော့ လက်နက်နဲ့ငြိမ်းချမ်းရေး လဲလှယ်ကာ အလင်းကမ္ဘာသို့ ဝင်ရောက်လာခဲ့လေသည်။

လူ့ခန္ဓာကိုယ်ကြီးကတော့ အလင်းရောက်ခဲ့သည်။

သို့သော် နှလုံးသားကတော့ အစွဲအလန်းတည်းဟူသော အသည်းနင့်အောင် ချစ်ရသူ လှနတ်သမီး စေတန်လေး၏အချစ်နွံမှ ရုန်းထွက်မရသည်မှာ ယနေ့တိုင်ပင်။

“ဆရာမူရယ်. . . အပျိုကြီးတဲ့လား၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ပိတောက်ကိုကိုတဲ့လားကွယ်၊ ဟား. . . ဖဘုရားသခင်၏ ကျေးဇူးတော်ကို အထူးကျေးဇူးတင်ရှိပါတယ်၊ သားတော်နဲ့ ဆရာမူလေးရဲ့ဆုံစည်းခွင့်ကို ကောင်းချီးပေးတော်မူပါ”

စောပြည့်ဝန်း ရင်တွင်း သာယာကြည်နူးရိပ်များ ဖွဲ့တည်





မှုကြောင့် တောင်းဆုတွေပင် ချွေနေမိလေပြီ။

စက်လှေမောင်းရင်းမှ မောင်ညိုက သူတို့၏သူဌေးကို နိုးကြည့်မိလေသည်။

သူ့တစ်သက်နှင့်တစ်ကိုယ် မတွေ့ခဲ့ဖူးသော အပြုံးရိပ်တို့ကို သူဌေး၏မျက်နှာပြင်မှာ အံ့အားသင့်စွာ တွေ့ရှိနေရလေပြီ။

“ဗုဒ္ဓေါ. . . သံမဏိလူသားကြီးမှာ ခံစားချက်တို့ ရှိပေသားပဲ၊ မြင်ရခဲတဲ့အပြုံးပဲ၊ ငါကံကောင်းပြီထင်တယ်. . ထီထိုးဦးမှ”

ဟု သူ့အတွေးနှင့်သူ ပြုံးကာ မောင်ညိုလည်း ကျေနပ်သွားလေသည်။

“မောင်ညို”

“ဗျာ. . . သူဌေး”

“ဟိုစက်လှေကို ကျော်ပြီး သူငယ်ဆိပ်ကို အရင်ကပ်နိုင်ရအောင်”

“ဟုတ်. . ”


စောပြည့်ဝန်း ရင်လှိုင်းတို့ တသိမ့်သိမ့် ခုန်လျက်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၈)

စက်လှေက ရပ်သွားပြီ။

ဒေါ်ပိတောက်ကိုကိုတို့ လှေဝမ်းထဲကအထ လှေ ရုတ်တရက် အလူးတွင်. . .

ဘေးနံရံကို ကိုင်ကာ ထိန်းထားလိုက်သည်။ ဒေါက်တာသက်နှင်း ရင်ခွင်ထဲတော့ အရောက်မခံနိုင်။ ဒေါက်တာသက်နှင်းကလည်း စိုးရိမ်တကြီး. . .

"ရရဲ့လား ဆရာမကြီး"

"ရ. . ဟင်. . ဗိုလ်ကြီး"

တွေ့ရလိမ့်မည်ဆိုတာ ကြိုသိနေလျက် ယခုလို မြန်မြ





ဆန်ဆန် မိမိလှေပေါ် အထိ တက်ကြိုသော စောပြည့်ဝန်းကို မြင်လိုက်တော့မှ. . .

နှင်းဆီငုံလှှာ နှုတ်ခမ်းနှစ်မွှာက တမ်းတမ်းတတ အာမေဋိတ်ကလေး ထွက်လာသည်။

မျက်ဝန်းတို့က မျက်ရည်ပုလဲဥတို့ တွဲခိုလာသည်။

"ဆရာမူ. . ."

လူကြမ်းကြီး ကျားဘုရင်ကြီး၏အံ့ပုန်းခံစားချက်တို့က ရုတ်တရက် ပေါက်ကွဲသွားသည်။

နှလုံးသား အက်ကွဲကြေမွနေသော အသံဖြင့် 'ဆရာမူ' ဟု ခေါ်ပြီး ရင်ခွင်ထဲသို့ ဆွဲအသွင်း။

ဆရာမူဟု အခေါ်ခံခဲ့ရသော ဒေါ်ပိတောက်ကိုကို၏ တမ်းတလွမ်းမောခဲ့ရသမျှတို့ကလည်း ရုတ်တရက် သတိလက်လွတ် ဆွဲယူရစ်ပတ်ယူငင်သော သန်မာသော လက်မောင်းနှစ်ဖက်၏ အောက် ရင်ခွင်ဝပ်ကျင်းကြီး၌ တသိမ့်သိမ့် ရှိုက်ငို။

အံ့သြဖွယ်ရာမြင်ကွင်းကို ဘုမသိဘမသိ ငေးကြည့်ရင်း ဒေါက်တာသက်နှင်း၏ မပွင့်မီမှာပင် ကြွေကျသွားသော အချစ်ပန်းကို နှမျောတသဖြစ်ရာက အလိုက်တသိ ကျောခိုင်းပြီး စက်လှေပေါ် က ဆင်းခဲ့သည်။

သြော်. . ငယ်ချစ်ဟောင်းတွေ ထင်ပါရဲ့၊ မပြောင်းလဲသော၊ ဟောင်းမသွားသောအချစ်တွေဆိုတာ ဒါမျိုးလား။

ဘယ်လိုဇာတ်လမ်းတွေများ ရှိခဲ့ပါလိမ့်။

ဒါကြောင့်လည်း ချောမောလှပပြီး ကျက်သရေရှိသော အပြစ်ဆိုဖွယ်ရာ မရှိအောင် ရုပ်ခန္ဓာအဆင်းအပြင် ဂုဏ်သိရေ



www.burmeseclassic.com

www.burmeseclassic.com



အရှည်အချင်းပါ ရှိသော ဆရာမကြီးဒေါ်ပိတောက်ကိုကို ဒီအသက်အရွယ်အထိ ဣန္ဒြေတခွဲသားနှင့် အပျိုကြီးမမ လုပ်နေခဲ့တာကိုး။

အင်း. . . လောကကြီးက စိန်ကဲ၊ ကျောက်ကဲထက် လူကဲက ခတ်ရခက်သည်ဆိုသည်မှာ မှန်ပေစွတကား။

ဂုဏ်ပကာသနပဟူသော ခြုံလွှာ၏အောက်မှာလည်း လူမသိ သူမသိ ကွယ်ဝှက်တိမ်မြှုပ်ထားသော အချစ်ဇာတ်လမ်းတွေများစွာရှိပေမည်ဆိုတာ။

ဟူး. . . ဒါကြောင့် ဆရာမကြီး၏မျက်လုံးများက သူ့အကြည့်ကို ဥပေက္ခာပြုခဲ့တာကိုး။

ဒေါက်တာသက်နှင်း၏ ဆေးပညာ ရောဂါဗေဒ အသိများကိုသာ ရိုက်သွင်းခဲ့သောဦးနှောက်က ဘဝက ပေးသော ပတ်ဝန်းကျင်က ပေးသော အချစ်ဒဿန၏လျှို့ဝှက်ချက်တစ်ခုကို ရှင်းရှင်းလင်းလင်း တွေ့မြင်ကာ လူမှုရေးနယ်ပယ်၏ သံဝေဂ အသိတစ်ခုကို တွေ့မြင်လက်ခံယူလိုက်ရလေပြီ။

ဟော. . .။

ခပ်လှမ်းလှမ်းမှ လာကြိုသော အုပ်စုတစ်စုကို လှမ်းတွေ့လိုက်ရသည်။

သူ့ဂျူနီယာ ဒေါက်တာဇလပ်ကိုကိုနှင့် ကောင်ကလေး၊ စစ္စတာ နော်အဲလာ၊ ပြီးတော့ နာ့စ်မသီတာတို့ဖြစ်သည်။

ကောင်ကလေး တနည်းအားဖြင့် ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်လေး၏ အိမ်တော်ထိန်းကြီး ဖြစ်ဟန်တူသော ဦးစောဒီက အကြောင်းကြားလိုက်တာပဲဖြစ်မည်။ သူတို့ကို လာကြိုနေကြသည်။





"ဆရာ. . . မမကြီးကော မပါဘူးလား"

သူ မလှမ်းမကမ်း ရောက်လာသည်နှင့် ဇလပ်ကိုကိုက အလောသုံးဆယ် မေးလိုက်လေသည်။

ထို့အတူ. . .

"အပါးကော. ."

ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင်လေးကလည်း အမေး။

မေးခွန်းနှစ်ခုက သံပြိုင်ထွက်ပေါ်လာသည်။

ဒေါက်တာသက်နှင်းအတွက်ကတော့ ဖြေစရာ တစ်ခုတည်းပါ။

"စက်လှေ့ပေါ်မှာ"

"ဘာဖြစ်လို့ ဆင်းမလာကြသေးတာလဲ"

"ဟုတ်ပါရဲ့"

ကောင်ကလေးနှင့် သူ့ဂျူနီယာက အတိုင်အဖောက် ညီနေသည်။ သူကလည်း ကသိကအောက်ဖြစ်ခဲ့ရသော နှလုံးသားကြောင့် ဘုဘောက်ကျချင်နေပြီမို့. . .

"သိချင်ရင် သွားကြည့်ကြ"

ကောင်လေးတို့ မျက်စိသူငယ် နားသူငယ် ဖြစ်သွားကြသည်။

နောက်မှ ကောင်လေးက. . .

"အန်တီ. . . ဒေါက်တာကို ခေါ်သွားနှင့်ပါ၊ လပ်လည်းလိုက်သွားလေ၊ ကျွန်တော်သွားကြိုလိုက်မယ်"

ရေကြောက်သော ဇလပ်ကိုကိုက ကောင်လေးနောက်လိုက်တော့။ ရေလွတ်ရာ သဲသောင်ကမ်းနံဘေးမှာသာ ရပ်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ကာ ကျန်နေခဲ့သည်။

"ဆရာ နေပူတယ်. . . သွားနှင့်မလား"

"နေရိပ်က စောင့်ကြတာပေါ့"

ကောင်ကလေး မိုးလျှံသုံးစက်လှေဆီသို့ ဦးတည်သွားသည်။

စက်လှေပေါ်မှ လူကြီးဆင်းလာသည်။ နောက် ဆရာမကြီးကို စွေ့ကနဲ ပွေ့ကာ ရေထဲ ဖြတ်ကျော်လာလေသည်။

ကောင်ကလေး ရေထဲ ရပ်ကာ တအံ့တဩ ငေးကြည့်နေသည်။

အားလုံး၏မျက်လုံးများက အရပ်မြင့် ခန္ဓာကိုယ် ခန့်ခန့်ထည်ထည် ပုရိသနှင့် သူ၏ရင်ခွင်ထဲက နွဲ့နှောင်းသွဲ့ပြောင်းသော ကြွက္ကတ္တိယတို့ထံသို့ စုပြုံရောက်နေသည်။

ကြွက္ကတ္တိယက သူ့အရှက်သည်းသောမျက်နှာကို ကွယ်ဝှက်ဖို့ ကြိုးစားရင်း စတော်ဗယ်ရီရောင် ပြေးနေလေသည်။

ပုရိသကြီး၏မျက်နှာကတော့ ဤကမ္ဘာတွင် သူ့လောက် ကံကောင်းမည့်သူ မရှိသည့်အလား ကျေနပ်ပျော်ရွှင်ခြင်းတို့နှင့် ပြည့်လျှမ်းသောမျက်နှာနှင့်. . .

"အပါး. ."

ရေလွတ်ရာသို့ ရောက်သည်နှင့်. . .

"လွှတ်"

ဟု ဒေါ်ပိတောက်ကိုကိုက ရှုန်းတော့ စောပြည့်ဝန်း သတိဝင်ကာ ခြောက်သွေ့ရာ သဲသောင်ပြင်လေး၌ ချပေးလိုက်သည်မှာ ညင်ညင်သာသာလေး။





ရေထဲမှ သူတို့နှင့် တောက်လျှောက်လိုက်ပါလာသော စောမိုးလျှံ။

"အပါးနဲ့ ဇလပ်မမကြီးက ဘယ်လိုပတ်သက်တာလဲ"

"မိတ်ဆွေဟောင်းတွေပါ"

ဒေါ်ပိတောက်ကိုကိုက ရုတ်တရက် ပြောလိုက်သည်။

မှိုအစ်နေသောမျက်ဝန်းက ကြေကွဲမိုးပွင့်တို့ ခွေချထားပြီး မှုန်း သိသာလေသည်။

စူးစမ်းသောမျက်ဝန်းများကို ကျင့်သားရနေပြီဖြစ်သော စောပြည့်ဝန်းက ရင်ဆိုင်ကာ. . .

"ဧည့်သည်တွေ နားရအောင် အိမ်ကို တစ်ခါတည်း သွားကြမယ်၊ ဖိုးခွား ကားပေါ် ခေါ်ခဲ့ပါ၊ ဆရာဝန်ကြီး ထင်တယ်၊ အသက်ကြီးပြီ ထင်တာ ငယ်ငယ်လေးပဲ ရှိသေးတာကို၊ ကျွန်တော် စောပြည့်ဝန်းပါ"

ယဉ်ကျေးပျူငှာသော ဟန်ပန်အပြည့်အဝနှင့် သူ့အား ကမ်းပေးလာသောလက်ကို ဒေါက်တာသက်နှင်း တလေးတစားပင် ပြန်ဆုပ်ကိုင်လှုပ်ရင်း. . .

"ဟုတ်ကဲ့. . . ကျွန်တော် ဒေါက်တာသက်နှင်းပါ၊ ဦးစောပြည့်ဝန်းသတင်းကို ကြားဖူးပါတယ်၊ ခုလိုတွေ့ရတာ ဝမ်းသာပါတယ်"

ဒေါက်တာသက်နှင်းတို့ လက်ဆွဲနှုတ်ဆက်နေစဉ်. . .

"မိုး. . . ဘာတွေလဲ"

"နိုး. . . ကျွန်တော်လည်း နားမလည်တော့ဘူး"

လူငယ်နှစ်ဦး၏ခေါင်းချင်းဆိုင် တွတ်ထိုးမှု ရင်းနှီးမှု အနေ



www.burmeseclassic.com

www.burmeseclassic.com



အထားကို ကြည့်ပြီး တုန်လှုပ်သွားသူ ဒေါက်တာပိတောက်ကိုကိုက ဇလပ်ကိုကိုအနီးသို့ လျှောက်သွားပြီး လက်ကို ဆတ်ကနဲ ဆွဲကာ. .

"ကျွန်မတို့ မလိုက်တော့ဘူး. . . ပြန်တော့မယ်"

တုန်လှုပ်ချောက်ချားမှုက ထိန်းမရချေ။

အမူအယာများ ပျက်ယွင်းလျက်ရှိသည်။

"မဟုတ်သေးဘူး ဆရာမူ၊ အိမ်ကို လိုက်ခဲ့ပါ၊ အေးအေးဆေးဆေး ပြောကြပါ၊ ကျုပ်လည်း ဆရာမူကို ပြောစရာစကားတွေ ရှိနေပါသေးတယ်"

"ဟုတ်သားပဲ ဆရာမကြီး၊ ဦးစောပြည့်ဝန်း ပြောတာ မှန်ပါတယ်၊ ဆရာမကြီးကြည့်ရတာ ပင်ပန်းနေတယ်"

ဒေါက်တာသက်နှင်းက ကြားဝင်ထောက်ခံပေးလိုက်သည်။

စောပြည့်ဝန်းက ဒေါက်တာသက်နှင်းကို ကျေးဇူးတင်သောအကြည့်နှင့် ကြည့်လိုက်သည်။ ဒေါ်နော်အဲလာကလည်း. . .

"ဟုတ်ပါတယ် ဆရာမကြီး၊ ပင်လယ်စာတွေ ဖွယ်ဖွယ်ရာရာနဲ့ ကျွန်မကိုယ်တိုင် ချက်ပြုတ်ထားတဲ့ နေ့လည်စာကိုလည်း သုံးဆောင်ပါဦး၊ ကလေးတွေလည်း ဆာနေကြပြီ"

ဒေါ်ပိတောက်ကိုကို ပင့်သက်ကို ရှိုက်လိုက်သည်။ ရင်ထဲမှာ ကလီစာတို့ ပြောင်းဆန်နေအောင် လှုပ်ရှားသွားရလေသည်။

လူကြားထဲမှာပင် တမ်းတလွမ်းမောခဲ့ရသော စောပြည့်ဝန်း မျက်နှာကို ခိုးအကြည့် မျက်လုံးချင်း ဆုံတော့ မလွှဲဖယ်ဘဲ. . .

"ကောင်းပြီလေ. . . ခဏတဖြုတ်တော့ နားကြတာပေါ့ သွားရမှာ ဝေးသလား"





"ကားနဲ့ဆိုတော့ နီးပါတယ်"

ခရီးကြမ်း သုံးနိုင်သော Surf ကားကို ပူးပူးကပ်ကပ် စီးသည်။ ရှေ့ခန်းမှာ ဆရာဝန်ကြီးကို ဦးစားပေးတင်ပြီး အလယ်ခန်း၌ ဆရာမကြီး အလယ်ထားပြီး စောပြည့်ဝန်းနှင့် ဇလပ်ကိုကိုက တစ်ဖက်တစ်ချက်။ နောက်ခန်း၌ ဒေါ်နော်အဲလာနှင့် မသီတာ။

"မမကြီးလက်တွေက အေးစက်နေတာပဲ"

ဇလပ်ကိုကိုက မမကြီး စိတ်တို စိတ်ဆိုးမှာ ကြောက်နေသည်။ မမကြီးကို ခွင့်မတောင်းဘဲ တိတ်တိတ်ကလေး ကျွန်းသူငယ်ကို လာခဲ့မိသည့်အပြစ်က မသေးချေ။ ငယ်ကြောက်၊ ချစ်ကြောက်ရှိသေ ဖြစ်ရသောကြောင့် မျက်နှာချိုသွေးရန် ကြိုးစားသည်။

"ကိုယ်ကော ပူလား"

"နေကောင်းပါတယ်. . . ငယ်လေးကို အရမ်းစိတ်ပူလို့ပါ၊ မပြောမဆိုနဲ့ ခရီးထွက်သွားခဲ့တာကို. . . နောက်ပြီး. . ."

သူစိမ်းယောက်ျားလေးနဲ့ ဟူသောစကားက ပြောမထွက်ပါချေ။

သူစိမ်းတွေဆို ပို၍တော်သေးသည်ဟုပဲ ပြောရမလား။

အခြေအနေတွေက သပွတ်အူသဖွယ် ရှုပ်ထွေးနေသည်တိုး။

ကလေးတွေမှာ အပြစ်မရှိပါဘူး၊ အခြေအနေကို အချိန်မီအုပ်မိတာကပဲ ကံကြမ္မာက မျက်နှာသာပေးလွန်းတာဖြစ်မည်။

"မမကြီးနဲ့အပေါ်က ဘယ်တုန်းက သိတာလဲဟင်"

ဇလပ်ကိုကိုက အခုချိန်မှာ ဆရာဝန်ဆိုတဲ့ ဂုဏ်ကောဘာကော သတိမရ။ သူ့အစ်မကြီး၏မျက်နှာရိပ်မျက်နှာကဲကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း တတွတ်တွတ် မေးနေလေသည်။

“ကြာ. . ကြာပါပြီ”

ဒေါ်ပိတောက်ကိုကို၏ရင်ထဲ လက်ရှိအနေအထားကို မေ့ပျောက်ပြီး အတိတ်လွင်ပြင်ကို သမင်လည်ပြန် ကြည့်မိသောအခါ ရင်ထဲ၌ ရှိနေသော ဆူးတစ်ချောင်း၏နစ်ဝင်မှုကြောင့် စူးစူးရှရှ နာကျင်သွားလေသည်။

အတိတ်ကို ပြည်ဖုံးကား ချခဲ့သော ကန့်လန့်ကာကို ဖွင့်ပြရလျှင် သူ့အပေါ် ဇလပ် မည်ကဲ့သို့များ မြင်လေမည်နည်း။

သက်ပြင်းချလိုက်သည်။

စောပြည့်ဝန်း သူ့ဆရာမှူလေးကို ခိုးကြည့်ရင်း ရင်ထဲ၌ ပျော်ရွှင်ကြည်နူးခြင်းနှင့်အတူ စကားတွေ တသီကြီး တာစီနေမိသည်။

လူကြမ်းကြီး၏နှုတ်ကြမ်းမှ စကားလုံးလှလှလေးတွေ ထွက်နိုင်ပါ့မလား။

အပျိုစင် ဆရာမကြီးနှင့် မုဆိုးဖို သားတစ်ယောက်အဖေ သူနှင့် ထိုက်တန်ပါ့မလား၊

ဆရာမှူလေး. . . ခုတော့ ဆရာမှူကြီးပေါ့၊ သူရဲ့ဂုဏ်ညှိုးနွမ်းသွားနိုင်သလား။ ချစ်ရာမရောက် နှစ်ရာလည်း ရောက်နိုင်သည်။

စောစောက ရေကြောက်သော ဆရာမှူကို ယခင်တုန်းကလိုပင် သူပွေ့ချီခဲ့မိသည်။ ဆရာမှူ၏အရှက်သိပ်သည်းသောမျက်နှာလေးကြောင့် သူ့ရင်အစုံ တဒိန်းဒိန်း ခုန်ရလေသည်။

ခုလည်း ကြေကွဲရိပ်တို့ တန်ဆာဆင်မှုကြောင့် ပြုံမလိုမှို





ဖြစ်နေသော ဆရာမှူလေး၏မျက်နှာကို မြတ်နိုးတမ်းတခြင်းများစွာနဲ့ ခိုးကြည့်ရင်း ပင့်သက် တိတ်တခိုး ချလိုက်မိလေသည်။

ကားတွင်းရှိ လူများ အတွေးကိုယ်စီနှင့် ငြိမ်သက်လျက်ရှိသည်။ လူမှုရေးစည်းကမ်းအရ ဦးစောပြည့်ဝန်းနှင့် ဒေါ်ပိတောက်ကိုကို၏ဆက်နွယ်မှုကို ထပ်မမေးကြပေမယ့် သိလိုနေကြပြီး အတွေးခန့်မှန်းခြေတို့ဖြင့် ရမ်းသမ်းလျက်. . .။



www.burmeseclassic.com


www.burmeseclassic.com




# အပိုင်း (၄)

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၂၉)

"မမကြီး. . . ပြောလေ"

သိသင့်သိထိုက်တဲ့လူဟာ နှစ်ယောက်ရှိသော်လည်း အရေးကြီးဆုံးက တစ်ယောက်တည်းဖြစ်နေလေသည်။

သူတစ်ယောက်တည်းကို ဖွင့်ချလိုက်လျှင် နောက်ဆက်တွဲ အခြေအနေများကို သူကပဲ ဆုံးဖြတ်သွားပေလိမ့်မည်။

"ထမင်းပွဲ ပြင်လိုက်တော့မယ် ဆရာ"

"ပြင်လေ. . . ဆရာမူတို့ ဆာရောပေါ့"

ထိလိုက်လျှင် ကြွေသွားမှာကိုစိုး၊ နေထိလျှင် နွမ်းသွားမှာ စိုးသလို ကိုယ်မြတ်နိုးသောပန်းကလေးကို အရိပ်တကြည့်ကြည့်နှင့်



www.burmeseclassic.com

www.burmeseclassic.com



ကြည့်သလိုမျိုး စောပြည့်ဝန်းကလည်း ဒေါ်ပိတောက်ကိုကို,ကို ငေး လျက်။

ဂုဏ်သရေရှိ လူကြီးလူကောင်း ဧည့်သည်ပမာ ဦးစားပေး ခံနေရသော ဒေါက်တာသက်နှင်းကလည်း ပတ်ဝန်းကျင် ရှုခင်း အလှကိုသာ စိတ်ဝင်စားသယောင်ယောင် ပြုနေရပေမယ့် သူ့ အာရုံက စောပြည့်ဝန်းတို့သားအဖနှင့် ဆရာမကြီးတို့ ညီအစ်မဆီ၌ သာ။

"ခဏနော်. . . ကျွန်မနဲ့ဇလပ် တစ်နေရာရာမှာ စကား သွားပြောခွင့်ပြုပါ"

"ကောင်းပြီလေ"

ဦးစောပြည့်ဝန်း ခွင့်ပြုလိုက်သည်။

စောမိုးလျှံက လူကြီးတွေကို နားမလည်။ လိုက်ကြည့်ရင်း ဦးနှောက်တွေ ခြောက်နေပြီ။

သို့သော် သူနားလည်တာ တစ်ခုတော့ ရှိသည်။

အပါးရင်ထဲက အမြုတေအချစ် ရှိနေသည်ဆိုတာ ထို အချစ်က ဒေါ်ပိတောက်ကိုကိုပဲဖြစ်လိမ့်မည်ဟု. . .။

"ကျွန်တော်လာရင် နေတဲ့အခန်းမှာ ပြောကြပါလား။ အပြင်မှာ လေစိမ်းတွေ တိုက်တော့ လပ်အသားတွေ မည်းကုန်ဦး မယ်"

စောမိုးလျှံ၏ဂရုစိုက်မှုနှင့် လပ်ဟု သုံးစွဲလိုက်မှုကြောင့် ဒေါ်ပိတောက်ကိုကို သွေးပြောင်းပြန်စီးသလို ခံစားလိုက်ရပြီး ရင်ထဲ လည်း ဘုရားတ,မိသလိုဖြစ်သွားလေသည်။

"ဟုတ်သားပဲ. . . ဒါဖြင့် မိုးလိုက်ပို့ပေး"

☺ အောင်မြင်စာပေ ☺



'မိုး' တဲ့လား။ ရင်းနှီးမှုအတိုင်းအတာ ဘယ်အထိ ရောက် သွားပြီလဲ။ ဘုရား. . . ဘုရား။ မြတ်စွာဘုရား ကယ်တော်မူပါ။ ခုခေတ် ကလေးတွေ၏ရင်းနှီးမြန်၊ ချစ်လွယ်၊ မုန်းလွယ်မှုဟာ ဒီလောက်အထိ မမြန်ဆန်ပါစေနဲ့။

ဒေါ်ပိတောက်ကိုကို ကြိတ်ကာ ဆုတောင်းရင်း မျက်စိ မျက်နှာပျက်နှင့် ဇလပ်လက်ကို မလွှတ်တမ်း ဆွဲဆုတ်ကာ စောမိုး လျှံ အိပ်ခန်းသို့ လိုက်ခဲ့လိုက်သည်။

"ဆရာမကြီးတို့ လွတ်လွတ်လပ်လပ် ပြောကြပါ"

စောမိုးလျှံ တံခါးလေး အသာစေ့ကာ ပြန်ထွက်သွားလေ သည်။

ပြင်ပဧည့်ခန်း၌ ရှိနေသော ယောကျ်ားသုံးယောက်စလုံး အတွေးကိုယ်စီနှင့် ငြိမ်သက်သွားကြလေသည်။

ထိုစဉ် မိုးလျှံအိပ်ခန်းအတွင်း၌ ဇလပ်ကိုကိုက မိုးလျှံ ကုတင်ပေါ် ထိုင်လိုက်သောအခါ. . .

"ဘုရား. . ဘုရား. . ထစမ်း။ ဒီကုတင်မှာ ထိုင်စရာလား၊ နင် ဒီကို ဘယ်နှစ်ခေါက်တောင် ရောက်ဖူးပြီးပြီလဲ"

စိုးရိမ်သောကတွေ ဗလောင်ဆူနေပြီဆိုတော့ အကောင်း ဆုံးသော စကားလုံးတွေဘာတွေ ရှာဖွေမရွေးချယ်နိုင်အား။

"ခုမှ ရောက်တာလေ၊ ဘာဖြစ်လို့လဲ မမကြီး၊ ဒီကုတင်မှာ ဘာဖြစ်လို့ မထိုင်ရတာလဲ"

ဖြေရင် ပြီးနိုင်မည် မဟုတ်သဖြင့် စာကြည့်စားပွဲကုလား ထိုင်ကို ဆွဲယူထိုင်ရင်း. . .

"ဇလပ်. ."

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



"ရှင်. ."

"ငါပြောမယ်. . . သေသေချာချာ နားထောင်"

"ဟုတ်. ."

"လွန်ခဲ့တဲ့နှစ်အစိတ်ကျော် နင့်ကို မမွေးသေးတဲ့အချိန်ကာလပေါ့၊ ဖေဖေက မြို့ငယ်လေးတစ်မြို့မှာ စိုက်ပျိုးရေးမန်နေဂျာအနေနဲ့ တာဝန်ကျတယ်၊ ဒီအချိန်မှာ ငါက ဆယ်တန်းအောင်တယ်ဆိုတော့ သိတဲ့အတိုင်း ဝန်ထမ်းစိတ် အပြည့်ရှိတဲ့ဖေဖေက ငါ့ကို တက္ကသိုလ် မတက်ခင်စပ်ကြား မူလတန်းပြ ဆွဲခန့် ဆရာမ ဝင်လုပ်စေခဲ့တယ်။

ပထော်နီဆိုတဲ့ရွာကလေးမှာ တာဝန်ကျခဲ့တယ်၊ အဲဒီအချိန်က ဒီဘက်ပိုင်းမှာ သောင်းကျန်းသူတွေ မိုးပြေတွေ ရှိနေခဲ့တယ် . . . . . . . . . . . ."

ပိတောက်ကိုကို၏ အတွေးပုံရိပ်တို့ အတိတ်လွင်ပြင်သို့ သမင်လည်ပြန် ရောက်ရှိလာသောအခါ. . .

ရင်ဘွင်း လျှို့ဝှက်သိမ်းဆည်းခဲ့ရသော သောကအစိုင်အခဲတို့ကို တစ်စစီ တစ်စစီ ဖွဲ့ခြွေရင်း ဝေဒနာတို့ကို ရှင်းထုတ်ပစ်လိုက်သည်။ ဇလပ်ကို အတိတ်ကို ဖွင့်လှစ်ပြလိုက်သည်။

". . . . လူမသိ သူမသိ ပြန်ရောက်လာခဲ့ပေမယ့် ရွာကသိတယ်၊ ဒီတော့ ပထော်နီရွာမှာ ဖေဖေတို့က ဆက်မထားတော့ဘဲ ရန်ကုန်ကို မေမေနဲ့အတူ ပြန်လွှတ်လိုက်တယ်၊ တက္ကသိုလ်ဖွင့်ရင် ဆက်တက်ဖို့ပေါ့"

"ဒါဆို အဲဒီသူပုန်ဗိုလ်ကြီးကို မမကြီး သိပ်မုန်းတီးပြီး သတ်ပစ်ချင်မှာပေါ့နော်"

သူပုန်ဗိုလ်ကြီးကို ဘယ်သူရယ်လို့ ထုတ်ဖော်မပြောထား





သဖြင့် ဇလပ်ကိုကိုမှာ ဒေါသစိတ် ခံပြင်းစိတ်တို့ ဖြစ်ပေါ်ကာ ဖြတ်ပြောလိုက်သေးသည်။

ဒေါ်ပိတောက်ကိုကို ရင်ထဲ နင့်ကနဲ နာကျင်စိုးထိတ်သွားရသည်။

သို့သော် ဇာတ်လမ်းကို ဇလပ်ကိုကို ပြီးဆုံးအောင် နားထောင်နိုင်ဖို့က အရေးကြီးလေသည်မို့. . .

သူပုန်ဗိုလ်ကြီး၏အမည်ကို ချန်လှပ်ထားလိုက်သေးသည်။

"သိပ်မကြာခင်မှာပဲ. . ."

ဿ ဿ ဿ ဿ

ပိတောက်၏အနေအထားကို ကြည့်ပြီး မိခင် ဒေါ်လှနုငိုရိမ်သွားသည်။ အစားအသောက်ပျက်၊ စားနိုင်သွားနိုင်နေသည်။ တစ်ခါတစ်ရံ ငေးငိုင်သည်မှအပ တစ်လနှစ်လ နေနိုင်ခဲ့ပြီး တက္ကသိုလ်ဖွင့် တက်ရန်ဆိုပြီး သားအမိနှစ်ယောက် ရွှေ့ပြောင်းသွက်



www.burmeseclassic.com

www.burmeseclassic.com



ကာ အစတွေ ဝယ်လိုက်၊ ခေတ်ပေါ် ပုံဆန်းဆန်းလေးတွေ ချုပ်လိုက်နှင့် (K.N.U) သောင်းကျန်းသူတို့၏စခန်းသို့ ရက်သတ္တပတ်နှစ်ပတ်မျှ အဖမ်းခံခဲ့ရဖူးသည်ဟူသော အတိတ်ဆိုးကို မေ့ပျောက်ရန် ကြိုးစားခဲ့ကြသည်။

တစ်နေ့ ကံကြမ္မာဆိုးက ရောက်ရှိခဲ့လေပြီ။

ပိတောက် စက်ချုပ်ရင်းမှ မူးလဲကျသွားလေသည်။

Family Doctor (မိသားစုဆရာဝန်) လည်းဖြစ်၊ ညီမဝမ်းကွဲလည်း တော်စပ်သော ဒေါက်တာယမင်းကို ဖုန်းဆက်ခေါ်လိုက်ရသည်။

ဒေါက်တာယမင်း စမ်းသပ်စစ်ဆေးပြီးနောက် ဒေါ်လှနုကို လက်တို့ခေါ်တာ အိပ်ခန်းတံခါးပိတ် ကြိတ်၍သတိပေးရလေသည်။

"မမနု. . . ပြဿနာတော့ တက်နေပြီ"

"ဘာ. . ဘာဖြစ်လို့လဲ ယမင်းရယ်၊ ဘုရား. . ဘုရား" ငါ ထင်သလို မဟုတ်ပါစေနဲ့"

ဒေါ်လှနု ထိတ်လန့်မှုက ငယ်ထိပ်မြွေပေါက်သည့်အလား ဖြစ်သွားသည်။

"မမနု"

ဒေါက်တာယမင်း ပြောမထွက်ရက်။ တံတွေးမျိုချလိုက်ပြန်သည်။

ဒေါ်လှနု အသက်ကလည်း ငယ်မှမငယ်တော့ဘဲ။ (၄၇) နှစ်ကျော်၍ (၄၈)နှစ်ထဲသို့ ဝင်ရောက်လာချေပြီပဲ။ အတွေ့အကြုံ မျက်နှာရိပ်မျက်နှာကဲတို့ကို ကောင်းစွာအကဲခတ်တတ်ပြီးသားဖြစ်သည်။





သူတို့ခေါင်း ဆင်နင်းခံရမည့်စကားမျိုး ကြားရတော့မည်ကို အလိုလို သိနေသည်။

"ပြောမယ့်စကားသာ ရဲရဲပြောပါ ယမင်း၊ ဒါမှ မမနုတို့ လုပ်သင့်လုပ်ထိုက်တာကို ဆက်လုပ်လို့ရမှာပေါ့"

"ဟုတ်ပါတယ် မမနု၊ သုံးလတောင် ရှိနေပြီ"

"ဘုရား. . . ဘုရား"

ဒေါ်လှ လဲပြိုမကျအောင် အနီးရှိ နံရံကို လှမ်းကိုင်လိုက်ရသည်။

"ကောင်လေးဘက်နဲ့ ညှိနှိုင်းပြီး အမြန်ဆုံး ပေးစားလိုက်တော့ပေါ့ မမနုရယ်၊ ဘယ်သူလဲ. . . ကျွန်မ ကြားဝင်အောင်သွယ်နားဖောက်ပေးမယ်၊ မမနုသမီးကို သေသေချာချာ မေးကြည့်"

ဒေါက်တာယမင်းလို ညီမဝမ်းကွဲ မပြောနှင့်၊ တစ်အိမ်တည်းနေ တအူတုံဆင်းသော ပိတောက်အစ်ကိုနှင့် မောင်လည်း ဝထော်နီရွာ၌ ပိတောက်ဖြစ်ပျက်ခဲ့သမျှကို အသိမပေးဘဲ ကြိတ်၍သာ သူတို့လင်မယားနှစ်ယောက် ခေါင်းချင်းဆိုင် ဖြေရှင်းခဲ့သည် ဇာတ်လမ်း။

အခု နောက်ဆက်တွဲဇာတ်လမ်းက တားမရဆီးမရ ဖြစ်တော့မည်။

ဒေါ်လှနု မျက်ရည်တာကျိုးရင်းက သမီးအတွက် ရင်ထုနာ ဖြစ်ရလေသည်။

"ငါ့သမီးရဲ့အပျိုစင်ဘဝကို ဖျက်ဆီးခဲ့တဲ့ ဒင်းကို. . ဒင်းကို အမှုန့်ချေပစ်ချင်တယ်"

ဒေါ်လှနု လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး အံကို



www.burmeseclassic.com

www.burmeseclassic.com



တင်းတင်းကြိတ်လိုက်သည်။

"မမနု စိတ်ထိန်းပါ၊ ပိတောက်ကို သေသေချာချာ မေးပါဦး"

"ယမင်း"

"ရှင်. ."

"နင် နိုင်ငံခြား သွားမှာဆို"

"ဟုတ်တယ် မမနု၊ ဒယ်ဒီတို့က ခေါ်နေတယ်၊ ဟိုမှာ စာဆက်ဖတ်ပြီး ပါရဂူဘွဲ့တွေ ထပ်ယူစေချင်တယ်"

"ငါတို့သားအမိ လိုက်မယ်၊ ပတ်စ်ပို့စ်လည်း ရှိပြီးသားဆိုတော့ သက်တမ်းတိုးစရာရှိ တိုးမယ်၊ အဲဒါ နင်ကူညီရမယ်"

ဒေါက်တာယမင်း ရုတ်တရက် ပြောင်းလွဲသွားသော အစ်မဝမ်းကွဲဖြစ်သူကို နားမလည်စွာ ကြည့်လိုက်သည်။

ဒေါ်လှနုသည် B.A နှင့် ဘွဲ့ရပြီးသော်လည်း အလုပ်မလုပ်၊ ခင်ပွန်းဦးကိုကို ပြောင်းရွှေ့ရာသို့ လိုက်ပါပြီး ဇနီးကောင်း အိမ်ရှင်မ ကောင်းတစ်ယောက်အနေနှင့် ပါရမီဖြည့်ကာ လိုက်နေခဲ့သည်။

ယခုအခါမှ မိဘပိုင်အိမ်သို့ ပြန်လာပြီး သားအမိတွေ နေကြသည်။ သားကြီးဝဏ္ဏကိုကိုက အမ်စီတက်နေပြီး သားငယ်က ကိုးတန်းကျောင်းသားသာ ရှိသေးသည်။ ပိတောက်ကိုကိုကတော့ ဆယ်တန်းဖြေပြီး တက္ကသိုလ်တက်ရန် စောင့်ဆိုင်းနေစဉ် ဒေါ်လှနုက. . .

"မိန်းကလေးဆိုတာ အလုပ် လုပ်လုပ်မလုပ်လုပ်၊ အိမ်တွင်းမှုပညာကို တတ်ထားရမယ်၊ ဒါမှ အိမ်အလုပ်သမားတွေ





လည်း ဟာကွက်မရှိ နိုင်နိုင်နင်းနင်း အုပ်ချုပ်နိုင်မှာ၊ အလုပ်တကာ အလုပ်ထဲမှာ မီးဖိုချောင်အလုပ်၊ အိမ်မှုကိစ္စအလုပ်လောက် ရှုပ်ထွေးတာ မရှိတော့ဘူး၊ ဒီပညာကို ကောင်းစွာတတ်ထားရင် ဒီမိန်းကလေးဟာ တစ်ချိန်ချိန်မှာ အိမ်ရှင်မကောင်းဖြစ်သွားမှာပဲ၊ ပုခက်လွှဲသော မိခင်ရဲ့လက်ဟာ ကမ္ဘာကို အုပ်စိုးနိုင်တယ်ဆိုတဲ့ စာဆိုလိုပေါ့"

ဟူသောစကားကို ဆိုကာ ပိတောက်ကို အိမ်တွင်းမှုပညာ လက်ချာ(သင်ခန်းစာ)များ ပေးနေစဉ်၌ ဝင်လာသောပြဿနာကို ဒေါ်လှနု၏လျှပ်တပြက် ဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်လိုက်သည်။

"ဒါဖြင့် ပိတောက်ကိစ္စ ဘယ်လိုလုပ်မလဲ"

"လုပ်မှာသာ လုပ်ပေးစမ်းပါအေ၊ ပြီးမှ နင့်ကို ငါပြောပြမယ်"

ညီမဝမ်းကွဲဖြစ်သော်လည်း အရင်းအချာကဲ့သို့ပင် ချစ်ခင်ရင်းနှီးကြသည့်အတွက်. . .

"ငါ နင့်အစ်ကိုဆီ ဖုန်းဆက်ခေါ် လိုက်မယ်၊ ငါ့အကြံကို သူ့ဆီက အတည်ပြုချက် ရယူပြီးရင် ငါတို့ နင်နဲ့ လိုက်ခဲ့မယ်၊ ဒီအကြောင်းတွေ နှုတ်လုံထားပါ ယမင်း"

ဒေါက်တာယမင်း မကျေမနပ်ဖြင့်. . .

"ဒီစကား ကျွန်မကို ပြောစရာလား မမနု၊ ကိုယ့်ပေါင်ကိုယ်လှန်ထောင်းသလို ကိုယ့်အကျိုး ဂုဏ်သိက္ခာ ကျဆင်းစေတဲ့ အလုပ်မျိုး ကျွန်မလုပ်ပါ့မလား၊ ပြီးတော့ ပိတောက်ဟာ ကျွန်မတူမ ကျွန်မသမီးဆိုလည်း မမှားပါဘူး"

ဒေါ်လှနု၏မျက်ရည်များ နိဂုံးချုပ်သွားခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com




မိခင်တစ်ယောက်၏အားမာန်သတ္တိတို့က သူ့၌ အပြည့်ရှိနေလေသည်။

သားသမီးအတွက်ဆိုလျှင် အသက်ပင် ပေးဖို့ ဝန်မလေးတတ်သော မိခင်တစ်ယောက်၏ချစ်ခြင်းနှင့် ခွန်အားက သူ့၌ အပြည့်အနှက် ရှိနေလေပြီမို့. . .။







# အခန်း(၃၀)

ဦးကိုကို ရန်ကုန်ရုံးချုပ်သို့ လက်ထောက်ညွှန်ကြားရေးမှူး အနေနှင့် ပြန်လည်ရောက်ရှိလာခဲ့လေပြီ။

အမေရိကားမှ ဖုန်းသံလေးတွေကလည်း မကြာခဏဆိုသလို သတင်းဖြန့်စေခဲ့သည်။

"သားကြီး. . သားငယ်. . လာဦး"

"ဗျာ. . . ဖေဖေ၊ လာပါပြီ"

"ဟုတ်ကဲ့. . . လာပါပြီ ဖေဖေ"

သားနှစ်ယောက်က ရှေ့ဆင့်နောက်ဆင့်ဆိုသလို ရောက်လာကြသည်။ သူ့စာကြည့်ခန်းထဲ၌ ဆုံလည်ကုလားထိုင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



မိန့်မိန့်ကြီး ထိုင်နေသော ဦးကိုကိုက. . .

"သားတို့. . . နွားအိုနောက်ကျသား ဆိုတဲ့စကားကို ကြား
ဖူးသလား"

သားငယ် သီဟကိုကိုက (၉)တန်းကျောင်းသားမို့ မျက်လုံး
ကလေး ကလယ်ကလယ် ရှိနေစဉ်. . .

ဆေးတက္ကသိုလ် ဒုတိယနှစ်ကျောင်းသား ဝဏ္ဏကိုကိုက

"ကြီးမှ မိန်းမတွေ သွေးဆုံးသားဆုံး ဖြစ်တတ်တာမျိုး
အသက်ကြီး မိန်းမသားတွေ သွေးဆုံးခါနီးအချိန်မှာမှ ကံပေါ်
သားသမီး ထပ်ရတာမျိုးတွေ ခေါ်တာ၊ ဘာဖြစ်လို့ မေးတာလဲ
ဖေဖေ"

ဦးကိုကို သူ့လက်ဝါးနှစ်ဖက်ကို ပွတ်ရင်း ဝမ်းသာအား
လေသံမျိုးနှင့်. . .

"သားကြီးပြောတာ မှန်တယ်၊ မင်းတို့အမေက မင်းတို့
အတွက် ညီမလေးလား ညီလေးလား မသိဘူး လက်ဆောင်ပေး
တော့မယ်တဲ့"

"ဗျာ. ."

ဝဏ္ဏကိုကိုမှာ ဝမ်းသာရမည်လား ဝမ်းနည်းရမည်လား
မသိဖြစ်သွားသည်။ သူ့အသက်က နှစ်ဆယ်ပင် ရှိနေလေ
နောက်ထပ်ညီငယ် ညီမငယ် ရဦးမည်ဆိုတော့. . .

လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး. . .

"သားတို့အတွက် သိပ်အရေးမကြီးလှပေမယ့် ဖေဖေ
မေမေတို့အတွက် generation-gap (မျိုးရိုးဗီဇကွာဟမှု အသ
အပိုင်းအခြား ကွာဟမှု) ဖြစ်နေတာကြောင့်ပဲ စိုးရိမ်တာပါ"





သားကြီးက ဆေးပညာ လေ့လာသင်ယူနေရသော ဆေး
တက္ကသိုလ်ကျောင်းသားပီပီ ဆေးပညာအမြင်လေးနှင့် ပြောလာ
သည်။

"နောက်ပြီး အသက်ကြီးမှ မွေးဖွားလာတဲ့ကလေးဟာ
ဉာဏ်ရည်မမှီတာတို့ ဖြစ်လာခဲ့ရင် ဘယ်လိုလုပ်မလဲ"

ဦးကိုကိုက ယုံကြည်ချက်အပြည့်နှင့် ခေါင်းခါယမ်းလိုက်
သည်။

"မဖြစ်နိုင်ပါဘူးလို့ ဖေဖေတော့ ထင်တာပဲ"

"ဖြစ်လာခဲ့ရင်ကော"

"ကံကြမ္မာကိုပဲ ပုံချပြီး သားသမီးကိုတော့ မပြယ်နိုင်တဲ့
ချစ်ခြင်းမေတ္တာတရားနဲ့ ချစ်သွားကြတာပေါ့"

သားကြီးက သက်ပြင်းချလိုက်သည်။ ဘာမှဆက်မပြော
တော့။ (၉)တန်းကျောင်းသား သားငယ်လေးကတော့ ကလေးပီပီ

"မမကြီးက သားခေါင်းကို ခဏခဏ ခေါက်တယ်၊
ညီမလေး ဆိုရင်လည်း သားတို့ကို ဂျီကျအနိုင်ကျင့်တယ်၊ ဒါကြောင့်
သားတော့ ညီလေးပဲ လိုချင်တယ်"

ဟု သူ့အတွေးနှင့်သူ ပျော်မြူးနေလေသည်။

ဦးကိုကိုက ရင်ထဲဝေဒနာခဲကို ကြိတ်မှိတ်မြိုသိပ်ထားရင်း
မျက်နှာပြင် အပြုံးရိပ် ဆင်ကာ. . .

"ကဲ. . ကဲ. . အိမ်သားတွေနဲ့ အမျိုးတွေ သူငယ်ချင်းတွေ
ကို သားတို့ကပဲ သတင်းပေးလိုက်တော့၊ ဒါ မင်္ဂလာသတင်းပဲ"

ဟု ပြောပြီး စားပွဲဘက်သို့ သူ့ဆုံလည်ကုလားထိုင်ကို
လှည့်လိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သားတွေကို ကျော်ခိုင်းလိုက်သည်နှင့် ဦးကိုကို၏မျက်နှာသည် ပြုံးယောင်မိုးနွယ် ညှိုးရိပ်ဆင်သွားလေသည်။

သမီး တစ်ဦးတည်းသောသမီး သားနှစ်ယောက်ကြားက ပါလာသည့် သမီးမိန်းကလေးမို့ အချစ်ပိုရသည်။

သူ ချမှတ်ပေးလိုက်သော လမ်းပေါ်မှာ သမီးလေးဘဝ ကံဆိုးမိုးမှောင် ကျရောက်ရလေသည်မို့ သမီးအတွက် ရင်ထုမနာဖြစ်ရသည်က သူတို့လင်မယားပင်။ ထို့ကြောင့် သမီးဘဝကို မညှိုးနွမ်းအောင် အကောင်းဆုံးသော ပေးဆပ်မှုများနှင့် ဖုံးကွယ်ဖို့ ကြိုးစားခဲ့သည်။

ငွေကြေးဂုဏ်ဒြပ်တို့ဖြင့် အရာရာကို ဖုံးကွယ်ကာ ပထော်နီရွာကလေးမှ ကရင်နှစ်သစ်ကူးပွဲတော်နေ့တွင် (K.N.U) သောင်းကျန်းသူတို့ ဖမ်းဆီးခံပြီး နှစ်ပတ်မျှ ပျောက်ဆုံးသွားခဲ့ရသော ဆွဲခန့်မူလတန်းပြဆရာမလေး ပိတောက်ကိုကို၏အမည်းစက်ကို ပျောက်ကွယ်သွားစေရန် ငွေကို ပုံအောသုံးကာ ဖန်တီးခဲ့သည်။

ယောကျ်ားကြီးတန်မဲ့ မျက်ရည်ကျခဲ့သည့်အဖြစ်ပင်။ သို့သော် အားတင်းလိုက်သည်။

လောကဇာတ်ခုံကြီးကို ကံကြမ္မာပဲ ကြိုးဆွဲတတ်တာ မဟုတ်ပါဘူး၊ ကံကြမ္မာဆိုးက ကြိုးရှုပ်လာရင်တော့ လူတွေကပဲ ကိုယ့်ကံကြမ္မာကြိုးကို ကိုယ့်ဖာသာကိုယ် ဖန်တီးပြီး ကကြိုးဆင်ပစ်လိုက်သည်။

ဒါ လူတွေရဲ့အမှားလား။

ကိုယ့်သားသမီးရဲ့အရှက်နဲ့ ဂုဏ်သိက္ခာကို ကိုယ်ဖန်တီးကာကွယ်ပေးတာ မိဘရဲ့ကြီးမားသော စွန့်စားမှုကြီးပါဟု ဦးကိုကို





ရင်နှင့်အမျှ မချိမဆန့် တွေးရင်း သက်ပြင်းချလိုက်မိလေသည်။ မျက်ရည်များကလည်း ခမ်းခြောက်သွားလေတော့သည်။

နောက်(၂)နှစ်ခန့်အကြာတွင် ဒေါ်လှနုမှ ရင်ခွင်ပိုက်တစ်ခါလည် သမီးလေးနှင့် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။

ပိတောက်ကိုကိုကတော့ အင်္ဂလန်နိုင်ငံမှာပင် အဒေါ်ဒေါက်တာယမင်း မိသားစုနှင့်အတူ နေထိုင်ပြီး စီမံခန့်ခွဲမှု ဘာသာရပ်နှင့် မဟာဝိဇ္ဇာဘွဲ့အဆင့် ပညာသင်ယူခဲ့ပြီး (၇)နှစ်ခန့်အကြာတွင်မှ မြန်မာပြည်သို့ ခြေပြန်ချလေသည်။

ပြန်ရောက်သည်နှင့် အထက်တန်းပြဆရာမ (မြင်ပ-စေလိုရာစေ)ရာထူးရယူ ချင်းပြည်နယ်၊ ထိုမှ (၃)နှစ်အကြာ ကချင်ပြည်



www.burmeseclassic.com

www.burmeseclassic.com



နယ်သို့ အလယ်တန်းကျောင်းအုပ်၊ ထိုမှတဖန် (၅)နှစ်အကြာ အထက်တန်းပြကျောင်းအုပ်ရာထူးနှင့် နွယ်ချောင်း အ. ထ. ကသို့ ရောက်လာခဲ့လေပြီ။

တနင်္သာရီတိုင်း နွယ်ချောင်းဆိုတော့ အတိတ်က အရိပ်မည်းတို့သာ လွှမ်းမိုးမခံချင်သဖြင့် ငြင်းပယ်ရန် စဉ်းစားလိုက်သေးသည်။

သို့သော် နှစ်ပေါင်းအစိတ်ဆိုတော့လည်း အားလုံး မေ့ပျောက်လောက်ပါပြီ။

ခေတ်တွေ စနစ်တွေ ပြောင်းလဲတိုးတက်နေပြီ။ ခေတ်မီတိုးတက်နေသော လမ်းပန်းဆက်သွယ်ရေး၊ လုံခြုံရေး အခြေအနေများကြောင့် သူ့စိတ်ကို သတိပိုင်းဖြတ်ကာ နွယ်ချောင်းသို့ ရောက်လာခဲ့သည်။

ဒေါ်ပိတောက်ကိုကို မျှော်လင့်ထားသလို ယုံကြည်ထားသလိုပင်။

လွန်ခဲ့သော နှစ်အစိတ်ခန့်က နွယ်ချောင်းလယ်စိုက်ရှင်၏မန်နေဂျာ ဦးကိုကို၏သမီး ဆွဲခန့်မူလတန်းပြဆရာမလေး ပိတောက်ကိုကိုဆိုတာ မြို့င်ချောင်းကပင် မမှတ်မိကြတော့။ သူတို့နေထိုင်ရာ နွယ်ချောင်းဆိုတာ ဝေလာဝေး။

တာဝန်ကျခဲ့သော ပထော်နီရွာလေးသို့ ယောင်၍မျှပင် ခြေဦးမလှည့်တော့။

ရင်မှာ အနာတရနှင့် အမြဲတစေ အိပ်မက်ဆိုး၏ ခြောက်လှန့်ခြင်း ခံခဲ့ရသော ပထော်နီရွာကို ရင်ထဲ၌သာ တစ်ယောက်သောသူနှင့်အတူ မြှုပ်နှံသင်္ဂြိုဟ်ထားလိုက်လေတော့သည်။





ယခုတော့. . .

ဇလပ်ကိုကို နွယ်ချောင်းဆေးရုံသို့ ရောက်လာခဲ့သည်ဆိုသော သတင်းစကားကြားကတည်းက အတိတ်တစ္ဆေ၏ခြောက်လှန့်မှုကို တထိတ်ထိတ် ခံစားရင်း စိုးကြောက်ခဲ့ရာမှ. . .

အတိတ်ရန့်တို့ကိုလည်း ပြန်လည်ရှူရှိုက်ခံစားနေမိခဲ့လေသည်။

ယခုတော့ ရန့်၏နောက်ကွယ်က ကပ်ငြိပါလာသော ရုပ်ဒြပ်တို့၏အကောင်အထည် ဘွားကနဲ ပေါ်ပေါက်လာလေတော့သည်။


ဒေါ်ပိတောက်ကိုကို နှစ်ပေါင်းများစွာ သိမ်းဆည်းခဲ့ရသော အမြုတေကို ဖွင့်ဟလိုက်လေရင်း အတားအဆီးမဲ့ သောကမြစ်တို့က ဝေါကနဲ စီးဆင်းထွက်လာလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၁)

ဉာဏ်ကောင်းသော၊ စာတော်သော၊ အကင်းပါးသော ဒေါက်တာဇလပ်ကိုကိုအတွက် ချက်ဆိုလျှင် နားခွက်က မီးတောက်သူဖြစ်ရာ ရင်မှာ စူးစူးရှရှ နာကျင်လာပြီး. . .

"ဒါ. . ဒါဖြင့် မမကြီးကိုယ်ဝန်က မေမေ့ဆီ ကူးပြောင်းလိုက်တာပေါ့. . . ဟုတ်လား၊ မီးမေးတာ မှန်မှန်ဖြေပေးပါ"

ဒေါ်ပိတောက်ကိုကို မျက်ရည်သုတ်ပြီး ဇလပ်ကိုကို့ကို ရင်ဆိုင်လိုက်သည်။

ခုချိန်မှာ သတ္တိနည်းစွာ ရှောင်ပုန်းနေ၍မရတော့။

အဓိက ဖြစ်ရပ်မှန်ကို ဖွင့်လှစ်မပြလျှင် စောမိုးလျှံနှင့် ဇလပ်ကိုကို ဟူသော လူငယ်နှစ်ဦး၏ချစ်ခင်တွယ်တာမှုမေတ္တာ





စွန်းထေးသွားလျှင်. . . ဘုရား. . . ဘုရား။

ဒေါ်ပိတောက်ကိုကို ဇလပ်ကိုကို၏စူးရှသောမျက်ဝန်းကို ရဲရဲရင့်ရင့် ရင်ဆိုင်လိုက်သည်။

"ဟုတ်တယ်. . . နင်ဟာ ငါ့ဝမ်းနဲ့ ကိုးလလွယ် ဆယ်လမှာ ဖွားခဲ့ရတဲ့ ငါ့သမီးပဲ"

ဇလပ်ကိုကိုနားထဲ သံရည်ပူနှင့် လောင်းချခံလိုက်ရသည့်နှယ် ဖြစ်သွားသည်။

"ဟတ်. . ဟား. . ဟား. . ဟား၊ သိပ်တော်တဲ့အမေပေါ့၊ ဂုဏ်သိက္ခာတစ်ခုအတွက် သားသမီးရဲ့ဘဝကို အမှောင်ချခဲ့တယ်ပေါ့"

မျက်ရည်တာကျိုးရင်းက ခနိုးခနဲ့ ရယ်ကာ အငေါ်တူးသော မေးခွန်းကို ထုတ်လိုက်သည်။ ဇလပ်ကိုကို့ကို အံ့အားသင့်စွာကြည့်ရင်း. .

"မဟုတ်ဘူး သမီး. . . မဟုတ်ဘူး"

"သမီး. . . ဘာသမီးလဲ၊ လူကြားထဲမှာ ရှင့်သမီးအဖြစ် မထုတ်ဖော်ရဲလို့"

"ဘုရား. . ဘုရား. . သမီး မဟုတ်သေး. . "

ဇလပ်ကိုကို၏ကြမ်းတမ်းလာသောစကားကြောင့် ဒေါ်ပိတောက်ကိုကို တာဆီးရန် ကြိုးပမ်းလိုက်သည်။

"ဘာ. . ဘာမဟုတ်သေးတာလဲ၊ ဒါဖြင့် ကျွန်မအဖေ သူပုန်ဗိုလ်ကြီးက ဘယ်သူလဲ. . . တောထဲ. . ."

ဇလပ်ကိုကိုအသံ ရုတ်တရက် ပြတ်သွားသည်။ လျှပ်တပြက် စဉ်းစားလိုက်သည်နှင့် အဖြေကို ရှာတွေ့သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စောစောက ဆိပ်ကမ်းမှာ အပါးက မမကြီးကို ပွေ့ချီလာသောပုံရိပ်။

"သြော် . . သိပြီ . . သိပြီ ဦးစောပြည့်ဝန်းဟာ ကျွန်မအဖေပေါ့ . . ဟုတ်လား၊ ဖြေပါ . . ဖြေပါ . . မြန်မြန်ဖြေပေးပါ၊ ကျွန်မရင်ထဲ မီးတောက်နေပြီ၊ မိုးရဲ့အပါးဟာ ကျွန်မအဖေ မဟုတ်လား"

ဇလပ်ကိုကို၏ငယ်ရွယ်နုနယ်သေးသော နှလုံးသားက ဝေဒနာဆိုးကို လက်မခံနိုင်သေး။ ထို့ကြောင့် ပေါက်ကွဲလျက်ရှိချေပြီ။

"အင်း . ."

ဒေါ်ပိတောက်ကိုကို ခေါင်းညိတ်ရင်း ဝန်ခံလိုက်သည်။ ဒါမှလည်း သမီးနှင့်စောမိုးလျှံတို့၏ဆက်ဆံရေးကို ဟန့်တားနိုင်မည်။

"ဟော် . . ဟော့ . . ဟော့"

ငိုရင်း သရော်သံ ပြုနေလေသည်။ ဇလပ်ကိုကို၏နှလုံးသားနုနုက နာကျင်လိုက်သည့်ဖြစ်ခြင်း . . .

သူ့တစ်သက်နှင့်တစ်ကိုယ် ယောင်၍မျှပင် အိပ်မက်မမက်ဖူးသော ဘဝဆိုးကြီးတစ်ခုပါလား။

"ဒီမှာ ဆရာမကြီး"

"သမီး မှားမယ်၊ အပြောအဆို ဆင်ခြင်စမ်း"

"တော်ပါ . . . ရှင့်ရဲ့အတ္တအတွက်"

"ဘာ . . . ပါးစပ်ပိတ်စမ်း"

"မပိတ်နိုင်ဘူး . . ရှင်တို့ . ."

အပြစ်မဲ့သောသမီးလေး ဆင်ခြင်တုံ ကင်းမဲ့သွားခဲ့ပြီ





အမေကို 'ရှင်' ဟု သုံးစွဲလာခြင်းအတွက် အမေက ခွင့်လွှတ်လေသူက ငရဲရလေလေဖြစ်မည်ဖြစ်ရာ လက်မြန်သော ဒေါ်ပိတောက်ကိုကို၏ညာဘက်လက်ဝါးတစ်ဖက် မြောက်တက်လာသည်။

"ဖြန်း . ."

"တိတ်စမ်း . . . ငါလော်လည်ဖောက်ပြားပြီး ဖြစ်လာတဲ့ကိစ္စမို့လို့လား၊ မိဘကို မစော်ကားနဲ့ ငါပြောချင်တာက . . ."

ဇလပ်ကိုကို အံ့အားသင့်ကာ ဆွံ့အသွားပြီး ဒေါ်ပိတောက်ကိုကို့ကို မျက်လုံးအပြူးသားနှင့် ကြောင်တောင်တောင်လေး စိုက်ကြည့်နေသည်။

ဒေါ်ပိတောက်ကိုကို ရင်ဝ လှံစူးခံလိုက်ရလေပြီ။

"သမီး . . . အမေပြောချင်တာက"

ဒေါ်ပိတောက်ကိုကို သမီးကို ပွေ့ပိုက်ချော့ရင်း နှစ်သိမ့်ရန် အလို့ငှာ အနားသို့ တိုးကပ်သွားသည်။ ဇလပ်ကိုကို နောက်ဆုတ်ရင်း . . .

"ရှင် . . ရှင် . . အနားတိုးမလာနဲ့၊ ကျွန်မ ကြောက်သွားပြီ၊ ကျွန်မ စိတ်နာတာက လောကကြီးရဲ့အလိမ်အညာတွေကိုပါ"

ဇလပ်ကိုကို မျက်ရည်တွေ ဒလဟော စီးကျလာသည်။ သူ့ကျောပြင်နှင့် အခန်းတံခါး ထိစပ်သွားသည်မို့ သူ့နောက်ဆုတ်မှုလည်း ရပ်တန့်သွားခဲ့သည်။

ဒေါ်ပိတောက်ကိုကိုနှုတ် အာစေးထည့်ထားသလို ဖြစ်သွားသည်။ နာကျင်လိုက်သည့် နှလုံးသား၊ စူးအောင့်လာသည့် ဘယ်ဘက်ရင်အုံကို လက်နှင့် ဖိကာ အသက်ရှူနိုင်ဖို့ ကြိုးစားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် . . . လောကကြီးရဲ့ အလိမ်အညာတွေထဲမှာ ကိုယ့်သမိုင်းကြောင်းကို အလိမ်ခံထားရတာလောက် ကွယ်ဝှက် တိမ်မြှုပ်ခံထားရတာလောက် ဆိုးဝါးတဲ့လိမ်ညာမှုမျိုး ရှိနိုင်ပါဦး မလား၊ ပြီးတော့ . . ."

ဇလပ်ကိုကို မျက်ရည်ကြောင့် ဝေဝါးလာမှုကို လက်ခုံနှင့် ခပ်ကြမ်းကြမ်း သုတ်ဖယ်ရင်း ဒေါ်ပိတောက်ကိုကို့ကို နာကျည်းစွာ စိုက်ကြည့်ရင်း . . .

"ကိုယ့်ဂုဏ်သိက္ခာအတွက် ကိုယ့်သမီးကို ကမ္ဘာမီးလောင် သားကောင်ချနင်း လုပ်ခဲ့တဲ့သူကို ခွင့်မလွှတ်နိုင်ဘူး၊ တစ်သက်လုံး ခွင့်မလွှတ်နိုင်ဘူး၊ အဲဒီလိုအမေမျိုး ကျွန်မမှာ မရှိဘူး . . မရှိဘူး"


ပြောပြောဆိုဆို တံခါးလက်ကိုင်ဘုလုံးကို ဆွဲလှည့်ပြီး အခန်းထဲမှ တစ်ရှိန်ထိုး ပြေးထွက်သွားလေသော ဇလပ်ကိုကို့ကို ကြည့်ရင်း ဒေါ်ပိတောက်ကိုကို လိုက်ရန် ကြိုးစားသည်။ သို့သော် ခေါင်းတို့သည် မူးနောက်လာပြီး စိတ်သွားတိုင်း ခန္ဓာကိုယ်ကို မသယ်ဆောင်နိုင်တော့ဘဲ ရင်မှာ စူးအောင့် မျက်လုံးများ ပြာဝေပြီး သကာလ ခန္ဓာကိုယ်တစ်ခုလုံး လေးလံကာ ဘုံးကနဲ လဲကျသွားလေ တော့သည်။

"သမီး . . ."

လူ့လောကကြီးနဲ့လည်း ခေတ္တအဆက်အသွယ် ပြတ် တောက်သွားလေတော့သည်။







## အခန်း(၃၂)

ဧည့်ခန်းထဲမှ ယောက်ျားသားသုံးဦးသည် မလှမ်းမကမ်း၌ ရှိသောအခန်းမှ ဒေါသတကြီး ထွက်ပေါ်လာသည့် အသံသဲ့သဲ့ကို ကြားရသည့်နောက် စောမိုးလွှံက လူငယ်ပီပီ ဘယ်လိုမှ ဆက်လက် သည်းခံခြင်းကို မစွမ်းဆောင်နိုင်တော့သည့်အဆုံး ထိုင်နေရာမှ ထပြီး သူ့အိပ်ခန်းတံခါးဝနားသို့ ရောက်သွားစဉ် ဝုန်းကနဲ သွေး မျက်လုမတတ် ပြေးထွက်လာသော ဇလပ်ကိုကိုနှင့် ဝင်တိုးသည်။ မျက်ရည်ကလည်း အရွှဲသားဖြစ်သည်။

"လပ် . ."

"ဟင် . ."



www.burmeseclassic.com

www.burmeseclassic.com



"ဇလပ် ဘာဖြစ်. . ."

ဧည့်ခန်းမှ လူကြီးနှစ်ဦးကလည်း လိုက်ထလိုက်သည်။

စောမိုးလျှံက ဇလပ်ကိုကိုနောက်သို့ ပြေးလိုက်သွားသည်။

စောပြည့်ဝန်းက ချက်ချင်းပင် စောမိုးလျှံအခန်းသို့ ဝုန်းကနဲ ရောက်ရှိသွားသည်။ ဧည့်သည်ဖြစ်နေသော ဒေါက်တာသက်နှင်းကသာ ဧည့်ခန်းမှာပဲ ဆက်နေရနိုး၊ စောပြည့်ဝန်းနောက်သို့ လိုက်ရနိုး၊ လူငယ်လေးနှစ်ယောက်နောက်သို့ လိုက်ရနိုးနှင့် ယောင်ချာချာ ဖြစ်နေလေသည်။

ထိုစဉ်. . .

"ဒေါက်တာ. . ဒေါက်တာ. . ဒီမှာ ဆရာမူ. . ဆရာမူကို ကယ်ပါဦး၊ အဲလာ. . ."

ဦးစောပြည့်ဝန်း၏ထိတ်လန့်တကြား အော်ဟစ်လိုက်သံကြောင့် ဒေါက်တာသက်နှင်း၏ခြေလှမ်း ဦးတည်ရာနေရာ ရသွားသကဲ့သို့ မီးဖိုထဲမှာ ဧည့်သည်တွေအတွက် ထမင်းစား စားပွဲရှည်ကြီး၌ ပင်လယ်စာ ဟင်းမျိုးစုံလင်ကို ပြင်ဆင်ပြီး ယပ်ခတ်ကာ စောင့်ဆိုင်းနေသော နော်အဲလာလည်း ယပ်တောင်ကို မသီတာလက်ထဲ ထည့်ပြီး ဒေါက်တာသက်နှင်း ဦးတည်ရာသို့ သူလည်း လိုက်သွားလေသည်။

ထိုစဉ် စောပြည့်ဝန်းမှာ ကြမ်းပြင်ထက်မှ ဒေါ်ပိတောက် ကိုကို့ကို ပွေ့ချီပြီး ကုတင်ပေါ်သို့ တင်ပေးလိုက်သည်။

တော်သေးသည်။ ဒေါက်တာနှင့် စစ္စတာက သွားလေရာရာ ယူဆောင်တတ်သော လက်ဆွဲအိတ်၌ သွေးပေါင်ချိန်စက်နှင့် တစ်ခါသုံးအပ်နှင့် အရေးပေါ် ဆေးအချို့ ပါရှိသောကြောင့်. . .





"heart-attack ဦးစောပြည့်ဝန်း"

ပြောပြောဆိုဆို ဒေါက်တာသက်နှင်းက အတွေ့အကြုံများသော ဆရာဝန်ပီပီ နှလုံးကို ဖိကာ ပုတ်ခတ်နှိုးခြင်း၊ ဒေါ်နော်အဲလာကလည်း ချက်ချင်း ရေငုပ်ဝတ်စုံမှ အောက်စီဂျင်ဗူးကို ယူကာ တပ်ဆင်ဖို့ ကြိုးစားရာ၌ စောပြည့်ဝန်းကလည်း ကူညီလေသည်။

မသီတာကလည်း ချက်ချင်းပင် လိုအပ်သည်တို့ကို ဝိုင်းဝန်းကူညီပေးလေသည်။

မပေးလို့မရ။ တောထဲအမှောင်ထဲ၌ ကျားတစ်ကောင်လို မာကျောသောအသည်းနှင့် ကျင်လည်ခဲ့သူ လူဆိုးဗိုလ်ဟောင်းကြီး စောပြည့်ဝန်းမှာ ဇောချွေးများ ပြန်ပြီး လက်များပင် တုန်ရီနေပါလား။

နားကျပ်နှင့် နှလုံးခုန်နှုန်းတိုင်း၊ နှာငွေ့မှ အခိုးအငွေ့လေးများ အောက်စီဂျင် ပေးထားသောခွက်ကို လာဟပ်သည်ကို တွေ့လိုက်ရမှ ချွေးသီးနေသော ဒေါက်တာသက်နှင်းလည်း ပင့်သက်ရှိုက်လိုက်နိုင်တော့သည်။

နောက်မှ လိုအပ်သော ဆေးသွင်းကုသမှုကို ဒေါ်နော်အဲလာအား ညွှန်ကြားလိုက်လေသည်။

အခြေအနေတွေ ယခုလောက်အထိ ရုတ်တရက် ပေါက်ကွဲ ပြင်းထန်သွားရသည့် အကြောင်းအရင်းက ဘာလဲ။

တစ်ခုခုတော့ ပြင်းပြင်းထန်ထန် ရှိလိမ့်မည်ဟု ဒေါက်တာသက်နှင်း မှန်းဆရိပ်မိနေသကဲ့သို့ အသည်းပျက်သည်းမတတ် ချစ်ခဲ့ရလွန်းသူလေးကို လွမ်းဆွေ့မပြေနိုင်သော မျက်ဝန်းများနှင့် ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင်း စိုးရိမ်စိတ် ပိုနေသော ဦးစောပြည့်ဝန်းမှာလည်း ဘာမှ ဂယနဏ သိပုံမပေါ်။

အကြောင်းအရင်းမှန်ကို သိသူမှာ လောလောဆယ်တော့ နှစ်ယောက်တည်းပဲ ရှိနိုင်သည်။

နှလုံးသား အတိုက်အခိုက် ခံရလောက်အောင် ထိခိုက်သွားသော ဒေါ်ပိတောက်ကိုကိုနှင့်. . .

ဝုန်းကနဲ ပေါက်ကွဲ မျက်ရည်တာ့ကျိုးပြီး ကျားနာမလေး သဖွယ် ပြေးထွက်သွားသော ဇလပ်ကိုကို။

သူတို့နှစ်ဦးပဲ သိမည်။

ဒေါက်တာသက်နှင်း၏သိလိုသောစိတ်က တားမရတော့။

"ဆရာမကြီး စိတ်ချရပါပြီ၊ စစ္စတာ စောင့်ကြည့်ပေးပါ။ ကျွန်တော် ကလေးတွေနောက် လိုက်သွားလိုက်ပါဦးမယ်၊ ဦးစောပြည့်ဝန်းကော. . ."

"ကျွန်တော် ဆရာမူကို စောင့်ကြည့်ဦးမယ်"

ဟုတ်ပေသားပဲလေ။ သူ့အသည်းအသက်က သူ့ရဲ့ ဆရာမလေး(ဆရာမူ)ပေါ် မူတည်နေသည်ပဲ။

"ကောင်းပြီ. . . ကျွန်တော့်ကို ခွင့်ပြုပါဦးနော်"

စောပြည့်ဝန်း ရုတ်တရက် ဒေါက်တာသက်နှင်းလက်ကို ဖမ်းဆွဲလိုက်သည်။

ဗုဒ္ဓေါ. . . တောဘုရင်ကြီးရဲ့လက်ကလည်း အေးစက်လို့ပါ လား။

လူတွေဟာ ကြီးကြီးငယ်ငယ်၊ ရွယ်ရွယ်လတ်လတ် ကောင်းကောင်းဆိုးဆိုး၊ နှလုံးသားနှင့်ပ တ်သက်လာလျှင်တော့





တစ်မျိုးတစ်စားတည်း ခံစားတတ်ကြပါလား။

ချစ်လွန်းသူအတွက် သောကဝေဒနာ စိုးရိမ်မှုဝေဒနာ သည် ထပ်ထူထပ်မျှဖြစ်ပေလိမ့်မည်။

"ဒေါက်တာ"

"ဟုတ်ကဲ့. . . ပြောပါ"

"ဆရာမူ အခြေအနေ စိတ်ချရပါတယ်နော်"

"စိတ်ချရပါပြီ. . . မကြာခင် သတိပြန်ရလာမှာပါ၊ စောင့်ကြည့်နေပါ"

"ကျေးဇူးတင်ပါတယ် ဒေါက်တာ"

ဒေါက်တာသက်နှင်း စောပြည့်ဝန်းတို့ကို ထားခဲ့လိုက်လေ သည်။

ဂူအိမ်ထဲမှ ထွက်အလာတွင် ပင်လယ်ကို ဖြတ်သန်းတိုက် ခတ်လာသော လေပြင်းပြင်းတို့၏ ခပ်ကြမ်းကြမ်း တိုးဝှေ့ဖက်ကြုံဆို မှုကို သူ ကျေနပ်စွာဖြင့် အသက်ကို ပြင်းပြင်းရှူရှိုက်လိုက်ရသည်။

လှပသောပန်းတစ်ပွင့်ကို လှမ်းဆွတ်တော့မယ်ဟု ရည် ရွယ်ရုံရှိသေး ပိုင်ရှင်က ပေါ်လာတော့ လက်ရှက်ကာ ပြန်ရုတ်သိမ်း ခဲ့ရသည့် သူ့အဖြစ်ပေကိုး။

လေကို ဝဝရှူရှိုက်ရင်း ပတ်ဝန်းကျင်ကို မျက်စေ့ကစား လိုက်သည်။ ကိုက်တစ်ရာ အကွာအဝေးရှိ အပင်ကြီးအောက်မှာ လူငယ်နှစ်ယောက်။

ငိုရင်း တတွတ်တွတ် ပြောနေသောဇလပ်နှင့် ကျောက် ဆစ်ရုပ်သဖွယ်ဖြစ်နေသော မိုးလျှံ။

ထူးတော့ ထူးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ တရွေ့ရွေ့နှင့် အနားသို့ လျှောက်သွားလိုက်သည်။

ဇလပ်ကိုကို၏စကားတို့ကို လေပြည်တို့က သယ်ဆောင်လာလေသည်။

"မိုး . . နင်စဉ်းစားကြည့်စမ်း မောင်လေး၊ ငါ သူပုန်ဗိုလ်ကြီးရဲ့သမီးဖြစ်နေခဲ့တာကိုလည်း မတုန်လှုပ်ဘူး"

ဟ . . . ဒါဘာစကားလဲ။ ဒေါက်တာသက်နှင်း တုန်လှုပ်သွားသည်။ အသံကြားရပြီဆိုတော့ ရောက်နေရာ ချုံကွယ်၌ပင် ရပ်နားထောင်နေမိလိုက်သည်။ ဒါ လူမှုရေးစည်းကမ်း ဖောက်ဖျက်တာ မဟုတ်ပါဘူးလေ၊ သိသင့်သိထိုက်လို့ သူသိခွင့်ကြုံးစားတာ။

ပြီးတော့ လူနာ၏သမိုင်းကြောင်းကို သူသိထားသင့်လို့ပါလေဟု ကိုယ့်လိပ်ပြာကိုယ် မရှက်မိစေရန် ဆရာဝန်ကြီး ကိုယ့်ကိုယ်ကို အားပေး၍နေလေပြီ၊

"နင်နဲ့ငါ ခုဆို အဖေတူအမေကွဲ မောင်နှမ၊ ဒါကို မသိကြဘဲ ရင်းနှီးမိကြတယ်၊ စိတ်ဝင်စားမိကြတယ်၊ ဒီထက်ပိုသွားရင် . . ဟာ . . ဟာ . . ငါဆက်မပြောရဲတော့ဘူး၊ ရှော့ခ်(Shock) ဖြစ်သွားနိုင်တယ်၊ ကံကြမ္မာက ငါတို့မောင်နှမကို ရုတ်တရက် ကယ်တင်လိုက်တာ၊ ဒါကို ငါ အသည်းအနာဆုံးပဲ"

မျက်ရည်ကျရင်း ပေါက်ကွဲနေသော ဇလပ်ကိုကိုက ဘာတို ဘယ်သူ့ကိုမှ မြင်တွေ့ပုံမရ။ ရင်ထဲ ရှိသမျှသော ခါးသီးမှု မှန်သမျှကို လွှင့်ပစ်နေလေတော့သည်။

ဒါလည်း ကောင်းပါတယ်၊ ဝေဒနာဆိုတာ ရင်မှာ သိုမှီးထားလျှင် အစိုင်အခဲကြီး ထုထည်ပမာဏ များလာပြီး နှလုံးသားကို ကျူးကျော်တိုက်ခိုက် ဝါးမျိုသွားနိုင်သည်။





ဒေါက်တာသက်နှင်း အခြေအနေနေအရပ်ရပ်ကို သုံးသပ်လိုက်မိလေသည်။

"မမကြီး . . မမကြီးဆိုပြီး သူငယ်ချင်းတွေအတွက် အမေအရွယ်ကို ငါလည်း အမေဖြစ်စေချင်ခဲ့လို့ တကောက်ကောက် လိုက်တွယ်ကပ်ခဲ့တဲ့ မမကြီးဟာ တကယ်တမ်းတော့လည်း ငါ့အမေအရင်းတဲ့လား . . ဟာ . . ဟာ၊ ငါ့သမိုင်းကြောင်းကို ပြောင်းလဲအမှောင်ချထားပြီး သူ့ဂုဏ်သိက္ခာအတွက် ငါ့ဘဝကို နင်းချေခဲ့တာ၊ မောင်လေးမိုး . . . နင်နဲ့ငါမောင်နှမ . . မောင်နှမ၊ မသိခဲ့ပါလား . . ဟား . . ဟား . . ဟား"

ငိုရင်းရယ်၊ ရယ်ရင်းငို ပြောနေသော ဇလပ်ကိုကိုအတွက် အပန်းဖြေစရာ ရင်ခွင်ဝပ်ကျင်းတစ်ခုတော့ လိုအပ်နေလေပြီ။

"အဟမ်း . . အဟမ်း"

ယခုမှ ချောင်းဟန့်သံ ပေးရင်း ချုံကွယ်မှ ထွက်ကာ ဇလပ်ကိုကိုတို့နှစ်ဦးရှိရာသို့ လျှောက်သွားလိုက်လေသည်။

စောမိုးလျှံက သူ့အား လှည့်ကြည့်သည်။ ကောင်ကလေး၏မျက်ဝန်းမှာ မျက်ရည်တွေ ပြည့်လျှမ်းလျက်ရှိနေချေပြီ။

ကောင်ကလေး ဘယ်သူ့အတွက် ငိုတာလဲ၊ ဇလပ်ကိုကိုအတွက်လို့ သူ့အတွက်သူ ငိုခြင်းပေပဲလား။

"အတော်ပဲ ဒေါက်တာ၊ ကျွန်တော် အပါးဆီ သွားချင်တယ်၊ မမလပ်ကို ဂရုစိုက်ပေးပါ"

ကောင်ကလေးက သူ့မျက်ရည်ကို ခပ်ကြမ်းကြမ်း သုတ်လိုက်ပြီး တုံ့ပြန်ချက်ကိုပင် မစောင့်ဘဲ သူတို့တို ထားရစ်ခဲ့ကာ ထွက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



*ဇလပ်ကိုကိုက သူ့အား မော့ကြည့်ပြီး . . .*

"ဆရာ . ."

ငိုသံပါကြီးနှင့် မျက်ရည်ပြွန်းသောမျက်ဝန်းနက် အစွဲသားနှင့် ကြည့်လေသည်။

"ဘာလဲ ဂျူနီယာရယ်၊ ခုလည်း ကလေးမဟုတ်တော့ဘူးလေ၊ ဆရာဝန်မကြီး ဖြစ်နေပြီပဲ"

"ဟင့် . . . ဟင့်"

တွယ်ရာမဲ့နေသော ဝေခွဲမရစိတ်နှင့် သောကဝေနေသော သူ့ဂျူနီယာလေး စိတ်သက်သာရာ သက်သာကြောင်းကို မည်ကဲ့သို့ ထွက်ပေါက်ပေးရမည်နည်း။

ခပ်လှမ်းလှမ်းက တန်းလျားတစ်ခု ပင်လယ်ကမ်းစပ်၌ တည်ဆောက်ထားသည်ကို တွေ့လိုက်ရသည်။

"ဟော . . . ပုလဲမွေးမြူရေး ထုတ်လုပ်ရေးနေရာ ထင်တယ်၊ သွားကြည့်ရအောင်"

သူ့ဂျာကင်အိတ်ကပ်ထဲမှ မွေးပွဲလက်ကိုင်ပုဝါကို ထုတ်ကာ ဂျူနီယာလေးမျက်နှာပြင်သို့ ထိကပ်ပေးလိုက်သည်။

ဇလပ်ကိုကို ယူကာ မျက်ရည်များကို သုတ်လိုက်သည်။

"မသွားဘူး . . . ပြန်ချင်တယ်"

ခုချိန်မှာ ဝေဒနာသိပ်သည်းဆ ပြင်းထန်နေသူကို ကန့်ကွက်ဆန့်ကျင်၍မရနိုင်ကြောင်း သိထားသည့် ဆရာဝန်ကြီးက . .

"ဒါဖြင့် ပြန်လေ၊ ဆရာ အဖော်လိုက်ခဲ့ပေးမယ်"

"ဒီက စက်လှေပိုင်ရှင်ကြီး သားအဖကို သံတော်ဦး သွားတင်ရဦးမှာလား"





ဇလပ်ကိုကို မကျေနပ်ချက် မှန်သမျှကို ဖွင့်ထုတ်ပစ်နေလေသည်။

"ဩော် . . . ဇလပ်လေးရယ်၊ သူတို့ကို သွားမပြောဘဲ သူ့အလုပ်သမားတွေကို ကိုယ်တို့ သွားခိုင်းလို့ရမလား"

"ဟင် . . . ဒါဖြင့် မသွားတော့ဘူး၊ ဒီမှာပဲ ထိုင်နေတော့မယ်"

ပြောပြောဆိုဆို မြေပေါ် ကုန်းထနေသော လက်ပံပင်စည်ကြီးပေါ်သို့ သုန်သုန်မှုန်မှုန်နှင့် ထိုင်ချလိုက်လေသည်။

ဒေါက်တာသက်နှင်းလည်း ညာတာပါတေးနှင့် ဇလပ်ကိုကို နံဘေး၌ ကပ်ထိုင်ချလိုက်လေသည်။

"သဘောပဲ . . . ခင်ဗျားလေးသဘော ပြောစမ်း၊ အမိလေး ပြောချင်တာ မှန်သမျှ ပြောစမ်း"

"လောကကြီးက မတရားဘူး၊ မဟုတ်ဘူး . . . လူတွေက မတရားတာ"

"ဘယ်လို မတရားတာလဲကွ"


ဇလပ်ကိုကို၏သောက မှန်သမျှကို မျှဝေခံစားယူပေးဖို့ရာ အဆင်သင့်ဖြစ်နေသည့် ဒေါက်တာသက်နှင်းစကားကို follow (နောက်လိုက်) ပြုပေးလိုက်လေသည်။

ဂျူနီယာလေး ဝေဒနာအလုံးစုံကို ရင်ဖွင့်ပေတော့ဟု . .။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃၃)

"ဆရာမ. . . လက်ပံပင်ကြီးအောက်မှာ မမဇလပ်နဲ့ ဆရာ ရှိတယ်၊ သွားခေါ်ပြီး ထမင်းကျွေးပါ"

စားမည့်သူ ကင်းမဲ့နေသော ထမင်းဝိုင်းကြီးအနီး ယပ် တစ်ချောင်းနှင့် ယင်မလာစေရန် တယမ်းယမ်း လုပ်နေသော သူနာပြုဆရာမလေး မသီတာတစ်ယောက် ထွက်ပေါက်ရသွားသည့်အလား ချက်ချင်းပင် ထွက်သွားလေသည်။

ဟင်းလယ်စာမျိုးစုံကို ကြော်တန်တာကြော်၊ လှော်တန်တာလှော်၊ ပြုတ်တန်တာပြုတ်၊ သုတ်တန်တာသုတ်နှင့် ဟင်းအမည်မျိုးစုံလင်သော ထမင်းစားပွဲကြီးမှာ စားသုံးမည့်သူတို့၏ဥပေက္ခာပြု





ခြင်းကို ခံရသဖြင့် မျက်နှာငယ်နှင့် ကျန်ရစ်ခဲ့လေသည်။

"အန်တီ. . . ထမင်းဝိုင်းကြီး ကြည့်ထားပေးပါဦး"

ဆရာမကြီးအနားသို့ အနီးကပ်ဆုံး ရှိနေသောအပါးမှာ သူ့အသံ ကြားပေမယ့် လှည့်မကြည့်။

ဒေါ်နော်အဲလာက. . .

"အေး. . . အေး"

ဟု ဆိုကာ ချက်ချင်းထပြီးထွက်သွားလေသည်။

စောမိုးလျှံ အခန်းတွင်းသို့ တစ်လှမ်းချင်း ဝင်ရောက်လာလေသည်။

အသည်းယားစရာ ကောင်းလိုက်သည့် အပါး။ သူ့အား တစေ့လေးမှပင် လှည့်မကြည့်။

ဒါကြောင့် ရှေးလူကြီးတွေ ပြောကြတာပဲဖြစ်မည်။

"မကိုခင်မှ ဥကို ခင်သည်" တဲ့။

သူပင် မမြင်ဖူးခဲ့လိုက်သော အမိုးကို အပါးလုံးဝချစ်ပုံမရ။ အမိုး သေဆုံးခြင်းကိုလည်း တသသ လွမ်းပုံမရချေ။

မမဇလပ်အမေကိုတော့ သူ့ဘဝမှာ သူ့အသက်နှင့် ထပ်တူ ချစ်မြတ်နိုးပုံရသည်။

ကြည့်စမ်း. . .။

ဆရာမကြီး မေ့မျောနေသလို သူလည်းပဲ မေ့မျောနေပါသား။

ဆရာမကြီးသာ သေသွားရင် အပါးလည်း ခေါက်ကနဲ လဲသေသွားတော့မည့်အတိုင်းပင်။

စောမိုးလျှံ ရင်တွင်း မကျေနပ်စိတ်တို့ ဖြစ်ပေါ်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com



လည်း ချက်ချင်းဖြေသိမ့်လိုက်နိုင်လေသည်။

သူက မလပ်ကဲ့သို့မဟုတ်၊ တိမ်မြုပ်ကွယ်ဝှက်ခံဘဝထဲ ကြီးပြင်းရသူမှ မဟုတ်လေပဲ။

အပါးရဲ့လိုအပ်ချက်ကို သူမှ မဖြည့်ဆည်းပေးနိုင်ဘဲ၊ အင်းလေ. . . သားတစ်ယောက်အနေနဲ့ အပါး စိတ်ချမ်းသာမှုကိုသာ ဖြည့်ဆည်းပေးရမည်။ ဒါမှ သားသမီးကောင်းတို့၏ဝတ္တရားဟုပဲ သူခံယူလိုက်သည်။

"အပါး"

"ဘာလဲ ဖိုးခွား. . . ထိုင်လေ"

"ဆရာမကြီးအခြေအနေက"

"heart-attack ရတာတဲ့၊ စောစောက သတိရတယ်၊ ဒါပေမယ့် ဆေးအရှိန်နဲ့ ပြန်အိပ်ပျော်သွားပြီ"

အပါးအကြည့်က ဆရာမကြီး ဒေါ်ပိတောက်ကိုကိုထံမှ လုံးဝမရုပ်သိမ်းဘဲ သူ့အား ဝတ်ကျေတန်းကျေ စကားဆိုနေတာနှင့် တူလေသည်။

စောမိုးလျှံ ပင့်သက်ရှိုက်ရင်း. . .

"အပါး သိပြီးပြီလား"

"ဘာကိုလဲ"

"အပါးနဲ့ အန်တီ ကွဲသွားပြီးနောက်ပိုင်းမှာ ဘာတွေဖြစ်ပျက်ခဲ့တယ်ဆိုတာ. . ."

ထိုအခါမှ အပါး၏ဦးခေါင်းက နောက်ပြန်လည်လာသည်။ နားမလည်နိုင်သောမျက်ဝန်းနှင့်. . .

"ဘာတွေကိုလဲ. . . မင်း ဘာကို သိထားတာ ရှိလို့လဲ"





"သိထားတာ မဟုတ်ဘူး၊ ခုနမှ သိခဲ့တာ"

"ဘာလဲ"

"အပါးတို့ သောင်းကျန်းသူတွေလက်ထဲက ဒေါ်ပိတောက် လွတ်မြောက်သွားပြီးတဲ့အချိန်မှာ ဒေါ်ပိတောက်မှာ အပါးနဲ့ ငြိစွန်းခဲ့တဲ့အတွက် ကိုယ်ဝန်ရသွားခဲ့တယ်တဲ့"

"ဘာ. . ."

ယခုမှ ကေသရာဇာ ခြင်္သေ့မင်းကြီး ဟန်မပျက် မိန့်မိန့်ကြီး မနေနိုင်တော့။ ဝုန်းကနဲ ထလိုက်ပြီး အသံက တအံ့တသြ တိန်းထွက်လာလေပြီ။

"အဲဒီကိုယ်ဝန်ကို ဒေါ်ပိတောက်က ရအောင်မွေးခဲ့ပါတယ်၊ အဲဒီကလေးဟာ မမဒလပ်ပါပဲ"

"ဘာ. . . ဖိုးမူ. . ဖိုးမူဟာ. . "

"ဟုတ်ကဲ့. . အပါးရဲ့သမီး. . အပါးရဲ့ ဖိုးမူစစ်စစ်ပါပဲ၊ ဒီအကြောင်းကို မလပ်က ခုမှ သိရပြီး မကျေမနပ် ပေါက်ကွဲသွားတာပါ"

"ဖြစ်မှဖြစ်ရလေ ဆရာမူလေးရယ်"

လူဆိုးကြီး၏အသည်း ယခုမှကြွေလေပြီ။ ပို၍ကြွေလေပြီ။

အောက်စီဂျင်ပိုက်တို့ ကင်းလွတ်သွားပြီး နှစ်ခြိုက်စွာပင် အိပ်မောကျနေသော ဒေါ်ပိတောက်ကိုကို၏လက်ကလေးကို ဆွဲဆုပ်ကိုင်ကာ မျက်နှာနှင့် အပ်လိုက်လေသည်။

"ဒေါ်ပိတောက်က မလပ်နဲ့ ကျွန်တော်တို့ နီးစပ်မှုကြောင့် စိုးရိမ်ပြီး လိုက်လာတာ ဖြစ်မယ်၊ ဦးဒီးကိုလည်း မှတ်မိလိုက်ပုံ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



ပါးစပ်ပေါ်င်းတစ်ရာ ရှိတာတောင် ပြောစရာစကား မရှိသလို လူဆိုးဗိုလ်ကြီးဟောင်း စောပြည့်ဝန်း ခံစားလိုက်ရလေပြီ။

ဖြစ်ရလေ။ သူ့နှလုံးသားကိုမှ သူကိုယ်တိုင် အရက်စက်ဆုံး အကြမ်းတမ်းဆုံး ဝေဒနာတွေ ပေးခဲ့တာပါလား။

"ခွင့်လွှတ်ပါ ဆရာမူလေးရယ်. . . ခွင့်လွှတ်ပါ၊ ကျုပ်ကို ခွင့်လွှတ်ပေးပါ"

စောပြည့်ဝန်း၏မျက်ရည်စက်တို့ကို မမြင်တွေ့လိုသဖြင့် စောမိုးလျှံ အခန်းထဲမှ ပြန်ထွက်ခဲ့သည်။

လူကြမ်း၊ လူဆိုးဗိုလ်ကြီးမှာလည်း နှလုံးသားနဲ့ ပတ်သက်လာလျှင် မျက်ရည်ကျသည့်အထိ ကြေကွဲတတ်ပါလား။

သူ့အပါးကို ကြည့်ပြီး စောမိုးလျှံ ခွင့်လွှတ်လိုက်လေသည်။

ဧည့်ခန်းသို့ ထွက်ခဲ့သည်။

ဗိုက်က ဆာလာပြီ။ ဘယ်သူမှလည်း ထမင်းလာစားဖို့ အရိပ်အယောင်တွေ မပြ။


ဒေါက်တာသက်နှင်းကတော့ မလပ်ကို နားချနိုင်ပါ့မလား။

စောမိုးလျှံ သက်ပြင်းချလိုက်လေသည်။

"လောကဇာတ်ခုံကြီးက ဆန်းကြယ်လိုက်တာ" ဟုလည်း။







အခန်း(၃၄)

ဘယ်လိုမှ နားချ၍မရသည့်အဆုံး ဒေါက်တာသက်နှင်းက စောမိုးလျှံကို ခွင့်တောင်းပြီး ဇလပ်ကိုကိုနှင့် နှစ်မသိတာနှင့်အတူ ပြန်သွားနှင့်ခဲ့လေသည်။

လူနာကိုတော့ အခြေအနေ ဝင်ကြည့်ပေးပြီး စိတ်ချရပြီ ဖြစ်သည့်အတွက် ဒေါ်နော်အဲလာကို အပ်နှံပြီး ပြန်သွားခဲ့သည်။

စောမိုးလျှံက သူနာပြု မသီတာအား ထမင်းချိုင့် ထည့်သွားစေခဲ့လိုက်သည်။

ခုချိန်ဆိုလျှင် ဆရာဝန်ကြီးက သူ၏အစ်မကို ချော့မော့ကာ ထမင်းကျွေးနေလောက်ပြီ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပါတယ်လေ. . .။

ဒါ အကောင်းဆုံးနဲ့ ဖြစ်သင့်ဖြစ်ထိုက်သော ချစ်ခြင်းအလင်္ကာတစ်ပုဒ်ပါပဲ။

အပါးကတော့ သူ့ဆရာမှုလေး သတိမရမချင်း ရေတစ်ပေါက်တောင် သောက်မည့်လူမဟုတ်။

စိတ်ပေါက်ပေါက်နှင့် လူတရပ်မျှအမြင့်ရှိသော ပြတင်းပေါက် တံခါးဘောင်ပေါ် တက်ထိုင်ပြီး ဂစ်တာတစ်လက်နှင့် တီးခတ်ကာ သီချင်းတစ်ပုဒ်ကို ထပ်ခါတလဲလဲ သီဆိုပစ်လိုက်လေသည်။ စံလင်း၏သီချင်း။

"ချစ်သူရေ ချစ်ခဲ့မိတဲ့ ××× တို့ရင်ထဲ ××× မပြောနဲ့တော့လေ ××× စကားအဖြစ်နဲ့ ပြောရရင် ××× ခဏနဲ့သာ ပျောက်ကွယ်နေမယ် ××× အသည်းထက်မှာ ကမ္ပည်းထိုးမယ် ××× ဘဝ ဘဝတွေ ပြောင်းရွှေ့စေဦး ××××

××× ချစ်သူရေ ××× ချစ်ခဲ့မိတဲ့ တို့ရင်ထဲ မပြောနဲ့တော့လေ ××× ချစ်ခြင်းရဲ့တစ်ခြားတစ်ဖက်မှာ ××× အချစ်တွေသာ ဆက်တည်နေမယ် ××× ပြုံးစမ်းပါ မောင့်ချစ်သူ ××× မင်းအပြုံးကို ဖူးတွေ့ချင်လို့ ×××"

ပျံ့လွင့်လာသော သီချင်းသံစဉ်စာသားလေးကို နားဆင်ရင်း စောပြည့်ဝန်း ပြုံးလိုက်မိလေသည်။

ဒီကောင် သူ့ကို သက်သက်ရိနေတာဟုလည်း သဘောပေါက်လိုက်သည်။

ရင်ထဲမှာလည်း အပျော်တွေသာ စီးဆင်းရစ်ခွေနှောင်ဖွဲ့နေလေသည်ဆိုတော့. . .





"သမီး. ."

သား၏ဂီတသံစဉ်ကပဲ ကောင်းလွန်းလို့လား။ နှလုံးသားချင်း တိုက်ဆိုင်သည့်သံစဉ်တွေမို့လားမသိ၊ အတိုက်အခိုက် ခံထားခြင်း ခံရသော နှလုံးသားကို ပြန်လည်ရှင်သန်နိုးထလာစေလေသည်။

"ဆရာမှူး. ."

ဦးစောပြည့်ဝန်း ဝမ်းသာအားရ မြတ်မြတ်နိုးနိုးနှင့် ခေါ်လိုက်သောအသံက ဒေါ်ပိတောက်ကိုကို၏ရင်ထဲသို့ စီးဆင်းနစ်ဝင်သွားလေရာ လေးလံနေသောမျက်ခွံတံခါးကို အတင်းတွန်းဖွင့်ကာ ကြည့်လိုက်သည်။

မျက်ဝန်းရိပ်ဝယ် တစ်ချိန်က ကြောက်ရွံ့ခြင်းနှင့်အတူ ရင်ထဲ နစ်ဝင်ခဲ့သော သူ့ရင်ထဲက အချစ်ဆုံးကြီးပါလား။

"ဗိုလ်. . ဗိုလ်ကြီး"

"စောပြည့်ဝန်းပါ. . . အလင်းထဲက သာမန်ပြည်သူ စောပြည့်ဝန်းပါ ဆရာမှူး"

"သ. . သမီးကော. ."

ဟုတ်ပေသားပဲ။ ဖိုးမှူဘယ်ရောက်နေပါလိမ့်။ သို့သော် ဇလပ်ကိုကိုဟာ သူ့ရဲ့သမီးဖြစ်နေသည်။ သို့သော် ဇလပ်ကိုကို ခေါ် သူ့ရဲ့ဖိုးမှူလေးဟာ အမေအပေါ်တောင် အစာမကြေ ဖြစ်နေခဲ့တာ သူ့လိုလူ၏သမီးအဖြစ်ကိုဆို ပိုပြီးခံယူရဲမည် မဟုတ်ပေ။ ဒါကြောင့် သူမတွေ့ရဲသေး။ ထို့အပြင် ဆရာမှူလေးကို စိုးရိမ်ပြီး စိတ်မချတာလည်း ပါလေသည်။

"ပြောလေ. . . သမီးကောလို့"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမှူလေး ပိတောက်ကိုကိုဟာ ဘကြီးပဲဖြစ်နေဖြစ်နေ သူ့အတွက်တော့ ဆရာမှူလေးပါပဲ။ လွန်ခဲ့သော နှစ်အစိတ်ခန့်က ဆရာမှူလေးပါ။

ဆရာမှူလေး ပြောပြောဆိုဆိုနှင့် ရှန်းထဖို့ ကြိုးစားတော့ Drip သွင်းထားသော ပိုက်တန်းလန်းများကြောင့် ဆရာမှူလေးကို ထခွင့်မပေးဘဲ လွမ်းမောတမ်းတခဲ့ရသော အနမ်းပွင့်လေးကို နဖူးပြင်ထက်နှင့် ပါးပြင်တစ်ဖက်တစ်ချက်ဆီသို့ ခြွေချပေးခဲ့သည်။

ဒေါ်ပိတောက်ကိုကို၏ရင်ထဲဝယ် တဒိတ်ဒိတ် ခုန်ကာ လွန်ခဲ့သော နှစ်အစိတ်ကျော်က ခံစားမှုမျိုး ရင်ထဲ စီးနစ်ဝင်လာလေသည်။

"ဗိုလ်ကြီးကလည်း. . ."

ရှက်ရွံ့စိတ်ကလေးနှင့် တွန်းဖယ်ပြန်တော့လည်း အားကမပါ။

"ကျုပ်ကြောင့် ပင်ပန်းခဲ့တာတွေကို ကျုပ်တောင်းပန်ပါတယ်၊ လုံးဝ မထင်မှတ်ခဲ့ဘူး၊ ခင်ဗျားလေး ကျုပ်ဘဝအတွက် ကျုပ်ကိုယ်ပွား ကျုပ်သွေးသားကို ထုဆစ်ပုံသွင်းခဲ့လိမ့်မယ်လို့ ကျုပ်လုံးဝ မထင်ထားခဲ့ဘူး၊ ကျေးဇူးတင်လွန်းလို့ ကျုပ် ဆရာမှူလေးကို ဘယ်လိုနည်းနဲ့ ကျေးဇူးဆပ်ရမှန်းတောင် မသိတော့ဘူးဗျာ"

ခေါင်းကို မ,ကာ ရင်ခွင်ထဲ ဆွဲယူကာ ပွေ့ပိုက်ထားတော့လည်း ရင်တွင်း လူမသိသူမသိ အဲ့ပုန်းအပူနှင့် သောကချော်ရည်ပင်လယ်ကြီးထဲ ကူးခတ်ခဲ့သမျှတို့မှ လွတ်ကင်းသွားအောင် တာဖောက်ထုတ်ပေးလိုက်သည်။ ပင်လယ်ထွက်ပေါက်တစ်ခု ဖန်တီးပေးလိုက်သည်။





မျက်ရည်ပူတို့ တစိမ့်စိမ့် ထွက်လာခဲ့လေသည်။

ထွက်လာသမျှ သောကမျက်ရည်ပူတို့ကို ဗိုင်ခံ ပါးနှင့် အပ်ကာ ဖယ်ရှားပေးသူက တစ်ချိန်က လူဆိုးဗိုလ်ကြီးပင်၊ ရင်ထဲ အလိုလို သိနေသော မေးခွန်းလေးကို မေးလိုက်သည်။

"ဖိုးခွားအမေက နော်အယ်စကာမှတ်လား"

"အင်း. . . ဘယ်လိုလုပ် သိတာလဲ"

"သိတာပေါ့. . . အဲဒီကတည်းက သူ့မျက်ဝန်းထဲမှာ ကျွန်မကို သတ်ပစ်ချင်နေတဲ့စိတ်၊ ရှင်ကြီးကို တစ်ဖက်သတ် ချစ်နေတဲ့အချစ်တို့ကို ကျွန်မတွေ့ခဲ့တာပဲ"

"အချစ်ရယ်. . . ကျုပ်ဘဝမှာ အချစ်ဟာ တစ်ခုထဲပဲ ရှိခဲ့ပါတယ်၊ ဒါတွေ ပြောပြလည်း ဆရာမှူ ယုံမှာမဟုတ်ပါဘူး၊ ကျုပ်ပြောလည်း မပြောပြတတ်ဘူး"

"ထားပါ. . . သမီးကောဆို"

"သမီးတို့ ပြန်သွားပြီ"

"ဟင်. . . သမီးတို့ဆိုတာ"

"ဒေါက်တာသက်နှင်း သိတာနဲ့ အတူပြန်သွားတာ၊ ဖိုးမှူကို အချိန်အနည်းငယ်တော့ ပေးလိုက်ပါ၊ နှစ်အစိတ်တောင် လိမ်ညာခံထားရသူရဲ့ ပေါက်ကွဲမှုအတွက်တော့ အချိန်နည်းနည်း ထပ်ပေးရတာ တရားပါတယ်"

ဒေါ်ပိတောက်ကိုကို ပင့်သက်ရှိုက်လိုက်သည်။ သမီးအဖေ ပြောတာ ဟုတ်နေသည်ပဲလေ။ သမီးအတွက် အချိန်ပေးရမည်။ နောက်ပြီး ဖေဖေ၊ မေမေတို့ကိုလည်း ဖွင့်ဟဖို့ အချိန်ပေးရဦးမည်။

"ဖိုးခွားကကော. . ."



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးခွားကတော့ သူ့လောကနဲ့သူ နေသားတကျ ဖြစ်နေပါပြီ၊ အဖေတူသားဆိုတော့ ခံနိုင်ရည် ရှိပါတယ်. . . ခဏနော်"

ပြောပြောဆိုဆို သူ့ခေါင်းကို မ,ပြီး ခေါင်းအုံးနှစ်လုံးပေါ်တွင် အသာအယာ ပြန်ချထားပေးလိုက်ပြီး အခန်းထဲမှ ထွက်သွားသော တစ်ချိန် အမှောင်လမ်းက လူကြီး၏ကျောပြင်ကို ငေးကြည့်ရင်း ဒေါ်ပို့တောက်ကိုကိုရင်မှ ဝေခွဲမရ ဒွိဟစိတ် များရလေပြီ။

သူ့ဂုဏ်သိက္ခာအရ အလင်းဝင်(K.N.U) သောင်းကျန်းသူ ဗိုလ်ကြီးနှင့် လက်ထပ်မည်ဆိုပါက ဖြစ်သင့်ပါသလား။

သူ့နှလုံးသားကတော ဘာကြောင့် နှစ်အစိတ်ကျော်ကာလအတွင်း အစားမထိုးနိုင်ခဲ့သနည်း။ နှလုံးသားကမွည်းထက်သို့ နက်ရှိုင်းစွာ ထိုးဖောက်ဝင်သွားခဲ့သော အချစ်ဆူး နှုတ်မရခဲ့ခြင်းကြောင့် ဖြစ်သည်ကို ကောင်းစွာသိနေခဲ့သည်။

အိမ်ထောင်ပြုပေးဖို့ မိခင်က ပြောပေမယ့်. . .

မိမိ၏လျှို့ဝှက်ချက်ကို သတို့သားလောင်းကို ထုတ်ဖော်ပြောကြားရတော့မည်။ လိမ်ညာဖုံးကွယ်၍လည်း လက်မထပ်လို။

ဤသတ္တကမ္ဘာကြီး၌ လူတွေဟာ လောကကြီးကို ဘယ်လိုပဲ အရောင်အမျိုးမျိုး ဆိုးကြပါစေ၊ သူကတော့ အိမ်ထောင်ဘက်ကို နွားမရှုံ့ပိတ် လုပ်ပြီး လက်ထပ်မယူနိုင်။

ဒါတောင် နှစ်အစိတ်လုံးလုံး ဂုဏ်ပကာသန ဂုဏ်ခြင်အရေခွံအောက်မှာ သူ လော်မာဖောက်ပြားခဲ့၍မဟုတ်ခဲ့ပဲ ဖားကြမ္မာဆိုး၏ ဒဏ်ပေးသော အတိတ်ဘဝဝဋ်ကြွေးကြောင့် ရရှိလာသည့် ဇာတ်လမ်းတစ်ခုကို ဖုံးကွယ်အုပ်မိုးထားခဲ့သည်။

ယခုတော့. . .





လောကကြီးမှာ လျှို့ဝှက်ချက်ဆိုတာ မရှိလေတော့. . .

သူ့အချိန်ကျတော့ ဘွားကနဲ ပေါ်လာသည်။

သူ ဘာဆက်လုပ်ရမည်နည်း။

သမီး. . အငယ်လေးက သူ့အား ခွင့်လွှတ်နိုင်ပါမလား။

ကမ္ဘာမီးလောင် သားကောင်ချနင်းတာလည်း မဟုတ်ရပါဘူး သမီးရယ်။

တောတွင်းသူပုန်နဲ့ ရခဲ့တဲ့ကလေးရယ်လို့ လူပုံအလယ် မျက်နှာငယ်စွာ ကြီးပြင်းရမယ့်အနေအထား၊ သမီးဘဝမှာ စိတ်အနာတရ မရရှိအောင် အဖိုးအဖွားနဲ့ မိခင်ရင်းရဲ့စေတနာတွေနဲ့ ဖန်တီးခဲ့တာပါ။

ဒီဖန်တီးချက်တွေကြောင့် သမီးလေးဘဝဟာ ငြိမ်းချမ်းသာယာခဲ့တယ်။ ဆရာဝန်တစ်ယောက်တောင် ဖြစ်ခဲ့ပြီပဲ သမီးရယ်။

အမည်းစက်တွေ စွန်းထင်းနေတဲ့ မိဘနှစ်ပါးထက်စာလျှင် ဂုဏ်သရေရှိပြီး နာမည်ပျက် လုံးဝမရှိတဲ့ အဘိုးအဘွားရဲ့ သက်ကြီးချိန်မှ ရတဲ့ကလေးအဖြစ်နဲ့ ကြီးပြင်းခဲ့ရတာ ဘယ်လောက်ဂုဏ်ယူစရာ ကောင်းခဲ့သလဲ သမီးရယ်။

သမီးလေးအတွက်ပါ။

သမီးလေးအတွက် မေမေ့ရင်ထဲက ပေးအပ်ခဲ့တဲ့စေတနာ အစစ်အမှန်တွေပါ။

ရင်ထဲ၌ သမီးကို ရှင်းပြမိသည်။

သမီးနားကို အစ်မကြီးအနေနဲ့ ကပ်မိရင် အသည်းတွေ အရည်ပျော်ပြီး သမီးရယ်လို့ ပွေ့ဖက်မိပြီး ငိုမိမှာစိုးလွန်းလို့ရင်



www.burmeseclassic.com

www.burmeseclassic.com



နာနာနဲ့ ခပ်ခွာခွာ နေပြီး အစ်မကြီးတစ်ယောက်လို၊ ဆရာမတစ်ယောက်လို မျက်နှာထားတင်းတင်းနဲ့ ဆိုဆုံးမမိတာတွေကလည်း ချစ်လွန်းလို့ပါ၊

ဝါးကို ဖျက်တာ ဝါးမြက်၊ မြေးကို ဖျက်တာ အဘိုးအဘွား ဆိုသလို သမီးလေးကို အဘိုးအဘွားက သနားချစ်ပိုပြီး အလိုလိုက်လွန်းလို့ အမေကပဲ အစ်မကြီးနေရာက ဗီလိန်လုပ်ပြီး ခပ်ကြမ်းကြမ်း ခပ်တန်းတန်း လုပ်ခဲ့ရတာပါ။

ဒါကို သမီးလေး စိတ်ခုနေခဲ့ပြီး မေမေ့ကို မုန်းတီးနေခဲ့တာလား။

"ဆရာမူ"

ကျဆင်းလာသော မျက်ရည်များကို Drip သွင်းထားခြင်းမရှိသော ဘယ်လက်နှင့် သုတ်လိုက်သည်။

အရွယ်အနေတော်ရှိသော ကတ္တီပါဗူးတစ်ဗူးကို ကိုင်မြှောက်ကာ သူ့ကုတင်အနီး ကပ်၍ ဒူးထောက်ကာ တောင်းဆိုလိုက်သူက တစ်ချိန်က သူ့ဘဝကြီးကို ပြောင်းလဲစေခဲ့သော စောပြည့်ဝန်း။

"ကမာကောင်လေးတွေရဲ့ အမြုတေ မျက်ရည်စက်တွေနဲ့ ဖွဲ့စည်းတည်ဆောက်ထားတဲ့ သဘာဝ ပုလဲလုံးစစ်စစ်တွေပါ၊ ဆရာမူလေးနဲ့ ပြန်ဆုံစည်းခွင့် ရခဲ့ရင် ပေးအပ်မယ်လို့ ရည်စူးပြီး သိမ်းထားခဲ့တာပါ၊

ဒါနဲ့ ခေါင်းမှာလည်းပန်၊ လည်မှာလည်းဆင်၊ ရင်မှာလည်းဆွဲ၊ နားမှာလည်း ပန်ဆင်၊ လက်မှာလည်း ဆင်မြန်းနိုင်ပါတယ် မင်းပြောတဲ့ အလင်းရောင်မှာ ရှာဖွေခဲ့တဲ့ပစ္စည်းတွေမို့ သိပ်သန့်စင်





ပါတယ်၊ ကိုယ့်ဘဝဟာလည်း အလင်းရောင်မှာမို့လို့ မင်းကို လက်ထပ်ခွင့် တောင်းပါတယ်၊ ဆရာမူ ကျုပ်ကို လက်ထပ်ခွင့်ပြုပါ"

ရုတ်တရက်ကြီးမို့ ဘာပြောရမှန်းမသိ။ မျက်ရည်စက်တွေက အလိုလို ကျဆင်းနေရာမှ. . .

အလုပ်ခွင်၌ ရင်ဖုံးအင်္ကျီလက်ရှည်ကိုသာ အမြဲဝတ်တတ်ပြီး ပြင်ပချိန်၌ ကော်လံပါသောအင်္ကျီကိုသာ ဝတ်တတ်ခဲ့သည့် ပီတောက်ကိုကို Drip သွင်းထားသောအပ်ကို ဖြုတ်ပစ်လိုက်သည်။

"ဟင်. . . ဘာလုပ်တာလဲ"

စောပြည့်ဝန်း ထရပ်ကာ တားဆီးဖို့ ကြိုးစားပေမယ့် နောက်ကျသွားလေပြီ။

Drip ပုလင်းကလည်း ကုန်ခါနီးမို့ စောပြည့်ဝန်း လက်လျှော့လိုက်သည်။

"မဟုတ်ဘူး. . . ခဏလေး"

ဒေါ်ပီတောက်ကိုကို လည်ပင်းစေ့ထားသော အင်္ကျီ၏ အပေါ်ဆုံးကြယ်သီးကို ဖြုတ်လိုက်ပြီး အမြဲတစေ ကိုယ်နှင့်မကွာ သိမ်းဆည်းထားသော ဆွဲကြိုးလေးကို ဆွဲထုတ်လိုက်သည်။

"ဟင်. . ."

သူ့ဘက်က ပြစရာ ချစ်သက်သေတွေပါ။

ရင်သွေးနှင့် သူ့ကိုယ်မှာ အမြဲတစေ လည်မှာ ရင်ကပ်၍ သိမ်းဆည်းခဲ့သော စောပြည့်ဝန်း ပေးခဲ့သော ချစ်သက်သေလက်ဆောင် လက်ဝါးကပ်တိုင်နှင့် ဆွဲကြိုးလေးဖြစ်သည်။

"ကျွန်မ အမြတ်တနိုး ကိုယ်နဲ့မကွာ သိမ်းဆည်းဆင်မြန်းခဲ့တဲ့ ရှင့်လက်ဆောင်လေ"



www.burmeseclassic.com

www.burmeseclassic.com

"အချစ်ရယ်"

လူဆိုးဗိုလ်ကြီး အသည်းတွေ မွမွကြေသွားခဲ့ရလေပြီ။

အချစ်ချင်း ယှဉ်ကာပြိုင်ကြစတမ်းဆိုလျှင် ဣတ္ထိယ မိန်းမသားတွေ၏အစွဲအလန်းနှင့် သံယောဇဉ်ကြီးမားတတ်မှုကို သူတို့ ပုရိသတွေ လက်မြှောက် အရှုံးပေးတတ်ရလိမ့်မည်ဆိုတာကို လက်မခံ၍မရတော့၊ စောပြည့်ဝန်း လက်ခံလိုက်ရလေပြီ။


သူ့ရင်ထဲ အမြဲတစေ တည်ရှိခဲ့သော အချစ်အမြုတေလေးကို ရင်ခွင်ထဲသို့ ဆွဲသွင်းကာ တင်းကျပ်စွာ ပွေ့ပိုက်လိုက်လေတော့သည်။

သူတို့နှစ်ဦး၏ကမ္ဘာကြီးကို ခေတ္တခဏ မေ့လျော့သွားသော အနေအထားကြောင့် စောပြည့်ဝန်း အလင်းလောကသို့ ရောက်လာချိန်မှစပြီး ကိုယ်တိုင် သမုဒ္ဒရာကြမ်းခင်းအထိ ငုပ်လျှိုးကာ ရှာဖွေခဲ့သော သဘာဝ ပုလဲစစ်စစ်ရတနာတို့မှာ ကတ္တီပါဗူးငယ်ထဲ မျက်နှာငယ်စွာ ပြည့်လျှမ်းလျက်ရှိတော့သည်။

အချစ်နှင့် စတင်ခဲ့သောကမ္ဘာသည် အချစ်နှင့်သာ နိဂုံးချုပ်တတ်သည်ဟုလည်း. . .။







## အခန်း(၁၅)

ဒေါက်တာသက်နှင်း ကလေးဆိုးကြီးလိုဖြစ်နေသော ကျားနာမလေး ဒေါက်တာဇလပ်ကိုကို့ကို ချော့မော့ကာ. . .

"ထမင်းစားလိုက်ပါဦး. . . ဒါက ကမာချက်ဟင်း ထင်တယ်၊ ဟုတ်တယ်ဟုတ် ဆရာမ"

ဒေသလေသံလေးနှင့် ဒေသချက် ဟင်းလျာများကို ကောင်းစွာရင်းနှီးနေပြီဖြစ်သောကြောင့် ကမာယားကို ချက်ထားသော ဟင်းကလေးကို ဇလပ်ကိုကို ထမင်းပန်းကန်ထဲ ခပ်ထည့်ပေးရင်း ပြောလိုက်သည်။

ဇလပ်ကိုကို၏ဇင်ယော်တောင် မျက်ခုံးနှစ်ဖက် ကျုံ့သွား



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"ကမာ. ."

စာတော်သောသူတစ်ယောက်ဖြစ်ခဲ့သူမို့ ဗဟုသုတ ကြွယ်လေသည်။

ပုလဲလေးတွေဖြစ်ဖို့ အသားအနာခံကာ မျက်ရည်စတွေနှင့် သဘာဝ အမှိုက်စ(သို့မဟုတ်)မွေးပုလဲတွေ ရဖို့ မွေးမြူရေးကမာတွေဆိုလျှင် ဖန်တီး ဝတ်ဆံလေးတွေကို အရည်တွေ ညှစ်ထုတ်ဖုံးအုပ်ပေးခဲ့ရသည်။

နှစ်ပရိစ္ဆေဒ ကြာညောင်းမှ လူတို့အတွက် အဖိုးတန်ပုလဲရတနာဖြစ်တည်လာလေသည်ကို ကောင်းစွာသိထားသည်မို့. .

"ဟင်. . . ကမာကောင်လေးတွေရဲ့အသား မစားရက်ဘူး"

"ဒါဖြင့် ဂုံးကောင်ချက်၊ ဒါက ငါးမန်းတောင်ဟင်းချို ရှာမှရှားနော်၊ ဒါ ငါးစီဖောင်းသုတ်ကိုစား၊ ဒါထက် ဘာကြောင့် ကမာဟင်းကို မစားရက်တာလဲ"

ဒေါက်တာသက်နှင်း အခွင့်သာခိုက် သူ့ဂျူနီယာလေးမိခင်အပေါ် အမျက်တော်ပြေစေဖို့ နားသွင်းရန် နိဒါန်းပျိုးလိုက်သည်။

ဗိုက်ဆာနေပြီဖြစ်သော ဒေါက်တာဇလပ်ကိုကို ဟန်မဆောင်နိုင်တော့။ သူ့ရှေ့ထမင်းပန်းကန်ထဲမှ ဇွန်းခက်ရင်းကိုကောက်ကိုင်ပြီး ဂုံးကောင်ချက်ကို ခပ်ထည့်ပြီး ထမင်းနှင့် စားလိုက်လေသည်။

လတ်လတ်ဆတ်ဆတ်မို့ ထင်သည်။ ချိုဆိမ့်ကာ အရသာ





ရှိလိုက်သည့်ဖြစ်ခြင်း။

ဒေါက်တာသက်နှင်းလည်း ဘာမှထပ်မေးမနေတော့။ နှစ်ဦးသား ခေါင်းချင်း မဖော်တမ်း ငုံ့ကာ လွေးလေတော့သည်။

မသီတာကတော့ သူတို့တွေ သောကဝေနေချိန်မှာ ငါ့ဝမ်းပူဆာ မနေသာကြတော့သဖြင့်. .

"သူတို့က သူတို့အပူနဲ့သူတို့ ရှိပါစေတော့၊ ငါတို့က သူတို့ရဲ့လိုအပ်ချိန်မှာ ကွက်လပ်ဖြည့်ပေးရဦးမှာမို့ ခွန်အားပြည့်အောင်အာဟာရကို ဖြည့်တင်းထားနှင့်မှ၊ သီတာ. . . စား"

ဆိုကာ ဦးစောပြည့်ဝန်း၏မီးဖိုချောင်ထဲမှာ ကြိတ်၍စားထားနှင့်ကြပြီးဖြစ်သည်။ ထို့ကြောင့် ခပ်ရှောင်ရှောင်ပင် ထမင်းစားခေါ်သည်ကို ငြင်းဆန်ပြီး ဝေးဝေး၌ နေပေးလိုက်သည်။

ငိုထားသော ဒေါသအိုး ပေါက်ကွဲထားတာတို့နှင့် ဆာလည်း ဆာနေပြီဆိုတော့ မောမောနှင့် နှစ်ပန်းကန် ကုန်အောင်စားပစ်လိုက်လေသည့် ဇလပ်ကိုကို့ကို ခိုးကြည့်ရင်း ဒေါက်တာသက်နှင်း စိတ်သက်သာရာ ရသွားသည်။

"ကမာရဲ့အသားက မခါးပါဘူး. . . စားကြည့်ပါလား"

"ဟင့်အင်း. . . မစားချင်ဘူး"

"ဘာဖြစ်လို့လဲ. . . သနားလို့လား"

"အင်း. ."

"ဘာလို့ သူ့မှ ကွက်ပြီးသနားရတာလဲ၊ ကျန်တဲ့အကောင်တွေ ရေသတ္တဝါလေးတွေလည်း အသက်နဲ့ပဲဟာ"

"ဆရာကလည်း. . . မကြားဖူးဘူးလား"

ဒေါက်တာသက်နှင်း နှုံအချင်ဟန်ဆောင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြားဖူးရမှာလဲ. . ဘာဖြစ်လို့လဲ၊ အဆိပ်အတောက် မဖြစ်ပါဘူး"

"ဆရာကလည်း. . . သီချင်းလေးတောင် ရှိသေးတယ်လေ၊ ခင်မောင်တိုး ဆိုတာလား မသိဘူး၊ ဘာတဲ့. . . ပုလဲလေးတွေဆိုတာ ကမာကောင်လေးတွေရဲ့ မျက်ရည်ပဲ ခင်. . ဒါကြောင့်သာပဲလည်မှာ မဆွဲစမ်းပါနဲ့ခင်. . ဆိုတာလေ ပုလဲလေးတွေ ရဖို့ မိခင်ကမာကြီးက အသားအနာခံ မျက်ရည်လေးတွေနဲ့ ဖွဲ့တည်ပေးလို့ ပုလဲလုံးလေးတွေ ဖြစ်ခဲ့ရတယ်၊ ဒါကိုလည်း အနာခံ ခွဲထုတ်ပြီးပေးခဲ့ရရှာတယ်၊

နောက်ပြီး သူ့အသားကိုပါ စားဦးမယ်ဆိုတော့"

ပြောရင်းပြောရင်း ဇလပ်ကိုကို၏အသံလေး တိမ်ဝင်သွားသည်။ ကမာကောင်လေးကို သနားသွားတာလား။

အချိန်ကျပြီမို့ ဒေါက်တာသက်နှင်း သူ့ဒဿနကို ရိုက်သွင်းလိုက်သည်။

"ဟုတ်တယ်. . . ဒါ သတ္တလောကရဲ့သဘာဝပဲ၊ လူဆိုတဲ့ အင်အားကြီးသတ္တဝါက အင်အားနည်းတဲ့ အသိဉာဏ်မဲ့တဲ့တိရစ္ဆာန်ဆိုတဲ့ သတ္တလောကသဘာဝကို ဖန်တီးခြယ်လှယ် အနိုင်ယူ အသုံးချတာ သဘာဝပဲ၊ ဒါကို သနားနေတတ်ရင် ဆရာဝန်တို့လည်း ဆရာဝန် ဖြစ်လာမှာ မဟုတ်ဘူး"

ဇလပ်ကိုကို သူ့အား မျက်ရည်ဝေ့သီလာသော မျက်ဝန်းနက်နှင့် စိုက်ကြည့်လာသည်။ မျက်ဝန်းကတော့ အမေတူပဲ။ ကျန်တာတွေ အဖေတူပဲ။

"ရုက္ခလောကကိုလည်း ကြည့်ပါဦး၊ ပိတောက်ပင်ကို ကြည့်





သူ့ခမျာ နေပူချိန်မှာ အရိပ်အဖြစ် မိုးပေးပြီး မိုးလေး တစ်ပေါက်နှစ်ပေါက် ကျတော့ ပန်းအဖြစ် ပွင့်ပေးရတယ် သတ္တဘုရင် လူသားတွေက အပွင့်ရဖို့ ကိုင်းကိုလည်းချိုင်၊ အခက်တွေကိုလည်းချိုးနဲ့ ပိတောက်ပင်လေး ဘယ်လောက်နာကျင်စွာ အခံရခက်လိုက်မလဲ ဂျူနီယာရယ်. . . တွေးကြည့်ပါဦး၊ သူသာ ရုပ်အပြင် နာမ်ပါ ရှိမယ်ဆိုရင် နာကျင်လွန်းလို့ လူးလိမ့်ငိုရှိုက်နေရှာမှာပဲ"

ဇလပ်ကိုကို ဒေါက်တာသက်နှင်းစကား၏ ဆိုလိုရင်းကို နားလည်ပါသည်။ သူလည်း ခပ်ပါးပါးလေးပဲဟာ။

"လင်ကောင် မဖော်ပြနိုင်ဘူး၊ ဒါမှမဟုတ် သူပုန်ဗိုလ်ရဲ့ သမီးဆိုတာထက် အရာရှိကြီးဦးကိုကို ဒေါ်လှနုတို့ရဲ့သမီးတွေးလေး ဆိုတဲ့ ဂုဏ်သရေရှိစေဖို့ ဒေါ်ပိတောက်ကိုကို ရင်မနာခံခဲ့ရဘူး၊ မျက်ရည်မခွဲရဘူးလို့ ဇလပ် ထင်နေသလား၊ စွပ်စွဲချင်နေတာလား"

ဇလပ်ကိုကို ရင်ထဲ စူးစူးနင့်နင့် နာကျင်စွာ ခံစားနေရလေပြီ။

"အဟင်း. . ဟင်း. . ဟင်း. . ဟုတ်ပါ့မလား ဆရာရယ်၊ သူ့အပျိုဂုဏ် မပျက်ချင်လို့"

မျက်ရည်ကျရင်း ရယ်ရင်းမှ သူ့ရင်ထဲ ကြွင်းကျန်ရစ်နေသော သံသယဆူးကို ဆွဲနှုတ်ယူဖို့ ကြိုးစားကြည့်လေသည်။

"အပျိုဂုဏ် မပျက်ချင်ရင် ဒေါ်ပိတောက် ခုချိန်အထိ အပျိုကြီးအဖြစ် ရပ်တည်ပြီး အထီးကျန်စွာနဲ့ အလုပ်ထဲမှာပဲ နှစ်မြှုပ်ထားပါ့မလား၊ ဇလပ် စဉ်းစားကြည့်ပါ၊ သွေးနဲ့သားနဲ့ ဖွဲ့စည်းထားတဲ့ လူတစ်ယောက်ဟာ ချစ်သူခင်သူ ပရိုပ်စ် လုပ်ခဲ့တဲ့သူတွေရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကမ်းလှမ်းချက် မပြောနဲ့ မျက်ဝန်းအကြည့်တွေကိုတောင် လွှဲဖယ်ပြီး ဥပေက္ခာပြုနိုင်တဲ့ မိန်းမတစ်ယောက်ရဲ့ရင်ထဲ သူ့ချစ်ဦးသူနဲ့ သူ့ရင်သွေးအတွက် သူ့ဘဝကို စတေးခဲ့တယ်ရယ်လို့ကော ဂျူနီယာ နည်းနည်းလေးမှ အတွေးမဝင်ကြည့်ဘူးလား၊ သူ့ရင်ဘတ်ထဲ ခေတ္တခဏ ဝင်ကြည့်လိုက်စမ်းပါ”

သူ့ခံစားချက်ကိုပါ စွက်ဖက်ပြီး ဆရာမကြီး ဒေါ်ပိတောက်ကိုကိုဘက်မှ သက်သေထူခဲ့လေသည်။

သူ့အချစ် မပွင့်ခင်မှာပင် ကြွေသွားခဲ့ရပေမယ့် ဒေါ်ပိတောက်ကိုကို့ကို သူလေးစားချစ်ခင်သွားရမည်ပင်။ ချစ်တတ်သောနှလုံးသားကို အနိုင်ယူကာ ဘဝကို အောင်မြင်ခြင်းနှင့် ရပ်တည်ခဲ့သော မိန်းမသားမို့ သူ လေးစားနေမည်မှာ အမှန်ပင်။

“ဟင့်. . . ဟင့်”

သူ့ဂျူနီယာကတော့ ငယ်မူငယ်သွေး ကလေးစိတ်ကလေးနှင့် ငိုဖို့ကလွဲပြီး မရင့်ကျက်ရှာသေး။ ထိုစဉ်. . .

“ကရင်. . ကရင်. . . ကရင်”

Undated ဖြစ်နေသော ဖုန်းမြည်သံ ထည့်သွင်းထားသည့် ဇလပ်ကိုကို CDMA-450 ကဒ်ဖုန်းမှ ဖုန်းခေါ်သံ ထွက်ပေါ်လာလေသည်။

“ဟယ်လို. . . ဟင့်. . . မေကြီး”

ရေငတ်တုန်း ရေတွင်းထဲ ကျလေပြီမို့ ဇလပ်ကိုကို မိခင်အမည်ခံထားသော အဘွားဒေါ်လှနု၏ဖုန်းမို့ ငိုရင်းရှိုက်ရင်း ယနေ့ဖြစ်ပျက်ခဲ့ရသော ဖြစ်ကြောင်းကုန်စင်ကို နှပ်ချေးတွေလည်း ထွက်သမို့ နှပ်သံတွေ နှောကာ ပြောပြနေလေတော့သည်။





ဒါကို လူကြီးလူကောင်း ပီသစွာဖြင့် ဒေါက်တာသက်နှင်း ထမင်းစားခန်းမှ ဖယ်ခွာထွက်ပြီး လသာဆောင်ဘက် ထွက်ခဲ့သည်။

မကြာခင် မုန်တိုင်းနောက်က လေပြေလေညင်းဆိုသလို ဇလပ်ကိုကို၏ရင်ဘတ်တွင်းသို့ ကြည်လင်သော မိုးကောင်းကင်သစ်နှင့်အတူ လင်းလက်တောက်ပသော ရောင်ခြည်သစ်တစ်ခု ဝင်ရောက်လာတော့မှာပါဟု သူကောင်းစွာယုံကြည်လေသည်။

ဤကမ္ဘာလောကကြီး၏ဘဝဇာတ်ခုံပေါ်၌ လူတိုင်းကိုယ်စီမှာ ဝေဒနာကိုယ်စီ ရှိကြလေသည်မှာ. . .

တစ်ခါတစ်ရံ. . .

စိတ်ကူးယဉ်ပုံပြင်၊ ဝတ္ထုဇာတ်လမ်း၊ ဒဏ္ဍာရီဇာတ်လမ်းများထက်ပင် တကယ့်အဖြစ်အပျက်များ ပို၍ဆန်းကြယ်လှပါတကားဟုလည်း ဒေါက်တာသက်နှင်း သဘောပေါက်လိုက်လေသည်။

ရင်ထဲ မိန်းမသားတစ်ဦး၏အချစ်နှင့် မေတ္တာသစ္စာကို တန်ဖိုးထားတတ်သော ဒေါ်ပိတောက်ကိုကို့ကို စိုးရိမ်စိတ်ကလေး မပြယ်တပြယ်မို့ ကျွန်းသူငယ်ကို ဖုန်းလှမ်းဆက်ရန် တာစူလိုက်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အပိုင်း (၄)

သမာကောင်ရဲ့
မျက်ရည်နှင်း

www.burmeseclassic.com


www.burmeseclassic.com

နောက်ဆုံးထွက်သက်ကလေးကို
အချစ်ဆုံးသူ၏ရင်ခွင်ထဲ မှာ နားခိုရင်းမှ
အေးချမ်းစွာဖြင့် ပြုံး၍ထွက်သွားချင်ပါသည်။

ဒေါ်ပီတောက်ကိုကို

အချစ်ဆိုတာ ဖြစ်တည်ပြီးသွားလျှင် ပယ်ဖျက်၍
မရနိုင်တော့ဘူးဆိုတာ အစွဲအလန်းကြီးသူ
မိန်းမသားတို့၏ရင်တွင်း မွေးရာပါ အမြုတေတစ်ခုပါ။





# အခန်း(၃၆)

အချစ်ဆိုတာ ဖြစ်တည်ပြီးသွားလျှင် ပယ်ဖျက်၍မရနိုင်တော့ဘူးဆိုတာ အစွဲအလန်းကြီးသူ မိန်းမသားတို့၏ရင်တွင်း မွေးရာပါ အမြုတေတစ်ခုပါ။

ဒေါ်ပီတောက်ကိုကို၏ အချစ်နှင့်အတိပြီးခဲ့သော နှလုံးသား။

မေတ္တာဖြင့် ဖွဲ့စည်းခဲ့ရသော သူ့နှလုံးသား။

တစ်စစီ ကြေမွနေသော နှလုံးသား အပိုင်းအစတို့ကို စေတနာ၊ ဝါသနာ၊ ကရုဏာဖြင့် အလုပ်တာဝန်တို့ဖြင့် မွမ်းမံကျားကန် တည်ဆောက်ဖွဲ့စည်းခဲ့ရသော နှလုံးသား။

☺ **အောင်မြင်စာပေ** ☺

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့လည်း အနှစ်နှာခံ ပေးဆပ်ရကျိုး နပ်လေပြီ။

"အမိုး. ."

ဒေါ်ပိတောက်ကိုကို ရုတ်တရက် သူ့ကို ခေါ်လိုက်သည်ဟု မထင်လောက်အောင် အံ့ဩကာ ယောင်နနလေးပင် ဖြစ်သွားရလေသည်။

စောမိုးလျှံ။

သူ့ကို ပြုံးကာ စူးစိုက်ကြည့်ရင်း ခေါ်လိုက်သော် စောမိုးလျှံ။

ဦးစောပြည့်ဝန်းက သားဖြစ်သူကို ကြည့်ရင်း ရင်ဝယ် ဆို့နင့်သွားခဲ့လေသည်။

သားအပေါ် သူ ဥပေက္ခာပြုထားခဲ့သလို ဖြစ်ခဲ့သည်။ သို့သော် သားသည် လမ်းမှားမရောက်ခဲ့ပါချေ။

"အမိုးလို့ ကျွန်တော်ခေါ်သွားမှာကို လက်ခံနိုင်သလား"

ဒေါ်ပိတောက်ကိုကို ရင်မှာ နင့်ကနဲဖြစ်သွားပေမယ့် နာကျင်ခြင်း မဟုတ်တော့။ ပီတိကြောင့် ပျော်ဝင်ခြင်းသာလျှင် ဖြစ်ချေသည်မို့ ကြည်နူးမှု မျက်ရည်စတို့က မျက်ဝန်းအိမ်မှာ ပြူတစ်ပြူတစ်။

ဒေါ်ပိတောက်ကိုကို ခေါင်းကလေး ဆတ်ကနဲအညိတ်တွင် ပြူတစ်မျက်ရည်တို့က ကြွေလွင့်သွားရလေသည်။

စောမိုးလျှံ ကျေနပ်ပါသည်။

မိခင်ရင်းက သူ့ကို မွေးရင်း ဆုံးပါးသွားခဲ့ပြီပဲ။ မိခင်ရင်ခွင်ဆိုတာ သူဘာမှန်းမသိ။ မရရှိခဲ့လေတော့ ဘုရားသခင် ဖန်ဆင်းပေးသော မိခင်ရင်ခွင်သစ်ကိုသာလျှင် သူ တန်ဖိုးထား





တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်နှင့် သူ့ရင်မှာလည်း ပေါ့ပါးသွားသည်။

ထို့ကြောင့်. . .

"အမိုး"

"ပြောလေ ဖိုးခွား"

ကာလံဒေသံ လိုက်ပြီး ချစ်သူခေါ်သကဲ့သို့ ဖိုးခွားဟုပင် သုံးလိုက်သည်။

ချစ်သူ၏သားဟာလည်း သူ့သားပေပဲပေါ့။

ချစ်သူ၏ဖိုးခွားဟာလည်း သူ့ဖိုးခွားပေပဲပေါ့။

"အပါးကို လက်ထပ်လိုက်ပါဗျာ၊ အပါးဘဝကြီးဆက်လက်အထီးကျန်နေမှာ ကျွန်တော်မလိုလားပါဘူး"

ပြောပြောဆိုဆို ဒေါ်ပိတောက်ကိုကို၏ညာလက်ကို ဆွဲရင်း သူ့ဆရာမှူလေးနားမှ တစ်ဖဝါးမှ မခွါနိုင်ဖြစ်နေသော အဝါး၏ညာလက်အတွင်းသို့ ထည့်ပေးလိုက်သည်။

သူ့အပါးကို သူနှမျောစရာအကြောင်း ဘာမှမရှိ။ ကျေးဇူးပင် တင်ရဦးမည်။

အပါးကြောင့် အမိုးသစ်၊ အစ်မစစ်ကို ရရှိခဲ့ပြီပဲ၊ ကျေးဇူးတင်ပါတယ် အပါး။

"အမိုး. . . အပါးကို လက်ထပ်ပါ၊ ကျွန်တော် တောင်းပန်ပါတယ်၊ အပါးကြောင့် ရခဲ့တဲ့ ဝေဒနာတွေအားလုံး နိဂုံးချုပ်ပေးပါ၊ အပါးရဲ့ဘဝဟောင်းကို မေ့ပျောက်ပေးပါ၊ အပါးမှာ အမျိုးသားရေး အယူဝါဒစွဲတွေ မရှိတော့ပါဘူး၊ အလင်းထဲက ပြည်သူပြည်သား စစ်စစ်တစ်ယောက်ဖြစ်နေပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



လူ့ဘဝ၏သမိုင်းကြောင်းဆိုတာကလည်း အရေးကြီးလေတော့ အတိတ်ကို ပြည့်ဖုံးကားချထားသော ကျောင်းအုပ်ဆရာမကြီးတစ်ယောက်အနေနဲ့ သူ့အပါးကို မကြည်ဖြူနိုင်မှာလည်း စိုးကြောက်နေသေးသည်။

ဒေါ်ပိတောက်ကိုကို နားလည်ပါသည်။ စောမိုးလျှံ၏ ဆိုလိုရင်းကို နားလည်ပါသည်။

အချစ်နှင့် ပတ်သက်လာလျှင် ကံဆိုးမိုးမှောင်ကျခဲ့ဖူးသောကြောင့် ပင်ပန်းနွမ်းလျနေပြီဖြစ်သော သူ့နှလုံးသားလိပ်ပြာလေးလည်း ချစ်ကြင်မြတ်နိုးရသူ၏မေတ္တာရိပ်မှာ မှေးမှိတ်အိပ်စက်ချင်သည်။

နောက်ဆုံးထွက်သက်လေးကို အချစ်ဆုံးသူ၏ရင်ခွင်ထဲမှာ နားခိုရင်းမှ အေးချမ်းစွာဖြင့် ပြုံး၍ထွက်သွားချင်ပါသည်။

ထို့ကြောင့်. . .

ပြုံးရင်း ခေါင်းညိတ်ကာ ကတိပေးလိုက်သည်။

“အလင်းထဲ ရောက်လာဖို့ မင်းအပါးကို အမိုး တောင်းဆိုခဲ့ဖူးပါတယ်၊ ဒါကို မင်းအပါး မှတ်မိမှာပါ”

“မှတ်မိပါတယ်. . . ဒါကြောင့်လည်း ပါတယ်၊ တကယ်အမြင်မှန် ရတာလည်း ပါ,ပါတယ်၊ နိုင်ငံတော်အတွက် အုတ်တစ်ချပ် သဲတစ်ကျင်း မဖြစ်ရင်တောင် သဲတစ်ပွင့်အနေနဲ့ ပေးဆပ်ချင်တာလည်း ပါ,ပါတယ်”

လူကြမ်းကြီး၏နှုတ်ထွက်စကားတို့က နူးရွနေလေပြီ၊ အမြုတေ ရှိရာ အမြုတေ စုရလေပြီပေါ့။

ဒေါ်ပိတောက်ကိုကိုလက်က ဦးစောပြည့်ဝန်းလက်ကို





တို့ပြန်ကာ ပြန်လည်ဆုပ်ကိုင်လိုက်ရင်း ကတိပေးလိုက်လေသည်။

“ဒါဆို အပါးကို အမိုးက နောက်ဆုံး ဘဝနေဝင်ချိန်အထိ လက်တွဲခေါ် ငင်သွားမှာပေါ့”

“ကျေးဇူးတင်ပါတယ် အမိုး၊ ဒါဖြင့် အပါးနဲ့အမိုး ထမင်းစားကြရအောင်၊ ပြီးရင် မမဆီ လိုက်သွားကြမယ်၊ မမက အမိုးရဲ့မေတ္တာကို နားလည်သွားပါပြီတဲ့၊ ဒေါက်တာဆီက ဖုန်းလာတယ်”

“ဟုတ်လား”

“သမီးက တတ်လွယ် နားလည်လွယ်တဲ့ ဉာဏ်ရည်ထက်မြက်သူ မိန်းကလေးတစ်ယောက်ပေပဲ၊ ဒီလိုပဲ ဖြစ်ရမှာပေါ့၊ ဘာကြောင့် သမီးရဲ့သမိုင်းကြောင်းကို လျှို့ဝှက်ခဲ့ရသလဲဆိုတာ သမီးနားလည်သွားလောက်ပါပြီ”

ဒေါ်ပိတောက်ကိုကို ပီတိမျက်ရည်လေးက လျှံတက်လာသောအခါ. . .

ဦးစောပြည့်ဝန်းက မခံမရပ်နိုင်၊ ဘယ်လို မျက်ရည်အမျိုးအစားမျိုးပဲဖြစ်ဖြစ် မျက်ရည်ကြောင့် သူ့ဆရာမလေး မပင်ပန်းစေချင်။

ထို့ကြောင့် ညင်သာစွာဖြင့် ပါးချင်း အပ်ကာ ဖယ်ရှားလေတော့. . .

“အို. . . ဖိုးခွားရှိတယ်လေ”

ဆရာမလေး ရှက်ယောင်ဝဲပြီး တွန်းထုတ်လေသည်။

မနေ့တစ်နေ့ကလို မျက်ဝန်းနှင့် မဝံ့မရဲအပြုံးလေးတွေက ခေါင်းအစိတ်ကျော် ကြာသည့်တိုင်အောင် ရှင်သန်နေဆဲပါလား ဦးစောပြည့်ဝန်း မြတ်နိုးစွာ စိုက်ကြည့်ရင်း. . .



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ကို ချစ်ခဲ့သလို ချစ်နေဆဲပါ၊ နောက်ဆုံး ကောင်းကင်ဘုံ ရောက်တဲ့အထိ ဆက်ချစ်သွားမှာပါ ဆရာမ"

ဟူသော လူဆိုးဗိုလ်ကြီးဟောင်း၏ရင်တွင်းရှိက်သံကို ထမင်းစားခန်းသို့ သွားနှင့်ပြီဖြစ်သော စောမိုးလျှံ၏အကြားအာရုံထဲသို့ ထိုးထွင်းဝင်ရောက်သွားလေတော့သည်။

အချစ်စစ်တို့၏ဆန်းကြယ်မှုကို ကိုယ်တွေ့မကြုံသေးတော့ စောမိုးလျှံ နားမလည်သေး။

သို့သော် အချစ်စစ်နှင့် ချစ်တတ်သူတိုင်းကို သူ လေးစားတန်ဖိုးထားပါသည်။

ထို့ကြောင့် ဆရာမကြီးပိတောက်ကိုကိုလက်ထဲ သူ့အပ်ကို ကြည်ဖြူစွာဖြင့် အပ်နှင်းလိုက်ခြင်းဖြစ်လေသည်။

ထိုကဲ့သို့ သူခွင့်ပြုခြင်းကို ဘုရားသခင်ကလည်း ကောင်းချီးပေးမှာပါ၊ လက်ဆောင်ကောင်းတစ်ခု ပေးမှာပါ။


ထိုလက်ဆောင်ကောင်းက သူ တောင့်တသော လက်ဆောင်ကောင်းဖြစ်ဖို့ကို ဘုရားသခင်ထံ သူ ဆုတောင်းယူမည်။

ထိုဆုကတော့. . .

သူချစ် ကိုယ်ချစ် မေတ္တာစစ်မေတ္တာမှန်နှင့် ချစ်ရသောခေတ်သစ် 'ဇဝ' လေးတစ်ယောက်သာ. . .။







အခန်း(၃၇)

နောက်တစ်နှစ်ခန့်အကြာ. . .

လောကဇာတ်ခုံ၌ လျှို့ဝှက်ချက်ဆိုတာ ဖုံးကွယ်မရနိုင်ခဲ့။

ပေါ်ပေါက်သွားတော့လည်း လျှို့ဝှက်ရခြင်း၏အကြောင်းကြောင့် အကျိုးတရားဖြစ်ထွန်းရသည်ပင်။

သို့သော်. . .

ရန်ကုန်မြို့ ဆီဗိုးနားဟိုတယ်၏မင်္ဂလာခန်းမကြီး တစ်နေရာ၌ အခါတော်ပေး အချိန်ကျရောက်သည်နှင့်. . .

မင်္ဂလာ သတို့သား၊ သတို့သမီးမောင်နှံတို့ ဂုဏ်သရေရှိ ခင်းညှော်ပရိသတ်အပေါင်းတို့၏အလယ်သို့ နှစ်ဖက်မိဘဆွေမျိုးများ



www.burmeseclassic.com

www.burmeseclassic.com



ခြံရံလျက် ဝင်ရောက်လာ လှမ်းကြွလာချေပြီ။

မင်္ဂလာ သတို့သား သတို့သမီး၏နောက် သတို့သားအရံက စောမိုးလျှံနှင့် ဆရာဝန်တစ်ဦး၊ သတို့သမီးအရံက မော်ဒယ်လ် မိန်းမချောလေးနှစ်ဦး၊

ပြီးတော့မှ သတို့သား ဒေါက်တာသက်နှင်း၏ မိဘနှစ်ပါး ဖြစ်သော အထူးကုသမားတော်ဆရာဝန်ကြီးနှစ်ဦး၊ သူတို့နောက်မှ သတို့သမီး ဒေါက်တာဇလပ်ကိုကို၏ မိဘနှစ်ပါးဖြစ်သော အငြိမ်းစား ညွှန်ကြားရေးမှူး ဦးကိုကိုနှင့် ဇနီးဒေါ်လှနု၊

၎င်းတို့နောက်မှ ဒေါက်တာသက်နှင်း၏အစ်ကိုကြီး အင်ဂျင်နီယာတို့ ဇနီးမောင်နှံ၊

ယင်းတို့နောက်မှ ဒေါက်တာဇလပ်ကိုကို၏အစ်မကြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ပိတောက်ကိုကိုနှင့် ခင်ပွန်း ဦးစောပြည့်ဝန်းတို့ဖြစ်လေသည်။

လျှို့ဝှက်ချက်ကို ဖုံးကွယ်မထားချင်။

သို့သော် ရှိရင်းစွဲ အနေအထားအတိုင်း ဆက်လက်တည်ရှိထားခြင်းကသာလျှင် ဇလပ်ကိုကိုအတွက် အကောင်းဆုံးဟူသော ဆုံးဖြတ်ချက်ဖြင့် အကြောင်းအရင်းမှန်ကို သိသော မိသားစုဝင်နှင့် ဒေါက်တာသက်နှင်းက ဆုံးဖြတ်ချက် ချပေးလိုက်ခြင်းဖြစ်သည်။

ထို့ကြောင့် ဤမင်္ဂလာပွဲက ဤကဲ့သို့ အောင်အောင်မြင်မြင် ဖြစ်မြောက်လာခြင်းဖြစ်သည်ကို ဒေါက်တာသက်နှင်းသာလျှင် အသိဆုံးဖြစ်သည်။

သူ့မိဘတွေ၏အကြောင်း သူပဲ သိလေသည်ကိုး။ မျိုးရိုးဗီဇနှင့် ဂုဏ်ဒြပ်ကို ဖင်ခုထိုင်ထားသော သူ့မိဘတွေအတွက် သူ့



BURMESE CLASSIC .com



လုပ်ရပ်သည် ယခုအချိန်မှာတော့ မှားကောင်း မှားနေလိမ့်မည်။

တစ်ချိန်ချိန်မှာတော့ သူ့လျှို့ဝှက်ချက်ကို မိဘနှစ်ပါးကို ထုတ်ဖော်လိုက်မည်။

ထိုအချိန်ကတော့ သူ့မိဘတွေအတွက် မြေးမွေးဖွားပြီးချိန် ဖြစ်လောက်သည်။

စင်မြင့်ပေါ် ထိုင်ပြီးချိန် ဒေါက်တာသက်နှင်း ဇလပ်ကိုကို၏လက်ကလေးကို ဖွဖွကလေး ဆုပ်ကိုင်ထားလိုက်မိသည်။

ချစ်မိပြီကိုး. . .။

မခွဲခွာနိုင်အောင် ချစ်မိသွားပြီဆိုတော့လည်း ဘယ်သူ့ကိုမှ အကျိုးမပျက်စီး မထိခိုက်ဘူးဆိုလျှင် မုသားသုံးကာ လျှို့ဝှက်ချက်ထားရှိကောင်း ထားရပေမည်ပင်။

ဒေါက်တာသက်နှင်း မိသားစု စားပွဲဝိုင်းများဆီသို့ ကြည့်လိုက်သည်။ ချွေးမချော ဖူးဖူးမွတ်မွတ်ကလေး၊ သားထက်လည်း အသက်များစွာငယ်၊ မျိုးရိုးကောင်းထဲက ပေါက်ဖွားသူ သတို့သမီးအတွက် များစွာဂုဏ်ယူပီတိလွှမ်းနေသည်ကိုလည်းကောင်း၊

တစ်ဖက်စားပွဲဝိုင်းမှာတော့ သမီးချောလေးကို တသသ ကြည့်ရင်း နှမျောရိပ်တို့ သန်းနေသော်လည်း သမီးအနာဂတ်အတွက် ကျေနပ်ရိပ်တို့ဖြင့် ပီတိလွှမ်းနေသောကြောင့်. . .

ရင်နာခံကာ သမီးဘဝကို မြှင့်တင်ပေးခဲ့သော မိခင်ရင်း ဒေါ်ပိတောက်ကိုကို၏အပြုံးသည်ကား ပြုံးသယောင်ယောင် မဲ့သယောင်ယောင်နှင့်. . .။

မပြုံးဤသို့ ပြုံးဤသို့နှင့်။

မည်သို့ပင်ဆိုစေကာမူ. . .



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပိတောက်ကိုကို၏ နှလုံးသား အနာခံကာ ပေးဆပ်ရကျိုးကြောင့် ရရှိလာသော အဖိုးတန်ပုလဲအတွက် ကမာကောင်၏ အပြုံးဟုသာ သတ်မှတ်ယူလိုက်ရင်းဖြင့်. . .

(စာဖတ်သူအားလုံး ကျေနပ်နိုင်ပါစေဟု ရည်သန်ရင်းရင်ဘတ်နှင့်သာ ရေးတတ်တဲ့)

BURMESE CLASSIC .com

မြပုလဲခင်

7.6.09

12:25 PM

☺ အောင်မြင်စာပေ ☺

## မြပုလဲခင် - - ထုတ်ဝေပြီး စာအုပ်များ

| စဉ် | ခုနှစ်-လ | စာပေတိုက် | ဝတ္ထုအမည် |
|---|---|---|---|
| ၁။ | ၁၉၈၉ ဒီဇင်ဘာ | အားမာန်သစ်စာပေ | မမိုးကောင်းကင် |
| | | (ဒုတိယအကြိမ် - - - လှိုင်စာပေ ၁၉၉၀) | |
| ၂။ | ၁၉၉၀ ဇန်နဝါရီ | အားမာန်သစ်စာပေ | ချစ်ပွဲဝင်(video) |
| | | (ဒုတိယအကြိမ် - - - လှိုင်စာပေ ၁၉၉၃) | |
| ၃။ | ၁၉၉၀ | အားမာန်သစ်စာပေ | အချစ်လေပွေ |
| | | (ဒုတိယအကြိမ် - - - လှိုင်စာပေ ၁၉၉၃) | |
| ၄။ | ၁၉၉၀ | အားမာန်သစ်စာပေ | ချစ်ခရီးကြုံ |
| | | (ဒုတိယအကြိမ် - - - လှိုင်စာပေ ၁၉၉၅) | |
| ၅။ | ၁၉၉၀ | အားမာန်သစ်စာပေ | အချစ်ရှင်းတမ်း(video) |
| | | (ဒုတိယအကြိမ် - - အောင်မြင်စာပေ ၂၀၀၉) | |
| ၆။ | ၁၉၉၁ ဇန်နဝါရီ | အားမာန်သစ်စာပေ | ချစ်သွားပြီ |
| | | (ဒုတိယအကြိမ် - - - လှိုင်စာပေ ၁၉၉၅) | |
| ၇။ | ၁၉၉၁ မတ် | အားမာန်သစ်စာပေ | အချစ်ဝင်ရွှင့်(video) |
| ၈။ | ၁၉၉၁ ဇွန် | ။ | အချစ်လွန်ဝေဒနာ(video) |
| ၉။ | ၁၉၉၁ ဇူလိုင် | ။ | နွေးသူ့ရင်ခွင်မှာနားခိုလှည့်ပါ |
| ၁၀။ | ၁၉၉၁ စက်တင်ဘာ | ။ | အချစ်မသိအလွမ်းနှင့်ညို |
| ၁၁။ | ၁၉၉၁ နိုဝင်ဘာ | ။ | ချစ်ဖူးသလား |
| ၁၂။ | ၁၉၉၂ ဇန်နဝါရီ | လှိုင်စာပေ | အရိပ်မဲ့အချစ် |
| ၁၃။ | ၁၉၉၂ မတ် | ။ | အချစ်အကျဉ်းသား(video) |
| ၁၄။ | ၁၉၉၂ မေ | ။ | ချစ်သူသူ့ဆီ(video) |
| ၁၅။ | ၁၉၉၂ ဇွန် | ။ | ချစ်တဲ့စိတ်(video) |
| | | (ဒုတိယအကြိမ် - - အောင်မြင်စာပေ ၂၀၀၉) | |
| ၁၆။ | ၁၉၉၂ ဇူလိုင် | ။ | အကြွင်းကျန်ရစ်သော အချစ်အစားထစ်ပုဒ်(video) |

www.burmeseclassic.com